# ရှား
## နှောင်းတဲ့သဇင်



ဒီဇိုင်း ပန်းချီ ပိုးဒီလွှန်

# ရှား

## နောင်းတဲ့သဇင်

စာမူခွင့်ပြုချက်အမှတ် - ၁၁၇၀/၂၀၀၂ (၀၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၇၃/၂၀၀၃ (၃)

၂၀၀၃ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်


တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)·စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

မောင်ကျော်လှိုင်
စေတနာစာပေ

# နောင်းတဲ့သဇင်



## ရှား

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



သဇင်ပန်းဆိုတာ........
နှင်းပွင့်တွေနဲ့အတူ ဆောင်းမှာ ရောက်လာတတ်
စမြဲပါ......

ခုတော့.......
နှင်းတွေလည်း စဲ ခဲ့ပြီ
တောင်လေလည်း ဝဲခဲ့ပြီ....
ဂိမာန်သူလည်း မြဲခဲ့ပြီ မို့....

သဇင် ရယ်.......
လွဲခဲ့ပြီလို့ ဆိုပါရစေတော့.......

# ပန်းမျိုးစုံ - [illegible]

နှင်းပန်းသည် မကြာခဏ အိပ်မက် မက်တတ်သူ ဖြစ်၏။ နှင်းပန်း၏ ပျံ့ဆွတ်လွမ်းမောဖွယ် အိပ်မက်များထဲမှာ သူနှင့် နှင်းပန်းသည် မျှော်လင့်မထားဘဲ... ဖြောင့်တန်းရှည်လျားသော လမ်းမကြီးတစ်ခုပေါ်မှာ မျက်နှာချင်းဆိုင် ဆုံရတတ်လေသည်။ အဲသည် အခိုက်အတန့်မှာ နှင်းပန်းရင်ထဲက ရင်ခုန်ကြည်နူး ပျော်ရွှင်မှုနှင့် ဝမ်းနည်းသိမ်ငယ်ရခြင်းသည် အိပ်မက်တွေထဲမှာပင် မပြောင်းလဲနိုင်သည့် စိတ်ခံစားမှု အစစ်အမှန် ဖြစ်သည်။

မိုးရိပ် အုံ့ပျသော ညနေခင်းတစ်ခုမှာတော့ အိပ်မက် မဟုတ်ပါဘဲ သူမတို့နှစ်ဦး မျက်နှာချင်းဆိုင် ပြန်လည်ဆုံခွင့် ရခဲ့လေသည်။

ရထားစီး ခရီးသည်များစွာ၏ ခံစားမှု ဘယ်လိုရှိမည်ကို နှင်းပန်း မသိပါ။ နှင်းပန်းကတော့ ရထားနှင့် ခရီးရှည်သွားရသည်ကို ပျော်မွေ့ နှစ်ခြိုက်လေသည်။ အမြဲပင်… စိတ်ဒွိဟာဖြစ်တတ်သော၊ တွေဝေတတ်သော၊ အားနာတတ်သော မိန်းမတစ်ယောက်၏ ခရီးစဉ်သည် တစ်ယောက်တည်း ခြောက်ကပ်ပြီးငွေ့ဖွယ်ဖြစ်သော်လည်း အများအားဖြင့်တော့ ရထားစီးရသည့်ခရီးရှည်မှာ သူမကိုယ်သူမ ပိုင်နိုင်သလို ခံစားရသည်။

နွေဥတု ကုန်ဆုံးပြီး မိုးသားမိုးရိပ်ကို စတင်မြင်ရသည့် မေလအနှောင်းပိုင်း ရက်တစ်ရက်မှာ နှင်းပန်း တစ်ယောက်တည်း ရထားဖြင့် ခရီးသွားရဖို့ အကြောင်းဆုံခဲ့သည်။ အဲသည်မှာ… သူနဲ့ ဆုံခဲ့တာပေါ့… ။

ရထား၏ အထက်တန်းထိုင်ခုံတွေအနက် နှင်းပန်းအတွက်ရရှိသည့်နေရာက တစ်ယောက်ခုံ သီးသန့်ရှိနေသည့် တစ်ဖက်ခြမ်းမှာဖြစ်သည်။ နှစ်ယောက်တွဲထိုင်ခုံတွေက ဘူတာကြီး





စကြံဘက်ခြမ်း အဆင်းအတက် တံခါးပေါက်နှစ်ပေါက်နှင့် တစ်ခြမ်းတည်း ဖြစ်နေပြီး တစ်ယောက်ထိုင်ခုံတွေ့တော့ ဘူတာအပြင်ခြမ်းမှာဖြစ်သည့်အတွက် နှင်းပန်းသည် ရထားပေါ်မှာ စောစောနေရာယူထားပြီး လူသူအဆင်းအတက် မရှိဘဲ… ဈေးသည်တချို့နှင့် လိုက်ပို့နှုတ်ဆက်သူ အနည်းအကျဉ်းသာရှိသည့် ဘူတာအပြင်ဘက်ခြမ်းကိုသာ ငေးမောရင်း ငြိမ်သက်နေမိသည်။ မိုးရိပ်တွေ ညှို့နေပေမဲ့ မိုးရွာလိမ့်မည်ဟု သူမ မထင်မိ… ။ မိုးရိပ်အုံ့ပျသည်ကလည်း နေအပူရှိန်ကို ကာကွယ်ရုံမျှလောက်ပဲဟု နှင်းပန်း ထင်သည်။ နှင်းပန်းသည် မိုးရာသီကို မချစ်လိုပါ… ။ သို့ပေမဲ့ မိုးသည်းသည်းရွာလျှင်… မိုးတွေညှို့လာလျှင်… ရင်မှာ တစ်မျိုးခံစားရသည်။

သူမ… တွေဝေငေးမောနေစဉ်မှာပဲ မျက်ဝန်းထောင့်မှာ အရိပ်တစ်ခုရောက်လာသည်။ နှင်းပန်းသည် ဘယ်သူနှင့်မှ အလွယ်တကူ ကျွမ်းဝင်တတ်သူလည်း မဟုတ်တာမို့ သူမရှေ့ခုံမှာ လူတစ်ယောက် ရောက်လာသည်ကို အမှတ်တမဲ့ပင် ရှိသည်။ သပ်ရပ်သော ဝတ်စားဆင်ယင်ပုံကို ဖျတ်ခနဲ သတိထားမိသည်။ အညိုရောင်ချည်သားဘောင်းဘီပွပွ၏ ဘေးအိတ်ထဲ လက်လျှိုထားသည်ကိုသာ ဝိုးတဝါးမြင်မိသည်။ သို့ပေမဲ့… ဘူတာရုံစင်္ကြံကိုသာ သဲသဲမဲမဲ စိုက်ကြည့်နေသည့် နှင်းပန်းသည် တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလိုလို နားထဲမှာ ခေါ်သံတိုးတိုးကြားရသလိုလို စိတ်ထဲထင့်လျက်… မလုံမလဲဖြစ်နေမိသည်။ သည်လိုနှင့်ပဲ… သူမရှေ့ခုံမှာ မတ်တတ်ရပ်ဆဲပင် ရှိနေသည့် ခရီးသည်ထံ

မျက်လုံးဝေ့ဝဲ ကြည့်မိလေသည်။

အံ့ဩနေပြီး ဆွေးမြည့်ဝမ်းနည်းနေသလို ထင်ရသည့် မျက်ဝန်းတစ်စုံသည် နှင်းပန်းထံမှာသာ တန့်ရပ်လျက် ခပ်ဟဟ ပွင့်နေသော နှုတ်ခမ်းများက… သူမကို မြည်တမ်းနှုတ်ဆက်နေသယောင်ပင်။ ဒိတ်ခနဲ ရင်ဘတ်ထဲမှာ ဆောင့်ခုန်လာပြီး နှင်းပန်းသည် ရုတ်တရက် အံ့ဩကြောင်အမ်းလျက် သူ့ကို သူ့လိုပင်မှင်သက်စိုက်ကြည့်နေမိလေသည်။ အို…

တကယ်ပဲ… ကမ္ဘာကြီးဟာ ကျဉ်းမြောင်းလှသည်နော်… ။

နှင်းပန်း… သူ့ကို ဘယ်လိုနှုတ်ဆက်ရမှာပါလိမ့်…။

အိပ်မက်… တွေထဲမှာတော့…

အိပ်မက်တွေထဲမှာ ဆုံရတိုင်း သူမတို့နှစ်ဦးသည် ရင်းနှီးနွေးထွေးလျက်ရှိ၏။ ပြီးတော့ လွမ်းဆွတ်တမ်းတသော ကြေကွဲနာကျင်သော သူ့မျက်ဝန်းနီမြန်းမြန်းတွေကို မြင်ရသည်။

ခုတော့… သည်လို မဟုတ်ပါလား…

မောင်ရယ်…

တို့နှစ်ယောက်ကြား… အကွာအဝေးက မမှန်းဆနိုင်အောင်ပါပဲလား… ။



# [illegible]

"နှင်း… "

သည်လို ကြားလိုက်ရသည်ပဲ ထင်မိသည်။ နှင်းပန်းသည် ယောင်ယမ်းလျက် မျက်နှာကိုမော့ပြီး ပြန်ထူးဖို့ အဆင်သင့်ဖြစ်နေခဲ့၏။ တကယ်တမ်းမှာတော့ လည်ချောင်းတွေထဲ သွေ့ခြောက်နေသည်။ စကားသံတွေက လည်ချောင်းတွေထဲ ဖောက်ခွဲထွက်လာရတော့မလို ထင်မိ၏။

"ဘယ်ကိုသွားမလို့လဲ… "

အဟုတ်ပါပဲ… ။

သူ နှုတ်ဆက်လိုက်သည် နော်… ။

နှင်းပန်း ချက်ချင်းဝမ်းနည်းပြီး ရင်ထဲမှာ ပြည့်သိပ်လိုက်လှဲလျက် မျက်ဝန်းအိမ်တွေ ပူနွေးလာသည်။

"လားရှိုး… "

"သြော်… ထရန်စဖာလား… "

"ဟုတ်တယ်… "

"ဟိုတလောက ကြားလိုက်တယ်… ထရန်စဖာတွေတော်တော်များများ ထွက်တယ်ဆို… "

"အင်း… "

သူ့ရှေ့မှာ သူမ ဖြစ်မြဲအတိုင်း ရင့်ကျက်ပြီးသူ တစ်

ယောက်လို ဟန်ဆောင်မိပြန်သည်။ ဒါပေမဲ့ သူလေးကတော့ သူ့ကိုယ်ပိုင် ပွင့်လင်းဟန်အတိုင်း မပြောင်းမလဲပင်... ။ ပြီးတော့ သူက နှင်းပန်းနှင့် ပတ်သက်သမျှကို အလှမ်းမဝေးသေးဘူး ထင်ပါရဲ့... ။ သိချင်မြဲပဲ ထင်ပါရဲ့... ။ မိုက်ရူးရဲဆန်လှသည်ဟု ထင်ခဲ့သည့် အကြည့်တွေမျိုး သူ့ထံမှာ ခုတော့ ပျောက်ကွယ်နေသည်။

"ဒါပေမဲ့... ပရိုမိုးရှင်းသမားတွေချည်းပါ... "

"မမရောပေါ့... "

ကြည့်စမ်း...

သူ့အရယ်က ရဲတင်းသွက်လက်မြဲပင်... ။

'မမ'လို့ ခေါ်လိုက်ပုံက လျောင်ရယ်ချင်သလိုလိုဟု နှင်းက ထင်သည်။ သို့ပေမဲ့ နှင်းသည် သူ့ကို အပြစ်မတင်ချင်မိ။ သူ့ဆံပင်ညိုရင့်ရင့်တွေ ခပ်တိုတိုနှင့် သပ်သပ်ရပ်ရပ် ဖြစ်နေတာကို ကျေနပ်နေမိသည်။ လူငယ်ဆန်ဆန်ပေမဲ့ ဟစ်ပီဒီဇိုင်းမျိုး ပူပူလောင်လောင်ဖြစ်မနေဘဲ သပ်ရပ်သန့်ရှင်းနေတာလေးကိုလည်း ကျေနပ်သည်။ ပြီးတော့... မျက်လုံးအကြည့်တွေက အစဟိုးတုန်းကလို မိုက်ရူးရဲလူငယ်တစ်ယောက်၏ အကြည့်ရူးရူးတွေ မဟုတ်တော့တာကိုလည်း ကျေနပ်မိသည်။

သူဟာ... လူငယ်လေးတစ်ယောက်ဖြစ်မြဲပါပဲ။

ဒါပေမဲ့ တည်ငြိမ်သင့်သလောက် တည်ငြိမ်ခဲ့ပြီ...။ ရင့်ကျက်သင့်သလောက် ရင့်ကျက်ခဲ့ပြီ... ။ နှင်းပန်းက သည်လို မှန်းဆမိသည်။





"ခန့်... ရော ဘယ်ကိုလဲ... "

နှင်းပန်းသည် လှုပ်ခတ်ချင်သော ရင်ကိုထိန်းချုပ်ပြီး အစ်မကြီးတစ်ယောက်၊ ဆရာမတစ်ယောက် လေသံဖြင့် မေးမိသည်။

"ကျွန်တော်... မန္တလေး... "

"အလုပ်ကိစ္စလား... "

"ဟုတ်ကဲ့... "

ရှိသေ ကျိုးနွံမြဲ လေသံကတော့ ချစ်မြတ်နိုးဖွယ်ပင်... ။ အဲသည်လို နှင်းအပေါ် ကျိုးနွံရှိသေတာ မြတ်နိုးတွယ်တာတာတွေကိုပဲ နှင်းက စွဲလမ်းခဲ့ရတာ မဟုတ်လား။

"ကိုယ်ပိုင်လုပ်ငန်း လုပ်နေပြီပေါ့... "

သူ့မျက်နှာရိပ်တွေ ချက်ချင်းပြောင်းလဲသွားသည်။

သူ ဝမ်းနည်းသွားသည်လား...

ဟုတ်သားပဲ နော်...

နှင်းပန်းဟာ သူနဲ့ပတ်သက်သမျှ ဘာကိုမှ စိတ်ဝင်တစားရှိလောက်အောင် မလေးနက်ခဲ့ဘူး။ ပြီးတော့... သူမကိုယ်တိုင်ကတော့ သူ့ကို ပေါ့တန်သည့် ကလေးတစ်ယောက်ရယ်လို့ စွပ်စွဲခဲ့သေးတာ မဟုတ်လား... ။

"ကြာပြီပဲ... နှစ်နှစ်တောင် ပြည့်တော့မယ်... ခု... မန္တလေးမှာ ကုမ္ပဏီရုံးခွဲ ဖွင့်ဖို့ သွားရမှာ... "

"ဪ... ဪ... "

သူမနှုတ်ခမ်းတွေ အလိုလျောက် ပြုံးမိသွားသည်။ အဲသည်လို မခံချိမခံသာ မျက်နှာပေးကတော့ ကလေးတစ်ယောက်နဲ့တူသွားပြန်ရော... ။

သူကလည်း... နှင်းပန်း၏အပြုံးကို ကောင်းစွာအဓိပ္ပာယ်ဖော်နိုင်ဟန်တူသည်။ အောင်ခန့်ဘော်ဆိုသည်က နှင်းပန်းရဲ့ကွန်ပျူတာလေးလို့ မိတ်ဆွေသူငယ်ချင်းတွေက အမည်ပေးခဲ့ကြတာကို သူမ ပြန်အမှတ်ရသည်။

တကယ်တော့ အမှတ်ရစရာတွေက အများကြီးပါပဲ... ။ နှင်းသည် နာရီများစွာ ရက်များစွာမှာ အဲသည်အမှတ်တရများစွာကို ပြန်တမ်းတခဲ့ရသည်။ အိပ်မက်ဖို့ ဆုတောင်းခဲ့ရသည်။ ဘယ်သူမှ မမြင်နိုင်သည့် သူမ၏နှလုံးအိမ်ထဲမှာ အဲသည် လျှို့ဝှက်ချက်တွေကို သိမ်းကွယ်ခဲ့ရသည်။

"ကျွန်တော့်ကို ခုချိန်ထိ ဘာမှအလေးအနက် မရှိတဲ့ကောင်လို့ ထင်နေတုန်းလား... မမအမြင်မှာ ကျွန်တော်က အထင်ကြီးစရာ မရှိသေးဘူးပေါ့... "

သူမ နာကျင်သွားလျက်ကရယ်မောပစ်လိုက်သည်။ လူကြီးတွေဆိုတာက သည်လိုပဲ ဟန်ဆောင်ဖုံးကွယ် တတ်စမြဲမဟုတ်လား။ သူလေးကတော့... နှင်းပန်းအပေါ် နာကျင်စိတ်တွေ မပြယ်နိုင်သေးဘူး ထင်သည်။

သူမ ဘာမှမတုံ့ပြန်ပါ... ။ သူကတော့ လက်ဆွဲအိတ်နှင့် ခရီးဆောင်အဝတ်သေတ္တာငယ်ကို နေရာတကျ ရှိမရှိ စစ်ဆေး





ပြီးသောအခါ... ။

"မမ... လိုအပ်တာရှိရင် ပြောပေါ့နော်... "

ဆိုပြီး သူမရှေ့က ခုံမှာ ဝင်ထိုင်လိုက်တော့သည်။

သည်လိုဆိုတော့ သူမသည် အသားကျနေသည့် အနေအထားတစ်ခုကနေ ရုတ်တရက် ခြောက်သွေ့သွားသလိုခံစားလိုက်ရပြီး ပင့်သက်ရှည်ကို ခပ်မှျင်းမှျင်းရှိုက်ဖြစ်သည်။

နောက်ဘက်ကနေ မြင်ရသည့် သူ့ဆံပင်ညိုရင့်ရင့်ကလေးကိုသာ ငေးမောရင်း မငိုချင်ဘူးဟု အားတင်းထားရင်းက မျက်လုံးအိမ်တွေ ပူနွေးစိုစွတ်လာပြန်သည်။

တကယ်တော့ သည်နှစ်ယောက်ကြားမှာ သည်လောက်ထိ မအေးစက်သင့်ဘူး မဟုတ်လား။

နှင်း... ဘယ်လောက်ထိ လွမ်းဆွတ်တမ်းတခဲ့ရသလဲကွယ်... ။

သို့ပေမဲ့ သူက ယုံကြည်လိမ့်မည် မဟုတ်ပါ။ သူ့မျက်ဝန်းထဲမှာ နာကြည်းရိပ်တွေ မြင်ရမည်ဆိုလျှင် နှင်းပန်း မအုံသြပါ။ သူက 'နှင်း' လို့ နှုတ်ဆက်လိုက်သည်ကိုပင် သူမ တန်ဖိုးထားမဆုံး၊ ဝမ်းသာလို့က်လှဲမဆုံး ဖြစ်ခဲ့ရတာ... ။

သူ့ကိုပြောဖို့ စကားအကြောင်းအရာများစွာ ရှိနေသည်ကို မျိုသိပ်လျက် မေ့လျော့ပစ်ဖို့ ကြိုးစားရသည်။ ဘူတာထဲက ရထားထွက်ဖို့ ကြေညာစကားသံကို သေချာမကြားမိ။ ရထားထွက်ရန် ငါးမိနစ်အလို Alam မြည်လာသည်ကိုတော့ အမှတ်တမဲ့

ကြားမိသည်။ ငြိမ့်ခနဲ လှုပ်ခါပြီး ရထားစတင်ထွက်သည့်အခါ အော်ဟစ်နှုတ်ဆက်သံတွေ၊ လက်ပြနေသူတွေ သူမ အာရုံထဲမှာ တဖြည်းဖြည်း ဝေးသွားသည်။ ရန်ကုန်မြို့ပြကို ကာလအတော်ကြာအောင် ခွဲသွားရမည်ဆိုပေမယ့် မလွမ်းဆွတ်မိ... ။ ဒဏ်ရာများစွာနှင့် အရှုံးသည် နှင်းပန်း၏နှလုံးသားကို သွေ့ခြောက်ညှိုးရော်စေခဲ့သည့်အထဲမှာ မြို့ပြ၏အငွေ့အသက်တွေလည်း တစ်နည်းတစ်ဖုံ ပါဝင်ခဲ့တာပေါ့... ။

ရထားလမ်းဘေးက ခနီမိုးတဲအိမ်ငယ်များ၊ စက်ရုံအမိုးများ၊ ရထားလမ်းခုံးကျော်တံတားများသည် နှင်းပန်း၏ အမြင်အာရုံထဲမှာ ပါးပါးလှပ်လှပ်သာ ထင်ရစ်သည်။ ရထားသည် အရှိန်ခပ်နှေးနှေးဖြင့် ပျင်းရိပျင်းတွဲ ရွေ့လျားနေ၏။ လူနေရပ်ကွက်ဘေးက ဖြတ်သွားသည့်အခါ ကလေးတချို့ ရထားဆီ အော်ဟစ်လက်ပြခုန်ပေါက်နေကြသည်။ တချို့က ရထားနှင့်အပြိုင် လိုက်ပြေးကြသည်။

ရန်ကုန် နယ်နိမိတ်ဆီက မထွက်သေးပေမဲ့... နှင်းပန်းသည် ရထားဘယ်နေရာတွေကို ဖြတ်သွားသည်ဆိုတာ သေချာမသိ။ ပြတင်းအပြင်ဘက်ဆီ ငေးမောရင်းကနေ ရှေ့ဘက်ခုံဆီ မကြာခဏ အကြည့်ရောက်သည်။ သူကတော့ ငြိမ်သက်မြဲပင်။ ဆယ်မိနစ်ခန့်ကြာလာသည့်အခါ သူ့ထံလှမ်းကြည့်မိတော့ သူ့ခေါင်းပေါ်မှာ ဝေါ်ခ်မင်း(န်)ကက်ဆက်က နားကျပ်ကလေးရဲ့ အရောင်





လက်လက်ကို မြင်ရသည်။ သီချင်းနားထောင်ရင်း သူအိပ်ပျော်သွားမှာထင်ပါရဲ့... ။ သူ အဲသည်လို အိပ်ပျော်လွယ်တာကိုလည်း နှင်းက မနှစ်မြို့နိုင်ခဲ့တာ... အောင်ခန့်ဘော်ဟာ ဘာကိုမှ မလေးနက်တဲ့ လူငယ်လေးတစ်ယောက်လို့ နှင်း ထင်ခဲ့မိတာ အမှန်ပါပဲ... ။

ကလေးဆန်သည့် အကျင့်စရိုက်မျိုးနှင့် အဲသည်ကောင်လေးသည် တစ်နေရာရာမှာ ခေါင်းချလိုက်ရင် မိနစ်ပိုင်းအတွင်း အိပ်ပျော်သွားတတ်သည်။ နှင်းက အဲသည်အကျင့်ကို အပူအပင်ကင်းသည့် ပေါ့တန်သည့်စရိုက်ရှိသူဟု သတ်မှတ်သည်။

ပြီးတော့... အများကြီးပေါ့... ။

ခန့်က စိတ်ဆတ်ပြီး သဝန်တိုလွယ်သည်။ နှင်းပန်းရဲ့အသိုင်းအဝိုင်းကြားမှာ ခန့်သည် ကျီးမဲတစ်ကောင် ဖြစ်ခဲ့သည်။ ခန့်သည် လိမ္မာယဉ်ကျေးသော၊ ဟန်ဆောင်ဖော်ရွေသော စကားကို မဆိုတတ်... ။ အတတ်ပညာနှင့် ယှဉ်သော စကားကို လူတွေရှေ့မှာ မဆိုတတ်... ။ ဒါကိုပဲ နှင်းပန်းက အပြစ်မြင်ခဲ့တာ... ။

ဒါပေမဲ့... ချစ်ခဲ့သားပဲကွယ်...

ပြီးတော့... ခုထိ ချစ်နေဆဲပဲ... ။

သူမသည် အတွေးတွေကို ပြန်ရုက်သွားပြီး မျက်လွှာတွေ ဖွဖွမှိတ်လျက် တစ်ယောက်တည်း ပြုံးလိုက်မိသည်။ သူမအမြင်လွှာရှေ့ ဘယ်လိုအရာဝတ္ထုမှ ရှိမနေသောအခါ သူမသည် ဆံပင်တွေ တိုကပ်လျက် ထောင်နေပြီး ဘောင်းဘီရှည်ပွပွကြီးနှင့်

တီရှပ်ပွပွကြီးကို ဖို့ရို့ဖားလျား ဝတ်ထားသည့် ကောင်လေးတစ်ယောက်ကို မြင်လာသည်။

အဲသည် ကောင်လေးသည် အတန်းလွတ်တစ်ခု၏ ခုံတန်းရှည်ပေါ်မှာ အိပ်ပျော်နေ၏။





"ခန့်... "

နှင်းပန်းက ခပ်တိုးတိုးခေါ်လိုက်ပေမဲ့ သူက တုတ်တုတ်မျှမလှုပ်ပါ။ အခန်းအပြင်ဘက် ကော်ရစ်ဒါဆီ လှမ်းကြည့်မိပြီးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် ထိုကောင်လေး၏ရင်ဘတ်ကို ခပ်ဖိဖိ လှုပ်နှိုးလိုက်ရသည်။

ဘယ်လိုကောင်လေးပါလိမ့်...

ဒါ... ရည်းစားကို စောင့်နေတဲ့ပုံစံလား...

"ခန့်... ထစမ်း... "

ငေါက်ဆတ်ဆတ် အော်ပစ်လိုက်တော့မှ အိပ်ချင်စိတ် မပြယ့်တပြယ်ဖြင့် ဦးရေနှင့်ကပ်လုမတတ် တိုနေသည့် ဆံပင်တွေကိုဖွရင်း မျက်ခွံတွေကို ပွတ်သပ်ရင်း ကောင်လေးက နိုးလာသည်။

"ဟဲ... ဟဲ... "

"ဘာ... ဟဲ... ဟဲ... လဲ... "

"စောင့်နေရင်း မေ့ခနဲ အိပ်ပျော်သွားတာ... "

"တော်တော့... "

ပခုံးနှစ်ဘက်ကို တွန့်လိုက်ရင်း စပ်ဖြဲဖြဲမျက်နှာချို သွေးနေသည့် ခန့်ကို နှင်းပန်းက မျက်စောင်းကြီးကြီး ထိုးပစ်လိုက်သည်။

ကြည့်စမ်းပါဦး...

ဘယ်လောက်မှ မရှည်တဲ့ ဆံပင်မွေးကို ထောင်ထားလိုက်ရသေးတယ်... ။ သည်လိုဆိုတော့ မျက်နှာကျနှင့် မျက်ခုံးတွေက ပိုပြီးပေါ်လွင်နေတော့တာပေါ့... ။

ခန့်သည် ဘယ်တော့မှ လူကြီးပုံမပေါက်သည့်နုနယ်ပျိုမျစ်သော မျက်နှာမျိုးကို ပိုင်ဆိုင်သူ ဖြစ်၏။ သူ့ကိုယ်လုံးက ထွားကျိုင်းပြီး အရပ်ရှည်သလောက် မျက်နှာကတော့ ကလေးဆန်ဆန်နုနယ်လှသည်။ အသားအရေ ပါးလျားကြည်လင်သူမို့ သူ့ပါးပြင်ပေါ် သွေးရောင်လွှမ်းလျက် ပန်းသွေးရောင် ပြေးနေတတ်သည်။ ပြီးတော့ ခန့်သည် လူပျိုစတိုင်လ်မျိုး အလှအပကြိုက်တတ်သူလည်း မဟုတ်... ။ သူ့ကိုယ်သူ မှန်ရှေ့ရပ်လို့မှ အချိုးပြေမှန်း မပြေမှန်းလည်း သိလှသူမဟုတ်... ။ အဲသည်လို ပစ်စလက်ခတ် နေတတ်ပုံကလည်း တက္ကသိုလ်က နည်းပြဆိုသည့် နှင်းပန်း၏ဂုဏ်ပုဒ်နှင့် ဘယ်လိုမှ မအပ်စပ်မိချေ... ။

ဒါပေမဲ့...

နှင်းပန်းသည် ခန့်ကို မလွန်ဆန်နိုင်လောက်အောင်





ခန့်ရဲ့ဖွဲ့လမ်းမှု အရိပ်အောက်က မရုန်းထွက်နိုင်လောက်အောင်ပင် အဲသည်ကောင်လေးအပေါ်မှာ မထင်မှတ်ဘဲ တွယ်တာမိခဲ့လေသည်။

"အဲလိုပုံဆို... နှင်... ငါ့ကို လာမစောင့်နဲ့တော့... "

"ဟာ... နှင်းကလည်း... "

သူမက ဘယ်လိုပဲကလေးလို ထင်ပေမဲ့ ခန့်... ကတော့ သူ့ကိုယ်သူ အိမ်ထောင်ဦးစီးကြီး တစ်ယောက်လို ... ယောကျ်ားရင့်မာကြီး တစ်ယောက်လို ထင်နေလေသလား မသိ။ နှင်းပန်းကို သူက စိုးပိုင်လွှမ်းမိုးချင်သေးသည်။

'နှင်း' ဆိုတဲ့ အခေါ်အဝေါ်က အစ,ပေါ့... ။

နှင်းက သူ့ထက် ခြောက်နှစ်တောင် အသက်ကြီးသည်ကို သိလျက် 'မမ' လို့ မခေါ်ချင်... ။

သူ့ကိုယ်သူလည်း ကျွန်တော်လို့ မပြောချင်... ။

"လူကိုများ သူ့တပည့် ကျနေတာပဲ... "

"နှင်... အိပ်ပျော်နေတာကျတော့ရော... ငါ့သူငယ်ချင်းတွေမြင်ရင် ဘယ်လောက်ရှက်ဖို့ကောင်းလဲ... နောက်ဆို... အဲလိုပုံစံနဲ့ လာမစောင့်နဲ့... "

"နှင်ကွေ... ငါတွေနဲ့... "

ခန့်က မျက်နှာကြီးပုပ်ပြီး မျက်ခုံးတွေ ကုပ်ကျသွားသည်။

"နှင်းပဲ လာစောင့်ခိုင်းတာ မဟုတ်လား... "

"အို... ငါ စောင့်ခိုင်းတာက အိပ်ခိုင်းတာမှ မဟုတ်ဘဲ"

"စောင့်ရတာ ကြာတော့လည်း ပျင်းပြီး အိပ်ပျော်သွားတာ ပေါ့... "

ခန့်သည် နာကြည်းလွယ်သူ၊ တေးမှတ်တတ်သူဟု နှင်းပန်း မထင်။ အပြုံးရိပ်ကို အမြဲလိုတွေ့ရသော ခန့်မျက်နှာပေါ်မှာ ကလေးတစ်ယောက်၏ လွတ်လပ်ပေါ့ပါးခြင်းနှင့် ကြည်လင်ခြင်းကိုသာ မြင်ရပြီး တကယ်တော့ အဲသည်လို ပွင့်လင်းကြည်လင်သည့် မျက်နှာလေးကိုလည်း နှင်းပန်းက သဘောကျနှစ်ခြိုက်မိလေသည်။ နှင်းရဲ့သူငယ်ချင်းတွေကတော့ ခန့်ကို ကလေးတစ်ယောက်လို သဘောထား ခင်မင်ကြပေမယ့်... နှင်းပန်းနှင့် တန်းတူရယ်လို့ မမြင်... ။ အိမ်ထောင်တစ်ခုနဲ့ အိမ်ထောင်ဦးစီး နေရာကိုယူဖို့ လိုအပ်ချက်တွေအများကြီး ရှိနေသည်ရယ်လို့သာ မြင်တတ်ကြသည်။

"နှင်း... အတန်းပြီးပြီလား... အိမ်ပြန်မှာလား... "

"အိမ်ပြန်မှတော့ မင်းကို ဒီမှာ လာစောင့်ခိုင်းပါ့မလား... ငအလေးရဲ့... ကိုယ်... ဒီနေ့ ဗိုလ်ချုပ်ဈေး သွားမလို့... သူငယ်ချင်းတစ်ယောက် မင်္ဂလာပွဲအတွက် လက်ဖွဲ့ပစ္စည်း ဝယ်ဖို့ ရှိလို့... အဲဒါ... မင်း အထုပ်လိုက်ဆွဲပေးရမှာ"

ခန့်မျက်နှာ ရှုံ့မဲ့သွားလျက်...

"သူများတွေအတွက် လက်ဖွဲ့ကတော့ မကြာခဏ ဝယ်ရတယ်နော်... "

ဟု ခပ်ငေါ့ငေါ့ ပြောလေသည်။



အိပ်ချင်စိတ် မပြယ့်တပြယ် မျက်နှာပေါ် လက်ဖဝါး နှစ်ဘက်ဖြင့် ခပ်ကြမ်းကြမ်းပွတ်သုတ် ပစ်လိုက်ပြီး သူက အတန်းလွတ်ထဲမှာ အားပါးတရ အညောင်းဆန့်နေသေးသည်။

"ကဲ... လာပါ... မြန်မြန်... "

နှင်းပန်းကတော့ သူ့အပေါ်မှာဆို လက်တွေ့ခန်းထဲက တပည့်တွေထက်ပင် ပိုပြီးနိုင်စားချင်သေးသည်။ နှင်းထက် ခေါင်းတစ်လုံးနီးနီး အရပ်ပိုမြင့်ချင်သော သူ့ကို နှင်းက နားရွက်ဆွဲပြီးခေါ်တော့လည်း ခန့်က ရယ်ပြုံးမပျက်ပင်... ။

"ဟဲ့... ဟဲ့... ကလေးကို အဲလို မနှိပ်စက်နဲ့လေ... "

"ဆရာမနော်... လက်သိပ်မြန်တာပဲ... ခန့်ရေ... နင်တော့ သေဖို့သာပြင်... "

ဘယ်ချောင်က ထွက်ပေါ်လာမှန်းမသိသော ... နှင်းပန်း၏သူငယ်ချင်း သရုပ်ပြဆရာမတစ်သိုက်သည် ခန့်ကိုမြင်သည်နှင့် လက်ပံပင် ဆက်ရက်ကျသလို ကျီစယ်စကားသံတွေ စီစီညံသွားတော့သည်။ ခန့်ကတော့ မိန်းကလေးတစ်သိုက် အလယ်မှာ မချိသွားဖြဲ မျက်နှာပေးနှင့်... ။ ဆရာမတစ်သိုက်ကတော့ ခန့်ကို လယ်ကွင်းထဲက စာခြောက်ရုပ်သာသာ သဘောထားပုံရလေသည်။ သို့ပေမဲ့ ကလေးလိုလို ဘာမှ မသိနားမလည်သလိုလို သည်ကောင်လေးကို အရုပ်ကလေးတစ်ရုပ်လို မြတ်နိုးမိပေမဲ့ နှင်းပန်းသည် သူငယ်ချင်းများကြားမှာ အရာဝင်ဝင် မရှိလှတာကိုတော့ အားမလို အားမရဖြစ်ရသည်။

"ဟဲ့... နှင်းပန်း... နင် ငရဲကြီးမယ်နော်... အိမ်ဦးနတ်ကို နားရွက်ဆွဲရလား... "

"နင်တို့စုံတွဲကတော့ဟယ်... ဘယ်လိုကြည့်ကြည့် သမီးရည်းစားနဲ့ကို မတူပါလား... "

နှင်းပန်း စိတ်ရှုပ်ထွေးရသည့်ကြားကပင် မချိတရိ ပြုံးရယ်ရသည်။ ပြီးတော့ ရှက်သလိုလို၊ သိမ်ငယ်သလိုလို သူငယ်ချင်းတွေရှေ့မှာ ခန့်ကို ရဲရဲမော်မကြည့်ဖြစ်... ။

"ဖစ်ဆစ်က တင်အေးရီရဲ့ Wedding အတွက် လက်ဖွဲ့ပစ္စည်းသွားဝယ် မလို့လေ... "

ဟု မျက်နှာပူနွေးလျက် ခပ်အမ်းအမ်း ပြောလိုက်မိသည်။

"ဟုတ်ပါပြီ... ဘယ်သူမှ နင့်ကို ရိုက်မစစ်ပါဘူး... "

ဟု နီလာက ရယ်မောမဆုံး ပြောပြန်သည်။ ပြီးတော့ ခန့်မျက်နှာကို သူမက မော်ကြည့်မိသည်။

"ဘော်ဒီဂတ်လေးကတော့ အပျံစားပဲနော်... "

တဲ့... ။ ခန့်သည် နှင်းပန်း၏သူငယ်ချင်းတွေရှေ့မှာ စကားတစ်ခွန်းမှ မဟာရဲ။ ဒါကိုပဲ သူငယ်ချင်းတွေအဖို့က ရယ်စရာဖြစ်နေသည်။

"နောက်ဆို ကျောင်းကိုလာရင် နှုတ်ခမ်းမွေးအတုတွေ မျက်မှန်တွေ ဘာတွေတပ်ခဲ့... သိလား ခန့်... မဟုတ်ရင် နင့်ကို ဘယ်သူကမှ နှင်းပန်းရည်းစားလို့ ယုံမှာမဟုတ်ဘူး...





Eမေဂျာက ဆရာတစ်ယောက်က နှင်းပန်းကိုလာပြီး ရိုတ်နေတာနော်... နင် လူကြီးပုံစံမပေါက်ရင်တော့ နှင်းပန်းက နင့်ကို ခေါက်ထားခဲ့မှာ သိလား... "

မကြည့်ဘူးဟု စိတ်တင်းထားသည့်ကြားက ခန့်မျက်နှာပေါ်က **အပြောင်းအလဲ**ကို နှင်း မြင်ဖြစ်အောင် မြင်လိုက်ရ**သည်။ နီလာကတော့ သူမ**စကား ဘယ်အထိ ရောက်သည်ဆိုတာ**ကို မသိ... ။ အ**ရေပြားပါးလျှားသူမို့ သွေးကြောတွေ နီမြန်းယှက်ဖြာ**ပြီး နှုတ်ခမ်း**လွှာ‌ဟွေ တင်းတင်းစေ့သွားသည့် ခန့်မျက်နှာအပြောင်းအလဲ**သည်** နှင်းပန်း၏ စိုးရိမ်စိတ်တွေကို ဖိအားပေးလိုက်သလိုပင်။ သို့ပေမဲ့ နှင်းပန်းကတော့ ရင့်ကျက်သူဟု အမြဲချီးမွမ်းခံချင်သူပီပီ ခံစားချက်တွေကို သိမ်းကွယ်တတ်မြဲပင်... ။

သူငယ်ချင်းတွေက ခန့်ကို ကျီစယ်စရာ သဘောထားပြီး ဦးတည်ရာမဲ့ ပြောသွားခဲ့ပေမဲ့ အင်မတန်မှ သဝန်တိုစိတ်နုလှသည့် နှင်းပန်း၏ချစ်သူလေးက မျက်နှာထားညိုပြီး အပြုံးအရယ်တွေ ချက်ချင်းဆိတ်သုဉ်းသွားတော့သည်။

နီလာတို့အုပ်စု လှေကားထောင့်ချိုးမှာ ပျောက်ကွယ်သွားသောအခါ ပုံမှန်မဟုတ်ဘဲ တိတ်ဆိတ်အသက်ကင်းမဲ့နေသည့် နှင်းပန်းတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့သည်။

ခန့်သည် ကလေးဆန်စွာပင် သိသိသာသာ စိတ်ကောက်ပြလျက် မျက်နှာခပ်ပုပ်ပုပ်နေ၏။ နှင်းပန်းကိုလည်း စကားမပြောတော့... ။ နှင်းပန်းကတော့ ကိုယ်တိုင်က စိတ်ကောက်

တတ်သူ မဟုတ်ဘဲ ကောင်လေး စိတ်ကောက်လျှင်လည်း စိတ်ရှည်ရှည် ချော့တတ်သူ မဟုတ်ချေ။ စိတ်ထဲက သူ့ကို စိတ်ပြေစေချင်ပေမဲ့ နှင်းပန်း၏နဂိုဗီဇကိုက အလွယ်တကူ အလျှော့ပေးတတ်သူမဟုတ်... ။ ပြီးတော့ ကိုယ့်ထက်ငယ်ရွယ်သည့် ကောင်လေးတစ်ယောက်ကို အလျှော့ပေးရဖို့ နှင်းပန်း၏မာနက ခွင့်မပြုဘဲရှိသည်။

"အဲဒါက ဘာဖြစ်ရတာလဲ... "

ကော်ရစ်ဒါ အောက်ဘက်က ပန်းခြံလေးဆီ ငေးစိုက်နေရင်း...

"ဘာမှ မဖြစ်ပါဘူး... "

ဟု သူက အောင့်သက်သက် ဖြေသည်။

"ကလေးမဆန်နဲ့တော့လို့ ပြောထားတယ် မဟုတ်လား"

နှင်းပန်းက ခြေလှမ်းသွက်သွက်ဖြင့် ရှေ့က ထွက်သွားသောအခါ သူသည် အသက်မဲ့သောမျက်နှာ၊ စက်ရုပ်လို ခြေလှမ်းများဖြင့် နှင်းပန်း နောက်က အပြေးတစ်ပိုင်း လိုက်လာသည်။

"ဒါ... ကလေးဆန်တာ မဟုတ်ဘူး... "

"ကလေးဆန်တာ မဟုတ်ရင် ဘာလဲ... စိတ်ကောက်တယ်ဆိုတာ ကလေးအလုပ်... "

"စိတ်ကောက်တာ မဟုတ်ပါဘူးကွာ... နှင်းကို စိတ်မချလို့ပါ... သူတို့ပြောတဲ့သူက ဘယ်သူလဲ... "

"တကယ်ပဲ... နှင်းကို လာရစ်နေတာလား... "



"ခန့်... "

လှေကားထိပ်မှာ နှင်းပန်းက ခြေစုံရပ်ပစ်လိုက်ပြီး မျက်နှာထားတင်းတင်းဖြင့် သူ့ကိုကြည့်လိုက်သည်။ သူက ထုံပေပေ ဂျစ်ကန်ကန်မျက်နှာပေးဖြင့် မျက်မှောင်ကြုတ်လျက် နှင်းပန်းကို စိုက်ကြည့်နေသည်။

"တို့ကို ဘယ်သူပဲ လာရစ်ရစ်... တို့အနားမှာ ခန့် ရှိနေပြီပဲ... ဒါကို ခန့်က မယုံပြင်တိုင်တက်ပြချင်သေးတာလား... အဲလို သဘောထားသေးတာမျိုး... တို့ မကြိုက်ဘူး... အဲဒါ ကလေးဆန်တာပဲ... မရင့်ကျက်သေးဘူးလို့ ပြတာပဲ... အဲဒီလိုအကျင့်တွေ... စိတ်ခံတတ်တွေကို ပြင်မယ်လို့... ခန့် တို့ကို ကတိပေးထားတယ်နော်... "

စိတ်ထဲရှိသမျှ တစ်ဖက်သတ် ပြောပြီးသည့်အခါ နှင်းပန်း သူ့မျက်နှာကို လုံးဝမကြည့်တော့ဘဲ လှေကားထစ်တွေကို တောက်လျှောက် ဆင်းလာခဲ့တော့သည်။ နောက်က ခြေသံကို မကြားရပေမဲ့ သူ... နှင်းပန်းနောက်က လိုက်ပါလာမည်ဆိုတာ သေချာပြီးသားပင်... ။ လူသူ ကျဲပါးတတ်သည့် နေ့လယ်ခင်းအချိန်မို့ သိပ္ပံဆောင်နောက်ဘက် ကော်ရစ်ဒါတွေမှာလည်း ခြောက်သွေ့တိတ်ဆိတ်လျက်ရှိသည်။ ဗဟိုစာကြည့်တိုက်၏နောက်ဘက်ရောက်လာသည်အထိ နှင်းပန်းရဲ့နံဘေး သူရောက်မလာခဲ့... ။ မာနတွေခံနေသည့်ကြားကပင် နှင်းသည် ကိုယ့်ကိုယ်ကို မယုံမရဲနှင့်နောက်ဘက်လှည့်ကြည့်ချင်လာသည်။

သူ ဘယ်မှာ ကျန်နေခဲ့ပါလိမ့်...

မဟုတ်သေးပါဘူး...

ခန့်ဟာ ဘယ်တုန်းကမှ နှင်းပန်းကို ဆန့်ကျင်ရဲခဲ့သူ မဟုတ်ဘူး... ။ နှင်းပန်းရဲ့ဥပေက္ခာကို ခံယူရဲခဲ့သူ မဟုတ်ဘူး။

သူ့ကို နှင်း ဘယ်တော့မှ ပြန်ချော့လာမှာ မဟုတ်ဘူးဆိုတာ... သူ သေချာ သိနိုင်ရဲ့သားနဲ့... ။

အတွေးများနှင့် ပူလောင်လာပေမဲ့ နှင်းသည် ခြေလှမ်းများကို ရပ်မပစ်နိုင်။ နောက်လှည့်မကြည့်မိအောင် ကိုယ့်စိတ်ကိုယ် ထိန်းချုပ်နေရင်း မီးလျှံလို ပူလောင်မှုများက နှင်းကို ကျွမ်းမြိုက်စေခဲ့၏။

နှင်းပန်း ဘာအတွက် ပူလောင်နေရသည်လဲ...

ဒေါသလား... ကြေကွဲမှုလား... ကရုဏာစိတ်လား...

ပုဂံလမ်းထိပ်ရောက်သည်အထိ နှင်းပန်းတစ်ယောက်တည်း ရှိနေဆဲပင်... ။ အဲသည်အချိန်မှာ နှင်းပန်း ရင်ဆိုင်ရသည်က အောင်ခန့်ဘော် မဟုတ်ဘဲ နှင်းပန်း၏တစ်ဖက်သတ်ဆန်လှသည့် အနိုင်ရလိုမှုနှင့် သူ့အပေါ်ပြတ်ပြတ်သားသား မရက်စက်နိုင်လောက်အောင် မြတ်နိုးတွယ်တာနေမှုတို့ လွန်ဆွဲနေသည့် အရှိန်ပြင်းထန်လှသည့် လောင်မြိုက်မှုပင်... ။ ပုဂံလမ်းတစ်လျှောက် ကားဂိတ်ဆီ လျှောက်နေသည့် ခြေလှမ်းတွေ တဖြည်းဖြည်း တုံ့ဆိုင်းလာသည်။ နောက်ကျောဘက် မလှမ်းမကမ်းမှာ ခြေသံတရှပ်ရှပ်သည် စိတ်





အထင်လား၊ အမှန်တကယ်ပဲလား... ။

ပုဂံလမ်းသည် သွေ့ခြောက်တိတ်ဆိတ်လျက် ရှိ၏။ သည်လမ်းပေါ်မှာ နှင်းပန်းတို့နှစ်ဦး ကျီစယ်ရယ်မောလျက် ဖြစ်စေ၊ ကြည်နူးတိတ်ဆိတ်စွာ ဖြစ်စေ၊ တစ်ယောက်လက် တစ်ယောက် ဆုပ်ကိုင်ရင်း... ရှေ့ခရီးအတွက် ဆွေးနွေးစကားဆိုရင်း ဖြစ်စေ လျှောက်ခဲ့ဖူးကြသည်။ မကျေလည်စရာကိစ္စတွေ ကြုံလာတိုင်းလည်း နှင်းပန်းကပင် ဦးစွာ စိတ်ဆိုးတတ်မြဲ ဖြစ်ပါသည်။ မှတ်မှတ်ရရ အဲသည်နေ့ကတော့ နှင်း ပုဂံလမ်းထိပ်ကားမှတ်တိုင် ရောက်သည်အထိ ခန့်က ပေါ်မလာခဲ့ပါ။ နှင်းပန်း နောက်မှာ အရိပ်လို ထပ်ချပ်ပါလာတတ်သည့် ကောင်လေးသည် ခုတော့... ဆယ်မိနစ်ကျော်ကြာသည်အထိ အရိပ်အယောင် မမြင်ရဘဲ နှင်းပန်းကို မမြင်ကွယ်ရာ တစ်နေရာကနေ စောင့်ကြည့်နေလေသလားဟုပင် ထင်ရလောက်အောင် ပျောက်ကွယ်နေခဲ့သည်။ လှည်းတန်းကုန်းဘက်သွားမည့်ကားတွေ၊ ပြည်လမ်းမဘက် ကွေ့ကားတွေ တစ်စီးပြီး တစ်စီး ထိုးဆိုက်လာသည့်အခါ နှင်းသည် ဘာလုပ်ရမှန်းမသိဘဲ ခန္ဓာကိုယ် အတွင်းထဲမှာ လောင်မြိုက်ပြီး ခန့်အပေါ် ဒေါသတွေ စုပြုံနေမိသည်။

အဲလောက် စိတ်နုစရာလား...

ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ... ။

တကယ်ဆို... မဖြစ်လောက်သည့် ကိစ္စလေးပဲ... ဟု နှင်းပန်းက တွေးပေမဲ့ အတွင်းစိတ်ထဲမှာ သူ တကယ်စိတ်ဆိုး

သွားတာလားဟူ၍ မတွေးဘဲမနေနိုင်တာကတော့ နှင်းပန်း၏ပျော့ညံ့ချက်ပဲ ဖြစ်သည်။

ပြီးတော့... အဲသည် ပျော့ညံ့ချက်ကို လူသိမှာလည်း နှင်းပန်းက အင်မတန်ကြောက်သည်။

နှင်း ဘက်ကများ လွန်သွားသလား။

သူ ရှက်နာ သွားတာများလား... ။

အို... မဟုတ်ဘူး... ။

ယောကျ်ားတန်မဲ့...

တကယ်တော့ နှင်းပန်းသည် ခန့်နှင့်အတူ ဗိုလ်ချုပ်ဈေးထဲ ပစ္စည်းဝယ်ပြီး ရုပ်ရှင်တစ်ပွဲလောက် ကြည့်နိုင်ဖို့ မျှော်လင့်ထားသည်။ ခန့်ကတော့ ရုပ်ရှင်ဆိုလျှင် နိုင်ငံခြားဖိုက်တင်ကားတွေလောက်သာ ကြည့်တတ်သူဖြစ်သည်။ အင်္ဂလိပ်စာ ညံ့ဖျင်းသည်ဟု နှင်းက သတ်မှတ်ထားသည့် အဲသည်ကောင်လေးသည် မြန်မာရုပ်ရှင်ကားတွေ ဘယ်တော့မှ မကြည့်တတ်ချေ... ။ နှင်းပန်း ကြိုက်နှစ်သက်သည့် ရုပ်ရှင်မင်းသားတွေကိုလည်း သူက ပျစ်ပျစ်နှစ်နှစ် ဝေဖန်တတ်သေးသည်။

ခုတော့ နှင်းပန်းသည် ဗိုလ်ချုပ်ဈေးကိုပဲ တစ်ယောက်တည်း ဆက်သွားရမှာလား၊ အိမ်ကိုပဲ ပြန်ရမှာလားဆိုတာကို ဝေခွဲမတတ်ဘဲ ကားဂိတ်မှာ တစ်ယောက်တည်း အတော်ကြာကြာရပ်နေမိသည်။ ကားဂိတ်မှာ လူရှင်းနေသည်မို့သာ တော်တော့သည်။ အမှန်ဆိုရလျှင်တော့ အဲသည်လို အခြေအနေမျိုးကို နှင်းပန်း





တစ်ခါမှ ရင်မဆိုင်ဘူးတာမို့ ဘယ်လို ဆုံးဖြတ်ရမည်ဆိုတာကိုလည်း ရုတ်တရက်မတွေးတတ်ချေ။ ချစ်သူသက်တမ်း နှစ်နှစ်နီးပါးမှာ နှင်းပန်းသည် ခန့်ကို ဘယ်လိုနိုင်ရမလဲ... ၊ ဘယ်လို စိတ်ဆိုးရမလဲဆိုတာကိုသာ တစ်ဖက်သတ်တွေးခဲ့ရပြီး ခန့်ရဲ့အလိုလိုက်၊ အလျှော့ပေးမှုတွေကိုလည်း ကျေနပ်စွာ ခံယူခဲ့သည်။

တစ်ယောက်တည်းလည်း ဘာဖြစ်လဲ...

ဗိုလ်ချုပ်ဈေး ရောက်အောင်သွားမယ်...

နှင်းပန်းရဲ့နံဘေးမှာ သူ မပါလည်း ဘာမှမဖြစ်နိုင်ပါဘူး...

နောက်ဆုံး ဆုံးဖြတ်ချက်ကို အပမ်းတကြီး ဆုံးဖြတ်ပြီးသည့်အခါမှာတော့ နှင်း မျက်ဝန်းအိမ်တွေ ပူနွေးလာပြီး ခြေအစုံထဲ အင်အားလုံးဝမရှိတော့သလို နုံးခွေသွားတော့သည်။ အင်းလျားလမ်းဘက်ကနေ ကားတစ်စီး ကွေ့လာသည်ကို မြင်သည်။ သည်လိုနေ့လယ်ခင်းကြီးမှာပင် နောက်မှာ အတွယ်အတာတွေနှင့် ကျပ်ညပ်လို့ပါလား... ။ ဟိုင်းလတ်စ်ကားကလေးက မီးပွိုင့်အကွေ့မှာပင် နှင်းပန်းဆီ ဦးတည်ပြီး...

"စံပြ... ပဲခူးကလပ်... "

ဆိုပြီး အော်လာသည်။

မဖြစ်သေးဘူး ထင်ပါရဲ့... ။

ဗိုလ်ချုပ်ဈေးထဲမှာ နှင်းပန်းတစ်ယောက်တည်း ယောင်ချာချာဖြစ်နေမှာ...

"လိုက်မှာလား အစ်မ... အာရုံတွေ မများပါနဲ့..."

ပလက်ဖောင်းပေါ်ကနေ ခြေတစ်ဖက်အချမှာပင်

"နှင်း..."

ဟူသော ခေါ်သံကို ကြားလိုက်ရပြီး နှင်းပန်း လက်မောင်းတစ်ဖက်ကို နောက်ကနေ ဆောင့်ဆွဲခံလိုက်ရသည်။



အဲဒီသည်နေ့က နှင်းပန်းတို့နှစ်ဦး ဗိုလ်ချုပ်ဈေးသို့ မရောက်ဖြစ်ပါ။ နှင်းပန်း ရည်ရွယ်ထားသလို ရုပ်ရှင်လည်းမကြည့်ဖြစ်ပါ။ သူ ပြန်ချော့လာလျှင် သူ့ကို စိတ်ဆိုးဟန်ဆောင်မြဲဆိုပေမဲ့ နှင်းပန်းသည် အောင်ခန့်ဘော်ဆိုသော ချစ်သူလေးရဲ့ဥပေက္ခာတရားဆိုတာကို ဝမ်းနည်းစွာ ခံစားမိပြီး အဲသည်တစ်ကြိမ်မှာတော့ ခန့်ကို စိတ်မဆိုးဖြစ်ဘဲ ဝမ်းနည်းနေခဲ့သည်။ ခရေနှင့်မိုးပိတောက်ပင်တွေသာရှိသော သထုံလမ်းထဲ တိတ်ဆိတ်စွာ လမ်းလျှောက်နေခဲ့ကြပြီး နှင်းပန်းက ပုံမှန်လို ရန်တွေ့စကားမဆိုသောအခါ ခန့်က မချင့်မရဲ ဖြစ်ပြန်လေသည်။

"နှင်းက ကျွန်တော့်ကိုဆို... အမြဲနိုင်ချင်တယ်... နိုင်ချင်တယ်... ကျွန်တော့်ကို နိုင်ရမှ နှင်း ကျေနပ်မှာလား"

နှင်းပန်း စိတ်ဆိုးနေဆဲထင်ပြီး သူက ဝမ်းနည်းစွာ ညည်းညူရေရွတ်လေသည်။ နှင်း... သူ့အပေါ် အနိုင်ရလိုတာကတော့ အမှန်ပါပဲ။ အဲသည် အနိုင်ရချင်စိတ်ကိုလည်း သူ ကိုယ်တိုင်ကပဲ ဖန်တီးပေးခဲ့တာ ဖြစ်သည်။ သို့ပေမဲ့ တစ်ချိန်ချိန်မှာ ခန့်... နှင်းပန်းအပေါ် စိတ်ဆိုးနာကြည်းသွားမှာလား ဆိုတာမျိုးတော့ တစ်ကြိမ်တစ်ခါမျှ မတွေးမိခဲ့... ။

လမ်းကလေးသည် သွေ့ခြောက်တိတ်ဆိတ်ပေမဲ့

သစ်ရိပ်ကြောင့် အေးမြနေသည်။ ရည်ရွယ်ချက်မဲ့စွာ လျှောက်ဖြစ်ခဲ့သော လမ်းကလေးပေါ်မှာ နှင်းပန်းတို့ နှစ်ဦးသည် သက်မဲ့စက်ရုပ်တွေလို ခံစားချက်မဲ့ မျက်နှာမျိုးတွေကိုယ်စီနှင့်...

ရင်ထဲမှာတော့ မီးတောက်ငွေ့ငွေ့လေးကိုယ်စီနှင့်...

မိုးပိတောက်ပွင့်တွေ ကြွေနေသည့် လမ်းကလေးထက်မှာ နှင်းပန်းတို့နှစ်ဦးတည်း ရှိနေသည်ထင်ရသည်။ ခန့်ရဲ့ ပင့်သက်ရှိုက်သံကို ကြားရသည့်အခါတိုင်း နှင်းပန်းရင်ထဲမှာ အောင့်သက်နာကျင်ရသည်။

"မင်းကို တို့ မနှိမ့်ပါဘူး... ဒါပေမဲ့ မင်းကိုယ်တိုင်က ပြုပြင်ချင်စိတ် မရှိဘူးလေ... နှင်းက... ခန့်ကို ရင့်ကျက်တဲ့ လူကြီးတစ်ယောက် ဖြစ်စေချင်တယ်... သဘောထားကြီးစေချင်တယ်... ကလေးလို ပေါ့ပေါ့တန်တန် အပြုအမူမျိုးတွေကို ရှောင်စေချင်တယ်...

နှင်းက ဆရာမတစ်ယောက်ဆိုတာကို မမေ့နဲ့... နှင်းနဲ့ ပတ်သက်တဲ့သူက သိပ်ကလေးဆန်ချင်နေရင် ပတ်ဝန်းကျင်က ဘယ်လိုပြောမလဲ... "

"ကျွန်တော်က ကလေးဆန်နေတယ်လား... "

ခန့်က ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။ ပြီးတော့ နှင်းပန်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သူ့မျက်နှာ မခံချိမခံသာ အရိပ်မျိုးထင်လာပြန်သည်။ သွေးကြောတွေနီမြန်းလျက်





ယှက်ဖြာနေသည့်မျက်နှာလေးသည် တကယ့်ကလေးတစ်ယောက်၏ ဟန်ဆောင်မှုကင်းသည့် မျက်နှာမျိုးပင်... ။

မရင့်ကျက်နိုင်သည့် ကောင်လေးတစ်ယောက်ကိုပဲ နှင်းပန်းက ချစ်မိခဲ့တာ မဟုတ်လား။

ကလေးဆန်သည့် ပွင့်လင်းသည့် စရိုက်ကလေးကြောင့်ပဲ သည်ကောင်လေးကို စွဲလမ်းခဲ့ရတာ မဟုတ်လား။

"ကျွန်တော်ကတော့ အဲဒီကလေးဆန်တာဟာ... မမကို ဘယ်လိုမှ မထိခိုက်ဘူးထင်တာပဲ... ဒါပေမဲ့... ထားပါတော့... ကျွန်တော်က မချစ်ဘဲမှ မနေနိုင်တာပဲ... "

ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထိုးထည့်ရင်း မျက်မှောင်ကြုတ်ရင်း ကတ္တရာလမ်းအစပ်က ခဲသေးသေးတစ်လုံးကို ဖိနပ်ဦးဖြင့် ဆတ်ခနဲကန်ပစ်လိုက်ရင်း ပြောလိုက်သည့်ကောင်လေးဆီက စကားကြောင့် နှင်းပန်းရဲ့နှုတ်ခမ်းတွေ ခပ်လျော့လျော့ပြုံးမိသွားသည်။ နှင်းပန်းသည် ကိုယ့်ကိုယ်ကို ပင်ပန်းစွာ ကျားကန်အားတင်ထားခဲ့ရသည့် မာနတွေ၊ အနိုင်ရလိုစိတ်တွေကို မေ့လျော့သွားပြီး သူ့ကို ခပ်နော့နော့မျက်စောင်းထိုးပစ်လိုက်သည်။ နှင်းပန်း၏ မျက်နှာအရိပ်အကဲကို သိတတ်လှသည့် ကောင်လေးက ချက်ချင်းပင် သူမ လက်ဖဝါးကို ဆွဲယူဖျစ်ညှစ်လျက်...

"တကယ်ပြောတာ... နှင်းရဲ့... "

တဲ့... ။

သွားသေးသေးတွေ အစီအရီပေါ်လာအောင် ရယ်

မောလိုက်သည့် အဲသည်မျက်နှာလေးမှာပင် နှင်းပန်းအပေါ် မြတ်နိုးစွဲလမ်းခြင်း အရိပ်တွေကို သိသာစွာမြင်နိုင်သည်။

"တကယ်တော့ မမက ကျွန်တော့်ကို ဆက်ဆံသလို... တင်းတင်းမာမာ ပြန်ပြီးနေနိုင်ဖို့ ကြိုးစားကြည့်တယ်... "

"အံမယ်... "

"ဒါပေမဲ့ ခဏလေးတောင် နေလို့မရပါဘူးဗျာ... ကျွန်တော့်ရင်ထဲမှာ... မမ တကယ်ပဲ... ကျွန်တော့်ကို စိတ်ဆိုးမုန်းသွားရင်လို့ တွေးလိုက်မိရင် ဘယ်လိုမှနေလို့မရဘူး..."

နှင်း... ဘယ်လိုဟန်ဆောင်နိုင်မှာလဲကွယ်... ။

နှင်းက သူ့လက်မောင်းနှစ်ဘက်ကို ခပ်သာသာ ဆောင့်တွန်းလိုက်ရင်း...

"အပိုတွေ... "

ဟု မိန်းမသားဆန်စွာပင် နွဲ့လိုက်မိသည်။ သူက ခြေတစ်လှမ်း နှစ်လှမ်း နောက်ဆုတ်သွားပြီးမှ အုပ်မိုး ကိုင်းကျနေသည့် မိုးပိတောက်တွေကို ခုန်လျက် တဖျုပ်ဖျုပ် ရိုက်ကစားရင်း ပျော်ရွှင်စွာ ရယ်မောနေပြန်သည်။ အဲသည်အခိုက်အတန့်မှာတော့ နှင်းပန်းသည် ဆယ်ကျော်သက် မိန်းကလေးတွေလို ပကတိရင်ခုန်လှုပ်ရှားနေသော နှလုံးသားတစ်ခုနှင့် မိန်းမတစ်ယောက်ပင် ဖြစ်နေသည်။ အောင်ခန့်ဘော်ထက် အသက်ခြောက်နှစ်ခန့် ပိုကြီးသည် ဆိုတာတွေ တက္ကသိုလ်က ဆရာမတစ်ယောက်ဖြစ်သည် ဆိုတာတွေ... ၊ မိန်းကလေးဆိုတာ ရင်ထဲရှိသမျှအချစ်ကို အကုန်အစင်





ထုတ်ဖော်မပြရဘူးဆိုသည့် အစ်မကြီး၏ဩဝါဒစကားတွေကို မေ့လျော့ကာ နံဘေးမှာ ချစ်သူရှိနေသည်ဆိုသည့် အသိတစ်ခုသာ လွှမ်းမိုးလျက် တငြိမ့်ငြိမ့်စီးသော ကြည်နူးခြင်းရေအလျဉ်ထဲ လိုက်ပါ စီးမျောနေတော့သည်။

"ဒါပေမဲ့နော်... နောက်ဆို... အဲလို စိတ်နုတာမျိုးမကြိုက်ဘူး သိလား... ပြီးတော့... လာစောင့်ပြီး အိပ်ပျော်နေတာမျိုးကိုလည်း မကြိုက်ဘူး... "

"ဟုတ်ပြီလေ... စိတ်နုတာမကြိုက်ရင်... ဆိတ်ရင့်ရင့် ဝယ်ခဲ့မယ်... ဆိတ်အဘိုးကြီးပေါ့ ဟုတ်လား... အိပ်ပျော်နေတာမျိုး မကြိုက်ရင်... အိပ်မပျော်မိအောင် နှင်းရဲ့အခန်းရှေ့မှာ ကင်းမြီးကောက်ထောင်ပြီး စောင့်မယ်... "

"ခန့်... "

"ဗျာ... "

"ဒါ... နောက်စရာ မဟုတ်ဘူး... "

နှင်းပန်း ဘယ်လောက်ကြာကြာ စိတ်ဆိုးနိုင်မည်ထင်ပါသလဲ... ။ နှင်းပန်းက မရယ်မပြုံးဘဲ နှုတ်ခမ်းတင်းတင်းစေ့ပြီး မျက်နှာကြီးပုပ်ထား‌ချင်တော့ အဲသည်ကောင်လေးက မျက်လုံးနှစ်လုံးကို စွေစောင်း၊ ထောင့်ကပ် နှုတ်ခမ်းကိုထော် နှာခေါင်းကိုလန်နေအောင် ပုံပျက်ပန်းပျက် အမူအရာတွေ တစ်မျိုးပြီးတစ်မျိုး လုပ်ပြလျက် နှင်းပန်း မရယ်ရယ်အောင် ဖွဲခောင်ပြန်သည်။ ပြီးတော့...

"ဗိုက်ဆာတယ်ကွာ... အသုပ်တစ်ပွဲလောက် စားရအောင်"

ဟု တစ်မျိုး ဂျီကျပြန်လေသည်။ အဲသည်လိုနှင့်ပဲ နှင်းပန်းသည် ရည်ရွယ်ထားသမျှတွေ အကုန်တလွဲတချော်ဖြစ်ပြီး ဗိုလ်ချုပ်ဈေး ရောက်ရမည့်အစား ဘီအီးဒီကင်(န်)တင်းမှာပင် တစ်နေကုန်ရပြန်သည်။



တကယ်တော့ အောင်ခန့်ဘော်နှင့် စ,ပြီးဆုံရချိန်ကတည်းက နှင်းပန်းသည် ရည်ရွယ်ချက်တွေ တစ်မျိုးပြီးတစ်မျိုး လွဲချော်ခဲ့ရသည်ဟု ပြောနိုင်ပါသည်။ ခန့်သည် နှင်းပန်း ရည်ရွယ်ထားသမျှတွေ၊ နှင်းပန်းရဲ့စိတ်ဆန္ဒတွေကို တစ်မျိုးပြီးတစ်မျိုး လွဲချော်စေအောင် ပြောင်းလဲစေအောင် စွမ်းဆောင်နိုင်ခဲ့သည် အမှန်ပင်... ။

နှင်းပန်းသည် ကိုယ်တိုင်လည်း နာခံလွယ်သော၊ အလွယ်တကူအားကိုးတတ်သော မိန်းမဆန်သည့် မိန်းကလေးတစ်ယောက်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဆန့်ကျင်ဘက်တွေရှေ့မှာ ရှက်အမ်းအမ်းဖြစ်တတ်သော၊ ဟန်ဆောင်တတ်သော နှင်းပန်းသည် ကိုယ့်ထက်ခြောက်နှစ်ခန့် အသက်ငယ်ရွယ်သော ကောင်လေးတစ်ယောက်ကို ရည်းစားထားဖို့ ဘယ်တုန်းကမှ စိတ်ကူးမယှဉ်ခဲ့မိပါ။ ကိုယ့်ထက် အသက်ပိုကြီးပြီး ခန့်ညားသော၊ တည်ကြည် ရင့်ကျက်သော ချစ်သူကို ဇနီးသည်ကို အိမ်မွေးကြောင်လေး

ကစ်ကောင်လို ယုယပိုက်တွေးပြီး အဖိုးထိုက် အဖိုးတန်ရတနာ တစ်ပါးလို တန်ဖိုးထားမည့် ယောက်ျားတစ်ယောက်ကို ချစ်သူ အဖြစ်ရဖို့သာ အမြဲစိတ်ကူးယဉ်ခဲ့သည်။ အောင်ခန့်ဘော်သည် ထူးခြားစွာပင် နှင်းပန်း၏အကြိုက်တွေ အားလုံးနှင့် ဆန့်ကျင်ဘက်ချည်းသာဖြစ်ခဲ့သည်။

ခန့်နှင့်စ,ပြီးတွေ့ဆုံပုံက အစ နှင်းပန်းအတွက် ဘဝင်မကျစရာ ဖြစ်ခဲ့ရတာ... ။ သို့ပေမဲ့ နှင်းပန်းသည် ပထမဆုံးအကြိမ် တိုက်ဆိုင်ကြုံကြိုက်ခဲ့စဉ်ကပင် ထိုကောင်လေးကို သတိထားမိပြီး ဖြစ်နေခဲ့သည်။

ခန့်သည် နှင်းပန်း ကြည့်မရသော ကျောင်းသားတွေထဲက တစ်ယောက်မဟုတ်ပါ။ ထို့ပြင် နှင်းပန်း သဘောကျစိတ်ကူးယဉ်မိခဲ့သည့် တည်ကြည်ခန့်ညားပြီး မိန်းမသားတွေကို ဦးစားပေးတတ်သည့် အနောက်တိုင်းဆန်ဆန် ယောက်ျားတစ်ယောက်လည်း မဟုတ်ပါ။ သူငယ်ချင်းအပေါင်းအသင်းများနှင့် အချိန်ဖြုန်းတတ်ပြီး ဘယ်ကိစ္စကိုမှ အလေးအနက်မထားတတ်သော လူမျိုးစားဟု အလွယ်တကူမှတ်ချက်ချချင်စရာဖြစ်သော ထိုကောင်လေးသည် နှင်းပန်း၏နှလုံးအိမ်ထဲမှာ ပုံရိပ်ကလေးအဖြစ် အမှတ်မထင် ငြိတွယ်ခဲ့ရာကနေ တဖြည်းဖြည်း ခိုင်မြဲစွဲနစ်လာခဲ့သည်။ မိန်းမတစ်ယောက်မှာ လိုလားချက်များစွာ ရှိနိုင်ပေမဲ့ နှလုံးသား၏ ရွေးချယ်မှုကတော့ ကိုယ်တိုင် နားမလည်နိုင်လောက်အောင် စွဲမြဲစူးနစ်တတ်သည်ဆိုတာ နှင်းပန်း အဖို့တော့ ခန့်နှင့်ဆုံရပြီးမှ သေချာနားလည်လာနိုင်ခဲ့သည်။



အောင်ခန့်ဘော် ဆိုသည့်ကောင်လေးကို မဆုံရခင်ကတော့ နှင်းပန်းသည် သူငယ်ချင်းတွေကြားမှာ...

"တို့ကတော့... အရာရှိမှ... ပြီးတော့ အနည်းဆုံး ကိုယ့်ထက် လေးနှစ်လောက်တော့ အသက်ပိုကြီးရမှာ... တို့ကို လွှမ်းမိုးနိုင်တဲ့သူလည်း ဖြစ်ရမှာ... "

သည်လို ခပ်ကြွားကြွား ကြွေးကြော်ခဲ့ဖူးသည်။ အမှန်တကယ်လည်း နှင်းက ယောက်ျားတွေဆို (tall and brown) အရပ်ရှည်ရှည်၊ အသားညိုညို၊ ခန့်ခန့်ချောချော လူမျိုးကိုသာ အမြဲစိတ်ကူးယဉ်နှစ်ခြိုက်ခဲ့တာပါပဲ... ။

ခန့်က အရပ်ရှည်ပေမဲ့ အသားဖြူသည်။ ငယ်ရွယ်ပြီး စိတ်နုနယ်လှသည့် ပြင်ပသဏ္ဍာန်ကြောင့်ပင် နှင်းပန်းသည် ခန့်အပေါ်မှာ ဘယ်လိုမှ အထင်မကြီးနိုင် ဖြစ်ခဲ့ရသည်လားမသိနိုင်။

အသားဖြူဖြူ၊ အရပ်ရှည်ရှည်နှင့် သွားချွန်ချွန် သေးသေးလေးတွေရှိသော ထိုကောင်လေးသည် နှင်းပန်း၏မောင်ငယ်လေးသာဖြစ်ဖို့ကောင်းသည် ထင်မိ၏။

ဘယ်လိုပဲ အားကိုးချင်စရာ မကောင်းပေမဲ့ နှင်းပန်းသည် ခန့်အပေါ် ချစ်ခင်တွယ်တာမိသည့် စိတ်ကိုတော့ ဘယ်လိုမှ ဖျောက်ဖျက်မရနိုင်ချေ... ။

ခန့်နှင့် ဆုံရသည့်အဖြစ်က အမြဲအမှတ်ရနေချင်စရာပင်... ။ ဝတ္ထုဆန်လှသည်လို့လည်း ပြောရရဲ့... ။ နှင်းပန်းတို့သူငယ်ချင်းနှစ်ယောက် (တောင်ပေါ်သား)ဘတ်စ်ကားကြီးနှင့် တော..င်ကြီးသို့ ဒုတိယအကြိမ် ပြန်ခဲ့စဉ်က ဖြစ်သည်။ ဒုတိယအကြိမ်ဟုဆိုရသည်က နှင်းပန်းသည် တောင်ကြီးတက္ကသိုလ်မှာ သရုပ်ပြဆရာမအဖြစ် စတင်တာဝန်ထမ်းဆောင်နေပြီး ကျောင်းပိတ်ရက်တွေမှာ ရန်ကုန်သူ တင်မိုးဆွေနှင့်အတူ ရန်ကုန်ပြန်လာနေကျ...။ ကျောင်းတွေပြန်ဖွင့်တော့လည်း အတူပြန်နေကျမို့ သီတင်းကျွတ်လပြည့်ကျောင်းပိတ်ရက်မှာ ရန်ကုန်သို့ နောက်တစ်ခေါက် ပြန်ရောက်ပြီး ဘယ်လောက်မှ မကြာလိုက်ဘဲ တောင်ကြီးသို့ ပြန်ရသည်မို့... အဲသည် ဒုတိယအကြိမ်ဆိုတာလည်း နှင်းပန်းအတွက် အမှတ်တရ ဖြစ်စေခဲ့သည်။

ခန့်တို့အုပ်စုက မှတ်မှတ်သားသား ဖြစ်ရလောက်အောင်လည်း ချောမော်နုနယ်လှသည့် ချာတိတ်တွေ ဖြစ်သည်။ နှင်းပန်းတို့က သရုပ်ပြဆရာမဆိုတော့ ခန့်တို့လို ကျောင်းသားတွေဆို ချာတိတ်ပေါ့... ။ နှင်းပန်းတို့ နှစ်ယောက်လုံးက သူတို့ကို ဆယ်တန်းအောင်ပြီးစ ဒါမှမဟုတ် ဒုတိယနှစ်ကျောင်းသားလေးဟု ထင်သည်။ သည်လို ထင်ရလောက်အောင်ပင် ခန့်တို့အုပ်စုကလည်း



တကယ့်ကို ကလေးကလား ဆန်လှသည်ပဲနော်... ။ ကားဂိတ်မှာကတည်းက သူတို့တွေ ရုံးစုရုံးစုနှင့် တဟေးဟေးတဟားဟားအော်ဟစ်နောက်ပြောင်နေသည်ကို မြင်ရကြားရသည်။ အဲသည်တုန်းကတော့ အမှတ်တမဲ့ပင်... ။ သည်ကောင်လေးတွေ အုပ်စုကကိုယ်နှင့်ပတ်သက်လာမည်လည်း မထင်ခဲ့တာမို့ သူတို့အပေါ်မှာပြုစုလိုစိတ်လည်း မရှိ... ။

နှင်းပန်းတို့နှစ်ယောက်လုံး တောင်ကြီးတန်ဆောင်တိုင်ကို သည်နှစ်မှာ ကြုံရမှာမို့ စိတ်လှုပ်ရှား ပျော်ရွှင်နေကြသည်။

"အမှန်တော့... တို့ အင်းလေးပွဲကို ဒီနှစ်သွားလိုက်ရမှာ"

ဟု တင်မိုးဆွေက အားမလိုအားမရ ပြောနေသည်။ နှင်းပန်းကိုယ်တိုင်လည်း ဖောင်တော်ဦးပွဲတော်ကို သွားလိုစိတ်ရှိသည်ပင်... ။ ထူးထူးခြားခြားမို့ ကြုံဖူးချင်သည်... ။

သို့သော်လည်း တန်ဆောင်တိုင်မှာ စာမေးပွဲနှင့်တိုက်နေလျှင် ရန်ကုန်မပြန်ရမှာကို တွေးပူပြီး သီတင်းကျွတ်မှာရန်ကုန်အရောက် ပြန်ခဲ့ကြသည်။

"နှောင်နှစ်ပေါ့ဟယ်... "

"နှောင်နှစ်က မသေချာဘူးလေ... "

"အံမယ်... ပြောင်းရပြီပေါ့ ဟုတ်လား... "

တင်မိုးဆွေက နှင်းပန်းစကားကို သဘောပေါက်လျက်...

"ဖြစ်ချင်တာတွေ ပြောတာပေါ့ဟယ်... "

ဟု တခိခိရယ်ရင်း ပြောသည်။ နှင်းပန်းတို့လို မိန်းကလေးအများစုသည် ထရန်စဖာဆိုလျှင်ပင် ကြောက်လန့်နေကြပြီး ရန်ကုန်၊မန္တလေးလို မြို့ကြီးတွေမှာသာ တွယ်ကပ်နေလိုကြသည်။ မိသားစုနှင့်မဝေးချင်တာလည်း တစ်ကြောင်း၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု နည်းသည်လည်းတစ်ကြောင်းပင်... ။ တောင်ကြီးသို့ ပြောင်းရဖို့ အမိန့်ရလျှင် နှင်းပန်းသည် ဟန်မဆောင်နိုင်ဘဲ ဌာနမှူးရှေ့မှာ မျက်ရည်ကျရသည်။

[ ဆရာ... သမီးတစ်ယောက်တည်း ဒီလောက်အဝေးကြီး ဘယ်လိုသွားနေရမှာလဲ... ]

ဆိုတော့ သဘောကောင်းပြီး ကျီစယ်သန်လှသည့် ဌာနမှူးက...

"ဒါဆို ညည်းကို... ရန်ကုန်နဲ့နီးအောင် လေးထောင့်ကန်တို့ သန်လျင်တို့ ပို့ပေးရမှာလား... "

ဟု ရယ်မောနောက်ပြောင်နေခဲ့သေးသည်။

"တောင်ကြီးဆိုတာက ပြည်နယ်မြို့တော်ကြီးဟဲ့... လိုချင်တာ အကုန်ရတယ်... ရန်ကုန်ထက်တောင် ပစ္စည်းစုံသေးတယ်... အဆက်အသွယ်လည်း လွယ်လွန်းလို့... ကိုယ့်ထက်ဆိုးတဲ့သူတွေများ နည်းနည်းအားနာစမ်းပါဦး... "

နှင်းပန်းကို အမြင်ကတ်ချင်သည့် သူငယ်ချင်းမ,တွေက သည်လိုမဲ့ရွဲ့ကြသည်။ ခုတော့လည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းပြီး တွေဝေတတ်သည့် နှင်းပန်းသည် တောင်ကြီး ရန်ကုန်



အသွားအပြန် ကားလမ်းခရီးကိုပင် အသားကျနေခဲ့ပြီ... ။

ကားပေါ်မှာ နေရာယူပြီးသည့် အခါမှာတော့... နှင်းပန်းသည် သူတို့အုပ်စုကို အမှတ်တမဲ့ မေ့လျော့ထားဖို့ မဖြစ်နိုင်တော့... ။ လှုပ်လှုပ်ခတ်ခတ် ရှိလှသည့် အဲသည်ကောင်လေးအုပ်စုက နှင်းပန်းတို့ ရှေ့ထိုင်ခုံမှာ ဖြစ်နေသည်။ နှင်းပန်းတို့ပစ္စည်းတွေ နေရာချထားပြီးမှ ကားပေါ်တက်လာကြသည့် သူတို့အုပ်စုသည် ကားတစ်စင်းလုံးရှိ ခရီးသည်တွေ မျက်စိနောက်စရာ၊ မေတ္တာပွားချင်စရာ ဖြစ်နေသည်။ တက်ကြွလန်းဆန်းနေသည့် မျက်နှာလေးတွေက လူအများအတွက် ခံစားမှုအမျိုးမျိုး ပေးနိုင်ပေမဲ့ သူတို့ဘာသာအတွက်တော့ တစ်မျိုးတည်းသော ဘာသာစကားပင်...။

"အစ်မ... "

အသားဖြူဖြူ ဆံပင်တိုတိုထောင်ထောင် ကောင်လေးတစ်ယောက်က နှင်းပန်းတို့ ရှေ့ခုံကနေ ဘွားခနဲ မျက်နှာပေါ်လာသည်။

"ကျွန်တော်တို့နဲ့ နေရာချင်းလဲပေးလို့ ရမလားဟင်... "

"မရဘူး... "

တစ်ခုခု ဆက်ပြောဖို့ ပြင်နေသည့် ကောင်လေး ဇက်ကလေးပုပြီး ငြိမ်ကျသွားသည်။

"ကျွန်တော်တို့ နောက်ကအဖွဲ့နဲ့တစ်ဆက်တည်း ဖြစ်ချင်လို့ပါ... "

နောက်တစ်ယောက်ကတော့ မျက်နှာလုံးဝန်းဝန်း

နှင့် ကိုယ်လုံးကိုယ်ထည် ခပ်ထွားထွားပေမဲ့ မျက်နှာလေးက ရှစ်တန်းကျောင်းသားလေးလို့ ရယ်ချင်စရာ ကလေးရုပ်ကလေး ဖြစ်နေသည်။ နှင်းပန်းက အားနာတတ်သူပေမဲ့ တင်မိုးဆွေကတော့ ဆရာမ ပီသလှသည်။

"တစ်ဆက်တည်း ဖြစ်ချင်... လက်မှတ်ဝယ်ကတည်းက တစ်ဆက်တည်း ဖြစ်အောင်ဝယ်ပေါ့... "

"ဟို... ဒီလို... ပါ... ဒီကောင်တွေက နောက်မှစိတ်ကူး ပေါက်ပြီး... "

"ဟော့ကောင်... မော်ကြီး... "

နောက်ဘက်ခုံဆီက အသံပေါ်လာပြန်သည်။ စိတ်ပျက်လက်ပျက် ဟန့်တားလိုက်သည့် လေသံမျိုး...

နှင်းပန်းတို့ရဲ့အငြင်းစကားကို သိပ်မကျေနပ်ဘူး ဆိုတာမျိုးလည်း သိသာထင်ရှားစွာ ပါဝင်နေလေသည်။

"နေစမ်းပါကွာ... ဒီအတိုင်း ထိုင်ရတော့ ဘာဖြစ်လဲ... အုတ်နံရံခြားနေတာမှ မဟုတ်ဘဲ... "

နှင်းပန်းတို့ နှစ်ယောက်လုံး ပြိုင်တူနှုတ်ခမ်းမဲ့မိကြသည်။ နောက်ဘက်ခုံဆီတော့ လှည့်မကြည့်ဖြစ်ပါ။ စည်းကမ်းကြီးသည့် ဆရာမဆိုသည့် ဂုဏ်ပုဒ်ကို လိုချင်လှသည့် နှင်းပန်းတို့ နှစ်ယောက်လုံးသည် လက်တွေ့ခန်းတွေထဲမှာလည်း ကျောင်းသားတွေအပေါ် လိုက်လိုက်လျောလျော မရှိခဲ့... ။ ငယ်ရွယ်ပြီး ကျောင်းသူတွေဘဝကနေ ဆရာမအဖြစ်... အချိန်တိုအတွင်းမှာ ပြောင်းလဲ



ရသည်မို့လည်း ကျောင်းသားတွေနှင့် အသက်အရွယ်က မတိမ်းမယိမ်းမို့ လိုအပ်တာထက်ပိုပြီး မျက်နှာထားတည်တည် ထားမိသည်လည်းရှိသည်။ တချို့ကတော့ လက်တွေ့ဝင်သည့် ကျောင်းသူကျောင်းသားများနှင့် လိုက်လျောညီထွေဖြစ်ပြီး အလွယ်တကူ ဆက်ဆံခင်မင်နိုင်ကြသည်။ တင်မိုးဆွေကတော့ ပေါင်းရသင်းရခက်သည့် အပျိုကြီးစာရင်းဝင်နေပြီး နှင်းပန်းနှင့်သာ တတွဲတွဲမို့ နှင်းပန်းသည်လည်း သူမလိုပင် အပျိုကြီးစာရင်း ဝင်နေလေပြီလား မသိ... ။

"တော်ကြပါတော့ကွာ... အရေးကြီးတာ... တောင်ကြီး ရောက်ဖို့ပဲ မဟုတ်လား... "

သည်စကားသံကတော့ ခပ်ဝဲဝဲပင်... ။ တောင်ပေါ်သားလေး ထင်ပါရဲ့... ။

"အေးပါ... အေးပါ... ဟုတ်ပါတယ်... "

"အဲဒါကြောင့် ပြောတာပေါ့... စောစောကတည်းက လိုက်မယ်ဆို လက်မှတ်တစ်ဆက်တည်း ဝယ်ရင်ရရဲ့သားနဲ့"

"မင်းကလည်းကွာ... မိန်းမကြီးကျနေတာပဲ... ပွစိ ပွစိနဲ့"

နှင်းပန်းတို့နှစ်ဦးသည် သည်အုပ်စုနှင့် နေရာလဲမပေးရသည့်အဖြစ်ကို ခရီးတစ်လျှောက်လုံး နောင်တများစွာဖြင့် ကျိတ်မှိတ်သည်းခံရတော့မည်ဆိုတာ အဲသည်အချိန်မှာ စတင်ရိပ်စားမိလာပြီ... ။ ဘယ်လောက်များ စိတ်ပျက်စရာ ကောင်းလိုက်ပါ

လိမ့်... ။

ရှေ့နောက်... ခုံတန်းနှစ်တန်း၏ ရယ်မောသံများ၊ ကျီစယ်စကားများ လှုပ်ရှားမှုများကြားမှာ နှင်းပန်းတို့ နှစ်ဦး၊ မျက်ခုံးတွေကျုံ့ မျက်နှာစူပုပ်နေရုံကလွဲပြီး ဘယ်လိုမှ မတတ်နိုင်တော့ပါ။ စော်ဘွားကြီးကုန်း ကားဂိတ်ကနေ ကားစ,ထွက်ပြီး အတော်ကြာသည်အထိ သူတို့ အုပ်စုတွေ နေရာချ ငြင်းခုန် မပြီးနိုင်။ ပဲခူးကျော်လာသည်အထိ လက်ပံပင် ဆက်ရက်ကျသလို တစ်ယောက်တစ်ခွန်း ဆူညံလာသည့်စကားတွေက အစ,မသတ်နိုင်သေး။ ကားထဲက လူကြီး၊ လူရွယ်၊ လူလတ်တွေ သူတို့ကို ဘယ်လိုမျက်နှာမျိုးနှင့် ကြည့်နေသည်ဆိုတာလည်း နည်းနည်းမှ ဂရုမထားမိသည့် ကောင်ဆိုးလေးတွေ... ။

သူတို့နှင့် ဆက်နွယ်သည့် စိတ်ဒုက္ခကို အများဆုံးခံရသူတွေက နှင်းပန်းတို့ နှစ်ဦးသာ ဖြစ်နေတော့သည်။ ထို့ကြောင့်လည်း အောင်ခန့်ဘော်နှင့် နှင်းပန်းတို့ရဲ့ တွေ့ဆုံပုံ အစ,ကပင် ဘဝင်မကျစရာ ဖြစ်ခဲ့တာပေါ့။

ခန့်တို့ အုပ်စုက အားလုံးခြောက်ယောက်ဖြစ်သည်။ အဲသည် ခြောက်ယောက်မှာ လေးယောက်က အနက်ရောင်မဟုတ်သည့် ဆံပင်ရောင် တစ်ယောက်တစ်မျိုးစီနှင့်... ။ နှင်းပန်းတို့ ရှေ့မှာ လေးယောက်ရှိနေပြီး နှင်းပန်းတို့ နောက်ဘက် ထိုင်ခုံမှာတော့ နှစ်ယောက် ဖြစ်သည်။ အဲသည် နှစ်ရက်တွေမှာ နှင်းပန်း သတိ





မထားမိသည့် အောင်ခန့်ဘော်သည် နှင်းပန်းတို့နောက်ဘက်ခုံမှာ ဖြစ်သည်။ ခန့်ကို သတိထားမိဖို့ ပထမဆုံးထူးခြားမှုတစ်ခုက အေးစက်ရှတပြီး အက်ကွဲကွဲနိုင်လှသည့် စကားသံဖြစ်သည်။ အဲသည် စကားသံထဲမှာပင် ဘာကိုမှ မသိနားမလည်သည့် ကလေးဆန်သည့် ပုံရိပ်တွေကို အလွယ်တကူ ရှာဖွေတွေ့နိုင်အောင်ပင် ခန့်သည် သူ့ရဲ့ပင်ကိုယ်စရိုက်ကို မထိန်းသိမ်းနိုင်သူ ဖြစ်သည်။ နှင်းပန်းတို့ နှစ်ဦးကတော့ ကိုယ့်ကံကြမ္မာကို ကိုယ့်ဘာသာ ရွေးချယ်ထားမိပြီမို့ ခပ်တိုးတိုးအတင်းအုပ်ရုံမှလွဲပြီး ထူးထူးခြားခြား စိတ်မညစ်မိအောင် ကြိုးစားခဲ့ရသည်။

သူတို့အုပ်စုရဲ့ အနှောင့်အယှက်တွေကို နည်းနည်းမှ ဂရုမစိုက်လေဟန် ဆောင်ရသည်။ တောင်ငူနားရောက်လာတော့ သူတို့ သိပ်ပြီးဘရုတ်မကျနိုင်တော့ဘဲ ငြိမ်သက်ကုန်ကြသည်။ နံနက်လင်းအားကြီးကနေ မရပ်မနားခရီးဆက်ခဲ့ရတာမို့ ခရီးသည်များလည်း မွတ်သိပ်ဆာလောင်လာသည်ကို တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ညည်းညူစပြုပြီ... ။

အဲသည်အချိန်မှာ... ခန့်သည် နှင်းပန်းတို့ မြင်ကွင်းရှေ့သို့ နုနယ်ကြည်လင်လှသည့် မျက်နှာလေးနှင့် ရောက်ရှိလာခဲ့တော့သည်။

“စိုင်းလင်း... ရေရှိသေးလား... ”

အဲသည် ခက်အက်အက်စကားသံက နှင်းပန်းကို

စတင်ဆွဲဆောင်နိုင်ခဲ့သည်။ ပြတင်း၏အပြင်ဘက်ဆီသို့သာ ငေး ကြည့်နေဖြစ်သည့် နှင်းပန်းသည် အများထဲမှာ နည်းနည်းထူးခြား သည့် အဲသည်အသံကြောင့်ပဲ ရှေ့ခုံတန်းဘေးမှာ မတ်တတ်ရပ်လာ သည့် ကောင်လေးကို မော့ကြည့်ဖြစ်သည်။ ကောင်လေးသည် နှင်းပန်း အမြင်ကတ်သည့် နီကြောင်ကြောင် ဆံပင်မျိုးနှင့်တော့ မဟုတ်ပါ။ သို့ပေမဲ့ သူ့ဆံပင်ပုံစံက တော်တော့်ကို မျက်စိနောက် စရာဖြစ်သည်။ နက်မှောင်ပျော့အိသော ဆံပင်တွေက နဖူးပေါ် အရှည်အတိုမညီညာဘဲ ဖွာရရာကျဲနေပြီး နောက်ဘက်မှာတော့ ခပ်တိုတို မြင့်မြင့်နှင့် တကယ့်ကို ပါးပါးကပ်ကပ်လေး ဖြစ်နေသည်။ အဲသည် ဆံပင်ပုံစံသည်သူ့မျက်နှာ၏ နုနယ်ပျိုမျစ်မှုနှင့် ကလေးဆန် လှသည့် သူ့စိတ်ဓာတ်ကိုပါ ထင်ရှားအောင် ဖော်ပြနေခဲ့၏။ သူ သည် သဘောကောင်းသူ ပျော်ရွှင်တတ်သူ ဖြစ်ကောင်းဖြစ်နိုင်ပေမဲ့ ကလေးဆန် စိတ်နုနယ်သူဖြစ်သည် ဆိုတာကတော့ သူ့မျက်နှာကို ကြည့်ရုံဖြင့်ပင် သိသာနိုင်လေသည်။

သူ့မျက်ခွံက သေးသေးဖြစ်ပြီး မျက်အိမ်ကျယ်သည်။ မျက်ဆန်က နက်မှောင်သည်... ။ နှာတံက သေးငယ်ပေမဲ့ ထိပ် မှာ လုံးဝန်း၏။ နှုတ်ခမ်းတွေကတော့ ကြီးမားထူပြည့်သည်။ သူ သည် နှင်းပန်းတို့မြင်နေကျ ကျောင်းသားလူငယ်တစ်ယောက်၏ စတိုင်လ်အပြည့်ရှိ၏။ လက်မောင်းကြွက်သားတွေ ပေါ်လွင်သည့် စပို့ရှပ်လက်တိုကျပ်ကျပ်နှင့် အမေရိကန်ဂျင်း(န်)နက်ပြာရောင်ကို





ဝတ်ထားသည့် သူ့စတိုင်လ်သည်တကယ်ကြွသည့် လူငယ်တစ်ယောက် ၏ အသွင်အပြင်ဖြစ်၏။ အမှန်တကယ် ပြောရလျှင်တော့ ခန့်ကို နှင်းပန်းကသာ စတင်အသိအမှတ် ပြုခဲ့မိတာ ဖြစ်သည်။ အဲသည် အချိန်က ခန့်သည် နှင်းပန်းတို့နှစ်ယောက်ရှိနေသည့် ခုံတန်းဆီ လုံးဝလှည့်မကြည့်ပါ။ တင်မိုးဆွေနှင့် နှင်းပန်းသည် သူ့ကိုပြိုင်တူ မော့ကြည့်မိကြပြီး တစ်ယောက်နှင့်တစ်ယောက် အဓိပ္ပာယ်တူညီ သော မျက်လုံးချင်း ဆုံမိကြပြန်သည်။

"ကျောင်းသားတွေ ထင်တယ်နော်... "

ဟု နှင်းပန်းက မှတ်ချက်ချမိသည်။

"ခုခေတ်ကောင်လေးတွေများ သူတို့ကိုယ်သူတို့ ကျော့မော့ နေအောင် နေတတ်ကြတယ်နော်... အံ့ရောပဲ... တို့မှာ တော့... နည်းနည်းရောသီပူလာတာနဲ့ မျက်နှာမှာ အဆီ တဝင်းဝင်းနဲ့... "

တင်မိုးဆွေ စကားက ခန့်အပေါ် တိုက်ရိုက်ကျ သည့် မှတ်ချက်စကားဖြစ်ကြောင်း နှင်းပန်းသိလိုက်သည်။ ခန့်သည် ဘယ်လိုပဲ ပစ်စလက်ခတ်နေနေ... ကံအကျိုးပေး ကောင်းစွာ သူ့ မျက်နှာက ကြည်လင်ရှင်းသန့်နေမြဲဆိုတာကို နှင်းပန်းတို့ မသိနိုင် ခဲ့သေးပါ။

"ဒါလည်း ပင်ကိုယ်အသားအရေနဲ့ဆိုင်မယ် ထင်တယ်... မဆွေရဲ့... "

"တို့လည်း ဆရာမအလုပ်ရတာနဲ့ ကိုယ့်ကိုယ်ကို အဘွားကြီး

တွေလိုထင်ပြီး... မြင်... မြင်သမျှ ကိုယ့်ထက်နုပျိုနေသလိုပဲ နော်... ဟီး ဟီး... ”

“ဒါ... အမှန်ပဲ... ဒါ အမှန်ပဲ... ”

နှင်းပန်းက မဆွေစကားကို အားတက်သရော ထောက်ခံမိသည်။ နှင်းပန်းရဲ့ အဲသည်ရာထူးဂုဏ်ပုဒ်က ခန့်နှင့် နှင်းပန်းကြားမှာ အဓိကကျသည့် အတားအဆီးတစ်ခု ဖြစ်ခဲ့သည်။



ကိုယ့်ထက်အသက်ငယ်ရွယ်သည့် ယောက်ျားမျိုးဆို အထင်မကြီးတတ်သည့် အဲသည်စိတ်ဓာတ်သည် နှင်းပန်းဆီမှာ ဘယ်တုန်းကတည်းက ခိုအောင်းခဲ့သည်လည်း မသိနိုင်ပါ... ။ အထင်ကြီးခြင်းသည် အချစ်နှင့် တစ်ထပ်တည်းကျသလား၊ မကျဘူးလား ဆိုတာ ဘယ်တုန်းကမှ လေးလေးနက်နက် တွေးမထားခဲ့ဖူးသည့် နှင်းပန်းသည် ခန့်ကိုချစ်မိပြီဟု ကိုယ့်ကိုယ်ကို သေချာခဲ့သည့် အချိန်က စ,ပြီး... ကိုယ့်ထက် အသက်ငယ်ရွယ်သည့် ကောင်လေး တစ်ယောက်ကို အထင်ကြီးမရနိုင်တာက အတွင်းစိတ်ထဲမှာ ပြဿနာ တစ်ခုဖြစ်နေခဲ့သည်။

ဒါကို ခန့်က မသိနိုင်သလို သူမကိုယ် သူမလည်း မသိခဲ့ဘူးလေ... ။

တကယ်တော့...

ငြင်းဆန်စရာတွေ ပြည့်နှက်နေသည့်ကြားကပင် နှင်းပန်းကိုယ်တိုင်က မငြင်းဆန်နိုင် ဖြစ်ခဲ့ရတာ... ။

ခန့်ရယ်...

စွန့်စားခန်းတစ်ခုဆိုပေမဲ့ အချစ်ကို မငြင်းဆန်နိုင်ခဲ့ပါဘူးကွယ်... ။

စေတနာစာပေ



"အစ်မတို့က ဘယ်သွားမှာလဲ... "

နှင်းပန်း ရှေ့မှာ ရပ်လာသူက ခန့် ပင်ဖြစ်သည်။ အချိုး သိပ်မပြေသည့် ဆံပင်ပုံစံနှင့် သည်တုန်းကတော့ ခန့်လို့ မသိခဲ့သေးဘူးပေါ့... ။

"တောင်ကြီးတက္ကသိုလ်... "

အိုက်တင်ခံဖို့ မေ့လျော့ပြီး နှင်းပန်းက ဖြေလိုက်သည့်အခါ မဆွေ၏ မျက်စောင်းဒဏ်ကို ခံရလေသည်။ တောင်ကြီးအတက် အေးသာယာသို့ ကားဆိုက်ချိန်က နံနက်ဝေလီဝေလင်းမှာ ဖြစ်ပေမဲ့ နှင်းပန်းတို့ ကားကြီးဆိုက်ချိန်သည် တခြားကားတွေထက် နောက်ကျလေသည်လား မသိ... ။ တောင်ကြီးမြို့ထဲဝင်မည့် လိုင်းကားတစ်စီးသာ ကျန်သည်။ အေးတိအေးစက်နှင့် အမြဲ လှုပ်ပုံလှုပ်ပုံလျှောက်တတ်သော မဆွေနှင့် သူတစ်ပါးကိုသာ မှီခိုအားပြုချင်သည့် နှင်းပန်းသည် အထုပ်အပိုးတစ်ပွေ့တစ်ပိုက်နှင့် ကားဂိတ်မှာ သောင်တင်ကျန်ရစ်သည်။

သူတို့ အုပ်စုကတော့... ပေါ့ပါးသွက်လက်သည့် ယောကျာ်းသားတွေတန်မဲ့... အငှားကားကိုသာ အားကိုးချင်ဟန်တူလေသည်။

"ဟာ... အတော်ပဲ... "

သူတို့ အထဲက မျက်နှာနီစပ်စပ် ဆံပင်ခပ်ဝါညိုညို နှင့် ကောင်လေးက နှင်းပန်းတို့အနား ဝမ်းသာအားရမျက်နှာနှင့် ရောက်လာသည်။

"ကျွန်တော်တို့လည်း အဲဒီဘက်ပဲ... "

"အဲဒီတော့... "

"ကျွန်တော်တို့ ကားငှားမလို့ပါ... "

မဆွေကတော့ အပျိုကြီးပီသစွာပင် မျက်နှာထား ခပ်ပုပ်ပုပ်နှင့် မျက်မှောင်ကို ကျုံ့ထားသည်။ နှင်းပန်းမှာသာ သူတို့ ရှေ့မှာ စိတ်ကျဉ်းကျပ်ရသည်။ တကယ်တော့... ရန်သူတွေလည်း မဟုတ်ကြပါဘဲ...သို့ပေမဲ့ နှင်းပန်းကိုယ်တိုင်လည်း ကျောင်းသား တွေ ရှေ့မှာဆို မျက်နှာထားနှင့် နေတတ်သူဆိုတော့...

"မင်းတို့နဲ့ တစ်ယောက်တစ်ဝက်လား... "

"ဟာ... မဟုတ်ပါဘူး... "

သူတို့ အုပ်စုကြီးကို မဆွေက မျက်ခုံးရှုံ့ကြည့်ပြီး မေးတော့... အသားနီစပ်သည့် တောင်ပေါ်သားကောင်လေးက ပျာပျာသလဲ ဖြေသည်။

"အစ်မတို့ နှစ်ယောက် ကျွန်တော်တို့ ကားနဲ့ လိုက်ခဲ့လို့ ရပါတယ်... "

"အို... မဟုတ်တာ... "

နှင်းပန်းတို့ နှစ်ယောက် ပြိုင်တူ ငြင်းမိသွားသည်။ သည်တုန်းက... ခန့်သည် ကလေးတစ်ယောက်လို မျက်နှာအိုအိုနှင့်





ကလေးဆန်သည့် မျက်နှာထားနှင့် ဖြစ်သည်။ ခန့်ကိုပဲ နှင်းပန်းက ဂရုထားကြည့်ဖြစ်နေတာလားဆိုတာတော့ ဘယ်လိုတွေးတွေး အဖြေမရနိုင်ခဲ့ပါ။

ကိုယ့်ကိုယ်ကို ကာကွယ်လိုသည့်... အတွေးများ **လား... နော်...** ။

**ဒါပေမဲ့... နှင်းပန်းဟာ** ခန့်ရဲ့ ချစ်စကားကို စ,တင် **ကြားရသည့် အချိန်က စ,ပြီး အ**စဉ်တစိုက် ငြင်းဆန်ခဲ့တာပါနော်...။

"**အစ်မ**တို့ ....ဌာနက ဆရာမတွေ မဟုတ်လား... ကျွန် **တော်** ဒေါ်ဝါဝါခိုင်ရဲ့သားပါ... ရန်ကုန်မှာ ကွန်ပျူတာ တက္ကသိုလ် တက်နေတာ... "

"ဟောတော်... "

"ဟယ်... မဝါရဲ့သား... "

နှင်းပန်းတို့ နှစ်ယောက်လုံး အလစ်အငိုက်မှာ အံ့ဩ တကြီးတွေဖြစ်ရပြီး တမင် တင်းထားရသည့် မျက်နှာတွေလည်း လျော့ပြေသွားရတော့သည်။

ဘယ့်နှယ်လုပ်ကြမလဲ...

ဒီကောင်လေးကတော့ သူ့အမေကို [ ဒီဆရာမတွေ သိပ်ပဲများတာပဲ ]လို့ ပြန်ပြောတော့မှာ ထင်ပါရဲ့... ။

"ကျွန်တော့် စိတ်ထဲမှာ မြင်ဖူးသလိုလိုပဲ... လို့... ရန်ကုန် မှာ ကတည်းက မေးဖို့ပဲ... ဒါပေမဲ့ မသေချာဘူးလေ... အတင်းလာရောတယ် ထင်မှာစိုးလို့... "

"ခုလည်း မိန်းကလေးနှစ်ယောက်ထဲမို့ လမ်းကြုံရင်... ခေါ်မလို့ပါ... လို့ ပြောဦးလေကွာ... "

ကြည့်စမ်း...

အဲဒါ ခန့်ပေ့ါ... ။

ခန့် သလိုလို... လှောင် သလိုလို... နဲ့... ။

နှင်းပန်း စိတ်ထဲမှာတော့ ကလေးဆန်လှသည့် ထိုကောင်လေးကို ချဉ်တူးစရာလိုလို၊ အမြင်ကတ်စရာလိုလိုနှင့်... တကယ်တမ်းကျတော့လည်း အဲသည် မျက်နှာလေးကို မမေ့နိုင်ခဲ့တာ... ။

မိန်းမသားတွေရဲ့ နှလုံးအိမ်ဟာ လျှို့ဝှက်ချက်တွေနဲ့ ပြည့်နှက်နေခဲ့တာနော်... ။

"ဟုတ်ပါတယ်... ဟုတ်ပါတယ်... မိုးက ကောင်းကောင်းမလင်းသေးဘူးဆိုတော့ အစ်မတို့ နှစ်ယောက်ထဲ ဒီဝင်းထဲမှာ ကျန်နေမှာ စိုးလို့ပါ... ကျွန်တော်တို့က စေတနာနဲ့ပါ... "

စကားသံဝဲဝဲ ကောင်လေးက တောင်းတောင်းပန်ပန် ပြောရှာသည်။ နောက်မှ... ရင်းနှီးသွားပြီး ဆရာမ ဒေါ်ဝါဝါခိုင်ရဲ့သား... စိုင်းလင်းရယ်လို့ သိရသည်။ စိုင်းလင်းလေးကတော့ တကယ့်ကို စိတ်ရှည်သည်းခံသူ ဖြစ်သည်။ ခန့်ရဲ့ ဆိုးမျိုးကိုလည်း ခံရှာသည်။

နောက်ဆုံးတော့... နှင်းပန်းတို့ နှစ်ဦးသား ခပ်ရှက်





ရှက်နှင့်ပဲ ကောင်လေးတစ်အုပ်နှင့် စပါးရောဖွဲရော အလိုက်သင့်ပြောဆိုရင်း သူတို့ကားနှင့် တောင်ကြီးတက္ကသိုလ်ဝင်းထဲအထိရောက်ခဲ့ရတော့သည်။

တကယ်တော့လည်း ကောင်လေးတွေက လူငယ်တွေမို့ ပျော်တတ်သည့် သဘာဝ သက်သက်သာ... ။ ပညာတတ်တွေပီပီ မွန်ရည်သည့် အပြောအဆိုတွေနှင့်ဆိုတော့ နှင်းပန်းမှာ ကိုယ့်ဘာသာ မလုံမလဲ ဖြစ်ရသည်။

တကယ်ပါပဲ...

နှင်းပန်းတော့ အဘွားအိုပေါက်စ ဖြစ်နေပါပြီ... ။

အချစ်ကို စ,ပြီး ဆုံရသည့် မိုးကုန်စ, နံနက်ခင်းလေးကတော့ စိတ်ကူးယဉ်ဖွယ် ကြည်နူးဖွယ်ပင်... ။ နှင်းပန်းသည် ဆရာမ ဆိုသည့် ရာထူးဂုဏ်ပုဒ်ကြီးကို မေ့လျော့ပြီး အထက်တန်းကျောင်းသူ အပျိုဖြန်းလေးလို အတွေးတွေ လွင့်မျော ပျံ့လွင့်လျက် သဘာဝရှုခင်းနှင့် ရုတ်တရက် ကြုံရသည့် အခြေအနေလေးမှာ ပျော်ဝင်နေမိသည်။ တောင်ကြီးသည် မြေပြန့်လွင်ပြင်က နှင်းပန်းတို့အတွက် တစ်မျိုးတော့ ထူးဆန်းနေသည်။ မတ်စောက်ကွေ့ပတ်သော တောင်တက်လမ်းတွေကိုသာ မြင်နေရပြီး ကွေ့ဝိုက်တက်သွားသည့် အခါမှာလည်း... ဟိုး အနိမ့်ပိုင်း ချိုင့်ဝှမ်းလွင်ပြင်ကိုသာ အသည်းအေးစရာမြင်ရပြီးသည့်အခါ... ရုတ်တရက်ဆိုသလို လမ်းမကျယ်ကြီးနှင့် စည်ကားလှသည့် တောင်ပေါ်မြို့ကြီး တစ်မြို့ကို ဘွားခနဲ တွေ့လိုက်ရသည်က... အံ့မက်ဆန်လှသည်။ ခံစားချက်

အသစ်အဆန်းလည်း ဖြစ်စေသည်။

ဟိုင်းလပ်စ်ကား ရှေ့ခန်းမှာ နှင်းပန်းတို့ နှစ်ယောက်ကို ထိုင်စေပြီး... နောက်ခန်းမှာ တဟေးဟေး တဟားဟားနှင့် ဆူညံလျက် လိုက်ပါလာကြသော အဲသည် ကောင်လေးအုပ်စုသည် ရှေ့ခန်းထဲက... နှင်းပန်းတို့ကိုများ မေ့လျော့နေလေသလားဟု ထင်ရပေမဲ့... စုပ်စုံထွန်းဈေးရှေ့ရောက်တော့...

"ဆရာမတို့ မုန့်စားဦးမလား... "

ဟု မေးရှာသေးသည်။ မြို့လယ် ရုပ်ရှင်ရုံရှေ့ရောက်တော့လည်း...

"ဈေးဝယ်ချင်သေးလား... "

ဟု မေးပါသည်။

"မဝယ်တော့ပါဘူးကွယ်... အိမ်ပဲ မြန်မြန်ရောက်ချင်ပြီ..."

မဆွေက... အတော့်ကို... စိတ်ရှည်ရှည်ထားပြီး ကြိုးစားဖြေရှာသည်။ မဆွေက... အကြောတတ်တတ် ညောင်းညာတတ်သူ ဖြစ်သည်။ နှင်းပန်းကတော့ သည်အုပ်စုနှင့် ခုလိုသာ... သိက္ခမ်းရလျှင် ရန်ကုန်က လာခဲ့ရသည့်ခရီးသည် သည်လောက်ခြောက်သွေ့ပြီး ငြီးငွေ့ဖွယ်ရာဖြစ်မှာ မဟုတ်ဘူးဟု ထင်မိ၏။

ဒါပေမဲ့... ဆရာမတစ်ယောက်၏ ဂုဏ်သိက္ခာသည် နှင်းပန်းရင်ထဲက နုပျိုတက်ကြွသော နှလုံးသားအတွက် နံရံတွေလို ဖြစ်နေခဲ့၏။





စေတနာ့
စာပေ

ခန့်ရဲ့ မျက်ဝန်းအကြည့်တွေကို စ,တင် အသိအမှတ်ပြုရသည့်အချိန်က... နှင်းတို့ အဖွဲ့လိုက်... အင်းထဲသွားလည်သည့်နေ့ ဖြစ်သည်။ ဖောင်တော်ဦးပွဲတော်ကိုတော့ လွဲချော်ခဲ့ပြီ... ။ သို့ပေမဲ့ ပွဲတော်အငွေ့အသက်တွေက ဖောင်တော်ဦးစေတီရင်ပြင်နှင့် အင်းရေပြင်မှာ ကျန်ရစ်နေဆဲပင်... ။

နှင်းတို့ အုပ်စုသည် ဆရာမ ဒေါ်ဝါဝါခိုင် စီစဉ်ပေးသည့် Nissan Big M နှစ်ခန်းတွဲကား အစိမ်းရောင်ကြီးမှာ အပြည့်ဖြစ်နေပြီး... ကျောင်းသူလေးတွေလို နုပျိုနေကြသည်။ နှင်းတို့အုပ်စုဆိုတာက... ဌာနမှာ နောက်ဆုံးရောက်လာသည့် နှင်းတို့သရုပ်ပြဆရာမ လေးယောက်ပေါ့... ။ မဆွေကတော့ တမင်ကျန်နေရစ်သည်။ မဆွေက တကယ့်ကို လူကြီးဆန်ဆန် ရင့်ကျက်သည့် ဆရာမတစ်ယောက်... ၊ အပျိုကြီးတစ်ယောက်၏ တည်ငြိမ်မှုအပြည့်နှင့်... ။

"ကလေးတွေ ကြားမှာကွယ်... "

ဆိုပြီး ငြင်းဆန်ခဲ့သည်။ နှင်းပန်းသည် မဆွေ၏

အရိပ်အောက်က လွတ်မြောက်ရသည်ကို အိမ်က မမကြီး၏ ဩဇာစက်ကွင်းအောက်က လွတ်မြောက်ရသလိုပင် စိတ်ပေါ့ပါးပျော်ရွှင်နေသည်။ စမ်းလေးတို့၊ နီလာတို့၊ သက်... တို့ ဆိုတာကတော့ စ,ကတည်းက လူငယ်စရိုက်တွေမို့ သူတို့ကြားမှာ နှင်းပန်းကပင် လူကြီး ဆန်ချင်နေသေးသည်။

ဒါပေမဲ့လည်း စာသင်ချိန်မှာတော့ နောက်တွဲဆံထုံးလေးတွေ ကိုယ်စီနှင့်၊ ရင်ဖုံး ရင်စေ့အင်္ကျီ၊ ထဘီရှည်ရှည်လေးတွေနှင့်... နုတ်ခမ်းဆိုးဆေးပင် အရောင်ရင့်ရင့် မဆိုးဖြစ်ဘဲ... သူမတို့တစ်တွေသည် ကျောင်းသားတွေ လေးစားချင်ဖွယ် ဖြစ်ရပြန်သည်။ စမ်းလေးတို့ကလည်း အင်းထဲမလည်ရသေးတာကို ဌာနမှာ အမြည်းညည်းညူ ပြောဆိုနေကျမို့... ဒေါ်ဝါဝါခိုင်က စိုင်းလင်းတို့အဖွဲ့ အင်းထဲသွားမည့်ရက်မှာ... နှင်းပန်းတို့တစ်တွေ အင်းထဲလည်ရပတ်ရအောင် ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ အဲသည်မှာ... ခန့်ရဲ့ အကြည့်တွေကို စ,ပြီး သိရတာပေါ့... ။

ခန့်က ကလေးဆန်တတ်ပေမဲ့ အတွေးနုသည့်နေရာမှာတော့... ဘယ်သူမှ လိုက်မမီနိုင်ဘူး ထင်ရသည်... ။ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားသည်ဟု သိသာစေသည့် အကြည့်မျိုးဟု ပြောနိုင်ပေမဲ့ ခန့် မျက်ဝန်းတွေရဲ့ အတွင်းပိုင်းက သိမ်မွေ့နက်ရှိုင်းမှုကို နှင်းပန်း အလိုလိုနားလည်ခံစားရနိုင်သည်က... ခန့်နှင့် နှင်းပန်းရဲ့ကြားက ထူးခြားမှုတစ်ခု ဖြစ်သည်။





စ,ကတော့... ခန့်ဟာ နှင်းပန်းကို ဘယ်လိုမှ မဈွဲဆောင်နိုင်ဘူး ထင်ခဲ့တာ...

ခန့်ရဲ့ တိတ်တခိုး အကြည့်တွေမှာ ရင်မခုန်ဘူး ထင်ခဲ့မိတာ...

ခန့်ရယ်...

အချစ်ဆိုတာ တကယ့်ကို ဆန်းကြယ်ပါတယ်...

"ကျွန်တော်က... တောင်ကြီးတန်ဆောင်တိုင် လည်ဖို့ သူတို့ကို ခေါ်တာ... ကျွန်တော်နဲ့ နေထွန်းက တောင်ကြီးကပဲလေ... ရန်အောင်နဲ့တင်စိုးကအညာသား... အောင်ခန့်ဘော်ကတော့ ရန်ကုန်ကပဲ... စာမေးပွဲဖြေပြီးလို့ တစ်အုပ်စုလုံး ခရီးထွက်ရအောင်ဆိုပြီး တိုင်ပင်ကြတော့ ဟုတ်နေတာ... တကယ် သွားတော့မယ်ဆိုတော့မှ ဒီကောင့် မားသားကြီးက ကဂျီကဂျောင် ထ,လုပ်ရော... "

ခန့်သည် နှင်းပန်းကို ခိုးကြည့်နေရာကနေ ဖျတ်ခနဲ မျက်လွှာချပြီး ယုန်ကလေးတစ်ကောင်လို ငြိမ်ဝပ်သွားသည်။ ဦးဆောင်စကားပြောနေသည့် စိုင်းလင်းက... ခန့်ကို လှည့်ကြည့်နှာခေါင်းရှုံ့ရင်း...

"သူ့အမေကလည်း သူ့ကို ခုထိကလေးထင်နေတုန်း... "

ဟု သာသာထိုးထိုး ကျီစယ်သည်။

"စိတ်မချတာပါကွာ... "

ခန့်က မျက်နှာရဲရဲဖြင့်ရှက်အမ်းအမ်း ပြောလေသည်။ ခန့်အသံက ခပ်အက်အက်မို့ တိုးတိုးပြောလျှင် သဲသဲကွဲကွဲ မကြားရ... ။ နဖူးပေါ်မှာ မညီမညာ ဖွာကျဲနေတတ်သည့် ခန့်ဆံပင်တွေက... ခုတော့ လေအရှိန်ကြောင့် နောက်ဘက်သို့ လွင့်ဖွာနေသည်။



စပို့ရှပ်လက်ရှည်ပေါ် ခေါင်းအုပ်ဆောင်းလာသည့် မိုးကာသားဂျာကင်ကို ထပ်ဝတ်ထားပြီး ဂျင်း(န်)ဘောင်းဘီအနက်ရောင်နှင့် ခန့်သည် သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိနေသည့် (ကိုယ့်ကိုယ်ကို အထင်ကြီးနေသည့်)ကလေးတစ်ယောက်၏ မျက်နှာမျိုးနှင့် ဖြစ်သည်။ ဌာနမှူး ဒေါ်ဝါဝါခိုင်၏ သားလေးသည် ရည်မွန်ဖော်ရွေသည့် ယဉ်ကျေးမှု အပြည့်ရှိသည့် တိုင်းရင်းသားလေး ဖြစ်သည်။ စိုင်းလင်းနှင့် ယှဉ်လိုက်လျှင် ခန့်သည် ကျွတ်ဆတ်ဆတ်နှင့် ထောင့်မကျိုးသည့်(တစ်နည်းဆိုလျှင်) အလိုလိုက်ခံရပြီး လူမှုရေးနားမလည်သည့် ကောင်လေးတစ်ယောက်ဟုပင် ပြောနိုင်သည်။ သို့ပေမဲ့ အဲသည် မသိနားမလည်မှုကလွဲလျှင် သူ့မှာ တခြားပြောစရာ အပြစ်လည်း မရှိလှ... ။

ကားပေါ်မှာတုန်းကတော့ နှင်းပန်းတို့ မိန်းကလေးလေးယောက်က ကားရှေ့ပိုင်းအတွင်းထဲမှာဖြစ်ပြီး ကောင်လေးတွေက ကားနောက်ခန်းမှာ ဖြစ်သည်။ မော်တော်ပေါ်ရောက်သည့် အခါမှာတော့ အုပ်စုနှစ်စု တပေါင်းတစည်းတည်း ဖြစ်သွားပြီး လူငယ်များပီပီ အလွယ်တကူ ရင်းနှီးနွေးထွေးသွားခဲ့သည်။ နှင်းပန်းကတော့... နောက်တွဲ ဆံထုံးနှင့် ရင်ဖုံးအင်္ကျီ၊ ချည်ထဘီနှင့် စာသင်ခန်းထဲက... အချိန်တွေကို ခဏချန်ထားနိုင်ခဲ့သည့်အတွက် ကိုယ့်ဘာသာ သတိမထားမိလိုက်ဘဲ လွတ်လပ် ပျော်ရွှင်နေမိလေသည်။

"ဆရာမက... ရန်ကုန်ကနော်... "

နှင်းပန်း မှတ်မိသမျှ ခန့်နှင့် စတင်ရင်းနှီးရသည့်

စကားတစ်ခွန်းကရိုးစင်းလှပါသည်။ နှင်းပန်း စိတ်ထဲမှာ သူ့အကြည့်တွေကို ထူးဆန်းနေဆဲ… နားမလည်နိုင်စွာ အဓိပ္ပါယ်ရှာဖွေဆဲမှာပင်… ခန့်သည် နှင်းပန်း အနားသို့ရောက်လာပြီး ခပ်အမ်းအမ်းမျက်နှာဖြင့် အဲသည် မေးခွန်းကို မေးသည်။

ရယ်တော့ ရယ်ချင်စရာပေါ့… ။

ခန့်သည်… စိတ်လှုပ်ရှားမှုကို မဖုံးကွယ်နိုင်သည့်ကောင်လေးတစ်ယောက် ဖြစ်သည်မို့…

"ကျွန်တော်လည်း ရန်ကုန်ကပဲ… ရန်ကင်းမှာ နေတယ်…"

"ဟုတ်လား… ဒါဆို သိပ်မဝေးဘူးပေါ့… "

"ဆရာမက ဘယ်မှာနေတာလဲ… "

"တို့က… ကမ္ဘာအေးမှာ… "

"တကယ်တော့ နီးနီးလေးနော်… "

လေတိုးသည့် အရှိန်ကြောင့် နီမြန်းမြန်း ဖြစ်နေသည့်သူ့မျက်နှာသည်… တကယ့်ကို ကလေးတစ်ယောက်နှင့် တူနေပါသည်။ ပြီးတော့… မေးရိုးတွေ အတန်ငယ်ပြည့်သောကြောင့် ခန့်မျက်နှာသည် သွယ်လျသည် မထင်ရ… ။ နှုတ်ခမ်းထူပြည့်ပြည့်တွေကတော့… သွေးရောင်နီမြန်းလျက် အနည်းငယ် သွေ့ခြောက်နေသည်။

ခြောက်သွေ့သော နှုတ်ခမ်းလွှာတွေကို သူကမကြာခဏ လျှာဖြင့် သပ်တတ်၏။

"ကွန်ပျူတာဆိုင်းယင့်စ်ရတာတော့ တကယ့်ကို ကံကောင်း





တာပဲနော်… နိုင်ငံခြားကောလိပ်တွေသွားဖို့ အခွင့်အရေးအများကြီးရှိတယ် သိလား… အမ်… အက်… စ[illegible]ဝင်အောင်ဖြေနိုင်ရဲ့လား… "

နှင်းပန်း အဖို့တော့ အဲသည် စကားစုများက ပုံသေနည်းတစ်ခုလို ဖြစ်နေပြီ။ အသက် အစိတ်ထက်များစွာ ပိုပြီးကြီးရင့်သူလို ကိုယ့်ကိုယ်ကို သတိထားနေမိတာကလည်း တကယ်တော့လွတ်လပ်မှုတွေ၊ အခွင့်အရေးတွေ များစွာ ဆုံးရှုံးရသည်ပင်… ။

ဆရာမတစ်ယောက်သာ မဖြစ်ခဲ့ဘူးဆိုလျှင် နှင်းပန်းသည် ခုလိုအချိန်မှာ ပိုပြီးလွတ်လပ်ပျော်ရွှင်နိုင်မည်လား… ။

မသေချာပါ… ။

နှင်းပန်းသည်… လူ့အစွမ်းအစနှင့် တန်ဖိုးဆိုသည်ကို ပညာအရည်အချင်း၊ ရာထူးပိသာဖြင့် တိုင်းတာတတ်သောအသိုက်အဝန်းတစ်ခု၏ ပုံစံခွက်ထဲမှာ မွေးဖွားကြီးပြင်းခဲ့ရသည့်မိန်းကလေးတစ်ယောက်သာ ဖြစ်သည်။

ထို့ကြောင့်… သရုပ်ပြ ဆရာမလေးတစ်ယောက်အဖြစ် လူအများ၏ ချီးမွမ်းစကားတွေကို နှင်းပန်း ကျေနပ်ခံယူချင်သည်။

"ကျွန်တော်လား… မသေချာပါဘူး… ဖြေတော့ ဖြေခဲ့တာပဲ… နိုင်ငံခြားသွားပြီး စာသင်ရတာလည်း ဖြစ်မှာမဟုတ်ပါဘူး… ကျွန်တော်က သိပ်ပြီး အအိပ်မက်တာ… အစားအသောက်က ဖြစ်သလို စားနိုင်ပေမဲ့… အိပ်ရေးပျက်ရင်

တော့ ခံနိုင်မှာ မဟုတ်ဘူး... ”

“အံမယ်လေး... ယောကျ်ားဖြစ်ပြီးတော့... ”

“ဟာ... ယောကျ်ားလည်း မျက်စိနှစ်လုံးနဲ့ပဲဗျာ... မျက်စိ ညောင်းရင် အိပ်ချင်မှာပဲပေါ့... ”

ကဲ...

ဘယ်လောက်... ကလေးဆန်လိုက်သလဲလို့...

ဘယ်လိုပဲဖြစ်ဖြစ်... နှင်းပန်းသည် ဟက်ဟက် ပက်ပက်ရယ်မောမိသွားပြီး သူ့အပေါ် ခင်မင်နှစ်လိုစိတ်ဖြင့် တစ်ခဏ အတွင်းမှာ ရင်းနှီးသွားမိလေသည်။

“ကျွန်တော့် မေမေက... တောင်ကြီးသွားဖို့ကို တောင် မနည်းပြောရတာ... နိုင်ငံခြားဆိုရင်တော့ လွှတ်မှာ မဟုတ် ဘူး... သေချာတယ်... ”

“ဒါကတော့ ဘယ်တူမလဲကွာ... ခုဟာက အပျော်ခရီးထွက် တာပဲ... ကိုယ့်ဘဝ တိုးတက်ဖို့အတွက်ဆိုရင်တော့ လွှတ် မှာပေါ့... ”

“ကျွန်ကော်ကတော့ ခရီးထွက်ရတာ ပျော်တယ်... ရန်ကုန် က မျ(ႈ)စိရှုပ်၊ နားရှုပ်နဲ့... အင်းထဲက တကယ်လှတာ နော်... ကျွန်တော် တီဗီထဲမှာပဲ မြင်ဖူးတာ... မမတို့အိမ်က ဒီလောက်အဝေးကြီးမှာ လာပြီး အလုပ်လုပ်တာ စိတ်မပူ ဘူးလား... မမက တကယ်သတ္တိကောင်းတာပဲနော်... ”

သည်လောက် မရင့်ကျက်သည့် ကလေးသက်သက်





ကောင်လေးကို ချစ်မိသွားလိမ့်မည်လို့များ နှင်းပန်း ဘယ်လိုမှမထင် ထားခဲ့ပါ။ နှင်းပန်းသည် အင်းရေပြင်နှင့်ထိစပ်နေသော တောင်တန်း တွေဆီ ငေးမောလျက်... သူ ပြောချင်ရာတွေ တတွတ်တွတ်ပြော နေသည့် ကောင်လေးကို ငေးကြည့်ရင်း နှုတ်ခမ်းတွေ ပြုံးချင်ချင် ဖြစ်လာပြီး...

“မင်းက... ကလေးပဲ... ”

ဟု အမှတ်တမဲ့ ပြောမိသည့်အခါ... သူက ဆတ်ခနဲ ခေါင်းလှည့်လာပြီး ရုတ်တရက် အံ့ဩသည့် မျက်ဝန်းမျိုးဖြင့် နှင်းပန်း ကို စိုက်ကြည့်လေသည်။ နှင်းပန်းကတော့... မော်တော်စက်သံ ကြောင့် နှင်းပန်းပြောသည့်စကားကို သူမကြားလိုက်ဖူး ထင်မိ သည်။ သို့သော်လည်း သူ့မျက်လုံးတွေထဲ တဖြည်းဖြည်း အရောင် ပြောင်းပြီး ဝမ်းနည်းရိပ်လား... မခံချိသည့် ခံစားချက်လား မသိနိုင် ဘဲ... ဆတ်ခနဲ မျက်လုံးလွှဲ ပြန်သည်။

“ကလေးမဟုတ်ပါဘူး ဗျာ... ”

တဲ့... ။

သည်လို လေးလေးတွဲတွဲ ညည်းညူတော့... နှင်းပန်း ရဲ့ ဘေးကပ်ရပ်မှာ ထိုင်နေသည့် စမ်းလေးပင် ဟန်မဆောင်နိုင်ဘဲ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောရလေသည်။ နှင်းပန်းတို့က သူ့ကိုလှောင် ရယ်သည်ဆိုတာကို သူက နားမလည်နိုင်ဘဲ ရှိသည်။

ထို့နောက်မှာတော့... နှင်းပန်းရဲ့ နှလုံးအိမ်ထဲမှာ မောင်ငယ်လေးတစ်ယောက်ကို နူးညံ့စွာ သနားကြင်နာမှုမျိုး

စ,တင် ငြိတွယ်ခဲ့သည်ရယ်လို့... ပြန်တွေးတော့ ရေးရေးထင်မိသည်။

ဒါပေမဲ့...

သူ့ရဲ့ မရင့်ကျက်နိုင်ခြင်းအပေါ်မှာ မရည်ရွယ်ပါဘဲ နိုင်လိုမင်းထက် ရှိခဲ့တာက နှင်းပန်းရဲ့ ချို့ယွင်းချက်တစ်ခု ဖြစ်ခဲ့တာ... ။

တကယ်တော့...

သူ့အချစ်ကို သိပ်ပြီး စိတ်ချခဲ့မိတယ်...

ပြီးတော့...

နှင်းပန်း ကိုယ်တိုင် သတ္တိနည်းခဲ့တယ်... ။

ခန့်ရယ်...

အချစ်နဲ့ ဘဝ ဆိုတာကို ခွဲခြားလို့ မရပေမဲ့ အချစ်ဆိုတာ နှလုံးအိမ်ရဲ့ တစ်ထောင့် တစ်နေရာမှာ ဖျောက်ဖျက်မရအောင် စွဲမြဲနေတတ်တယ်ဆိုတာ... တို့ သိခဲ့ရတော့... သိပ်နောက်ကျနေခဲ့ပြီ... ။

နှင်း... ကို ခွင့်လွှတ်နိုင်ဦးမှာလား...

ဒါမှမဟုတ်...

ခွင့်လွှတ်စရာ မလိုတော့လောက်အောင် ပြီးခဲ့သမျှ အတိတ်ဆိုတာကို မေ့ပစ်နိုင်ခဲ့ပြီလား... ။





"တန်ဆောင်တိုင် လည်မှာ မဟုတ်လား... "

"အင်း... အခြေအနေအရပေါ့... "

"ကျွန်တော်တို့ လာမယ်နော်... "

"ဘယ်ကိုလဲ... "

"မမတို့ အိမ်ကိုပေါ့... "

"ဘာလာလုပ်မှာတုန်း... "

"လည်ဖို့ လာခေါ်မှာပေါ့ဗျ... "

မှတ်တရှုတ်နိုင်လှသည့် နံဘေးက ကောင်လေးကို နှင်း စိတ်ပျက်လက်ပျက် လှည့်ကြည့်မိသည်။ ခန့်က... နှင်းကို လှည့်မကြည့်ပါ၊ သူ့ မျက်စိဦးတည်ရာမှာ အင်းရေပြင်သာ ရှိသည်။ ဇင်ယော်တစ်အုပ်သည် ဆူဆူညံညံ အစာလုရင်း... အင်းလေး ဖောင်တော်ဦးစေတီရင်ပြင်ဆီသို့ ဦးတည် ပျံသန်းလာနေ၏။ ဟိုးခပ်ဝေးဝေးမှာတော့ ပုံ့ချိတ်မော်တော်တစ်စင်းကို မြင်ရသည်။ ရေမျက်နှာပြင်ပေါ်မှာ... မြင်ရသည့် အဆောက်အဦတွေ၊ စိုက်ခင်းတွေ၊ ဈေးဆိုင်တန်းတွေက... အမြင်အာရုံကို တစ်မျိုးဆန်းကြယ်စေသည်။ သည်လို ရေပေါ်အိမ်တွေ၊ စိုက်ခင်းတွေဆိုသည်က... နှင်းပန်း အဖို့ စိတ်ကူးယဉ် အိပ်မက်သာ ဖြစ်သည်။ ရုပ်မြင်သံကြားထဲမှာ ပြက္ခဒိန်တွေထဲမှာ အင်းလေးရှုခင်းကို မြင်ရလည်း စိတ်ထဲ

လှုပ်လှုပ်ရှားရှား မဖြစ်ခဲ့ရ... ။

သို့ပေမဲ့... မှိုင်းပြာသော... မဲနယ်ရောင် တောင်တန်းပြာကြီးတွေ ကာရံထားသည့် တောင်ပေါ်ပင်လယ်ကို မြင်လိုက်ရသည့်အခါမှာတော့ နှင်းပန်းရဲ့ နှလုံးအိမ်က တဖျပ်ဖျပ် ခုန်လာခဲ့သည်။ သဘာဝတရား၏ ဖမ်းစားနိုင်မှုသည် အံ့ဩဖွယ်ကောင်းလောက်အောင်ပင် အင်အားကြီးလှပါလား... ။ ရေပြင်ကို သဘာဝမြေပြင်လိုပင် ရင်းနှီးနေပြီ ဖြစ်သည့် အင်းသူ အင်းသားများ၏ လှုပ်ရှားဟန်နှင့် စကားသံလေးတွေကလည်း တစ်မျိုး ချစ်စရာပင်... ။ ပြီးတော့... နှင်းပန်းသည် နုပျိုသော... လွတ်လပ်သော... ခံစားမှုဖြင့် သဘာဝပတ်ဝန်းကျင်ကို ပိုပြီး ရင်းနှီးခံစားရသည်။ တကယ်တော့... ဘောင်ခတ်ကန့်သတ်ထားသော အကာအရံတွေကို နှင်းပန်း မုန်းတီးချင်သည်။

ဒါပေမဲ့... ဘယ်တုန်းကမှ မစွန့်လွှတ်ရဲခဲ့... ။

ဥပေက္ခာပြု မထားနိုင်ခဲ့ချေ... ။

ရုပ်ဝတ္ထုများ၏ အရေးပါမှုသည် နှင်းပန်းကို အမြဲတစေ ချုပ်ချယ်လွှမ်းမိုးထားနိုင်ခဲ့၏။ ထို့ကြောင့်ပင်... နှင်းပန်းအနားက ကောင်လေးတစ်ယောက်အတွက် စိတ်အနှောင့်အယှက်တစ်မျိုး ဖြစ်ရ ပြန်သည်။

ခန့်ကတော့ တကယ့်ကို ဇွတ်တရွတ်...

စမ်းလေးတို့ နီလာတို့ကတော့... ခန့်ရဲ့အကြည့်တွေကို သတိထားမိလာပြီး နှင်းပန်းကို ခပ်ကျိတ်ကျိတ် ကျီစယ်နေ





တော့သည်။ မိန်းမပျိုတစ်ယောက်အတွက် မဆန်းကြယ်လှဘူးဆိုပေမဲ့... သူမထက် သိသိသာသာငယ်ရွယ်လှသော ကောင်လေးတစ်ယောက် အနားမှာ တောက်တဲ့ကပ်သလို ရှိနေသည့်အဖြစ်က စိတ်ရှုပ်ထွေးစရာနော်... ။

ရင်ထဲမှာ လှုပ်ရှားနေသည့်ခံစားချက်တွေကို ကိုယ်တိုင်အမိပွါယ်ဖော်ဖို့ မတတ်နိုင်ခဲ့... ။

"လာ မခေါ်စမ်းပါနဲ့ဟယ်... "

"ဘာဖြစ်လို့... "

ဆတ်ခနဲ လှည့်ကြည့်လိုက်သည့် သူမျက်ဝန်းတွေကရီဝေဝေ နိုင်လှသည်။

"မင်းတို့ အုပ်စုနဲ့ တတွဲတွဲလျှောက်သွားနေလို့ ဖြစ်မှာလား... သူများ ပြောစရာဖြစ်မှာပေါ့... တို့က... ဆရာမတွေ... "

"ဆရာမ... "

သူက ပခုံးတွန့်လျက် ခပ်တိုးတိုး ရေရွတ်သည်။

"ဆရာမဆိုတော့ ဘာဖြစ်လဲဗျာ... ဆရာမဆိုတာနဲ့ပဲ ကျောက်တိုင်ကြီးတွေလို ငုတ်တုတ်နေရတော့မှာလား... ပြီးတော့... ကျွန်တော်တို့ကရော...

ကျွန်တော်တို့လည်း ဗရုတ်သုတ်ခကောင်မျိုးတွေမှ မဟုတ်တာဗျာ... ပျော်တတ်တာလေး တစ်ခုပါပဲ... "

သူ့မျက်နှာက... ပူဆာသမျှ မရခဲ့သည့် ကလေးဆိုးကြီးလိုပါပဲ။

နှင်းပန်းက... ရင်ပြင်တော်ကို ဖြတ်လျှောက်လျက် ရေအစပ်နားအထိသွားတော့ သူလည်း နောက်က လိုက်လာသည်။ နေပူရှိန်က ရင်ပြင်တော်ကျောက်ပြားတွေပေါ် တိုက်ရိုက်ကျရောက်နေပေမဲ့ ရေပြင်ပေါ် ဖြတ်တိုက်လာသည့် လေငွေ့ကတော့ အေးစိမ့်စိမ့်ရှိနေသေး၏။ စေတီတော်၏ ဂန္ဓကုဋီဆောင်မှ မှန်ကူကွက်များ၏ ရောင်ပြန်က စူးရှလှသည်။ ပွဲတော်ရက် မဟုတ်သေးသောကြောင့် ဖောင်တော်ဦးရင်ပြင်သည် သွေ့ခြောက်နေသယောင်ပင်။ ဘုရားဖူးအုပ်စုတွေရှိသော်လည်း ရင်ပြင်တော်မှာ စည်ကားလောက်အောင် မများလှ။ ပြီးတော့ နှင်းပန်းတို့ ဘုရားဖူးသည့်အချိန်က... နေ့လယ်ခင်းမို့ နေအရှိန် ပြင်းလှသည်။

"ဒါပေမဲ့ကွယ်... အများအမြင်မှာ အထင်သေးစရာဖြစ်ရင် မကောင်းဘူးပေါ့... "

"ကျွန်တော်တို့ကြောင့်လား... "

"အဲလိုတော့လည်း မဟုတ်ဘူးလေ... ဒါပေမဲ့... "

နှင်းပန်း ဘယ်လို အကြောင်းပြရမှန်းမသိပါ... ။ သည်မျှ မသိသား ဆိုးရွားလှသည့် ကောင်လေးကို သည်လောက်ထိ စိတ်ရှည်ရှည်ရှင်းပြနေဖို့ မလိုအပ်ဘူးဟု သူမ၏ ဦးနှောက်က ဆုံးဖြတ်သည်။

ဒါပေမဲ့... နှင်းပန်းသည် ဘာကို အားနာမိမှန်း မသိ... ။





"တစ်ခါတလေ ကျတော့လည်း... ပတ်ဝန်းကျင်ဆိုတာကြောင့် အမှန်တရားရဲ့ အခွင့်အရေးတွေ အများကြီး ဆုံးရှုံးရတတ်ပါတယ် မမရယ်... လူတွေဟာ... ကိုယ့်ကိုယ်ကို ထိန်းချုပ်ထားဖို့ လိုအပ်ပါတယ်... ဒါပေမဲ့ နေရာတိုင်းမှာတော့ မဟုတ်ဘူး...

ကျွန်တော်တို့ကြောင့် မမတို့ရဲ့ ဂုဏ်သိက္ခာ ထိခိုက်မယ်လို့ ယူဆတယ်ဆိုရင်တော့ ကျွန်တော် စိတ်မကောင်းပါဘူး... မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကို စွန်းထင်းစေမဲ့... အပြုအမူမျိုးနဲ့ ကျွန်တော်တို့ ဘယ်သူ့ကိုမှလည်း မစော်ကားခဲ့ဖူးပါဘူး...

ဆရာမ... ဆိုတဲ့ ဂုဏ်ပုဒ်က သိပ်လှတယ်... ပြီးတော့... သိပ်မြင့်မားတယ်နော်... အဲဒီ ဂုဏ်ပုဒ်အတွက် မမ ပေးဆပ်လိုက်ရတာတွေ တော်တော်များမှာပဲ... အနည်းဆုံးတော့ မမရဲ့ နုပျိုတဲ့ ပျော်ရွှင်မှုတွေပေါ့... "

ဘာတွေ ပြောနေတာလဲ...

ခဏတော့တွေဝေသွားပြီး နှင်းပန်းသည် ဘယ်တုန်းကမှ မတွေးခဲ့ဖူးသည့် အတွေးတွေကို ရုတ်တရက် မြင်လိုက်ရသလိုကြောင်အမ်းဆွံ့အစွာ သူ့ကို စိုက်ကြည့်နေမိသည်။ သူ့ ဆီက ကြားရသည့်စကားသည် နှင်းပန်း ဘယ်လိုမှ မျှော်လင့်မထားသည့် အဓိပ္ပါယ်မျိုး ဖြစ်နေခဲ့ပြီး၊ အမှန်တကယ် လျှို့ဝှက်မြုပ်ကွယ်နေသော နှင်းပန်း၏ ခံစားချက် တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

"ဒါပေမဲ့… မမက… ဆရာမဆိုတဲ့ ဝိသေသနဲ့ လိုက်ဖက်
တယ်ဗျ… "

"ဘာရယ်… "

"ပြီးတော့… မမရဲ့အလုပ်ကိုလည်း သိပ်ခင်တွယ်ပုံပဲနော်… "

"အို… ခင်တွယ်တာပေါ့… "

"ဟုတ်တယ်… လူဆိုတာ စိတ်ရဲ့ အစွဲအလမ်းတစ်ခုစီတော့
ရှိတတ်ကြတာပဲ… "

"ကောင်လေး… မင်း တော်တော် စကားပြောနိုင်တယ်
နော်… "

"ဗျာ… "

သူက ရင်ပြင်တော်၏ အစပ်မှာ ထိုင်ချလိုက်ရင်း
နှင်းပန်းကို မော့ကြည့်သည်။

"ကျွန်တော့်ကို စကားများတဲ့ကောင်လို့ ပြောချင်တာ
လား… "

နှင်းပန်းက ပြန်မဖြေဘဲ… ပြုံးရုံပြုံးနေလိုက်သည့်
အခါ သူ ရှက်အမ်းအမ်းဖြစ်သွားပြီး နှင်းပန်းကို မျက်နှာလွှဲသွား
လျက်…

"မမကိုပဲ ကျွန်တော်က စကားပြောချင်နေတာ… "

ခပ်တိုးတိုး ရေရွတ်လေသည်။ အဲသည်ကတည်းက
သူ့မျက်ဝန်းတွေထဲက စကားတွေကို နှင်း နားလည်နိုင်ခဲ့သားပဲ။





တကယ်တော့ ဘယ်လိုမှ မဆန်းပြားသည့် ဘာသာဗေဒတစ်ခုပဲ
လေ… ။ နှင်းပန်းကတော့ ဆယ်ကျော်သက် အရွယ်ကတည်းက
စိတ်ကူးနုနုရွရွတွေ ရှိခဲ့ဖူးပေမဲ့… အချစ်ဆိုတာကိုတော့ ဖြစ်ဖြစ်
မြောက်မြောက် ကြုံဖူးသူ မဟုတ်လေတော့… ကောင်ငယ်လေး
တစ်ယောက် နီးစပ်ရာတွယ်ငင်ပြီ စိတ်ကူးယဉ်ခြင်းသက်သက်ဖြစ်
မှာပါလို့သာ သက်သောင့်သက်သာ တွေးခဲ့သည်။ ထို့ကြောင့်လည်း
နှင်းက… သူ့ကို စိုင်းလင်းတို့ကို ခင်မင်သလိုပင် ပွင့်ပွင့်လင်းလင်း
ခင်မင်ဟန်ပြခဲ့သည်။

"မင်းက တို့အနားမှာ စကားလာပြောနေတော့ သူများ
တကာ ပြောစရာဖြစ်မှာပေါ့ကွ… ပြီးတော့… တို့လည်း
စိတ်အနှောင့်အယှက်ဖြစ်ရတယ်… "

နှင်းက စိတ်ထဲရှိသည့်အတိုင်း သူ့ကို ပြောလိုက်
သည်။ သူက မျက်နှာမည်းခနဲ အရောင်ပြောင်းသွားပြီး နှင်းကို
တစ္ဆေတစ်ကောင်မြင်လိုက်ရသလို ဖျတ်ခနဲ မျက်နှာလွှဲသွားသည်။
ထို့နောက်မှာတော့ အကဲဆတ်လှသည့် ကောင်လေးသည် နှင်းပန်း
အနားကနေ လှစ်ခနဲ ပျောက်သွားပြီး သူ့ကို နှင်းပန်း မမြင်နိုင်သည့်
နေရာမျိုးမှာသာ ပုန်းလျှိုးကွယ်လျှိုး နေ့နေခဲ့သည်။ တစ်ပိုင်းတစ်
ပြတ် မြင်ရသည့် သူ့မျက်နှာမှာ မခံချိ မခံသာ အရိပ်တစ်မျိုး စွန်း
နေသည်ဟု နှင်းပန်း ထင်မိသည်။ အရဲင်တုန်းကတော့ နှင်းပန်းက
သူ့စိတ်ကို နားမလည်တတ်ခဲ့ဘူးလေ…

ဟင့်အင်း...

ခုထိလည်း နားမလည်နိုင်ခဲ့ပါဘူးလေ...

နှင်းပန်းသည် ကိုယ့်အပေါ်သာ နားလည်စေချင်ခဲ့ပြီး သူ့အပေါ် နားလည်ဖို့တော့ နည်းနည်းမှ မကြိုးစားခဲ့သည့် တစ်ကိုယ်ကောင်းဆန်လှသည့် မိန်းမတစ်ယောက်သာ ဖြစ်သည်။





"ငါ... တစ်ရက်လောက် လစ်တာနဲ့ နင်တို့ ရေရေလည်လည် ကဲလာကြတယ်ပေါ့လေ... "

မဆွေက... နှင်းပန်းတို့ကို... မြီးကောင်ပေါက်ကျောင်းသူမလေးတွေလို ဆူသလို ဆူနေသည်။ စမ်းလေးရယ်၊ နီလာရယ်၊ သက်ရယ်မှာက ပျော်စရာအပြင် မှတ်မှတ်ရရ ပြောစရာ ဆန်းဆန်းပြားပြား မရှိ။ ကောင်လေးတွေကလည်း နှင်းပန်းတို့ကို ဆရာမ ဆိုသည့် ဂုဏ်ပုဒ်နှင့်ပင် မိတ်ဆွေ သူငယ်ချင်းတွေလို သိပ်ပြီး ရင်းနှီးရဲလှတာမဟုတ်။ နှင်းပန်းတို့ တစ်စုက မောင်ငယ်လေးတွေလို ပြောမနာ ဆိုမနာ ရင်းနှီးဟန် ကျီစယ်ပြောဆိုမှ သူတို့လည်း လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ကြရှာတာ... ။

ပြောစရာ ဖြစ်နေသည်က... ခန့်... တစ်ယောက်တည်းပေါ့... ။

"မကဲရပါဘူးနော်... သူများတို့က ရိုးရိုးသားသားပါ... မဆွေ ညီမသာ... "

သက် စကားကြောင့် မဆွေက... ဂန္ထမာပန်းအရွက်တွေကို ချွေချနေရင်းက နှင်းပန်း့ဆီ မျက်စောင်းထိုးကြည့်သည်။ နှင်းပန်းကလည်း မဆွေ ကျေနပ်ရုံ ပခုံးလေး တွန့်ပြလိုက်သည်။ တကယ်တော့လည်း မဆွေရဲ့ အုပ်ချုပ်မှု အောက်မှာ သူမတို့ မလှုပ်

မရှားနိုင်အောင် သေဝပ်ကြသည်တော့ မဟုတ်... ။ ဒါပေမဲ့လည်း... မဆွေ ရှေ့မှာ ကြောက်ဟန်ဆောင်မြဲပင်... ။

"ဓာတ်လမ်းတွေ ဖြစ်လာကြတယ်ပေါ့... "

စမ်းလေးက စပ်ဖြိုးဖြိုးမျက်နှာဖြင့်...

ရင်တွေ ခုန်တယ်လေ... မ,ရဲ့ မောင်လေး...

ဆိုပြီး ပုလဲရဲ့ သီချင်းကို အော်ဆိုသည်။

"ဟဲ့... ဘယ့်နှယ် ဆရာမတွေလဲ... "

"အလကားပါ မဆွေရာ... အူကြောင်ကြောင် ချာတိတ်လေးပါ... သူ့ကိုယ်သူ လူကြီး အိုင်တင်ဖမ်းပြီး ဓာတ်လမ်းရှာချင်တာ... တော်တော်တော့ ရယ်ရသားပဲ... ယောကျ်ားတွေများတော့ ကြုံရာနေရာမှာ ကြုံသလို ရင်ခုန်ချင်နေကြတော့တာပဲ... "

"အေးပါ... အေးပါ... သူတို့ဘာသာ ခုန်ချင်ရာခုန်... တုန်ချင်ရာတုန်... အရေးကြီးတာက တို့ မမကြီး ပါမသွားဖို့ဘဲနော်... "

နှင်းပန်းက ဝွမ်းကပ်ပုံပေါ် ပစ်လှဲချရင်း အားပါးတရ ရယ်ပစ်လိုက်သည်။ ရင်ထဲကလည်း လှိုက်လှိုက်လှဲလှဲ ရယ်ချင်ခဲ့တာပါ... ။

အဲသည်... ညနေခင်းလေးကတော့ ကောင်လေးတို့တစ်သိုက်နှင့် အင်းလေးကန်ခရီးက နှင်းပန်းတို့အတွက် အစာပလာတွေလို ဖြစ်ခဲ့တာမို့ စကားသံတွေ၊ ရယ်သံတွေနှင့် အတော့်ကို ဝေ



စည်ခဲ့သည်။

"အမယ်လေး... မဆွေရယ်... ကိုယ့် ညီမအကြောင်း သိရက်သားနဲ့... နှင်း တို့က ဖူးစာရှင်ဆိုရင် ကိုကိုတို့ ကိုကိုကြီးတို့မှ... ကိုယ်က ချီရမဲ့ ချာတိတ်ကလေးတော့ ဝေးသေး... တည်တည် ခန့်ခန့် ညိုညို ဈာချော... ပြီးတော့ သိပ်ကြင်နာတတ်တဲ့ သူလည်း ဖြစ်ဦးမှ နော်... "

"ပြီးတော့ရော... "

နီလာက နှုတ်ခမ်းမဲ့လာပြီး မေးသည်။

"ငွေလည်း ချမ်းသာရမယ်... "

"တော်ပြီလား... "

"တစ်ဦးတည်းသော သားလည်း ဖြစ်စေချင်သေးတာ... "

"အံမယ်... မယ်... "

"ပညာကတော့... ဘီအီးတို့ အမ်မ်ဘီဘီအက်စ်တို့မှ မဟုတ်ရင်... "

"အမြင်ကတ်လိုက်တာ... ငါ ခေါင်းအုံးနဲ့ ဖိလိုက်ရ... "

နီလာက တကယ်ပဲ နှင်းပန်း မျက်နှာပေါ် ခေါင်းအုံးကြီး ဘုတ်ခနဲ ပစ်ထည့်လိုက်သည်။ နေ့လယ်ခင်းဆီက အပျော်တွေ လက်စမသတ်နိုင်ဘဲ သူမတို့ အုပ်စုသည် ကျောင်းသူလေးတွေလို ခိုးခိုးခစ်ခစ် ရယ်သံတွေ တော်တော်နှင့် မစဲကြ။ မဆွေသည်ပင် သည်ညနေမှာ မျက်နှာကြည်လင် ပြုံးရွှင်နေသည်။ နှင်းပန်းတို့ဘာသာ (VIRGEN'S HOUSE) (အပျိုစင်ဂေဟာ)ဟု နာမည်ပေး

ထားသော ပျဉ်ထောင်တစ်ဝက် အုတ်ညှပ် အိမ်ကလေးသည် ထူးထူးခြားခြားပင် အသက်ဝင် စည်ကားနေခဲ့သည်။ နှင်းပန်းတို့တစ်ဌာနတည်း ဆရာမ(အပျို)တွေ စုငှားထားသော အိမ်မို့ အိမ်ရဲ့သန့်ရှင်းသပ်ရပ်မှုနှင့် လုံခြုံမှုကတော့ ပြောစရာ မလို... ။

နှင်းပန်းတို့ အိမ်ကလေးထဲမှာ လူစုံတက်စုံရှိနေလည်း ခြံတံခါးကိုတော့ သော့ခတ်ထားမြဲပင်။ ကျောင်းနှင့် နီးနီးလူနေရပ်ကွက်နှင့်လည်း အလှမ်းမဝေးလှသည့် အိမ်ကလေးသည် နှင်းပန်းတို့ အဖို့တော့ ဆွဲဆောင်မှု တစ်မျိုးရှိသည် ထင်မိ၏။ အိမ်ထဲမှာ အိမ်ထောင်ပရိဘောဂ မရှိသလောက်ဖြစ်ပေမဲ့... နှင်းပန်းတို့ အိမ်ကလေးက နေချင့်စဖွယ် ဖြစ်သည်ဟု အမြဲ ယူဆသည်။

အိမ်ကလေးထဲမှာ ခုတင် မရှိ။ ပလတ်စတစ်ဖျာတွေပေါ် ဂွမ်းကပ်တွေ အထပ်ထပ် ခင်းပြီး အိပ်ရသည့်အခါ နှင်းပန်းတို့က (ဂျပန်စတိုင်လ်)ဆိုပြီး သဘောကျရသည်။ တစ်ဌာနတည်းတစ်ချိန်တည်းလို အလုပ်ဝင်ရသူတွေ သည်လို အဆင်ပြေပြေနေထိုင်ဖို့ဆိုတာလည်း ပုံသေနည်းတစ်ခု မဟုတ်။ ဘာပဲပြောပြော... မိဝေး ဖဝေး တနယ်တကျေးမှာ နှင်းပန်းအတွက်တော့... သည်လိုအသိုက်အဝန်းကလေး မမျှော်လင့်ဘဲ ရရှိခဲ့တာ ကံကြမ္မာရဲ့ ဖေးမမှုပင်... ။

စာအုပ်ကြီးသမားမို့ မဆွေကို တစ်ခါတစ်ရံ စိတ်ပျက်ရပေမဲ့... မဆွေ မရှိပြန်လျှင်လည်း မဖြစ်... ။ နှင်းပန်းတို့အတွက်နှိုးစက်နာရီ၊ ဘုရားစင်က ကြေးစည်၊ ပြီးတော့... လိုတရဆေးဆိုင်



သည့်လည်း မဆွေ ပဲဖြစ်သည်။ အပျိုကြီးဟု ပညတ်လျှင် စိတ်ဆိုးတတ်သူတွေထဲမှာ မဆွေလည်း အပါအဝင်... ။ သို့ပေမဲ့... အပျိုကြီးဟု ကင်ပွန်းတပ်ချင်စရာ အကြောင်းတရားများစွာ မဆွေမှာရှိသည်။ နီလာနှင့် သက်က သူတို့ ဇာတိမြို့မှာ ငြိတွယ်ပြီးသား၊ ရှောင်လွှဲမရသည့် သံယောဇဉ်တွေ ကိုယ်စီနှင့်မို့ မပြောသာပေမဲ့ စမ်းလေးနှင့် နှင်းပန်းတို့ နှစ်ယောက်ကိုတော့ မဆွေက ပိုပြီး တင်းကျပ်ချင်သည်။

"အဲဒါပေါ့... အပြောကြီးတဲ့ မိန်းမတွေ... စောင့်ကြည့်နေ... နောက်တော့မှ မောင်ရေ... မောင်ရေနဲ့ ပါးစပ်ဖျားက မချနိုင်ဖြစ်နေမယ်နော်... "

သက်ရဲ့ ရွှတ်နောက်နောက်အပြောကို ရေချိုးခန်းအပြင်ဘက် ဘေစင်ရှေ့မှာ ရပ်နေသည့် မဆွေက လှမ်းဟန့်သည်။ သက်ရဲ့... မောင်ရေ... မောင်ရေ... ဟူသော အသံကို နားထဲမှာ တော်တော်နှင့် မဖျောက်နိုင်ဘဲ နှင်းပန်း ကြက်သီးဖြန်းခနဲ ထ,မိသည်။ ဘာကြောင့်ရယ် ကိုယ့်ဘာသာ ဆန်းစစ်မရ... ။ သူငယ်ချင်းတစ်စုနှင့် ရယ်ပွဲဖွဲ့နေစဉ်ကတော့ အမှတ်မဲ့လိုပင်ရယ်မောစရာ ထင်မိသည်။

ညအိပ်ရာဝင်ချိန်ရောက်လျှင် နှင်းပန်း မခြင်ကွယ်ရာမှာ နှုတ်ဆိတ်နေသည့် ကောင်လေးသည် အာရုံထဲမှာ ပုံရိပ်မထင်ရှားဘဲ ရောက်ရောက်လာတတ်၏။ အဲသည်လိုအခါတွေမှာ ကိုယ့်ကိုယ်ကို စိတ်ဆိုးဒေါသ ထွက်ရသည်။

နှင်းပန်းသည်... ဦးနှောက်ကြွက်သားတွေရဲ့ လှုပ်ရှားမှုနှင့် ရင်ခုန်သံစည်းချက်ကာရန် သင့်၏ မသင့်၏ ဆိုတာကို နားမလည်တတ်သည့် မိန်းမတစ်ယောက်လည်း ဖြစ်ပြန်သည်။



တန်ဆောင်တိုင်ညတစ်ညသည် နှင်းပန်းတို့အတွက် ကံကြမ္မာ၏ လှပသော ပဋ္ဌလက်ပင်... ။ တန်ဆောင်တိုင် ညမတိုင်ခင်ကာလကတော့ အောင်ခန့်ဘော်ဟူသော အမည်နာမသည် နှင်းပန်းနှင့် ဓာသီးပုဂ္ဂလ သက်ဆိုင်သည်ဟု မထင်မှတ်ဘဲ နေနိုင်ခဲ့သည်။ ဖျတ်ခနဲ သတိရသည့်အခါ ရှ,တတ်ပြီး မေ့မေ့ပျောက်ပျောက် ရှိနေသည့် အချိန်က များလာတော့... နှင်းပန်းသည် အင်းလေးကန်ရေပြင်ပေါ်မှာ ခဏသာမြင်ရသည့် ပုံရိပ်လို ထိုကောင်လေးကို မေ့လျော့နေနိုင်ခဲ့သားပင်... ။

ပြီးတော့...

ဦးနှောက်က တားမြစ်ထားပြီးသား မဟုတ်လား...

ဒါပေမဲ့... လောကကြီးက အမြဲအဆန်းတကြယ် ဖြစ်တတ်သည်။

နာမည်ကြီးလှသည့် တောင်ကြီး တန်ဆောင်တိုင်မှာ... နှင်းပန်းတို့ သူငယ်ချင်းတစ်စုလည်း လူအုပ်စုစုကြားထဲ

ရောနှော ပျော်ရွှင်ခဲ့ကြသည်။ မီးပုံးပျံပွဲတော်ကို လူတွေကြားထဲ တိုးဝှေ့ကြည့်ကြသည်။ အရုပ်သဏ္ဌာန် အမျိုးမျိုး ချိုးထားသည့် မီးပုံးပျံကြီးတွေ မှိုင်းဝ,လာသည့်အခါ ရှန်းကြွလာပြီး မိုးပေါ် ချက်ချင်းပျံတက်တော့မည်လို၊ တကယ်ပင် အသက်ဝင်လာသည့် အရုပ်ကြီးတွေကို ကြည့်ရသည်မှာ စိတ်လှုပ်ရှားဖွယ်ပင်… ။

ညသည် ကြယ်ရောင်တောက်ပလျက် ရှိ၏။ လူသားတွေ ဖန်တီးထားသည့် ညအလှသည် ကောင်းကင်က ကြယ်ရောင်နှင့်အပြိုင် လှပခြင်း၊ တက်ကြွခြင်း၊ ရှင်သန်ခြင်းဖြင့် တရွေ့ရွေ့သွားလျက်ရှိသည်။ ကျောင်းမှာ ရင်းနှီးပြီးသား မျက်နှာများစွာကို ကွင်းထဲမှာ ပြန်မြင်ရသည်။ တချို့လည်း ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ မြင်ရသမျှ မျက်နှာများသည် အခိုက်အတန့်မှာတော့ စိတ်အနှောင့်အယှက်မှ ကင်းလွတ်ခြင်း ပုံရိပ်အဖြစ် ဝင်းပနေကြသည်။ ရယ်မောနေကြသည်မဆိုနိုင်လျှင်တောင် ပြုံးရွှင် ကြည်လင် နေကြသည်။

နှင်းပန်းတို့လည်း လူငယ်တွေလို ကွင်းလယ်က အရုပ်တွေ မှိုင်းခံသည့်နေရာရောက်အောင် တိုးကြည့်ချင်လှသည်။ သို့ပေမဲ့လည်း ကျပ်ခဲနေသည့် လူအုပ်ထဲ မတိုးနိုင်… ။ ဒေသခံတွေထဲမှာ… သက်တို့လို ပခုက္ကူ၊ မြင်းခြံ လေသံတွေလည်း ကြားသည့်အခါကြားရသည်။ အောက်ပြည်သားဟု သိသာစေသည့်တစ်မူခြားနားသော မျက်နှာလေးတွေလည်း မြင်သည့်အခါ မြင်ရသည်။ ထူထဲသော သိုးမွေးအနွေးထည်တွေ၊ မာဖလာတွေ၊ ခြေအိတ်တွေ



အပြည့်ဖြင့် လေကြောင့် ပို၍ ပို၍ အေးစိမ့်နေသည့် ကွင်းပြင်ထဲ တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားသွားလာနေရင်းပဲ… အအေးဓာတ်သည် အဲ့သည် လူအုပ်ကြားထဲ လွှမ်းခြုံလာခဲ့သည်။ နှင်းပန်းကတော့ အအေးကြောက်သူမို့ နှုတ်ခမ်းတွေက သွေ့ခြောက်နေသည်။ မျက်နှာတစ်ပြင်လုံး တင်းပြီး လေတိုးသည့်အခါတိုင်း စပ်ဖျဉ်းဖျဉ်း ခံစားရသည်။

"**တအား ချမ်းတာပဲဟာ… တော်ပြီ… ပြန်ကြမယ်…** "

အရုပ်တွေ တချို့ ကောင်းကင်မဲပြာထဲ တိုးတက်သွား သည်ကို ကြည့်ရင်း သိပ်မကြာခင်မှာ နီလာက… တုန်ခိုက်နေသည့် အသံဖြင့် အဆိုပြုသည်။

"အမယ်လေး… ငါ… ချမ်းဖို့လည်း ထားစမ်းပါဦး… "

အညာသူ သက်က ပြုံးပြုံးစစ ပြောသည်။ နီလာနှင့်နှင်းပန်းကအချမ်းကြောက်သည်။ နှင်းပန်းကတော့ နွေအပူဆိုလည်းကြောက်တာပါပဲ… ။ သို့ပေမဲ့လည်း နှင်းပန်းသည် ဥပုသ်စောင့်သော မဆွေကို အဖော်လုပ်ရင်း အိမ်မှာ ကျန်ခဲ့ရမှာကိုလည်း ပျင်းသလိုလိုပင်… ။ ပြီးတော့… နှင်းပန်းတို့ တို့ဟူးနွေး သွားစားကြဖို့လည်း တိုင်ပင်ထားကြသည်။ ရှမ်းပြည်နယ်ထဲရောက်တော့လည်း ငါးထမင်း၊ တို့ဟူးနွေး၊ မုန့်ညင်းဆော… စသဖြင့် ဒေသအစားအသောက်တွေကို ရင်းနှီးရတာပါပဲ… ။ ရန်ကုန်မှာဆိုလည်း … နှင်းပန်းတို့သည် အစားအသောက် ကောင်းကောင်းတစ်ခု အသံကြားတိုင်း မိသားစုလိုက် သွားစားလေ့ ရှိကြသည်။

ေ စ တ န ာ ၁ စ ၁ ေ ပ

"ဒီအချိန်မှာ တို့ဟူးနွေး ချိုချိုစိမ့်စိမ့်လေးနဲ့ ရေနွေးပူပူလေး သောက်လိုက်ရရင်… "

"ဒီ… အစားပုပ်မ,ကတော့… အစားပဲ တစ်ချိန်လုံး စိတ်ကူးယဉ်နေ… "

နှင်းပန်းက… ခန္ဓာကိုယ် သေးသွယ်သလောက် အစားစားနိုင်သူ ဖြစ်သည်။ အစားအသောက်တစ်မျိုးပြီး တစ်မျိုး မရိုးနိုင်အောင် ကြံစည် စားသောက်နေတတ်မြဲ ဖြစ်သည်။ ထို့ကြောင့်လည်း မနက်ဈေး… ညဈေး… မပြတ်တမ်းရှိနေသည့် တောင်ကြီးမြို့လယ်နှင့်တော့ ခတ်တည့်သည်ဆိုရမည်။ ယုတ်စွအဆုံး လမ်းဘေးပလက်ဖောင်းက နေကြာစေ့လှော်ဆိုင်ကလေး တွေ့လျှင်ပင် မနေရ… ။

နောက်ဆုံးတော့ နှင်းပန်းတို့ လူအုပ်ကြားထဲက ခပ်ကုပ်ကုပ်ထွက်ခဲ့ကြသည်။ နားရွက်ပါ လုံသည့် သိုးမွှေးဦးထုပ်ဖြူဖြူလေးဆောင်းပြီး လက်အိတ်၊ ခြေအိတ်တွေ အပြည့်စွပ်ထားသည့်ကြားက လေက တိုးနေသည် ထင်ရသေးသည်။ မဆွေ မျက်စောင်းထိုးသည့်ကြားက ဂျင်း(န်)ဘောင်းဘီရှည် ဝတ်ခဲ့ရတာလည်း ထဘီဆို ဘယ်နှစ်ထပ်ဝတ်ဝတ်နွေးသည် မထင်ရ… ။ ကိုယ်နှင့်မကပ်ဘဲ အေးစက်နေတတ်သည်မို့ပင်… ။ နှာခေါင်းထိပ်ကလေးတွေ အေးစက်နေတာကိုတော့ နှင်းပန်း သဘောကျသည်။ တစ်ကိုယ်လုံး သိုးမွှေးလုံးကြီးဖြစ်နေပြီလား ထင်ရလောက်အောင် အထပ်ထပ် ဝတ်လာသည့် သိုးမွှေးအင်္ကျီထဲ လက်နှစ်ဖက်ထိုးထည့်





ရင်း လူအုပ်စုထဲ ရှောင်ရှားတိုးထွက်ရင်း နှင်းသည် သူငယ်ချင်းတွေကိုလည်း မျက်ခြည်မပြတ်အောင် ခပ်သွက်သွက် လျှောက်ရသည်။

အဲသည်လိုသတိထားနေသည့်ကြားကပင်… စမ်းလေးတို့သုံးယောက်နှင့် လူစုကွဲပြီး… နှင်းပန်း တစ်ယောက်တည်း ယောင်ချာချာ ကျန်ခဲ့ရတာကပင် ခန့်နှင့် ဆုံဖို့ ကံကြမ္မာရဲ့ ကျီစယ်မှု တစ်ခုပါပဲ… ။

ကိုယ့်ကို ဝင်တိုးလာသည့် လူတွေကို ရှောင်ရှားရင်း၊ ကွေ့ဝိုက်ရင်း ဟိုအဖွဲ့ကို ဘယ်လို မျက်ခြည်ပြတ်သွားသည် မသိလိုက်။ ဟိုဟို သည်သည် လှည့်ပတ်ရှာနေရင်းပင် အချိန်က ကြာသထက် ကြာသွားသည်။ ခပ်ဖြည်းဖြည်း စီးသွားသည့် ရေစီးကြောင်းလို တရွေ့ရွေ့ရွေ့လျားနေသည့် လူအုပ်ကြားထဲ တစ်ယောက်တည်း မျောပါသွားနေသည်ဆိုတာကို ဂရုမထားမိဘဲ အတော်ဝေးဝေး ရောက်သွားသည်။

တစ်ယောက်တည်း ချန်ထားခံရသည့် ကလေးတစ်ယောက်၏ ခံစားမှုမျိုး ရင်ထဲ ရုတ်တရက် ဝင်လာချိန်မှာ နှင်းပန်းသည် အားငယ်ပြီး မျက်ရည်တွေ ဝဲလည်လာသည်။ အိမ်မပြန်တတ်သည့် ကလေးမဟုတ်ပေမဲ့ သည်လူတွေအများကြီးထဲ ဘယ်လို ဆက်ပြီးသွားရပါ့မလဲ… ။ ခဏ ခိုကပ်ရပ်မိသည်က… ဓာတ်တိုင်တစ်ခုလား၊ သစ်ပင်တစ်ပင်လား ကွဲကွဲပြားပြားမသိ…။ ဦးနှောက်ထဲမှာ ရှုပ်ထွေးပြီး အဖြေတစ်ခုခု ထွက်မလာခင်မှာ…

"ဆရာမ… "

ဆိုသည့် ခေါ်သံသည် နှင်းပန်းအတွက် အားဆေး တစ်ခွက် ဖြစ်သည်။

"တစ်ယောက်တည်းပါလား... "

"ဟယ်... အောင်ခန့်... "

"လူကွဲနေတာလား... "

"အင်း... နင်ရော... တစ်ယောက်တည်းလား... "

နှင်းပန်း၏ မျက်နှာကို စေ့စေ့ကြည့်လျှင်ပင်... သူက သဘောပေါက်ပြီးသား ဖြစ်မှာ... နှင်းပန်း မျက်နှာပေါ်က ထိတ်လန့်အားငယ်မှုကို သူက အမိအရ ဖမ်းမိနိုင်ခဲ့သည်ဖြစ်မှာ... ကိုယ့်ကိုယ်ကို အားတင်းဖို့ ကြိုးစားပေမဲ့... နှင်းပန်းကပဲ ညံ့ဖျင်း တာလား... ခန့်ကပဲ မျက်စိလျင်လွန်းတာလား မသိ...

"စိုင်းလင်း တို့ပါတယ်လေ... "

"ဟုတ်လား... အတော်ပဲ... ဒေါ်စမ်းစမ်းနိုင် တို့ ဒေါ်နီလာ တို့ တွေ့မိလား... "

"ဟင်အင်း... ဘယ်ဘက်သွားတာလဲ... "

"ညဈေးဘက် သွားမယ်ဆိုပြီး ထွက်ကြတာဟာ... လူတိုး တဲ့ အထဲ မျောပြီး ကွဲသွားတာ... "

သူ့ မျက်နှာက ရယ်ချင်ချင်... ။

"ရေကျော်မှာ လူတိုးသလောက်များရှိလို့လား ဆရာမ ရယ်... "

တဲ့။





"အရေးထဲ... "

နှင်းပန်းက... ဖိပြီး နိုင်ရမဲ့သူတစ်ယောက် ချက် ချင်းကောက်ရပြီး စိတ်ဆိုးပစ်လိုက်သည်။ နှင်းပန်းရဲ့ စိတ်ဓာတ် ကလေးကိုက တကယ် မကောင်းတာပါ... ။

အဲသည်အခိုက်မှာ... စိုင်းလင်းတို့ ရန်အောင်တို့ ရောက်လာပြီး နှင်းပန်း အနားမှာ မေးခွန်းတွေ ရယ်သံတွေ စကား သံတွေ ပြည့်လျှံလာတော့သည်။

"ရန်ကုန်သူ တောင်ကြီးမှာ ရှာလည်ခြင်းပေါ့လေ... "

"အန်တီ နှင်းပန်း တစ်ယောက်တည်း ဇာတ်လမ်းထွက်ရှာ တာ ဖြစ်ရမှာ... "

နှင်းပန်းသည် သူတို့အုပ်စုအလယ်မှာ ဝမ်းသာရင်း၊ စိတ်မောရင်း သည်အုပ်စုကြီးနဲ့သာ အတူပြန်သွားရရင်တော့ ဒုက္ခ ပါပဲဟု စိတ်ထဲထင့်မိသည်။

ကျေးဇူးလည်း တင်ပါရဲ့... ။

ဒါပေမဲ့ သူတို့က ငါးယောက်...

ကိုယ်က တစ်ယောက်တည်း...

နီလာ တို့နဲ့ ပြန်ဆုံနိုင်ရင် ကောင်းပါရဲ့... ။

"ဆရာမ ... အိမ်ပြန်တော့မှာလား... ပွဲခင်းထဲ လည်ဦး မလား..."

"ဟင့်အင်း... "

"ကျွန်တော်တို့က တောင်ပေါ်တက်ဦးမလို့... "

စိုင်းလင်းက အောင်ခန့်ထံ ကွက်ကြည့် ကွက်ကြည့် နှင့်...

"အန်တီ နှင်းပန်း တစ်ယောက်ထဲဖြစ်နေရင် အောင်ခန့်ကို ထည့်ပေးလိုက်မယ်လေ... "

ဆိုပြီး နှင်းပန်း ကွက်တိ မျှော်လင့်ထားသည့် စကား ကို ဆိုသည်။

သိပ်ပါးနပ်သည့် ကောင်လေးတွေ...

အကြံအဖန်ကလည်း များမှ များ...

"ဖြစ်ရဲ့လား... "

ဟု နှုတ်ခမ်းတွေက ပြုံးယဲ့ယဲ့နှင့် မေးသေးသည်။ ခန့်ကတော့ ငြိမ်ကုပ်လို့ မခုတ်တတ်သည့် ကြောင်လေးလို...

သိသိကြီးပေမဲ့ သည်လို အခြေအနေမှာ နှင်းပန်း ဘယ်လိုမှ မထောက်နိုင်ပါ... ။

"အေး... စမ်းလေးတို့ကိုလည်း ရှာချင်သေးတယ်... "

"ရတယ်... ဆရာမ... ရှာချင်တဲ့ ဆီလိုက်ပေးလိုက်ပါ... ပြီးရင်... မင်း နေထွန်း အိမ်မှာ စောင့်နေလိုက်... "

"သံယောဇဉ်မှာပဲ စောင့်မယ်ကွာ... "

သူ့မျက်နှာပေါ်မှာ ခပ်ကြည်ကြည် အရိပ်ကလေး တစ်ခု ဖြတ်ပြေးသည်။ အဲသည်မှာပဲ နှင်းပန်းသည် ကံကြမ္မာကို ရှိုးတိုးရိပ်တိပ် မြင်လိုက်ရသလို ရှိပေမဲ့... ငြင်းဆန်ဖို့ မတတ်နိုင်ခဲ့...။ သူတို့ ဖန်တီးခဲ့တာပဲ ဖြစ်ဖြစ်... ကိုယ့်ဘက်က မယိမ်းမယိုင်ရှိနိုင်





သည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်ခဲ့ဖူးသည်။

ဒါပေမဲ့... အဲသည် တန်ဆောင်တိုင်ညသည် ခန့်နှင့် နှင်းပန်း၏ အမှတ်တရညပါပဲ။ ခုချိန်မှာတော့ နှင်းပန်းသည် တန်ဆောင်မုန်း ညတစ်ညမှာ ရင်ထဲစီးမျောလာသည့် အချစ်ဆိုတာ ကို ဝန်ခံဖို့ အသင့်ရှိနေခဲ့ပြီ... ။

သို့ပေမဲ့လည်း... အချိန်တွေက လွန်ခဲ့ပြီ ထင်ပါရဲ့...။

"ကျွန်တော် နက်ဖြန် ညနေ ကားနဲ့ ပြန်ဖြစ်မယ်... "

အမှတ်မထင် လိုလိုပင်... သည်စကားသံကို ကြားရသည်။ စိတ်ထဲ ရှုပ်ထွေး နောက်ကျူဆဲမို့... သူ့စကားကို သိပ်ပြီး အလေးအနက်မထားလိုက်မိ... ။ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရမှာပဲ မဟုတ်လား... ။

"မမ... အိမ်ကို မှာချင်တာ ပေးချင်တာရှိရင် ထည့်ပေးလိုက်လို့ ရပါတယ်... "

"ဪ... အင်း... "

ဟုတ်သားပဲ...

မေမေတို့အတွက် ကြက်သွန်ဖြူနှင့် တို့ဟူးခြောက် ထည့်ပေးလိုက်ဖို့တော့ ဖျတ်ခနဲ သတိရသည်။ ဒါပေမဲ့ ဓာတ်လမ်းတွေ ရှည်နေဦးမှာ...

သည်ကောင်လေးတွေမျိုးက...

အတွေးဖြင့် ဖျတ်ခနဲ လှည့်ကြည့်မိသည်။ သူကလည်း နှင်းကို ခေါင်းလည်လျက် ကြည့်သည်။ ပြီးတော့... နှုတ်ခမ်းလွှာတွေ ဆတ်ခနဲ ကော့တက်သွားသည်။

"ဓာတ်လမ်းရှာနေတာ ထင်တယ် မဟုတ်လား... "

ဟု ကောက်ကာ ငင်ကာမေးသည်။ နှင်းပန်း၏ စိတ်





နှင့် တစ်ထပ်တည်းကျနေသည့် အတွေးကို နှင်းပန်း မရယ်ဘဲ မနေနိုင်။ ရှုပ်ထွေးနေသည့် စိတ်တွေ နည်းနည်းလျော့ပြေသွားသည်။ ကောင်လေးမျက်ခုံးတွေက တွန့်ရှုံ့နေဆဲပင်... ။

အယ်လ်ခွန်းရီ၏ ပွဲတော်ည သီချင်းသံ သဲ့သဲ့ကြားရသည်။ ခုတော့... နှင်းပန်းတို့ နှစ်ဦးသည် စည်ကားလွန်းသော ညကို အသက်ဝင်စေသော အသက်ရှူငွေ့တွေကို ပြန်မြင်ရသော ပွဲတော်ညကနေ သီးခြား ဖြစ်နေခဲ့သည်။ စမ်းလေးတို့ နီလာတို့ကို တို့ဟူးဆိုင်မှာ သွားရှာတော့လည်း မတွေ့... ။ ကော်ဖီဆိုင်မှာ ရှာတော့လည်း မတွေ့... ။ လမ်းတစ်လျှောက်မှာ 'နှင်းပန်း' ဆိုသည့် ခေါ်သံအုပ်အုပ်ကို ကြားရမည်လား နားစွင့်ခဲ့သည်။

လူအုပ်စုတွေ၊ ဆိုင်ကယ်၊ စက်ဘီးတွေ ကြားထဲ တိုးဝှေ့ဖြတ်သန်းရင်း လျှောက်မှန်းမသိ လျှောက်ခဲ့ကြသည်။ စကားများစွာ မဆိုဖြစ်။ အင်းထဲ လည်ကြသည့်နေ့က နှင်းပန်း၏ စကားတစ်ခွန်းကြောင့် သူ နှင်းပန်းကို ရှောင်ဖယ်နေခဲ့သည်ဆိုတာကို အမှတ်ရပြီး သူ့အပေါ် ငဲ့ညှာချင်စိတ်ဖြင့် စကားစ,ရှာပြောနေမိသည်။

ဒါဟာ... အားနာမိသည့် စိတ်သက်သက်မဟုတ်ဘူး ထင်မိသည်။

"ဟုတ်ပါတယ်... တကယ်တော့... "

ရိုးသားလှသည့် ကလေးဆန်ဆန် သူ့အပြောကပဲ နှင်းပန်းရဲ့ နှလုံးသားကို ညွှတ်နူးစေခဲ့သည် ထင်ပါရဲ့... ။ မောင်

ငယ်လေးတစ်ယောက်ကို နှစ်ခြိုက်တွယ်ငြိမိသည် ထင်ရဲ့... ။

"ဘာ... တကယ်တော့... လဲ... "

သူက ရှက်အမ်းအမ်းဖြင့် ဟက်ခနဲ ရယ်သည်။ ခပ်ရဲရဲ နီမြန်းမြန်းဖြစ်နေသည့် သူမျက်နှာပေါ်က အရယ်သည် နှင်းပန်း၏ ရင်ထဲ ဖျတ်ခနဲ အရိပ်ထင်လာပြီး တစ်ခုခု စီးမျောဝင်လာသည် ထင်ရ၏။ အေးစက်လှသော... ဆောင်းညနှင့် လိုက်ဖက်သည့် တန်ဆောင်တိုင် ပွဲတော်အကြောင်း အခိုက်အတန့် မေ့လျော့သည်။ နှင်းပန်း၏ အနှစ်နှစ် အလလ စိတ်ကူးယဉ်ခဲ့သည့် အတွေးပုံရိပ်တွေကိုလည်း မေ့လျော့သည်။

သူက... ဘောင်းဘီအိတ်ထဲက... စီးကရက်ဘူးကို ဆွဲထုတ်ပြီး စီးကရက် တစ်လိပ် ထုတ်ယူသည်။ သူ့လက်တွေမှာ လက်အိတ်မရှိ... ။ သူ့ လက်ချောင်းတွေက ရှည်မျောသွယ်လျသည်။ အရိုးအချောင်းရှည်တွေ ဆီက နူးညံ့မှုသည် နှင်းပန်းဆီ ကူးစက်လာသလို ခံစားလိုက်ရ၏။ ပြီးတော့ အအေးဓာတ်ကြောင့် ခြောက်သွေ့နေသည့် နှုတ်ခမ်းလွှာတွေ ထူပြည့်နေတာလည်း သတိထားမိသည်။ ချစ်စရာ ကောင်လေးတစ်ယောက်ပါပဲ...

ရိုးရိုးသားသားနော်...

ကိုယ့်ကိုယ်ကို သည်လို ရောင့်တက်မိသည်။ မောင်လေး တစ်ယောက်လို ခင်မင်နှစ်လိုစိတ်ဖြစ်မိတာပါဟု ဆင်ခြေကန်သည်။

"တကယ်ဆိုတော့လည်း ကျွန်တော် မမနဲ့ ဘယ်လို ဆက်



သွယ်ရမလဲလို့ အကြောင်းရှာနေတာပါ... မမရဲ့ မိဘတွေ မိသားစုတွေနဲ့လည်း ရင်းနှီးချင်... "

"ဟဲ့... ဟဲ့... အဆင့်တွေ ကျော်လှချည်လား... "

သည်စကားကို နှင်းပန်းက... လှောင်ရယ်သလို မျက်နှာဖြင့် ပြောမိသည်။ သူ့ နှုတ်ခမ်းက စီးကရက်ဖြူဖြူကိုတော့ အမြင်ကတ်စွာ မျက်စောင်းထိုးမိသည်။

"အဆင့်မကျော်ပါဘူး... ခုမှ... စတက်ပ်ဝမ်း စ,မလို့ပါ... "

"ဘာရယ်... "

"ရန်ကုန်ရောက်ရင် ကျွန်တော်... မမဆီ စာရေးလို့... ရမလား... "

"မရဘူး... "

"ဟာဗျာ... "

"စာရေးစရာ ဘာမှ အကြောင်းပြချက် မရှိဘူးလေ... "

"အဲလိုတော့ မလုပ်ပါနဲ့ဗျာ... "

နှင်းပန်းသည် တက္ကသိုလ်ကျောင်းသူဘဝကလို စိတ်အလျှဉ်လေး နုပျိုလာပြီး သည်ကောင်ကလေးကို ခပ်မြူးမြူးလေး ကျီစယ်ချင်မိသည်။ ကျောင်းသူဘဝတုန်းကတော့ နှင်းပန်းသည် သူမအနားက... ရွယ်တူကျောင်းသားတွေကို သည်လိုပဲ ခပ်လှောင်လှောင်လေး ရယ်မောပစ်ခဲ့ဖူးသားပဲ... ။ ပြီးတော့ သူငယ်ချင်းတွေကြားမှာ ပြန်ပြောပြီး ဟားရသေးသည်။

အချစ်ဆိုတာကို ရယ်စရာ သက်သက်လို့ သဘော

ထားနိုင်တာ ကံကောင်းခြင်းတစ်မျိုး ထင်ပါရဲ့... သည်တုန်းက တော့ ဘယ်သူ့ကိုမှ အားမနာခဲ့ဘူးချေ။

"ကျွန်တော့်မှာတော့ မမဆီ စာရေးစရာအကြောင်းတွေ အများကြီး ရှိတယ်... "

"ဟုတ်လား... "

နှင်းပန်း မျက်နှာကို သူ လှည့်ကြည့်သည်။ နှုတ်ခမ်းပေါ်က အပြုံးရိပ်တွေကို သူ အဓိပ္ပါယ် ဖော်ကြည့်ပြီးသည့်အခါ နာကျင်စွာ မျက်နှာလွှဲသွားခဲ့ပါသည်။ သူ့မျက်ဝန်းထဲက... ဝမ်းနည်းရိပ်ကို နှင်းပန်း သေချာမြင်လိုက်ရတာ ဘာကြောင့်ပါလိမ့်... ။

ဒါမှ မဟုတ်...

စိတ်ထဲ ထင်နေတာများလား...

"ဒါဆိုရင်လည်း... နောက်တစ်လလောက် စောင့်ပါဦး လား... "

"ဗျာ... "

ကြာဖက်ကလေး တဆတ်ဆတ်ခါသွားသလို... သူ့မျက်နှာပေါ်က ပြောင်းလဲလှုပ်ရှားရိပ်ကို မြင်တော့လည်း ပြုံးမိရပြန်သည်။ နှင်းပန်း စိတ်ထဲ ကလေးတစ်ယောက်ကို ကျီစယ်နေရသလို ထင်သည်... ။ တကယ်တော့ နှင်းပန်းလည်း ကိုယ်ချင်းစာတရား နည်းပါးခဲ့သည်ပဲနော်... ။

"တစ်လလောက်ကြာတဲ့အချိန်မှာ... မင်း... မမဆီ စာရေးချင်စိတ်ရှိဦးမယ် ဆိုရင်ပေါ့လေ... "





သူ့ဆီက... သွားကျစ်သံလိုလို ကြားရသည်။ ခြေလှမ်းတွေ တုန့်ခနဲ ရပ်ပစ်လိုက်ပြီး...

"မမ... "

ဟု ခပ်အက်အက်အသံဖြင့် သူခေါ်လိုက်သည့်အခါ နှင်းပန်း ရင်ထဲက ရယ်ချင်ပက်ကျိ စိတ်မျိုးတွေ ဖျတ်ခနဲ ပျောက်သွားပြီး သူ့ကို ရင်ဆိုင်ရမှာ ကြောက်လန့် နေမိပြန်သည်။

"နောက်တစ်လအထိ စောင့်စရာမလိုဘူး... နက်ဖြန်လည်း စောင့်စရာမလိုဘူး... ကျွန်တော်... ခုပဲ ပြောတော့မယ်... ကျွန်တော် မမကို ချစ်တယ်... မြင်မြင်ချင်း ချစ်တယ်... တကယ့်ကို လေးလေးနက်နက် ချစ်တာ... "

ဘုရားရေ...

တစ်စထက် တစ်စ လူသူပါးလျားလာသည့် လမ်းမပေါ် သူ့ရှေ့မှာ ရပ်နေသည့်အဖြစ်ကို နှင်းပန်းထိတ်လန့်လာသည်။ ရင်ဘတ်ထဲက တဒိတ်ဒိတ်ခုန်လာသည်။ တောင်ပေါ်စေတီတွေဆီက ရောင်စုံမီးများ၏ အလင်းသည် အမြင်အာရုံထဲ မှုန်ဝါးလာနေသည်။

"မမ ကျွန်တော့်ကို အထင်သေးနေတာလား... လှောင်ချင်တာလား... ရတယ်... ကျွန်တော့်ကို မမ စိတ်ကြိုက်အထင်သေးလို့ရပါတယ်... ဒါပေမဲ့... အချစ်ကိုတော့ မမ အထင်သေးလို့မရဘူး... "

"တော်စမ်းပါဟယ်... ရယ်စရာတွေ မပြောစမ်းပါနဲ့...

မင်းက အချစ်ဆိုတာကို ဘယ်လောက်နားလည်လို့လဲ"

နှင်းပန်းသည် သိုးမွေးအင်္ကျီအိတ်တွေထဲ လက်နှစ်ဘက် ထိုးထည့်ရင်း ခပ်သွက်သွက်လျှောက်ခဲ့၏။

သည်မြို့လယ်ခေါင်နှင့် ဝေးသွားသည့်အခါ တဖြည်းဖြည်း ငြိမ်သက်လာပြီး ဆောင်းညတစ်ည၏ သရုပ်သကန် ပီပြင်လာသည်။

နှင်းပန်းနောက်က ခြေသံသည် သူမ ခြေလှမ်းတွေနှင့်ထက်ကြပ်နီးပါး နီးကပ်လာပြီး နံဘေးမှာ အသက်ရှူသံပြင်းပြင်းတစ်ခုရောက်လာသည်။ ချမ်းစိမ့်လှသည့်ရာသီမှာ ခြေလှမ်း ဘယ်နှစ်လှမ်းမျှ မလှမ်းရဘဲ ရင်ထဲမှာလှုပ်ပြီး မောပန်းလာသည်။

"မမ... "

"ကဲ... တော်ပါတော့ဆို... "

စိတ်မရှည်ချင်သလို ဟန်ဆောင်ပန်ဆောင် ပြောမိပေမဲ့ စကားသံတွေက တုန်ခါချင်သည်။

"ကျွန်တော့်ကို ခဏလေး အခွင့်အရေးပေးပါ မမရယ်"

"ဩော... မင်းရည်းစားစကား ပြောတာကို ငါက စိတ်ရှည်လက်ရှည် နားထောင်ပေးပါလို့ ဆိုချင်တာလား... "

နှင်းပန်းတို့နှစ်ယောက်ကို တစ်စုံတစ်ယောက်များ စောင့်ကြည့်နေလျှင်တော့ ရယ်စရာဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့ပေမဲ့ အချိန်တိုတိုလေးအတွင်းမှာ သည်ကောင်လေးကို အလွယ်တကူ ရင်ဆိုင်နိုင်လိမ့်မည်ဟု နှင်းပန်း ထင်ထားခဲ့သမျှတွေ ပြောင်း





လဲသွားခဲ့ပြီး ပေကပ်ကပ်နှင့် ဇွတ်တရွတ်နိုင်လှသည့် ကောင်လေးကိုစိတ်ပျက်သွားအောင် ဒါမှမဟုတ် နာကြည်းသွားအောင် တတ်နိုင်ပါ့မလားဟု သံသယဖြစ်လာသည်။

နှင်းပန်းဆိုတာက အချစ်ကို မယုံကြည်သလိုပင် ယောကျ်ားတွေကိုလည်း ယုံကြည်နိုင်သူမှ မဟုတ်တာ... ။

ရှက်အမ်းအမ်း ထူ...ရင်း ရန်တွေ့စကားလို ခပ်ဆတ်ဆတ်ပြောရင်း ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာမိသည်။ လမ်းမကျယ်ကြီးပေါ် ကားတွေဖြတ်သွားဖြစ်လာ ရှိပေမဲ့ ကိုယ်ပိုင်ကားများသာ ဖြစ်သည်။ ကားတစ်စီးစီးကို လက်ပြတားလိုက်ဖို့ နှင်းပန်း စိတ်မကူးမိပါ။ ပြန်တွေးကြည့်တော့ နှင်းပန်း သူ့အပေါ် ယုံကြည်နေချင်ခဲ့တာ ဖြစ်နိုင်ပါသည်။ တက္ကစီတစ်စီးစီးကို ငှားစီးသွားဖို့ ဖြစ်နိုင်ပေမဲ့ အဲသည်လို စိတ်မကူးမိတာ သိပ်ကို သေချာနေခဲ့သည်။ သည်ကောင်လေးကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရပေမဲ့ သည်ကောင်လေးဟာ နှင်းပန်းရဲ့ဆန္ဒကို ဆန့်ကျင်ပြီး ဘာတစ်ခုမှ လုပ်မှာမဟုတ်ဘူးဆိုတာ စိတ်ထဲမှာ အလိုလို သေချာနေခဲ့သည်လေ...

"ကျွန်တော့်... ဒီလိုအခွင့်အရေးဆိုတာ နောက်တစ်ခါ ရဖို့မှ သေချာလို့ပါ... ကျွန်တော်... မမကို သိစေချင်တဲ့ စကားတွေ ပြော... ...ကျွန်တော် စာနဲ့ရေးပြီး ပြောပြမလို့ပါ... ...ဘယ်လို လည်း မျှော်လင့်မထားမိဘူး... ...ကျွန်တော့ ...ပါပဲ..."

မှ မမကို လာနှုတ်ဆက်ရင်း ပြောမယ်လို့ပဲ... ”

“အဲလို ပြောရလောက်အောင်... မင်းနဲ့တို့တွေ့တာ ဘယ်လောက်ကြာသေးလို့လဲ... ”

“ဟုတ်တယ်... ဘယ်လောက်မှ မကြာသေးဘူး... ဒီနေ့ညနဲ့မှ ဆယ့်နှစ်ရက်နဲ့ ဆယ့်တစ်ညပဲ ရှိသေးတယ်... ဒါပေမဲ့ ဘယ်နှစ်ရက်ပြည့်မှ လူတစ်ယောက်ကို ချစ်မိရမယ်လို့ ကန့်သတ်ထားတာမှ မရှိဘဲ... ”

“အဲဒီအချစ်ဆိုတာကို လာမပြောနဲ့... တို့ အယုံအကြည် မရှိဘူး... ”

“မမ မယုံပေမဲ့... အချစ်ဆိုတာတော့ ရှိနေတာပဲ”

ခြေထောက်တွေထဲ အင်အားတွေ ချိနဲ့လာသလို ခြေလှမ်းတွေ နှေးကွေးလေးလံလာသည်။ သည်ကောင်လေး မျှော်လင့်နေတတ်အောင်များ နှင်းပန်းဘက်က လိုက်လျောနှစ်လိုသည့် အမူအရာတွေ ပြခဲ့မိလေသလား... ”။

လမ်းပေါ်မှာ လူသူရှင်းသည်ထက် ရှင်းလာသည်။ ရှေ့နားမှာတော့ တောင်ကြီးဟိုတယ်ဝင်းထဲ ကွေ့ဝင်သည့် လှေကားချိုးကလေးထိပ်မှာ လူစုစု မြင်ရသည်။ အေးစိမ့်တုန်ခိုက်နေသည့် တောင်ပေါ်ဆောင်းသည် အိမ်ထဲမှာ မီးလှုံဖို့ရှေ့ ကွေးနေရမည့် ... ဒီ လမ်းလျှောက်နေရကာ ... ဖြစ်ရသာရှိသည်ဟုတော့ ... ... တိုလေးအတွင်းမှာ သက်လာသည့် ပလက်ဖောင်း ... နိုင်လိမ့်မည်ဟု နှင်းပန်း အုတ်နံရံခြံဝင်းများ၊ တိုက်





ကပ်နွယ် စည်းရိုးမြင့်များနှင့် ဆိတ်ငြိမ်ကျန်ခြေကြီးလှသော လူကုံထံရပ်ကွက်ရှိသည်။ တန်ဆောင်မုန်းည၏ ပြည့်ဝန်းသောလရောင်အလင်းသည် နက်မှောင်သောကတ္တရာလမ်းပေါ် လက်ဖြာကျလျက် တောင်ပေါ်စေတီက ဆည်းလည်းသံတွေကိုပင် ကြားနိုင်သည့် ညတစ်ည၏ လှပသည့် ဖြားယောင်းမှုကို သူမ နှစ်လိုမိသည်တော့ အမှန်ပင်... ။

မငြီတွယ်စေချင်ပါဘူးကွယ်...

ဒါပေမဲ့... ခါးခါးသီးသီးလည်း မငြင်းဆန်ချင်ခဲ့ဘူး...။

သူ့အလိုလိုပဲ နှောင်တရသည့် အချိန်ကာလမျိုး ရှိလာလိမ့်မည်လို့လည်း နှင်းပန်းက တွေးထင်မြန်သည်။

“မင်း ငယ်သေးတယ် အောင်ခန့်ဘော်ရဲ့... အချစ်ဆိုတာကို မင်း နားမလည်နိုင်သေးပါဘူး... ပြီးတော့ တို့ပြောမယ်... မင်းထက် အသက်ခြောက်နှစ်လောက်ကြီးတဲ့ မိန်းမတစ်ယောက်ကို မင်း ဘယ်လောက်ကြာကြာ ချစ်နိုင်မယ်ထင်သလဲ...

... တစ်နှစ်လား... တစ်လလား... ”

သူမ ရယ်မောလိုက်ဖို့ ဟန်ပြင်စဉ်မှာပင် သူ့ထံက...

“တစ်သက်လုံး... ”

... သာ တိုးလျ ... ခဲ့ နိုင်မှာဖြတ်သားသည့် စကား ... ကို ကြားရသည်။ သူမ ... ... တစ်ဝက်တစ်ပျက်မှာ ပန်းပျက်စွာ ဆွံ့အသွားပြီး ... ... ယ်မောလာနိုင်

သည်။ သူမ၏ရယ်မောသံက အက်ကွဲကွဲသွေ့ခြောက်နေခဲ့သည်။

"မဖြစ်နိုင်ပါဘူး... "

နှင်းပန်းရဲ့အငြင်းစကားက အားနည်းလှရဲ့... ။

"ခမ... ပြောနေတာတွေက ပုံသေနည်းတွေပဲ... အချစ် မဟုတ်ဘူး... "

"အချစ်ဆိုတာ တကယ်မှ မရှိတာ... "

"မဟုတ်ဘူး... မမမှာ မချစ်ရဲတာ... "

"ဟုတ်တယ်... မချစ်ရဲဘူးဘဲ ထားပါတော့... ဒီတော့... မင်းတို့ကို အချစ်အကြောင်း လာပြောနေရင်လည်း ဘာ အကျိုးထူးမှာလဲ... အောင်ခန့်ဘော် ရဲ့... တို့ကတော့... တို့ထက်ငယ်တဲ့ ချာတိတ်တစ်ယောက်ကို မချစ်နိုင်ဘူး... အိမ်ထောင်ဖက်အဖြစ်လည်း မရွေးချယ်နိုင်ဘူး... အားကိုး လောက်စရာလို့လည်း မသတ်မှတ်ဘူး... "

သူ ဖျတ်ခနဲ ခြေစုံရပ်ပစ်လိုက်သည်။

"ဘာလဲ... လိုက်မပို့ချင်တော့ဘူးလား... "

အို... ဘယ်လိုလဲ...

ပြုံးစစ နှုတ်ခမ်းများဖြင့် မေးလို[illegible]မိပြီ[illegible] နှင်းပန်း ချက်ချင်းနောင်တရသွားသည်။ နှင်းပန်းက အမြဲတွေဝေ[illegible]တ်သူ ဖြစ်သည်။ ပြီးတော့ သတ်မှ[illegible]ချက် စံနှုန်း[illegible]ကို ယုံကြည်သူဖြစ်[illegible]လေးအတွင် နေပြန်သည်။

"အ[illegible]စ်ဆိုတာ ပု[illegible]ဟု နှင်း[illegible]ဦးမဟုတ်ဘူး မမရဲ့... မချစ်နိုင်ဘူး





လို့တော့ မပြောပါနဲ့... မမရင်ထဲမှာ အချစ်ဆိုတာ ရှိကို ရှိလာဦးမှာပါ... အဲဒီအချိန်ကျရင် မမ သိလာမှာပါ... အသက်အရွယ်တွေ အရည်အချင်း သတ်မှတ်ချက်တွေနဲ့ ဘာမှမဆိုင်တဲ့... ဘယ်လိုလွှမ်းမိုးချုပ်ကိုင်မှုမျိုးမှ မရှိတဲ့ အချစ်ဆိုတာကို မမ နားလည်လာဦးမှာပါ... "

သူ့မျက်ဝန်းတွေထဲ ကြေကွဲမှု၊ ထက်သန်မှုတို့ဖြင့် အရောင်တလက်လက် တောက်ပနေသည်ကို နှင်းပန်း သတိလက် လွတ် မော့ကြည့်နေခဲ့မိသည်။

ပြီးတော့...

အဲသည် ခံစားမှုတွေ ပြည့်သိပ်နေသည့် မျက်ဝန်း အကြည့်တွေကိုပဲ ပြန်နှမြောနေမိတော့သည်။

အဲသည်ညမှာ... နှင်းပန်းတို့ အိမ်ကလေးရဲ့ခြံစည်းရိုးအပြင်ဘက် သစ်လှပင်ကြီးအောက်မှာ သူ နှင်းပန်းကို နှုတ်ဆက်သွားခဲ့ပြီးသည့်နောက် သူနှင့်တောင်ကြီးမှာ ဘယ်တော့မှ ပြန်မဆုံနိုင်တော့ပါ... ။

အဲသည်အချိန်ကစပြီး နှင်းပန်းရင်ထဲမှာ ကွက်လပ်တစ်ခု စတင်ဖြစ်တည်လာခဲ့တော့သည်။



"မိုက်မဲတယ်လို့ ပြောချင်ပြော... ရူးတယ်လို့ ပြောချင်ပြော...မချစ်နိုင်ဘူးဆိုတဲ့ မမရဲ့အချစ်ကို ကျွန်တော့်ကတော့ အမြဲမျှော်လင့်နေမှာပါ... အချစ်ကို မယုံကြည်တဲ့... မမ လက်ခံနိုင်ဖို့ ကျွန်တော် သိပ်အလေးမထားတဲ့ ရုပ်ဝတ္ထုလိုအပ်ချက်တွေကို ဖြည့်နိုင်အောင်လည်း ကြိုးစားမှာပါ... ဒါပေမဲ့ မမထက် ခြေလှမ်းနောက်ကျပြီးမှ မွေးလာတဲ့... ကျွန်တော့်အသက်ကိုတော့ မမနဲ့တန်းတူဖြစ်အောင် ဘယ်လိုမှ ကြိုးစားလို့မရဘူး... အဲဒါ ကျွန်တော့်အားနည်းချက်လည်း မဟုတ်ဘူးလို့ ထင်ပါတယ် မမရယ်... "

ယောကျာ်းများစွာကို မယုံကြည်ခဲ့သော နှင်းပန်းသည် တန်ဆောင်မုန်းည၏ လရောင်ပြောက်တိပြောက်ကျားအောက်မှာ ဝိုးဝါးဝါးသာမြင်ရသော သူ့မျက်ဝန်းများထဲက ဆွေးမြည့်ရိပ်ကိုတော့ ယုံကြည်ချင်ခဲ့လေသည်။ ပြီးတော့... [သူငယ်ချင်းတွေသိလျှင် ရယ်မောမှာ အမှန်ပင်] နှင်းပန်းရင်ထဲမှာ ကရုဏာစိတ်ဆိုတာလေး ရိုးတိုးရိပ်တိတ် ပေါ်လာခဲ့ပါသည်။ အဲသည် ကရုဏာစိတ်ဆိုတာကလည်း သူ့အပေါ်မှာ ကရုဏာသက်မိတာလား၊ ကိုယ့်ကိုယ်ကို သနားမိတာလားဆိုတာ ဘယ်လိုမှ မသေချာပါ... ။

သူ့စကားတွေကို တစိုက်မတ်မတ် ငြင်းဆန်ခဲ့သည်

ဖြစ်လည်း သူ နှင်းပန်း၏ အငြင်းစကားကို နည်းနည်းမှ အရေးမစိုက်ပါ။ ယောကျာ်းတစ်ယောက်ကို 'မချစ်ဘူး' ဟု ငြင်းဆန်ဖို့ အကြောင်းပြချက်လည်း များစွာမလိုအပ်ပါ။ ဒါကို သိလျက်နှင့်ပင် နှင်းပန်းသည် နှင်းပန်းထက် ခြောက်နှစ်ပိုပြီး ငယ်နေသည့် သူ့အသက်ကို အကြောင်းပြချက်တစ်ခုလို အသုံးချခဲ့သေးသည်။ ဒါဟာ ရှုံးနိမ့်တာ သက်သက် မဟုတ်လား... ။

နှင်းပန်းတို့ ခြံဝင်းရှေ့ သစ်လှပင်အောက်ရောက်သည်အထိ နှင်းပန်းရဲ့မရေရာလှသည့် အကြောင်းပြချက်အတွက် သူ ရှင်းလင်းဖို့၊ ငြင်းဆန်ဖို့ ကြိုးစားဆဲပင်... ။ ဒါပေမဲ့လည်း နောက်ဆုံးတော့ သူ စိတ်ပျက်အားလျော့လျက်ပင် နှင်းပန်းကို နှုတ်ဆက်ခဲ့သည်။

"နောက်တစ်လလောက်ကြာရင်... မင်း... မမဆီ စာရေးဖို့ သတိရတော့မှာ မဟုတ်ပါဘူး... "

ဟု နှင်းပန်းက ရယ်ကာမောကာ ပြောခဲ့သည်။ ပြီးတော့ သူ့ကို အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်ခဲ့သေးသည်။ သူ ပြောသမျှစကားတွေကို အလေးအနက်မထားမိဘူးဟု သူ့ကို သိသာစေသည့် မျက်နှာထားမျိုးဖြင့် အတတ်နိုင်ဆုံး သူမ ကြိုးစားပြုံးရယ်ခဲ့သည်။ ဟန်ဆောင်ခြင်း အတတ်ပညာမှာ နှင်းပန်း သူ့ထက် သာနိုင်မလား။

သူကရော မိန်းကလေးတွေ ရှေ့မှာ ပိရိသေသပ်စွာ ဟန်ဆောင်တတ်သူလား... ။

"အဲဒီလို ဖြစ်ရင် သိပ်ကောင်းမှာပဲ... လွယ်လွယ်တွေ့ပြီး





လွယ်လွယ်မေ့တတ်တဲ့ ကောင်တစ်ယောက်ဆိုရင်လေ"

သူ့စကားသံတွေ တစ်ဆို့ဆို့ ဖြစ်နေသည်ကို နှင်းပန်း မမေ့နိုင်ပါ... ။ သူဟာ ဝမ်းနည်းစိတ်ထိခိုက်လွယ်သည့် ကောင်လေးတစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ပေမဲ့ လူတွေကို အယုံအကြည်နည်းလှသည့် နှင်းပန်းသည် သူ့ပြောစကားထက် သူ့မျက်ဝန်းတွေကို အစစ်အမှန်ဟု နားလည်လက်ခံဖို့ ကြောက်လန့်နေမိဆဲပင်ဖြစ်သည်။

အုန်းခွံရောင်၊ အပြာနှင့် အဖြူအောက်ခံ သိုးမွေးဆွယ်တာလေးသည် နှင်းပန်း အာရုံထဲမှာ ဖျောက်ဖျက်မရနိုင်သည့် သူ့ရဲ့အမှတ်အသားလေးတစ်ခု ဖြစ်ခဲ့သည်။ သစ်လှပင် အမြစ်တွေအောက် သဲမှုန်တွေ ကျောက်ခဲတွေကို သူ့ဖိနပ်ဦးဖြင့် တိုးတိုက်လျက်၊ ခေါင်းငုံ့မျက်လွှာချလျက်...

"ကျွန်တော် သိပ်ဝမ်းနည်းတယ်... ဒါပေမဲ့ ဘာမှလည်း မတတ်နိုင်ပါဘူး... "

ဟု အသံအက်အက် တိမ်တိမ်ဖြင့်ဆိုခဲ့သော ကောင်လေးသည် သူမ၏အငြင်းစကားကို နောက်ထပ် စောဒကမတက်တော့ဘဲ သစ်လှပင်အရိပ်အောက်မှာပင် နှုတ်ဆက်ထွက်ခွာသွားခဲ့သည်။ သူ့ခြေလှမ်းတွေက နှင်းပန်း၏လေးပင်လှသော စိတ်အကျဉ်းအကျပ်တွေကို ယူဆောင်သွားနိုင်သလိုပင် နှင်းပန်းရင်ထဲက ခံစားသိမှတ်မှု တစ်စုံတစ်ရာကိုလည်း အဲသည်ခြေလှမ်းတွေက နှုတ်ယူသွားနိုင်ခဲ့ပါသည်။

အဲသည်ညမှာ အိမ်ပြန်ရောက်နှင့်ပြီး နှင်းပန်းကို စိုးရိမ်ပူပန်စွာ စောင့်နေကြသည့် သူငယ်ချင်းတွေကို ပုံစံမပျက် မယွင်းဘဲ နှုတ်ဆက်ရင်း၊ ကြုံခဲ့ရသမျှတွေ စိတ်မောရသမျှတွေကို ရယ်ပွဲဖွဲ့နိုင်ခဲ့ပေမဲ့ ည အိပ်ရာဝင်ချိန်မှာ...

[ ကျွန်တော် မမကို ချစ်တယ်၊ မြင်မြင်ချင်းချစ်တယ် ]

ဆိုသည့် သူ့စကားသံကို ဖျောက်မရနိုင်ဘဲ မကြာခဏ ကြားယောင်နေမိလေသည်။





တောင်ကြီး တန်ဆောင်တိုင်ညမှာ နောက်ဆုံးဟု ခွဲခွာခဲ့ကြပြီးနောက် သုံးနှစ်ပြည့်လွန်သည့် ကာလတစ်ခုမှာ ခန့်နှင့်နှင်းပန်းသည် တရားဝင်သတ်မှတ်ချက်ဟု ယူဆမရသော နားလည်မှုမျိုးဖြင့် ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ အဆန်းတကြယ် ရှိလှသည်လည်း မဟုတ်ပါ။ ဒါပေမဲ့လည်း နှင်းပန်းအတွက်တော့ ကိုယ့်ဘာသာ မျှော်လင့်မထားခဲ့သော စိတ်ရဲ့ဆုံးဖြတ်ချက်အတွက် ဇဝေဇဝါဖြင့်ပင် နှောင်တများဖြင့် ထွေးလုံးရစ်ပတ်နေခဲ့သည်။

ဒါပေမဲ့... နှင်းပန်းသည် နှလုံးသား၏အလိုဆန္ဒကို မလွန်ဆန်နိုင်သော သာမန်မိန်းမတစ်ယောက်သာ ဖြစ်သည်မို့...။

နှင်းပန်းတို့ Ph.D စာသင်တန်းတွေ နံနက်ပိုင်း လက်ချာချိန်အပြီး စာသင်ခန်းဝင်ပေါက်ကနေ လှမ်းမြင်နေရသည့် ကော်ရစ်ဒါထောင့်ချိုးမှာ သူ့ကိုမြင်လိုက်ရတော့ နှင်းပန်း ဘယ်လို အံ့ဩရမှန်းပင် မသိပါ... ။ ဘယ်လိုပဲ ကပိုကရိုပုံစံနှင့်ပဲဖြစ်ဖြစ်... သူ့မျက်နှာကတော့ သန့်စင်ကြည်လင်နေမြဲပင်... ။ ကော်ရစ်ဒါ အုတ်ဘောင်မှာ မှီရပ်လျက် ဟိုးအောက်ဘက် ပန်းခြံလေးဆီ ငေးမောကြည့်နေသည့် ချည်သားအညိုအဝါကွက် ရှပ်အင်္ကျီလက်တိုနှင့် ကာကီရောင်ဘောင်းဘီနှင့် ကောင်ကလေးသည် အောင်ခန့်ဘော်ပင် ဖြစ်သည်ဆိုတာ နှင်းပန်း ပထမအကြိမ် မြင်မိကတည်းက သေချာပြီးဖြစ်သည်။

နှင်းပန်း ရန်ကုန်ပြန်ရောက်နေပြီဆိုတာ သူ ဘယ်လိုသိနေပါလိမ့်...

အို...

နှင်းပန်းဆီလာတာလို့ ဘယ်ပြောနိုင်ပါ့မလဲနော်...





တိုက်ဆိုင်တာဖြစ်မှာပါ...

စာသင်ခန်းထဲကထွက်ဖို့ နှင်းပန်း ခြေလှမ်းတွေ တွန့်ဆုတ်နေမိသည်။ ထမင်းစားပြီး လက်ဖက်ရည်ဝင်ရှိုးမှာမို့ကျောင်းသူကျောင်းသားတွေ ခပ်သုတ်သုတ် စာသင်ခန်းထဲက ထွက်သွားကြသည်။ Ph.D အတန်းမှာ နှင်းပန်းသည် စာကြိုးစားပြီး သူမထက် ဆရာကြီးဆန်လှသည့် အပေါင်းအသင်းများသာ ရသည်မို့ သိပ်တော့ မပျော်ရွှင်ရချေ... ။ သို့ပေမဲ့လည်း ကိုယ်တိုင်ပင် ကထိကဆရာမ ဟူသော ဂုဏ်ပုဒ်ကို ခင်တွယ်ပြီး အဲသည်ဂုဏ်အတွက် ဣန္ဒြေကြီး တစ်ခွဲသားနှင့် နေချင်တတ်သူမို့ သူတို့မာနကြီးတတ်သလိုပင် နှင်းပန်းကလည်း ခပ်မှန်မှန်သာ နေပြခဲ့ရသည်။ နေလည်း နေတတ်သည်။

တောင်ကြီးမှာတုန်းက ဆရာမပေါက်စ ဘဝပေမဲ့ အထိုက်အလျောက်တော့ လွတ်လပ်ပျော်ရွှင်ခဲ့ရသေးသည်။ တောင်ကြီးက နည်းပြသူငယ်ချင်းများသည် နှင်းပန်းလို ဣန္ဒြေကြီး ဟန်ဆောင်တတ်သူတွေ မဟုတ်... ။ စိတ်ထဲရှိသမျှ အရင်းခံအတိုင်း မိမိစိတ်ကို တစ်ဖက်သားက မြင်လွယ်အောင် နေတတ်သူတွေဖြစ်သည်။ နှင်းပန်းကတော့ ရေလိုပင် လိုက်ပြီး၊ အရောင်ပုံသဏ္ဍာန် ပြောင်းတတ်သူ... ။

ထို့ကြောင့်လည်း ရန်ကုန်ရောက်တော့ နင်တစ်လုံးငါတစ်လုံး သုံးစွဲပြောဆိုလာကြသည့် ရင်းနှီးမှုတွေကို ပြန်လွမ်းဆွတ်ပေမဲ့လည်း ပညာမာန်ကြီးသူတွေ၊ စာကြိုးစားလွန်းသူတွေကြားမှာ

နှင်းပန်းသည်လည်း ကထိကတစ်ယောက်ဖြစ်ဖို့ ရည်မှန်းချက်ကြီး သူဖြစ်ရပြန်သည်။ ဘဝမှာ အဆင့်အတန်းမြင့်မားသည့် ရွေးချယ်မှုတွေကိုသာ မက်မောသူဖြစ်ရပြန်သည်။ ထို့ကြောင့်လည်း ခန့်ကို မြင်တော့ ချက်ချင်း ရင်ထဲကိန်းဝပ်လာသည့် အပျိုဖြန်းလေး တစ်ယောက်လို ပျော်ရွှင်ဝမ်းသာစိတ်သည် စကားပြောကြီးကျယ်လှသည့် အတန်းဖော်များ၏ မျက်လုံးတွေအောက်မှာ အရှိန်လျော့သွားခဲ့၏။

လှေကားထစ်ကလေးရှိနေသည့် ကော်ရစ်ဒါထောင့်ချိုးကလေးကို ဖြတ်သည်အထိ နှင်းပန်းသည် သူ့ကို မသိဟန်ဆောင်နေရမလားဟု တွေးနေဆဲပင်… ။

"အန်တီနှင်း… "

ဟု ခပ်ရွှတ်ရွှတ် ခေါ်သံကို ကြားရတော့… စိတ်ကျဉ်းကျပ်ခြင်းကနေ လွတ်မြောက်ပြီး သူမ ပေါ့ပါးပျော်ရွှင်သွားရလေသည်။

"ဟယ်… "

အံ့ဩဟန်ဆောင်လိုက်သည်ဟု သည်ကောင်လေး ရိပ်မိမှာ မဟုတ်ပါ… ။

"အောင်ခန့်ဘော်… "

"ဟုတ်ကဲ့ပါ ခင်ဗျ… "

"ဘယ်ကို လာတာလဲ… "

နှင်းပန်းမျက်နှာက တကယ့်မသိ နားမလည်ဟန်မျိုးနှင့်… လို့ ကိုယ့်ကိုယ်တော့ မထင်ပါ… ။





စိတ်မလုံမလဲရှိရပေမဲ့ သူကတော့ သူ့ဘာသာ ကျေနပ်နေခဲ့သည်။

သိပ်ရယ်ရတဲ့ ကောင်လေး…

နှင်းပန်းကို သိပ်အံ့ဩအောင် သူ လုပ်နိုင်တယ်ပေါ့လေ… ။

"ဆရာမ… ဒေါ်နှင်းပန်း ဆီပါ… "

"ခု… ဆရာမ မဟုတ်တော့ဘူး… ကျောင်းသူဖြစ်နေပြန်ပြီ… "

"ဒါဆိုလည်း Ph.D ကျောင်းသူကြီး… ဒေါ်နှင်းပန်းပေါ့"

"တို့… ရန်ကုန်ပြန်ရောက်နေတာ ဘယ်လိုသိလဲ… "

ပြောင်ချော်ချော် ပြုံးနေသည့် သူ့နှုတ်ခမ်းတွေ မျက်ဝန်းတွေ အရောင်မှိုင်းရော်သွားပြီး… လက်တွေ့ခန်းတွေဆီက ထွက်လာသည့် မဟာသိပ္ပံကျောင်းသူလေးတွေဆီ ခပ်လှမ်းလှမ်း ငေးကြည့်သည်။ ကြည့်သည်ဆိုပေမဲ့ သိစိတ်မှာ အရိပ်မထင်သည့် အကြည့်မျိုး… တကယ်ဆိုတော့ နှင်းပန်းသည် သူ့ မဖြေခင်ကပင် အဖြေစကားအားလုံးကို သိနှင့်ပြီး… သူ့မျက်နှာကြည်ကြည်ကိုက စိတ်ခံစားမှု ဘာတစ်ခုကိုမှ ဖုံးကွယ်မရသည့်မျက်နှာမျိုးဟု ထင်သည်။

"ကျွန်တော့်စာတွေ တစ်စောင်မှ မပြန်ဘူးနော်… "

နှင်းပန်းမှာ တုံ့ပြန်စရာ စကားတစ်ခုခု ရှိမနေပါ။

နှင်းပန်းတို့နှစ်ဦးသည် တိုင်ပင်မထားပါဘဲ ကော်

ရစ်ဒါမှာ ခြေလှမ်းတွေ အတူစဖြစ်ခဲ့ကြသည်။ အံ့ဩစရာကောင်း လောက်အောင်ပင် နှင်းပန်းရင်ထဲမှာ အရှိန်ပြင်းပြင်းလည်နေသည့် ရဟတ်ပေါ်ရောက်နေသလို အေးခနဲ နွေးခနဲ လှိုက်ဖိုနေခဲ့သည်။ မျက်နှာပေါ်ရှိ သွေးကြောတွေ ပူနွေးရှိန်းမြနေခဲ့သည်။ ပြီးတော့ ဘာကို ကြောက်ရွံ့မိမှန်းမသိ... ။

ကင်(န်)တင်းကို သူနှင့်အတူ တွဲလျှောက်သွားဖို့ သင့်တော်ပါ့မလား... ။ သူ့မျက်နှာက သိပ်နုနယ်နေတာမို့ နှင်းပန်း နှင့်ယှဉ်တွဲသွားလျှင် သိပ်သိသာနေမှာပေါ့... ။ ဌာနရှေ့က ဖြတ် တော့ နှင်းပန်းသည် ကော်ရစ်ဒါမှာထက် အလင်းရောင်နည်းပါး သော အခန်းလေးထဲ လှည့်မကြည့်ရဲခဲ့ချေ... ။

"ကျွန်တော် တစ်လကို တစ်စောင် စာရေးတယ်... ရီဂျစ် စတာလုပ်ပြီး ပို့တာမို့ ရောက်မယ်ဆိုတာတော့ သေချာပါ တယ်... "

"စာတွေ ရောက်ပါတယ်... "

"ဒါဆို... မမ ရန်ကုန်ပြန်ရောက်နေတယ်ဆိုတာ... ကျွန် တော် ဘယ်လိုသိလဲလို့ မေးစရာမလိုဘူး ထင်ပါတယ်"

"အံမယ်... "

နှင်းပန်းက ဟန်ဆောင်ပန်ဆောင် ပခုံးလေးတွန့် ပြီး ရွဲ့မဲ့ပြလိုက်သည်။

"ကျွန်တော် ခုထိတော့ မမကို သတိရနေတုန်းပဲ... တစ် ရက်မှ မမေ့ခဲ့သေးဘူး... "





"ဟဲ့... ဘယ်လိုလဲ... "

နှင်းပန်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားပေမဲ့ အဲသည် စကားက နှင်းပန်းအတွက် ကျေနပ်ဖွယ်ဖြစ်သည်။ နှင်းပန်းရဲ့ဘယ် ဘက်လက်မှာ ကိုင်လာသည့် လက်ဆွဲခြင်းအပြာရောင်လေးကို သူက ဆွဲယူလိုက်ရင်း...

"ကင်(န်)တင်း သွားမှာလား... "

ဟု မေးသည်။

"ဟင့်အင်း... "

ယောင်ယမ်းလျက် ခေါင်းခါမိသည်။

"ဒါဆို ဘယ်သွားမလဲ... "

"အို... မသိဘူး... "

နှင်းပန်းရဲ့အမြဲခိုင်မတ် တည်ငြိမ်ခဲ့သည့် ဣန္ဒြေသည် ခုတော့ အနည်းငယ် ပျက်ယွင်းစပြုပြီ... ။ သူမတို့နှစ်ဦးသည် သိပ္ပံ ဆောင်၏နောက်ဘက် ကော်ရစ်ဒါကနေ သိပ္ပံစားသောက်ဆိုင်တန်း ဆီသို့သာဦးတည်မိကြသည်။ နှင်းပန်းသည် Ph.Dကျောင်းသူဘဝနှင့် ရန်ကုန်တက္ကသိုလ်သို့ ပြန်ရောက်ကတည်းက (ရင်းနှီးသည့် သူငယ် ချင်းလည်း နည်းသွားတာမို့) ကင်(န်)တင်းဘက် သိပ်မရောက်ဖြစ် တော့ဘဲ ဌာနရုံးခန်းမှာဖြစ်စေ၊ အတန်းလွတ်တွေမှာဖြစ်စေ ထမင်း စားဖြစ်သည်။ ထမင်းအတူစားဖော်ရယ်လို့လည်း ဘယ်သူဘယ်ဝါ သတ်မှတ်သည်မရှိတော့။ တစ်ခါတစ်ရံမှာလည်း တစ်ယောက် တည်းသာဖြစ်သည်။

ခုတော့…

သူ့ကို တစ်ခုခုဧည့်ခံသင့်သည် ထင်ပါရဲ့… ။

ပြီးတော့… ကျောင်းဆောင်ပေါ်က အခန်းလွတ်တွေထဲမှာ ထိုင်ဖို့လည်း မသင့်လျော်ဘူး ထင်သည်။ ကင်(န်)တင်းမှာ အစားအသောက်တစ်ခုခုဖြင့် ဧည့်ခံလျှင် ပိုပြီးကျေနပ်ရလိမ့်မည်။ ဒါပေမဲ့လည်း ကင်(န်)တင်းက စပ်စုလိုသော မျက်လုံးများနှင့် ဆုံနိုင်သည်။

"စိုင်းလင်းကတော့ တောင်ကြီးမှာ လျှပ်စစ်ပစ္စည်းအရောင်းဆိုင် ဖွင့်ထားတယ်… ကွန်ပျူတာတွေလည်း ရောင်းဝယ်လုပ်မယ်လို့ ပြောတယ်… စီးပွားရေးမှာတော့ တော်တော်အောင်မြင်နေတာပဲ… မင်းရော… ဘာတွေလုပ်နေပြီလဲ"

"ဗျာ… "

"အလုပ် လုပ်နေပြီလား… လို့… "

သူက နှင်းပန်း အမေးကို မဖြေပါ… ။ သူ ဖြေရခက်နေသည်လို့ ယူဆရပေမဲ့ ပြုံးနေသည့် သူ့မျက်နှာက နှင်းပန်းထင်သလို အဓိပ္ပာယ်မျိုးလည်း မရှိ… ။ နောက်ဆုံးတော့ နှင်းပန်းတို့သည် ထမင်းစားချိန်တွေမှာ အနည်းငယ် လူရှုပ်တတ်သည့် သိပ္ပံကင်(န်)တင်းကို ကွင်းရှောင်ခဲ့ပြီး… ကုန်ထုတ်ဓာတုဗေဒအဆောင် သစ်ကြီးရှေ့က ဆင်ခြေလျှောလမ်းအတိုင်း ဆင်းလာခဲ့သည်။

"ကျွန်တော်… မိန်းထဲကို ခုမှ… သေချာရောက်ဖူးတော့တယ်… "





ဟု သူက ရေတမာပင်တန်းတွေ သိပ္ပံဆောင် သည်ဘက်တောင်ပံ၏ကော်ရစ်ဒါတွေကို ဟိုဟိုသည်သည်ကြည့်ရင်း ခပ်တိုးတိုး ပြောသည်။ သူတို့တက်ရသည့် ကွန်ပျူတာတက္ကသိုလ်က ရွှေပြည်သာမှာမို့ ပင်မကျောင်းထဲရောက်ဖို့တော့ အတော့်ကို **အလှမ်းဝေးပါလိမ့်မည်။**

"**ကိုယ့်ဆီလာတဲ့** ဧည့်သည်ဆိုတော့ တာဝန်ကျေအောင် **ဧည့်ခံရတော့မှာပေါ့…** ဘာစားမလဲ… တစ်ခုခု စားကြရ**အောင်လေ…** "

"**ဟင့်အင်း…** ကျွန်တော် တစ်ခုခုစားဖို့လာတာ မဟုတ်ဘူး"

အဲဒါ… အောင်ခန့်ဘော်… ပေါ့… ။

တစ်ဖက်သားနှင့် အလိုက်သင့် ပြောဆိုတတ်ဖို့ သူ ဘယ်တုန်းကမှ မကြိုးစားခဲ့ဖူး ထင်ပါရဲ့… ။

"ဟဲယ်… မင်းက မစားပေမဲ့ တို့ကတော့ စားမှဖြစ်မယ်… ထမင်းစားပြီး ပရယ်တီကယ်ရှိသေးတယ်… လိုက်ဘရီလည်း ခဏဝင်ရဦးမှာ… တမ်းမ်ပေပါအတွက် ရက်ဖရင့်စ်တွေ ရှာရဦးမယ်… "

"ဟုတ်ကဲ့… ကျွန်တော်က အလိုက်သိရမှာပေါ့… "

သူ့နှုတ်ခမ်းတွေ ပြုံးနေပေမဲ့ သူ့မျက်ဝန်းတွေ မှုန်မှိုင်းဆဲပင်… ။ သူ ဝမ်းနည်းသွားသလားဟု တွေးမိတော့ နှင်းပန်းစိတ်မဖကောင်းပါ… ။ သူ့ကို တစ်နှစ်ကျော်ကျော် အတွင်းမှာ များစွာပြောင်းလဲနေလောက်ပြီဟု ရံဖန်ရံခါမှာ တွေးမိတတ်ပေမဲ့ တကယ်တမ်း ပြန်တွေ့တော့ တောင်ကြီးမှာ မနေ့တစ်နေ့က တွေ့ခဲ့ရသလို

ပင်... ။

သူ နည်းနည်းမှ မပြောင်းလဲပါ... ။

သူနည်းနည်းလေးပင်ရင့်ကျက်မလာဘူးဟု နှင်းပန်းထင်သည်။ ဒါကလည်း ဟိုငယ်စဉ်ကတည်းက ကြီးပြင်းသည်အထိ အသားကျခဲ့ရသည့် သူ့မိသားစုတွင်း အခြေအနေများကြောင့် ဖြစ်နိုင်ပါသည်။ စိုင်းလင်းထံက သိရသမျှဆိုလျှင်တော့ သူ့မိသားစု အတွင်းမှာ ခန့်သည် အလိုလိုက်ခံဘဝနှင့် နေခဲ့ရပြီး၊ ခန့်ရဲ့မိခင်ကလည်း နေရာတကာမှာ အစိုးရိမ်ကြီးတတ်သူ ဖြစ်သည်။ အဲသည် အခြေအနေတွေကပဲ သူ့ကို ရင့်ကျက်သည့်အတွေးအခေါ်တွေ ဝင်မလာနိုင်အောင် ဖြားယောင်းထားခဲ့သည်လား မသိချေ... ။

ခုလည်း ချည်သားအညိုနှင့်အဝါ ရောစွက်သည့် လက်တိုရှပ်အင်္ကျီနှင့် ကာကီရောင်ဘောင်းဘီသည် သူ့ခန္ဓာကိုယ်တွင် အနည်းငယ်ပွယောင်းနေပြီး... ဆံပင်တိုက နဖူးပြင်ပေါ်မှာ ခပ်ထောင်ထောင်ဖြစ်နေသည်။ အဲသည်ပုံစံ ဒီဇိုင်းသည် ကိုယ့်ကိုယ်ကိုပင် ဂရုမထားတတ်သည့် ကလေးဆန်လှသည့် လူငယ်တစ်ယောက်ပုံစံမျိုး ဖြစ်နေသည်။ ပြီးတော့ သူ့မျက်ဝန်းတွေက ကြည်လင်ပြီး ရိုးစင်းလွန်းသည်။ ရိုးစင်းလှပေမဲ့ အဲသည်မျက်ဝန်းအကြည့်တွေထဲမှာ နှိမ့်ချရိုကျိုးခြင်းတွေလည်း နည်းနည်းမှ ရှိမနေပါ။ အပေါ်ယံမှတ်ချက်ချရလျှင်တော့ သည်ကောင်လေးသည် လောကကြီးအကြောင်း မသိနားမလည်ဘဲ ဂျွတ်ဆတ်ဆတ်မာကျောကျောနှင့် လူ့အရေးအရာမှာ မလယ်ဝယ်သည့် မရင့်ကျက်နိုင်သည့် ကလေးသာသာ လူငယ်လေးတစ်ယောက်သာ ဖြစ်သည်။





“ကျွန်တော် ပြန်မှာပါ မမရဲ့... ”

“ဟောတော်... ”

“ကျွန်တော်... မမကို လာတွေ့ရုံသက်သက်ပါ... ”

“ဩော်... ဩော်... တို့ကတော့... တို့ကိုနေ့လယ်စာ ကျွေးမလို့ များလားလို့... ”

“ကျွန်တော် ကျွေးတော့ကော မမက စားမှာမို့လို့လား”

နှင်းပန်းက ဟက်ဟက်ပက်ပက် ရယ်ပစ်တော့ သူ့မျက်နှာ နီမြန်းမြန်းဖြစ်လာသည်။

“မင်းကဟော့ တကယ့်ချာတိတ်ပဲ... ”

“အာဗျာ... အဲလို မပြောစမ်းပါနဲ့... ”

ဦးတည်ရာမဲ့လျှောက်ရင်း အဓိပတိလမ်း ပလက်ဖောင်းအစပ်ရောက်သည်။ သူက ဘွဲ့နှင်းသဘင်ခန်းမဘက် မျှော်ကြည့်သည်။

“ကဲပါ... တို့မနက်စာ စားရဦးမှာ... ’အင်းလျားဘက် သွားရအောင်လား...ကန်ဘောင်မှာလည်းအစားအသောက် စုံပါတယ်... ”

သူက မငြင်းဆန်ပါ... ။ သို့ပေမဲ့ အားတက်သရောလည်း မရှိလှ... ။ တရုတ်စကားပွင့်ကြွေလေးတွေဆီ တမက်တမော ငေးကြည့်ရင်း နှင်းပန်း သူ့အနားမှာ ရှိမနေသလို တမေ့တမြောလျှောက်သည်။

“ဒီ... တစ်ရက်တည်း မဟုတ်ဘူးနော်... ”

“ဟင်... ”

“ကျွန်တော်... မမဆီ နေ့တိုင်းလာမှာ... ”

"ဟဲ့… မင်းမှာ တခြားအလုပ်မရှိတော့ဘူးလား… ငါ့ဆီ နေ့တိုင်းလာနေလို့ ဖြစ်မှာလား… "

"ရတယ်… မမ… ခွင့်ပြုဖို့ပဲ… "

"အို… ဘယ်ဖြစ်မှာလဲ… "

ဇွတ်တရွတ်နိုင်လှသည့် အဲသည့်အကျင့်ဆိုးလေးကို နှင်းပန်း ဘယ်တုန်းကမှ မနှစ်မြို့ခဲ့ပါ။ ဒါပေမဲ့ ငြင်းဆန်လို့လည်း မရချေ… ။ ခန့်ကို စိတ်ပျက်ရသည့် အမူအကျင့်တွေများစွာရှိလည်း သူ နာကြည်းလောက်အောင် နှင်းပန်း ဘယ်တော့မှ သူ့ကို မငြင်းဆန်မိခဲ့… ။ အဲဒါက နှင်းပန်းရဲ့ အားနည်းချက်ပဲ ဖြစ်သည်။

ပြီးတော့… နှင်းပန်းဘက်က သက်သေပြနိုင်သည့် အချစ်ပဲဖြစ်သည်။

"ကျွန်တော့်… မမကို လာကြည့်ရုံလေးပါ မမရယ်… နေ့တိုင်း ဧည့်သည်မလုပ်ပါဘူး… မမရဲ့စာသင်ခန်းဘေးကနေ မမကို ကြည့်နေရုံလေးပဲ… "

နှင်းပန်း ခေါင်းယမ်းပြရုံသာ တတ်နိုင်ခဲ့သည်။ တကယ်ဆို ဘာကြောင့် ပြတ်ပြတ်သားသား မငြင်းဆန်ရဲခဲ့သလဲ။

အဲသည်အဖြေသည် နှင်းပန်းရင်မဆိုင်ရဲသည့် ပုစ္ဆာ ဖြစ်၏… ။





"ကျွန်တော် အလုပ်လုပ်နေတာပဲ မမရယ်… "

သူ ဝါသနာပါသည့် အလုပ်ကို ထိခိုက်ဝေဖန်လျှင် သူ ဆတ်ဆတ်ခါ နာကျင်တတ်ပေမဲ့ နောက်ဆုံးတော့ ဝမ်းနည်းသံဖြင့် သည်လို ပြောတတ်သည်။ သူ ဝါသနာပါသည့်အလုပ်က တောင်တက်ခြင်းပါတဲ့… ။

သူ့ဝါသနာကို မသိရခင်ကတော့ အလုပ်အကိုင်တစ်ခုခုလုပ်ဖို့ သူ ချေးများနေတာလား ထင်မိသည်။ ခုတော့… သည်လိုမဟုတ်ပါ။

သူသည် တစ်စုံတစ်ရာကို စိတ်ဝင်စားမိပြီဆိုလျှင် တခြားဘာကိုမှ စိတ်အာရုံ စူးစိုက်မရလောက်အောင် တစ်ခုခုမှာ တစိုက်မတ်မတ် ငြိတွယ်တတ်သူ ဖြစ်သည်။

"ကျွန်တော်ငယ်ငယ်တုန်းက ရှစ်တန်းလောက်အထိပေါ့… ကျွန်တော် ရွှေငါးလေးတွေ မွေးတာကို စိတ်ဝင်စားတယ်… ကျွန်တော့်အိမ်မှာ ငါးကန်သုံးလေးခု ရှိတယ်… အဲဒီငါးကန်ကို သန့်ရှင်းတာ၊ ရေလှယ်တာ၊ ငါးတွေ အစာကျွေးတာ… ကျွန်တော် ကိုယ်တိုင်လုပ်တယ်… ငါးကန်လေးတွေကို ရေမှော်ပင်လေးတွေ ခရုခွံလေးတွေထည့်ပြီး ငါးတွေလည်း အမျိုးမျိုး မွေးတယ်… လက်သည်းခွံလောက်ရှိတဲ့ ငါးလေး

တွေကနေ... တစ်တောင်လောက်ရှိတဲ့ ရွှေငါးကြီးတွေ အထိပဲ...

"ငါးတွေပဲ နေ့တိုင်းစောင့်ကြည့်... ငါးတစ်ကောင် သေသွားရင် ဝမ်းနည်း နှမြော... နောက်တစ်ကောင် အစားထိုးမွေး... သူ့ရဲ့သဘာဝကို လေ့လာ... အဲလိုနဲ့ ကျောင်းစာကို ကျွန်တော် စိတ်မဝင်စားတော့ဘူး... ထူးလည်း မထူးချွန်ဘူး... ကျွန်တော့်မိဘတွေကလည်း ကျွန်တော့်ရဲ့အဲဒီအကျင့်ဆိုးကို ဖျောက်ဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားကြတယ်...

"နောက်ဆုံးတော့... ဖေဖေက ကျွန်တော့်ကို ကျွန်တော့်အဒေါ်ရှိနေတဲ့ ချင်းပြည်နယ်ကို ပို့လိုက်တယ်... "

တစ်ရက်မှာတော့... သူ့ဝါသနာနှင့် သူ့ဉာဉ်ဆိုးတွေကို သူ့ဘာသာ စိတ်ပါလက်ပါ ထုတ်ဖော်ပြောဖို့ သူကပဲ နှင်းပန်းကို နံနက်စာဖြင့် ဧည့်ခံခဲ့သည်။ နှင်းပန်းတို့ နံနက်စောစော အတန်းဝင်ရမည့် နေ့တစ်နေ့ ဖြစ်ပါသည်။ နှင်းပန်းသည် တွဲဖော်သတ်သတ်မှတ်မှတ် မရှိတာမို့ စားသောက်ဆိုင်တန်းတွေ လက်ဖက်ရည်ဆိုင်တွေကို ရှောင်ရှားလိုဆဲမှာ သူက နေ့စဉ်လိုပင် နှင်းပန်းအနားရောက်လာပြီး... အင်းလျားကန်ဘောင်မှာဖြစ်စေ... ကင်(န်)တင်းမှာဖြစ်စေ... စကားပြောစရာ ခေါင်းစဉ်တစ်ခုခုရှာပြီး ရောက်တတ်စမြဲပင်ဖြစ်သည်။

တစ်နှစ်ကျော်ကျော်လောက် ဝေးကွာနေသည့်အချိန်မှာ သူ နှင်းပန်းကို သတိရနေလေမလား... ။ ဒါမှမဟုတ်





သူ့အာရုံတွေထဲ တခြားအစားထိုးစရာ တစ်ခုခု ရှိနေမှာလားဆိုတာကို နှင်းပန်းသည် ကိုယ့်ဘာသာ ဝန်မခံလိုခဲ့ပေမဲ့ အမြဲတွေးနေခဲ့မိပါသည်။ နှင်းပန်း သိလိုသည့် အဖြေကို သူ့စကားတွေထဲမှာရှာရသည်။ သူ့အကျင့်စရိုက်လေးက စိတ်ပျက်ဖွယ်ပေမဲ့ တစ်ခါတစ်ရံမှာ နှင်းပန်းအတွက် စိတ်ကြည်နူးစရာ အဖြေကို တွေ့ရတတ်၏။ ဘယ်လိုအဖြေမျိုးရသည်ပဲဖြစ်စေ၊ နှင်းပန်းသည် သူမ စိတ်ကျေနပ်လောက်အောင်လိုက်လျောနာခံတတ်သည့် ကောင်လေးကိုတစ်နေ့ထက်တစ်နေ့ နှစ်လိုငြိတွယ်လာရပြီ ဖြစ်သည်။

"ကျွန်တော့်အဒေါ်က ဖလမ်းဆေးရုံမှာ ဆေးရုံအုပ်ကြီးပေါ့... ကျွန်တော်... ကိုးတန်းကျောင်းပိတ်ရက် ဖလမ်းကိုရောက်တဲ့ အချိန်ကစပြီး တောင်တွေကို စိတ်ဝင်စားလာခဲ့တာပဲ... နောက်တော့... ကျွန်တော့်ငါးတွေကို အာရုံလျော့ပြီး... ကျောင်းစာမှာ နည်းနည်း အာရုံပိုစိုက်လာတယ်... ကျွန်တော့်အဒေါ်က သူတို့တက္ကသိုလ်ရောက်တဲ့အချိန် ခြေလျင်တောင်တက်အသင်းဝင်ခဲ့တုန်းက အတွေ့အကြုံတွေ... လှုပ်ရှားခဲ့ရတဲ့ အနေအထားတွေကို ပြောပြတယ်... ဓာတ်ပုံဟောင်းတွေ ထုတ်ပြတယ်လေ...

"အဲဒါကြောင့် ကျွန်တော် တက္ကသိုလ်မြန်မြန် ရောက်ချင်ခဲ့တာပေါ့... တကယ်တမ်းကျတော့ တက္ကသိုလ်မှာ... ကျွန်တော် တောင်မတက်နိုင်ခဲ့သေးပါဘူး...

"ကျောင်းပိတ်ရက်တွေမှာ ပဲခူးရိုးမ အစွန်အဖျားက တောင်

တွေလောက်ပဲ တက်ရတာပါ... ”

သူ့ရဲ့တောင်တက်အတွေ့အကြုံကိုဖြင့် နှင်းပန်းက စိတ်မဝင်စားပါ... ။ အလုပ်ကြီး အကိုင်ကြီးတစ်ခုလို(အဓိပ္ပာယ် သိပ်မရှိလှဘူးဟု သူမ ထင်သည်) အဲသည် အလုပ်ကိုသာ စိတ်ဝင်စားပြီး တခြားအသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုကို စိတ်မဝင်စားသည့် သူ့ကိုလည်း အားမလိုအားမရ ဖြစ်ရသည်။

နှင်းပန်းတို့နှစ်ဦး မျက်နှာချင်းဆိုင်မိလျက် အဲသည် အလုပ်အကြောင်းက ရှေ့တန်းရောက်လာသည့် ခေါင်းစဉ်တစ်ခု ဖြစ်လာသည်။ နှင်းပန်းတို့ နှစ်ဦးသားကြားမှာ ရင်ခုန်ဖွယ်စကား တွေ မှတ်မှတ်ရရ မရှိလှပါ... ။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ။

နှင်းပန်းသည် နံနက်ခင်းကက်ရှ်ရှေ့ ရောက်သည် နှင့် သူ့ဆိုင်ကယ်နီနီလေး ရှိမရှိ အရင်ဆုံး ရှာဖွေကြည့်မိမြဲဖြစ်သည်။ ငွေစာရင်းဌာနရှေ့ ရေတမာပင်ရိပ်အောက်မှာ သူ့ဆိုင်ကယ်လေး ကို တွေ့ပြီဆိုလျှင်တော့ မျက်နှာထားကို တစ်မျိုးပြင်ဆင်ကာ...။ သိပ္ပံဆောင်၏ လှေကားထစ်များကို တက်ရသည်။ နှင်းပန်းတို့ စာ သင်ခန်းတွေရှိရာသို့ ကော်ရစ်ဒါရှည်မှ ဖြတ်လျှောက်လျှင် ခပ်လှမ်း လှမ်းမှာကတည်းက ကော်ရစ်ဒါအုတ်ဘောင်ကနေ တွဲလောင်းကျ ပြီး လှုပ်ဆော့နေသည့် သူ့ခြေထောက်တစ်စုံကို မြင်ရသည်။ ဘောင်း ဘီရှည်ပဲဝတ်ဝတ်၊ ပုဆိုးပဲဝတ်ဝတ် များသောအားဖြင့် သူက ခြေ ညှပ်ဖိနပ်ကိုသာ စီးတတ်၏။ တောင်တွေတက်ခဲ့သည့် သူ့ခြေဖမိုး တွေက မနူးညံ့ပေမယ့် သန့်စင်နေတတ်သည်။





ရေတမာပင်တွေအောက်မှာ သူ့ဆိုင်ကယ်ကို မတွေ့ ရဘူးဆိုလျှင် ဒါမှမဟုတ် လှုပ်ဆော့နေသည့် သူ့ခြေထောက်တွေကို မမြင်ရဘူးဆိုလျှင်ဖြင့် ဘယ်သူမှ မသိအောင် နှင်းပန်း စိတ်ပင်ပန်း ရတော့တာပါပဲ... ။

ကောင်လေးရယ်...

သံယောဇဉ်ကြောင့်လား...

မှားယွင်းငြိတွယ်မိတာလား...

နှင်းပန်းရဲ့ စနစ်ဇယားကျလှသည့်... ဦးနှောက်က တော့ ‘သူ့ကိုလက်မခံနဲ့တော့’ဟု အမြဲပဲတိုက်တွန်းတတ်လေသည်။

တချို့နေ့တွေမှာ နှင်းပန်းဆီ ရောက်လာဖို့ သူက အကြောင်းပြချက်မဲ့စွာ ပျက်ကွက်တတ်သည်။ အဲသည် နေ့မျိုးဆို နှင်းပန်းသည် တစ်ယောက်တည်းနေဖို့ ဘယ်တုန်းကမှ အလေ့ အကျင့်မရခဲ့သူလိုပင်... သူ ဘာကြောင့် ရောက်မလာတာလဲ ဆိုသည့် မေးခွန်းကိုပဲ စိတ်က ရေရွတ်နေမိသည်။ ပြီးတော့ စာသင် ခန်းမှာ စိတ်လေလွင့်ရသည်... ။ တောင်ကြီးမှာတုန်းက တန် ဆောင်တိုင် ညကို သတိရနေသည်။ သူ ရေးခဲ့သည့်စာတွေကို ဖွင့် မဖတ်ဘဲ ရေထဲမျောပစ်ဖို့၊ ဒါမှမဟုတ် မီးရှို့ပစ်ဖို့အကြိမ်ကြိမ် ကြိုး စားခဲ့ဖူးတာ သတိရသည်။

ထို့နောက်မှာတော့...

[ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလေ... ]

ဟု ကိုယ့်ဘာသာ မရေရာလှသည့် အကြောင်းပြ

ချက်ဖြင့် တမ်းတမိသည့် စိတ်တွေကို ဖြေဖျောက်ဖို့ ကြိုးစားရသည် ချည်းပင်... ။

နောက်နေ့တွေ သူ နှင်းပန်းရှေ့ ရောက်လာလျှင်တော့...

"မနေ့က ဘာဖြစ်လို့ ရောက်မလာတာလဲ... "

ဆိုသည့် မေးခွန်းကို မမေးဖြစ်အောင် ကိုယ့်ကိုယ်ကို ထိန်းချုပ်ရသည်။ လေးငါးဆယ်ရက် ပျောက်သွားသည့်အခါမျိုးတွေလည်းရှိသည်။ ပြန်ရောက်လာပြီး နောက်တစ်နေ့ဆို တောင်တက်သည့် အတွေ့အကြုံတစ်မျိုးမဟုတ် တစ်မျိုးကြားရသည်။ အဲသည်လို အခါမျိုးမှာတော့ နှင်းပန်းသည် သူ ရောက်မလာသည့်ရက်တွေမှာ ဘယ်လိုအနေရခက်ကြောင်းတွေ၊ ဘယ်လောက်လွမ်းဆွတ်ကြောင်းတွေကို ပြောချင်လျက်နှင့်ပဲ သူ့ကို အပြစ်တင်သည့်စကားတွေ ပြောဖြစ်သည်။ သည်တော့ သူမျက်နှာနွမ်းသွားပြီး အားတက်သရောစကားသံတွေ ပျောက်ဆုံးသွားဖြစ်သည်။

"မင်းသူငယ်ချင်းတွေ... ကိုယ်ပိုင်လုပ်ငန်းတွေ... ကုမ္ပဏီအလုပ်တွေနဲ့ အောင်မြင်နေကြပြီ... မင်းရော... အလုပ်တစ်ခုခုလုပ်ဖို့ စိတ်မကူးတော့ဘူးလား... "

ဆိုလျှင်တော့...

"ကျွန်တော် အလုပ်လုပ်နေတာပဲ မမရယ်... "

ဟု စိတ်ပျက်ဟန်ဖြင့် ညည်းညူတတ်လေသည်။ သူ့ကို နှင်းပန်း ဘယ်လိုနားလည်ရမည် မသိချေ။ ဘဝရဲ့လိုအပ်ချက်



တွေကိုသာ အရေးတယူပြုလိုသော သာမန်မိန်းမတစ်ယောက်အဖြစ် နှင်းပန်းသည် သူ့ကို စီးပွားရေးလုပ်ငန်းတစ်ခုခုမှာ အောင်မြင်စေချင်သည်။ အိမ်ထောင်တစ်ခုကို ဦးဆောင်ဦးရွက်ပြုနိုင်သူတစ်ယောက်ဖြစ်စေချင်သည်။ သို့ပေမဲ့ အောင်ခန့်ဘော်၏ဘဝထဲ နက်နက်ရှိုင်းရှိုင်း တိုးဝင်ဖို့ ဘယ်လိုမှ စဉ်းစားမရသည့် နှင်းပန်းသည် သူ့အတွက် လမ်းကြောင်းတစ်ခု ဒါမှမဟုတ် မျှော်လင့်ချက်တစ်ခုခုကို အရိပ်အယောင်မျှ မပြရဲခဲ့ချေ... ။

"ဘယ်လိုလဲ နှင်းပန်း… နင့်ဟာက… အပြောတစ်မျိုး… အလုပ်တစ်မျိုး ဖြစ်နေပြီနော်… "

ခန့်ကို နှင်းပန်းအနားမှာ မြင်မြင်ချင်းပင် ရန်ကုန်ရောက်လာသည့် နီလာက သည်လိုခပ်တိုးတိုး မှတ်ချက်ချသည်။ နှင်းပန်း ရန်ကုန်ရောက်ပြီး နောက်တစ်နှစ်မှာ နီလာသည် ရန်ကုန်ရှိ ဒဂုံတက္ကသိုလ်သို့ ပြောင်းလာရသည်။ ဝမ်းသာအားရဖြင့် နှင်းပန်းဆီ အပြေးအလွှား ရောက်လာသည့် နီလာသည် ခန့်ကို မြင်လိုက်ရတော့ ဘယ်လိုမှ ဟန်မဆောင်နိုင်ဘဲ အံ့ဩတကြီးဖြစ်နေခဲ့၏။ တွေ့ရတော့လည်း စာသင်ခန်းမှာမဟုတ်… ကင်(န်)တင်းမှာလည်း မဟုတ်… စာကြည့်တိုက်ရှေ့က ခုံတန်းလျားတစ်ခုမှာ… ။

သည်တော့လည်း နီလာက သည်လိုပြောချင်ပေလိမ့်မည်။

ရင်ထဲမှာရှိသည့်အတိုင်းကို ဝန်မခံလိုသည့် နှင်းပန်းသည် နီလာ့ကို ဖြေရှင်းချက်ပေးဖို့အတွက် လိပ်ပြာမလုံ ဖြစ်ခဲ့ရသည်။ ပြီးတော့ ဘယ်လောက်များ ရင်မဆိုင်ရဲလိုက်သလဲ… ။ ဘယ်လောက်များ သတ္တိနည်းလိုက်သလဲ… ။

နှင်းပန်းသည် ခန့်ကို နီလာ့ရှေ့မှာပင်…

"ပြန်တော့… "





ဟုပြတ်ပြတ်တောင်းတောင်း အမိန့်ပေးလိုက်သည်။ ခန့်သည် ဇဝေဇဝါမျက်နှာထားဖြင့် တွေဝေနေပြီးနောက် မိနစ်ပိုင်းအတွင်းမှာပင် နီလာ့ကိုနှုတ်ဆက်ပြီး ကျောခိုင်းထွက်သွားတော့သည်။ နှင်းပန်းရဲ့စိတ်နှလုံးကို သူက နားလည်နှင့်သူပဲလေ။

နီလာက နှင်းပန်းကို နားမလည်နိုင်စွာ ငေးစိုက်ကြည့်သည်။ မိုးစက်ဖွဲဖွဲတွေ ကျလာသည့်အခါ သူသည် စာကြည့်တိုက်ရှေ့ ရေတမာပင်တန်း လမ်းကလေးအတိုင်း လျင်မြန်စွာ ပျောက်ကွယ်သွားတော့သည်။ နှင်းပန်းကို နှုတ်ဆက်သွားခဲ့တာမို့ သူ့မျက်နှာ ဘယ်လိုရှိမည်ဆိုတာ နှင်းပန်း မမြင်နိုင်ပါ။ သူ… ဝမ်းနည်းနာကျင်သွားလိမ့်မည်ဆိုတာ အသေအချာပါပဲ… ။

သို့ပေမဲ့ သူသည် သူ့နာကျင်မှုကို တိတ်ဆိတ်စွာ ဖုံးကွယ်ထားလေ့ရှိသည်။ သည်းခံ ခွင့်လွှတ်နိုင်သည်ရယ်လို့တော့ မထင်ပါ… ။ ဝေဒနာတွေကို မျိုချထားရသည့် အဖြစ်က သူ့အတွက် အတော်ဆိုးရွားပါလိမ့်မည်။

"သနားပါတယ်ဟယ်… "

မိုးဖွဲတွေထဲ လျှောက်သွားသည့် သူ့ကို လိုက်ငေးရင်း နီလာက ခပ်တိုးတိုး ရေရွတ်သည်။

"အလကားပါ… "

နှင်းပန်းသည် ကိုယ့်ကိုယ်ကို အောင့်မျက်လျက် သူ့ကို အရေးမစိုက်သလိုလို၊ ကစားစရာလိုလို နီလာ့ရှေ့မှာ ဟန်ဆောင်နေရသည်။ အဲဒါ ဘာကြောင့်မှန်း မသိ… ။

တောင်ကြီးမှာ သူ့ဆီကစာတွေ အလျဉ်မပြတ် ရောက်လာစဉ်က နီလာတို့ရှေ့မှာဆိုလျှင် နှင်းပန်းသည် သူတို့ရှေ့မှာ ဖွင့်ဖတ်ပြီး အရေးမပါသလို ဆုတ်ဖြဲ အမှိုက်ပုံးထဲ ထည့်ပစ်ရသည်။ တစ်ခါတစ်ရံလည်း ဖွင့်မဖတ်တော့ဘဲ မသိဟန်ဆောင်နေရသည်။

"ဒီကောင်လေးဟာ တကယ့်အရူးလေးပဲ... "

ဟုစိတ်ပျက်လက်ပျက်ပြောခဲ့သည်။ ဒါပေမဲ့ သေချာစဉ်းစားကြည့်တော့ တန်ဆောင်မုန်းလပြည့်ညမှာ သူပြော ခဲ့သည့် စကားတွေကို နှင်းပန်း တစ်လုံးမကျန် မှတ်မိနေဆဲရှိသည်။

[မမထက် ခြောက်နှစ်နောက်ကျပြီးမှ မွေးလာတဲ့ ကျွန်တော့်အသက်ကိုတော့ မမနဲ့တန်းတူ ဖြစ်အောင် ဘယ်လိုမှ ကြိုးစားလို့ မရဘူး... အဲဒါ... ကျွန်တော့်အားနည်းချက်လည်း မဟုတ်ဖူးလို့ ထင်ပါတယ် မမရယ်... ]

အဲသည်စကားတွေ ပြန်ကြားတိုင်းလည်း ရင်ထဲမှာ ဘာတွေပြည့်သိပ်လာမှန်း မသိ... ။ သူ နှင်းပန်းကို နမ့မသွားဘူး ဆိုတာကိုပဲ စိတ်ထဲမှာ ကြည်နူးနေခဲ့သည်။

"သူနဲ့ပြန်ပြီး အဆက်အသွယ်ရနေတယ်ပေါ့... အေးလေ... စိုင်းလင်းတို့ကတစ်ဆင့်... နင်... ရန်ကုန်ပြန်ရောက်တယ် ဆိုတာ သိမှာပဲ... "

နှင်းပန်း မဖြေရသေးခင်မှာ နီလာက သူ့အမေးကို သူ့ဘာသာ ပြန်ဖြေသည်။





ပြီးတော့ နှင်းပန်းတို့သည် စာကြည့်တိုက်ပေါ်သို့ တက်လာခဲ့ကြသည်။ မိုးစက်ဖျောက်ဖျောက် ကျသည်ကို မြင်နိုင်သည့် မှန်ပြတင်းတွေ အနီးမှာထိုင်ကြသည်။ စာကြည့်တိုက်သည် တိတ်ဆိတ်မြဲအတိုင်းပင် တိတ်ဆိတ်နေ၏။ စာဖတ်နေသူတွေရှိသလို စကားတိုးတိုး ပြောနေသူတွေရှိသည်။ စာတမ်းအတွက် ကိုးကားချက်တွေ ကူးယူနေသူတွေရှိသည်။ နီလာနှင့်မထင်မှတ်ဘဲ ပြန်ဆုံရသည်မို့ ဝမ်းသာအားရဖြစ်နေချိန်မှာပင် နှင်းပန်းရင်ထဲမှာ အနှောင့်အယှက်တစ်ခု ရှိနေခဲ့သည်။ မိုးသည် ပါးပါးမျှင်မျှင်ကျနေရာကနေ အတော်အတန် သည်းလာ၏။

"ငါ... ဒီကို ရောက်ပြီး တစ်ပတ်လောက်ကြာတော့ သူ ရောက်လာတော့တာပဲ... "

"ဒါဆို... နင့်အကြောင်း သူအဆက်မပြတ် စုံစမ်းနေတဲ့ သဘောပေါ့... "

"စိုင်းလင်းနဲ့လည်း အဆက်အသွယ်မှ မပြတ်တာဘဲ... ငါ... ပီအိတ်ချ်ဒီ အရည်အချင်းစစ်ဖြေတာတွေ ရန်ကုန်ရောက်တာတွေ အားလုံး သိနေတယ်... အူယောင်လို့ ခွင့်တစ်ပတ်တင်ရတာကအစ သိနေတယ်လေ... "

"ဟယ်... အဲလောက်တောင်... "

"ဒီရောက်တော့လည်း... နည်းနည်းအားတာနဲ့ ရောက်လာတော့တာပဲ... မလာနဲ့ ပြောလို့လည်း အရဘူး... စိတ်ဆိုးအောင်ပြောတော့လည်း... ကော်ရစ်ဒါမှာ ရပ်ပြီးစောင့်နေ

တာပဲ... ငါတော့ ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး... "

"နှင် ပြတ်ပြတ်သားသား ပြောလိုက်ပေါ့... "

"ဟဲ့... ပြောထားတာမှ ကြာလှပြီပဲ... တောင်ကြီးကတည်းက... "

"ပြောမရလည်း ကြိုက်လိုက်ပါတော့ဟယ်... "

နီလာက နှင်းပန်းရဲ့ ပခုံးကို တွန်းတိုက်ရယ်မောသည်။ နှင်းပန်းလည်း အလိုက်သင့် ရယ်မောရင်း...

"မ ရဲ့ မောင်လေးတော့ မဖြစ်ချင်ပါဘူးကွာ... "

ဟု ခပ်သာသာ ငြင်းရသည်။

"ခြောက်နှစ်တောင် ကွာတာ... "

"ပြီးတော့... သူကြည့်ရတာ တကယ့် ချာတိတ်လေးပဲ နော်... ဘာမှလည်း အလေးအနက် ရှိပုံမပေါ်ဘူး... အခု ရော... ဘာအလုပ် လုပ်နေပြီတဲ့လဲ... "

သူ့ကို မြင်တွေ့သူတိုင်းဆီက ကြားနေကျ မှတ်ချက် စကားပင် ဖြစ်သည်။ သူ့မျက်နှာပြင်က ကြည်လင်ရှိုးသားလွန်းသည် သာမက ကလေးတစ်ယောက်လို ဆန်လွန်းတာကတော့ ဆိုးရွားလှသည်။

"သူ့အိမ်က နိုင်ငံခြားထွက်ဖို့ လုပ်နေတယ်တဲ့... ရေကူးလိုက် တောင်တက်လိုက်နဲ့... "

"တောင်တက်တယ်... "

နီလာက အံ့သြတကြီး ရှိနေသည်။ ပြီးတော့...





"အားကိုးလောက်စရာတော့ မဟုတ်ဘူးနော်... "

ဟု ညည်းညူရေရွတ်လေသည်။ ဒါ... အမှန်တရားပါပဲ။ ဘာများ စိတ်ညစ်ညူးစရာရှိသလဲနော်... ။ ရွေးချယ်ပိုင်ခွင့်တွေ အများကြီးထဲ အောင်ခန့်ဘော်ဆိုတဲ့ နာမည်ကို ကြက်ခြေခတ်လိုက်ပေါ့... ။

ဒါပေမဲ့... နီလာ့ဆီက အဲသည့် မှတ်ချက်စကားကို ကြားရတာ စိတ်အင်အားတွေ ယုတ်လျော့သွားသလိုမင်... ။

"နှင်က... နောင်နှစ်ဆို ကထိက ဖြစ်ပြီ... ... ပို ကလေး ကလား ချာတိတ်ကလေးနဲ့ သိက္ခာကျပါတယ်ဟာ... အားနာ မနေနဲ့ ပြေ ပစ်လိုက်... "

ဘုရားရေ...

ဒါ... နှင်းပန်းအတွက် အခက်ခဲဆုံးပဲ... ။

နီလာရယ်... မဖြစ်နိုင်ပါဘူး...

သူ့ကို သနားမိတာထက် ကိုယ့်ကိုယ်ကို ပိုသနားချင်သည်။ သို့ပေမဲ့လည်း လောကကြီးထဲ အရေးပါသည်ဟု သတ်မှတ်ထားသည့် ပိုင်ဆိုင်မှု ဒြပ်သားတွေအတွက် နှင်းပန်းသည် တစ်သက်လုံး မြှုပ်ကွယ်သိမ်းဆည်းရမြဲဖြစ်သည့် ခံစားမှုကို ခုလည်း သိမ်းဆည်းထားရမည်။

မဖြစ်ပါဘူးကွယ်...

ဒီကောင်လေးနဲ့တော့ မဖြစ်ပါဘူး... ။

ဒါပေမဲ့...

ဒါပေမဲ့... ငြိတွယ်နေမိပြီ... ။

"ဟုတ်ျတယ်... ငါလည်း ပြောတာပဲ... ရစရာမရှိအောင် ပြောတာဘဲ... အနားမှာ တောက်တဲ့ကပ်သလို ကပ်နေတာ ခက်တယ်... "

"ဒါဆိုလည်း သင့်တော်မယ့် တစ်ယောက်ယောက်ကို ရွေးလိုက်တော့... ပြီးတော့... မိတ်ဆက်ပေးလိုက် မနှောင့်ယှက်နဲ့တော့လို့ ပြော... "

"ဟား... ဟား... အဲလောက် မလွယ်ပါဘူး နီလာရယ်..."

နှင်းပန်းက သတိလက်လွတ်ပင်... လက်ခုပ်လက်ဝါးတီးပြီး ရယ်ပစ်လိုက်သည်။ ခပ်ကြမ်းကြမ်းသည်းပက်နေသည့် မိုးသံအောက်မှာပင် နှင်းပန်း ရယ်သံက... အများသတိထားမိစရာ ဖြစ်နေခဲ့၏။ ထို့နောက်မှာတော့ နီလာ့ ဝေဖန်ချက်တွေကို ဆက်နားထောင်ဖို့ သတ္တိနည်းစွာပဲ တခြားအကြောင်းအရာ တစ်ခုသို့ ခေါင်းစဉ် ပြောင်းရသည်။

သူက လွဲပြီး သင့်လျော်မယ့်သူ ဆိုတာကိုလည်း စဉ်းစားလို့ မရပါဘူးကွယ်... ။ ဖြစ်နိုင်လျှင် အကောင်းဆုံးဆိုတာတွေကို မက်မောတတ်တာ သဘာဝပဲမို့ တကယ်တန်း နှလုံးသားမှာ မငြိဘဲ ရွေးချယ်ရစတမ်းဆိုလျှင်... အားတက်သရော ဒါမှမဟုတ် နှစ်နှစ်ကာကာ ရွေးချယ်ရနိုင်မည့်သူလည်း မရှိပါ။ နှင်းပန်း အနားမှာ နှင်းပန်းကို မြတ်နိုးလှချည်ရဲ့... ဆိုသူတွေကလည်း နှင်းပန်းလိုပင် ဂုဏ်သိက္ခာကို ရာထူးအရှိန်အဝါဆိုတာတွေကို မိန်းမတစ်





ယောက်ထက် ပိုပြီး မြတ်နိုးတတ်သူတွေ ဆိုတာ နှင်းပန်း ရင်ထဲက ခံစားသိနေသည်။

ခန့်ကတော့ နှင်းပန်း အပေါ် ဆယ်ကျော်သက်တစ်**ယောက်ရဲ့ ရူးရူးမူးမူး**တွယ်တာစိတ်လို... အချိန်တိုင်းမှာ နက်**ရှိုင်းခံစားခဲ့သည်ဆိုတာ**ကိုလည်း နှင်းပန်း သိနိုင်ခဲ့တာပါပဲ... ။

**ဒါပေမဲ့...**

**ခန့်ဟာ... နှင်း**ပန်းရဲ့ လက်ထောက်ကထိကဆိုတဲ့ ဂု**ဏ်ပုဒ်ကို** အရောင်တောက်ပလာအောင် ဘယ်လိုမှ ပံ့ပိုးပေးနိုင်မှာ မဟုတ်**ဖူး...** ဆိုတဲ့ အားနည်းချက်နဲ့... ။

တစ်ခုခုတော့ ပြတ်သားမှ ဖြစ်မယ်... ဟု ကိုယ့်ကိုယ်ကို ပြောခဲ့ရတာလည်း နေ့တွေညတွေများစွာ လွန်ခဲ့ပြီ... ။ ခမ်းနားကြီးကျယ်လှသည့် ဒေါက်တာဘွဲ့တစ်ခုအတွက် မာန်ဝင့်နေသော နှင်းပန်း၏ အတန်းဖော်များ၏ ခန့်ကို ကြည့်သော အကြည့်တွေအတွက် စိတ်မသက်မသာ ဖြစ်ရပေမဲ့လည်း နှင်းပန်းသည် ခန့်ကို တစ်သက်တာအတွက် စီမံကားပြတ်တောက်သည့် စကားတစ်ခွန်းပြောဖို့ ဘယ်လိုမှ စိတ်ဓာတ်ကို စုစည်းမရ... ။ နှင်းပန်းတို့ အတန်းဖော်တွေထဲက အိမ်ထောင်ရှင်တွေ ပါဝင်သည်။ အပျို လူပျိုတွေလည်း ပါသည်။ လက်ထပ်ဖို့ ရည်စူးထားပြီး... အချိန်ယူလေ့လာနေသူတွေ ပါသည်။ ဘယ်လိုပဲဖြစ်ဖြစ်... နှင်းပန်း ရှေ့မှာ မိတ်ဆက်လာသည့် သူတို့ ခင်ပွန်းတွေ ရွေးချယ်ပြီးသူတွေထဲမှာ... ကလေးတစ်ယောက်လို မျက်နှာမျိုး မပါဝင်ပါ... ။ တောင်တက်



ခြင်းနှင့် ရက်(ပ်)အကကို တန်းတူ တန်ဖိုးထားတတ်သူများ မပါဝင်ပါ။ ပြီးတော့ မိန်းမတစ်ယောက် အမိန့်ပေးသမျှ ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ခေါင်းညိတ်နာခံတတ်သူမျိုးလည်း မပါဝင်ပါ... ။ ထို့ကြောင့်လည်း အောင်ခန့်ဘော်သည် နှင်းပန်း၏ အတန်းဖော်များ စိတ်ဝင်စားစရာ ဖြစ်သည်... ။ အတန်းပြီးချိန်မှာ...

"မောင်လေး စောင့်နေတယ်... "

ဟု တချို့က ကျီစယ်ကြသည်။

"ကြီးရင် မှီ ငယ်ရင် ချီ... တဲ့... နှင်းပန်းရဲ့ ဗလလောက်နဲ့တော့ မောင်လေးကို ချီနိုင်မယ် မထင်ဘူးနော်... "

ဟု ရယ်ကာမောကာ ပြောကြသည်။ နှင်းပန်းသည် စိတ်ကို ချုပ်တည်းလျက် မျက်နှာမော့ကာ ပြုံးရသည်။ ကျီစယ်စကားမှန်းသိသည်မို့ စိတ်ဆိုးစရာ မဟုတ်ပါ။ သည်လူတွေကလည်း ခန့်ကို အမှတ်မဲ့မြင်လျှင်...

"နှင်းပန်းကို ကြွေနေတာတဲ့လား... အတော်ငယ်တာပဲ... ချာတိတ်လေးပဲနော်... "

ဆိုတာမျိုးလောက် မှတ်ချက်ချသည်ထက် ပိုပြီး စိတ်ဝင်စားမည် မဟုတ်ပါ။ ဒါတွေကို သိလျက် ပတ်ဝန်းကျင်နှင့် ရာထူးဂုဏ်ဒြပ်သည် နှင်းပန်းကို အလုံပိတ်သော နံရံတွေလို လေးဖက်လေးတန်မှ ဖိညှပ်ထားသည်။ နှင်းပန်းထက် ငယ်ရွယ်နေသော

သူ့အသက်ကလည်း နှင်းပန်းအတွက် ဘယ်လိုမှ လက်မခံနိုင်စရာ တစ်ချက် ဖြစ်သည်။

သည့်ထက်ပိုပြီး... သူ့အတွက် သိမ်ငယ်စေသည့် အချက်ကတော့... နှင်းပန်းတို့ရဲ့ ပညာတတ် အဝန်းအဝိုင်းမှာ လေးစားစရာဟု သတ်မှတ်ခံရဖို့... လေးနက်သည့် အတွေးအခေါ် မရှိခြင်းပင် ဖြစ်သည်။ အိုင်းစတိုင်း၏ အမည်ကိုကြားလျှင် နူတ်ခမ်းမွေးဖြူဖြူတွေကို ရယ်စရာလုပ်ပြောဖို့လောက်သာ သူက သတိရတတ်သူ ဖြစ်သည်။ လီယိုနာဒို ဒါဗင်ချီ၏ မိုနာလီစာ ကို သူက အိပ်ငိုက်နေသည့် မိန်းမဟု တင်စားတတ်သူ ဖြစ်သည်။ နှင်းပန်းတို့က လက်တွေ့ခန်းမှ အထွက် ပြီးခဲ့သမျှ စမ်းသပ်ချက်တွေအကြောင်း ပြန်ပြောလျှင်...

"ရေကို ဓာတ်ဆီဖြစ်အောင်လုပ်တဲ့ စာတမ်းတင်ပါလား..."

ဆိုတာမျိုး သူက ခပ်ရွတ်ရွတ်ဝင် ပြောတတ်သူ ဖြစ်သည်။ နှင်းပန်းက မျက်စောင်းထိုးကြည့်လျှင်တော့ ခန့်သည့်ကြောင်တစ်ကောင်လို ငြိမ်သက်နေပြန်၏။

သည်လို ကောင်လေးမျိုးကို အိမ်ထောင်ဦးစီးဖြစ်ဖို့ နှင်းပန်း ဘယ်လို လက်ခံနိုင်မှာလဲ... ။

သို့ပေမဲ့... သူ့ရဲ့ လိုက်လျောနာခံခြင်းတွေ၊ ကြင်နာအလိုက်သိခြင်းတွေကိုတော့ နှင်းပန်း ရနိုင်သမျှ ကာလအထိလိုချင်မိသည်။



ချာတိတ် ရယ်...
ကိုယ်... သိပ်တစ်ကိုယ်ကောင်းဆန်တယ်...
သတ္တိနည်းတယ်...
ကိုယ့်ကို နာကြည်းလိုက်စမ်းပါကွယ်... ။

နာရီတွေ ရှည်လျားကြာညောင်းလှသည် ထင်မိ၏။ လက်တွေ့ခန်းထဲက ထွက်တော့ ချုပ်ထားရသည့်စိတ်တွေ အချုပ်အနှောင်ပြေလျော့ပြီး လွင့်ထွက်ပြေးသည်။ ခြေထောက်တွေက သံပတ်ပေးစက်ရုပ်နှယ် လျှောက်နေကျ လမ်းအတိုင်း လျှောက်သည်။ ဟင်းလင်းဖြစ်နေသော ကွက်လပ်တစ်ခုနှင့် ကော်ရစ်ဒါကို ဖြတ်သည်။ လှေကားထစ်တွေကို တစ်ထစ်ချင်း ဆင်းသည်။ ရေတမာပင်တွေ အောက်ကို မကြည့်မိအောင် မျက်လုံးလွှဲဖယ်မရခဲ့...။ မိုးစက်ဖွဲဖွဲထဲ... အညိုရောင်အနားသတ် အကွက်စိတ်ကလေးတွေနှင့် သုံးဆစ်ထီးကို ဖွင့်ဆောင်းပြီး ဆင်ခြေလျှော လမ်းအတိုင်း ဆင်းခဲ့သည်။ အဖော်မဲ့သူတွေ တချို့လည်း နှင်းပန်းလိုပင် အဓိပတိလမ်းမှာ စာကြည့်တိုက်ရှေ့မှာ အာရ်စီ ရှေ့မှာ လျှောက်နေသည်ပဲနော်... ။

ရင်ထဲနင့်လာသည့် ခံစားမှုကို ကိုယ့်ကိုယ်ကို ညာဖို့ ကြိုးစားပေမဲ့ မျက်ဝန်းအိမ်တွေကသာ ပူနွေးလာသည်။ နှုတ်ခမ်းတွေ သွေ့ခြောက်လာသည်။ လည်ချောင်းထဲမှာ စပ်ဖျဉ်းဖျဉ်းဖြစ်လာသည်။ ဆိုင်ကယ်စက်သံကိုကြားရလျှင် ရင်ဘတ်ထဲက ဒိတ်ခနဲ ဆောင့်ခုန်သည်။ ပြီးတော့... အသံကြားရာဆီ ဖျတ်ခနဲတော့ ခိုးကြည့်မိသေးသည်။





ခုရက်တွေမှာတော့ အလိုလို ငိုချင်နေတော့တာပဲ...

ရင်ထဲမှာပဲ မေးနေကျ မေးခွန်းတစ်ခုကို မေးဖြစ်သည်။ အဖြေတွေကတော့ များစွာ ရှိသည်။ သူ... တောင်တက်လမ်းပေါ်မှာ ရှိနေလိမ့်မည်။ ဒါမှမဟုတ်... ရေကူးကန်ရောက်နေလိမ့်မည်။ ဒါမှမဟုတ်လည်း ရန်ကုန်မြို့လယ်က S.E.C.D ရုံးပေါ်မှာ ရှိလိမ့်မည်။

ဒါပေမဲ့ ဘယ်နေရာမှာပဲ ရှိနေနေ... နောက်ဆုံးတော့ အောင်ခန့်ဘော်သည် နှင်းပန်း ရှိရာသို့ မလွဲမသွေ ရောက်လာရမည်ပင်။

ခုတော့... နှင်းပန်း ရင်ထဲက တိတ်တခိုး မျှော်လင့်ချက်တွေက တစ်စစီပြိုကျ လွင့်စင်သွားခဲ့ပြီ... ။ ကော်ရစ်ဒါထောင့်ချိုးမှာ ခန့်ရဲ့အရိပ်ကို မမြင်ရတာ ရက်တွေအတော်ကြာခဲ့ပြီ... ။ နှင်းပန်းကို နာကြည်းနိုင်ဖို့ သူ့မှာ အကြောင်းတရားတွေ ပြည့်စုံနေပြီ ထင်ပါရဲ့... ။

အဲသည်လို ဆိုတော့လည်း လွမ်းဆွတ်ခြင်းကြောင့် နှင်းပန်း ရင်ထဲမှာ နင့်နေအောင် ခံစားရသည်။ ကုန်ခဲ့သည့်အချိန်တွေကို မသိစိတ်က ကျိန်ဆဲမိသည်။ ပြီးတော့... အိပ်မက်မက်နေသလိုပင် ကိုယ့်ရင်ထဲမှာ ခံစားရသမျှကို မယုံကြည်နိုင် ဖြစ်ရပြန်သည်။

ဟင့်အင်း...

အဲလောက်ထိ ခံစားဖို့ မလိုဘူး...

သူ့ကို ရွေးချယ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး... ။

မိုးစက်တွေ တဖြည်းဖြည်း စိတ်လာသည်။ အဓိပတိလမ်းမကို ဖြတ်ကူးပြီး အပန်းဖြေရိပ်သာထဲ ဝင်လိုက်၏။ သည်လမ်းအတိုင်း မာလာကားဂိတ်ဆီ နေ့စဉ်လျှောက်နေကျပင်... ။ သို့ပေမဲ့လည်း အဲသည်နေ့တွေကတော့... အထီးကျန်လွန်းသည် ထင်မိ၏။

နှင်းပန်းသည် တစ်စထက် တစ်စ တင်းရစ်လာသည့် ကြိုးတစ်ချောင်းကို ကိုယ့်ဘာသာ ကျိတ်ပြီး ဖြေလျှော့ဖို့ ကြိုးစားနေရင်းပင်... နောက်ဆုံးတော့ ဘယ်လိုမှ မလှုပ်ရှားနိုင်အောင် အချည်နှောင်ခံရတော့မည်။

သည်လိုပဲ အရှုံးပေးရတော့မှာလား... ။

"ဒါဆိုလည်း သင့်တော်မယ့် တစ်ယောက်ယောက်ကို ရွေးလိုက်တော့... "

နီလာက သည်လိုပြောခဲ့သည်။

ဟုတ်သားပဲ...

ရွေးချယ်ရမယ်... ။

ပြီးတော့... သူ့ကိုလည်း ပြတ်ပြတ်သားသား ရက်စက်ရမယ်။ ရက်စက်မှ ကြေကွဲရသတဲ့... ။ ကြေကွဲပါစေပေါ့... ။ ဒါမှ သူ နာကြည်းပြီး မေ့နိုင်လိမ့်မည်။

ဒါပေမဲ့ ဘယ်သူ့ကို ရွေးချယ်ရမည်လဲ... ။

ကြိုး စ, ရှည်ရှည် မထားတတ်သော နှင်းပန်းအဖို့တော့... ငြင်းပယ်ခဲ့ပြီးသား ဇာတ်လမ်းတွေထဲမှာ ပြန်လွမ်းလောက်





စရာလည်း မရှိပါ။ ပြီးတော့... အဲဒါဟာ အဓိပ္ပါယ်မဲ့လွန်းလှသည် ထင်မိ၏။ လောလောဆယ်မှာ ခပ်မှန်မှန် ခုန်နေသည့် နှလုံးသားတစ်ခုအကြောင်း နှင်းပန်းကလွဲပြီး ဘယ်သူက သိနိုင်မှာလဲ... ။ အသက်အရွယ် ငယ်သေးပေမဲ့... အမည်နာမ ရှေ့က ဒေါက်တာဟူသော ဘွဲ့ထူးဂုဏ်ထူးက နှင်းပန်းအတွက် ရင့်ရော်လွန်းနေသည်။ ရင်ခုန်သံတွေကို နှေးကွေးစေနိုင်သည့် ဦးနှောက်ကို တွေဝေစေနိုင်သည့် ဖိအားတစ်ခုလည်း ဖြစ်နေသည်။

အာရ်ုစီ နောက်ဘက်ပေါက်ကနေ ကော်ရစ်ဒါဆီအထွက်မှာ...

"နှင်းပန်း... "

ဟု တစ်စုံတစ်ယောက်က နှုတ်ဆက်သည်။ မိုးသားပြည့်နေသော ကောင်းကင်လို နှလုံးသားက နှစ်နှစ်လိုလိုမရှိလှဘဲ အမှတ်မဲ့ ပြန်နှုတ်ဆက် ဖြစ်၏။ မိတ္တူဆိုင် သွားဖို့ ထင်သည်။ လက်ထဲမှာ ဖိုင်တွေ စာရွက်တွေ ပွေ့ပိုက်လျက် နှင်းပန်းတို့နှင့် ဘာသာရပ်မတူသော Ph.D တက်နေသည့် သူငယ်ချင်း မ,တစ်ယောက်နှင့် သူ့နံဘေးမှာ ယှဉ်တွဲရပ်နေသည့် ဥပဓိကောင်းကောင်း လူတစ်ယောက်ကို ဆုံသည်။ မျက်မှန်အောက်က မျက်ဝန်းများသည် ခန့်ညားထည်ဝါသော ဂုဏ်ပုဒ်များစွာအတွက် မာန်ဝင့်နေဟန် ရှိ၏။

"ပြန်တော့မလို့လား... "

"အေး... ပြန်တော့မယ်... "

"ဒီနေ့ စောတယ်နော်... "

"ဟုတ်တယ်... ပရော်ဖက်ဆာတွေ မိတင် (meeting) ရှိတာနဲ့... "

"ခုတလော... ကိုတောက်တဲ့လေး မမြင်ပါလား... "

ခန့်ကို ကွယ်ရာမှာ သည်လို နာမည်ပြောင် တပ်ကြသည်။ နှင်းပန်း ကလည်း သာသာထိုးထိုးလေး ညည်းညူပြတတ်တာမို့ သူတို့က ခန့်ကို အားမနာတမ်း လှောင်ပြောင်နေကျပါပဲ။

"နှင်း... ကောင်းကောင်း ပညာပြလိုက်ပြီ ထင်တယ်... "

အလိုက်သင့် ပြုံးနေရသည်။

"ကို... ဒါ... ကယ်မစ်စတြီက နှင်းပန်းတဲ့... သဲသဲတို့လိုပဲ Ph.D တက်နေတာ... နှင်းပန်း... ကိုသန်းလွင် တဲ့... သံလွင်တံတား စီမံကိန်းက အေအီးလေ... "

"ဟုတ်ကဲ့... ဟုတ်ကဲ့... သဲသဲ... ပြောဖူးပါတယ်... ခုမှပဲ မြင်ဖူးတော့တယ်... "

လောကဝတ်အရ လှိုက်လှဲပျူငှာရသည်။ အားပေးလက်ခုပ်တီးဖို့ ဘယ်အချိန်မဆို အသင့် ရှိရမည်။ ကျေးတစ်ရာ ပိုးယောပုဆိုး ခိုပြာရောင် စတစ်ကော်လာလက်ရှည် အင်္ကျီဖြူနှင့် အင်ဂျင်နီယာကြီးက သိမ်မွေ့စွာ တည်ငြိမ်စွာ ပြုံးလျက် နှုတ်ဆက်သည်။

"ကဲ... ဘယ်လိုလဲ... တို့လည်း ဘယ်တော့ စားရမလဲ စောင့်နေတာနော်... တံတားဆောက်တာ မပြီးသေးလို့လား... "





ဆိုတော့ သဲသဲ ဆိုသည့် သဲစုလှိုင်က ရှက်စနိုးပြုံးရင်း "ကျောင်းသူ ဘဝပြန်နေရတုန်း အချုပ်အချယ် မလိုချင်သေးပေါင်... "

ဟု နွဲ့သလိုလို ပြောလေသည်။

မိန်းမတွေက အဲဒါတွေ အမြင်ကတ်ဖို့ ကောင်းတာပေါ့... ။ တကယ်ဆို ဘယ်သူက ပြေးပြီး ဘယ်သူကလိုက်နေတာလဲ... ။

ဒါပေမဲ့ မိန်းမတွေရဲ့ သဘာဝအတိုင်း နေရာတကာမှာ ဟန်ဆောင်ပြုံးလေးတော့ ပြုံးရမှနော်... ။

နှင်းပန်း လည်း သည်အတိုင်းပဲ မဟုတ်လား... ။

ခုတော့... နှင်းပန်း အတွက် ဟန်ဆောင်ပြုံးလေးပင် မရနိုင်တော့... ။ နှင်းပန်းကတော့ ကိုယ့်ကိုယ်ကို ယုံကြည်စွာပဲ...

"ကိုယ့်ထက် ခြောက်နှစ်လောက်ငယ်တဲ့ ကောင်လေးကို မစဉ်းစားပါဘူးကွာ... " လို့ ပြောမြဲပြောဦးမည်။

"သူများကို မပြောနဲ့... ဒေါ်နှင်းပန်းရေ... ရှင်ရော... ဘယ်လိုလဲ... ကိုအောင်ခိုင်ကြီးက သနားစရာပါနော်... "

"ဟယ်... မဟုတ်တာတွေ... "

"ဘယ့်နှယ် မဟုတ်ရမှာလဲ... ဟို ချာတိတ်က ရှိနေတော့ သူ့မှာ အနားကပ်လို့ မရ ဖြစ်နေတာပေါ့... ဒါနဲ့ သဲသဲက ပြောလိုက်ရတယ်... နှင်းပန်းက သူ့ထက်ငယ်တဲ့ ချာတိတ်

ကလေးကို စဉ်းစားမှာလား... ကောင်လေးက အတင်း လိုက်ကပ်နေတာပါလို့ သိလား... ”

“ဟယ်... သဲသဲကလည်း... ဘာတွေ လျှောက်ပြောမှန်း မသိဘူး... ”

တစ်ယောက်ကို တစ်ယောက် တွန်းတိုက်ပြီး ခိုးခိုး ခစ်ခစ် ရယ်ရသည်။ သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာ ရှက်နိုး နိုးထင်သည်။

“တော်ပြီ... တော်ပြီ... သွားတော့မယ်... ”

“အပျိုကြီး နည်းနည်း ရှက်သွားပြီ... ”

“ခွင့်ပြုပါဦးနော်... ”

“ဟော့... ကိုတောက်တဲ့ကို ကြက်သွန်နီ နှစ်ခြမ်းခွဲပြီး ခွာပစ် လိုက်နော် သိလား... ”

သူတို့ကတော့ ရယ်မောပစ်ရုံပဲ... ။ ရယ်စရာဆိုတဲ့ အပြင် သည့်ထက်မပိုရ။ နှင်းပန်းမှာသာ မီးကျီခဲတွေ မျိုရသလို ရင်ထဲပူလောင်ရသည်။ ပတ်ဝန်းကျင်မှာ ခပ်ရဲရဲ မျက်နှာမော့နိုင်ဖို့ အတွက် နှင်းပန်း နံဘေးမှာ အားကိုးအားထားအဖြစ် တည်ကြည် ရင့်ကျက်သည့် မျိုးရိုးဂုဏ်မြင့်မားသည့် ရာထူးရာခံရှိသည့်ယောကျ်ား တစ်ယောက်ယောက် ရှိနေမှလား... ။ သေချာတာတော့ အသက် ခြောက်နှစ်ခန့် ပိုငယ်ပြီး ကလေးတစ်ယောက် ဒီဇိုင်းမျိုးနှင့် ကောင် လေးဟာ ဒေါက်တာနှင်းပန်းအတွက် သင့်တော်သည့် အားကိုး လောက်စရာ ယောကျ်ားမဟုတ်ဘူး ဆိုတာပါပဲ... ။



သူတို့ရှေ့က ရယ်မောပြီး ထွက်လာခဲ့သည်။ မိုးစက် များသည် မျက်နှာပေါ် ခပ်ကြမ်းကြမ်း လွင့်စင်သည်းပက်လာ၏။

“ရှစ် ထိ... ”

မိုးကို ကျိန်ဆဲမိတာလား... ။ ကိုယ့်ကိုယ်ကို ကျိန် ဆဲမိသည်လား မသိချေ... ။ အေးသော မိုးစက်တွေကြား ဖြတ် လျှောက်ခဲ့ရပေမဲ့ အလိုမကျမှုကြောင့် တစ်ကိုယ်လုံး ပူလောင်နေ သည်လား ထင်ရသည်။ စိတ်ကို အလိုလိုက်ရမယ့် အရွယ်မဟုတ် ဘူး... ဆိုပြီး အတင်းဖိသိပ်ချိုးနှိမ်ခဲ့ရသည့် စိတ်ခံစားမှုတွေကို ဘယ် နေရာမှာ ဖောက်ခွဲပစ်ရမည်လဲ... ။

[အချစ် ဆိုတာ ပုံသေနည်း မဟုတ်ဘူး မမရဲ့... ]

သွားစမ်းပါ...

အဲဒီ အချစ်ဆိုတာကို မယုံဘူး... ယုံကို မယုံဘူး...။

"ကိုအောင်ခိုင် ဆိုတာလား... "

နီလာက ခေါင်းငဲ့လျက် ကိုယ်ကို ကိုင်းလျက်... ကြားသာရုံ လေသံဖြင့် တိုးတိုးကလေး မေးသည်။ နှင်းပန်းသည် နှုတ်ဆက်ပြီး ခပ်သွက်သွက် ကျော့ခိုင်းသွားသည့် ကိုအောင်ခိုင့် နောက်ကျောဆီ ဖျတ်ခနဲ လှမ်းကြည့်ရင်း နီလာ့ကို ခေါင်းဆတ်ပြ လိုက်ရ၏။ ပြီးတော့မှ စားပွဲပေါ်မှာ ငြိမ်သက်စွာ ရှိနေသည့် မြေပဲ ယို၊ နှမ်းယိုထုပ်တွေထဲက နှစ်ထုပ်ကို နီလာ့ဆီ ကမ်းပေးလိုက် သည်။ နီလာက...

"ဟယ်... ယုန်နှစ်ကောင် တံဆိပ်က သိပ်ကောင်းတာ... "

ဆိုပြီး ခဏတော့ စိတ်ဝင်စားဟန်ပြသည်။ ဒါပေမဲ့... နီလာ အမှန်တကယ် စိတ်ဝင်စားသည်က နှင်းပန်း၏ရွေးချယ်မှု ကိုသာ ဖြစ်ပါလိမ့်မည်။

ကိုအောင်ခိုင် စာကြည့်တိုက် နောက်ဘက်ကနေ အင်းဝလမ်းဘက် ထွက်သွားပြီး ကော်ဖီဆိုင်ရှေ့မှာ တစ်စုံတစ် ယောက်နှင့် ရပ်ပြီး စကားပြောနေသည်။ နီလာကတော့ ဆရာ တစ်ယောက်၏ တည်ကြည်မှုနှင့် အေးဆေးပြီး အားနာတတ်ဟန် မျက်နှာထားမျိုးနှင့် ကိုအောင်ခိုင့် ထံလည်ပြန် လှမ်းငေးနေသည်။

"ဘယ်လိုလဲ သဘောကျလား... "





နှင်းပန်း ရယ်ချင်ပက်ကျိ ဖြစ်လာသည်။ နီလာ့ မျက်လုံးတွေက ပစ္စည်းတစ်ခုကို အပြစ်အနာအဆာ ရှိမရှိ စစ်ဆေး နေသူနှင့် တူ၏။

"တူတယ်... "

နီလာက နှင်းပန်း အမေးကို ဖြေရင်း ရုပ်ခနဲ မျက် နှာပြန်လှည့်လာသည်။

"နင်ရော သဘောမကျဘူးလား... သဘောကျချင်စရာပဲ မဟုတ်လား နှင်းပန်းရဲ့... နင်ပြောပြောနေတဲ့ ပုံစံမျိုးပဲ လေ... တကယ့် ဂျင်(န်)တဲလ် မင်း(န်) ပဲ... "

ရည်ရွယ်ချက်မဲ့စွာ ပခုံးတွန့်လျက် ရယ်ပစ်လိုက် သည်။

"ခက်တာက လူကြီးဆိုတော့ မပွင့်တပွင့်နဲ့... ရည်းစား စကားပြောဖို့ သတ္တိမရှိတာက ဆိုးတာပဲ... ကြားက အောင်သွယ်တွေကပဲ ဘေးတီးပေးနေတာ... "

"ဒီတော့ နင်က... ဟို သီချင်းဆိုပြလိုက်ပေါ့... "

"တော်စမ်းပါ... "

နီလာ ပြောလာမည့် စကားကို သိနှင့်ပြီးသားမို့ နှင်းပန်းက... ကမန်းကတန်းပဲ စကားစ,ဖြတ်လိုက်ရသည်။ နီလာ က ရယ်မြဲ ရယ်လျက်... မြေပဲယိုထုပ်တွေကို လက်ထဲမှာ စ,ကြည့် နေသည်။

"မကျွေးကို လက်ထောက်ကထိကနဲ့ ပြောင်းသွားတာ

မကြာသေးဘူးလေ... တစ်လကို သုံးခါလောက် ရန်ကုန် ပြန်ရောက်နေတယ်...မိန်းကလေးတွေထက် ပိုဆိုးတယ်..."

"ထိပ်ထားလေးရဲ့ မျက်နှာတော်ကို လာဖူးတာ နေမှာပေါ့... "

"ယောကျ်ားတွေကို အဲလောက် အထင်မကြီးစမ်းပါနဲ့... "

"အပြောကြီးပြန်ပြီ... "

နီလာ့ မျက်စောင်းကို မသိဟန်ဆောင်လိုက်ရသည်။ တကယ်စဉ်းစားကြည့်တော့ နှင်းပန်းရဲ့ ကိုယ်ပိုင်ဆန္ဒနှင့် ကိုယ်ပိုင်ခံစားချက်ဆိုတာကို နှင်းပန်းကိုယ်တိုင်ပင် သေချာ မသိလိုက်ရချေ။ ဦးနှောက်ရဲ့ လွှမ်းမိုးမှုကသာ နှင်းပန်းအတွက် နေရာတကာမှာ အရေးပါခဲ့သည်။

"ဘာပဲဖြစ်ဖြစ်လေ... ဟို ချာတိတ်ကလေးထက် စာရင်တော့... စဉ်းစားဖို့ ကောင်းတာပဲ မဟုတ်လား... "

"အင်း... "

ပင့်သက်ရှည်လား... ရှေ့ရှုတ်သံလား... ကိုယ်တိုင်လည်း မသိချေ... ။

"ဒီကောင်လေးကတော့... နှင့် အနားမှာ တစ်ယောက်ယောက်မရှိမချင်း လိုက်ကပ်နေမှာပဲလို့ ထင်တယ်... အဲတော့... နင်လည်း သိက္ခာကျရတယ်... အများအမြင်မှာ ဟိုလို ဒီလို အထင်ခံရဦးမှာ... ရှင်းရှင်းပြောရရင် လာဘ်ဝိတ်တာပေါ့ဟယ်... နော်... "





"မိန်းမ... စကားကောင်းကောင်း ပြောစမ်းပါ... "

စကားသံပေါ့ပေါ့ဖြစ်အောင်... ရယ်ကာမောကာ... နီလာ့ လက်ခုံကို ဖျတ်ခနဲ လှမ်းရိုက်ရင်း ပြောရသည်။ လည်ချောင်းထဲမှာ အပူငွေ့တွေ တစ်ဆို့လာသလိုပင်... ။ သီးစုံဖျော်ရည်ဖန်ခွက်ထဲက အဝါရောင် အနီရောင် နာနတ်သီး၊ စတော်ဘယ်ရီသီးလေးတွေဆီ အကြည့်စူးစိုက်ထားရသည်။

"ဟဲ့... ငါ အကောင်းပြောနေတာ... အဲဒီ ကိုအောင်ခိုင်က မဆိုးပါဘူးဟယ်... သူပြောဖို့ ခက်နေလည်း မြောင်းလေးဘာလေး ဖောက်ပေးလိုက်ပေါ့... "

"ဟင့်အင်း... ဝေးသေး... ဝမ်း ဂိုး တူး ကမ်းစ် ပေါ့... "

"နောက်ထပ် လာစရာဖြင့် မရှိသေးဘဲနဲ့များ... နောက်ဆုံးတော့ ကိုတောက်တဲ့ပဲ အနားမှာ ကျန်မြဲတိုင်း ကျန်နေမယ်... မမ... မမနဲ့ ချွဲနေတာကိုများ ဗီလင်လာ နေသလား မသိဘူးနော်... "

"ပေါက်ကရဟယ်... "

အသံမတုန်အောင် ထိန်းမိသည်ဟု ကိုယ့်ကိုယ်ကို စိတ်မလုံ ဖြစ်နေရသည်။ ပြီးတော့... ဘာကို ရှက်မိမှန်းမသိ... ။ ကိုအောင်ခိုင် ရှိရာဘက် ခပ်စွေစွေ ကြည့်မိသေးသည်။ သူကလည်း စကားပြောနေရင်းကနေ သည်ဘက် လှည့်ကြည့်မိသေးသည်။ ရုတ်တရက်မို့ ပြုံးလိုက်ရသည့် အပြုံးက မချိသွားဖြဆိုသလိုများ ဖြစ်နေလေသလား... ။

"အိမ်ထောင်ပြုမယ်ဆိုရင် ကိုယ့်ထက် အသက်အရွယ်ကြီးတဲ့ ရင့်ကျက်တဲ့ ဦးဆောင်နိုင်တဲ့ ယောကျ်ားကိုပဲ ရွေးတာ ကောင်းပါတယ်ဟယ်... နော်... အော်ခန့်ဘော်လေးက ရုပ်ရည်လေး ကြည်ကြည်လင်လင်နဲ့ ချစ်စရာလေးပါ... ဒါပေမဲ့... ရင့်ကျက်မဲ့ ပုံတော့မရှိဘူးနော်... နင့်ကိုလည်း ကြောက်လိုက်ရတာ ပြာလို့... ဘယ်နေရာမှလည်း... ဦးဆောင်ဦးရွက် ပြုဖို့ စိတ်ဝင်စားပုံ မရဘူး... အစားအသောက်စားတာတောင်... ကြည့်ပါလား...

မမ ကြိုက်တာမှာပါတဲ့... ရယ်ချင်စရာနော်... "

နီလာက ပြောလည်းပြော... ရယ်လည်း ရယ်...

နီလာနှင့် ဆုံသည့်နေ့က အင်းလျားကန်စောင်းမှာ နေ့လယ်စာ သွားစားကြတာကို ပြန်အမှတ်ရသည်။ နှင်းပန်းက အမှတ်တမဲ့ပေမဲ့ နီလာက သတိထားမိသည် ဖြစ်မှာ...

ခန့်ရဲ့ အပြုအမူတွေကလည်း သူများ ပြောစရာဖြစ်လောက်အောင်ပင် ကလေးဆန်လွန်းသည်။

"ဟုတ်တယ်... အဲဒီ မရင့်ကျက်နိုင်တဲ့ ပုံစံမျိုးနဲ့ ယောကျ်ားတစ်ယောက်ကို ငါက ဘယ်လိုရွေးမလဲ... သူ့ကို မချစ်နိုင်ပါဘူးလို့ ငြင်းတာလည်း အကြိမ်ပေါင်း ထောင်သောင်းမကတော့ဘူး... ငါ တကယ် စိတ်ညစ်ရတယ်... "

"သူက မယုံဘူးလားမှ မသိတာ... နင့် အိမ်ကရော သိသလား... နင့် မိဘတွေ့က ဘယ်လို မှတ်ချက်ချလဲ... "





ပင့်သက်ရှည်ကို မှုတ်ထုတ်ရှိုက် ဖြစ်သည်။ နှင်းပန်းရဲ့ မိဘတွေသဘောထား ဘယ်လိုရှိမယ် မေးစရာမလိုဘူးဆိုတာ သေချာပါသည်။ နှင်းပန်းရဲ့ မိဘတွေဆိုတာလည်း လူသားထဲကလူတွေပါပဲ။ ယ်စဉ်ကတည်းက နှင်းပန်းရဲ့ ထူးချွန်သည့် ပညာရေးအတွက် ရုပ်ရည်ချောမော ပြေပြစ်ခြင်းအတွက် ဂုဏ်ယူမဆုံး ကြွားဝါမဆုံး ဖြစ်ခဲ့ရတာ... ။ ပြီးတော့ ငွေကြေးကြွယ်ဝမှု ဆိုတာထက် ရာထူး ရာခံ ဂုဏ်ဒြပ်ကို ပိုပြီး မက်မောကြတာ... ။

"မေမေတို့က သေချာသိတာ မဟုတ်ပါဘူး... အိမ်ကို တစ်ခါ နှစ်ခါပဲ လက်ဆောင်တွေ ပစ္စည်းကြို့တွေ ပေးရင်း ဝင်ထွက်ဖူးတာ... သိရင်တော့လည်း ဘယ်လို ပြောမှာလဲ... ကိုယ့်ထက် အသက်အများကြီး ငယ်တာ စဉ်းစားပါဦး သမီး ရယ်လို့ ပြောမှာပေါ့... "

"ကိုအောင်ခိုင် ဆိုရင်တော့ နင့် အိမ်က သဘောကျကြမှာပဲ... "

"အပျိုကြီး လုပ်တာပဲ ကောင်းပါတယ် ဟယ်... "

ဒုတိယ အကြိမ်မြောက် နီလာ့ထံက မျက်စောင်းကိုသည်။ မယုံဘူးဆိုသည့် သဘော... ။ ကိုအောင်ခိုင်ကို လက်ခံရည်ဆိုတာက အလှမ်းဝေး လွန်းလှသည်။

ဒါပေမဲ့... သူ့ကိုတော့...

သူ့ကိုတော့ ပြတ်သားရမှာပါပဲ... ။

အင်း... ကိုယ့်ဘက်က ပြင်ဆင်ရုံရှိသေးချိန်မှာ သူ

ကတော့ အဖြေကို ရှာတွေ့ခဲ့လေပြီလား မသိ။

နှင်းပန်း အပေါ်မှာ နာကြည်းနိုင်ပြီ ထင်သည်။

အို...

နှလုံးဘက်က ဘာကြောင့် အောင့်မျက် ရတာပါလိမ့်...

လည်ချောင်းထဲမှာ ဘာတွေများ ပူနွေးဆို့ကျပ်လာရသည်လဲ... ။

[အချစ်ဆိုတာ... ပုံသေနည်းတစ်ခု မဟုတ်ဘူး] ဆိုသည့် သူ့စကားက နှင်းပန်းအတွက် ကျိန်စာဆိုးတစ်ခု ဖြစ်ခဲ့ပြီ ထင်ပါရဲ့... ။

ကောင်လေးရေ...

ဒီအတိုင်း နှုတ်မဆက်ဘဲ ဝေးသွားပါတော့... ။





# ပန်းမျိုးစုံ - ၁၁၆

ငွေစာရင်းဌာနရှေ့ အနီးဆုံး ရေတမာပင်ရိပ်အောက်မှာ ဆိုင်ကယ် အနီရောင်လေးကို မြင်လျှင် မြင်ချင်း နှင်းပန်းရဲ့ စိတ်လှုပ်ရှားမှုနှင့် ရင်ခုန်သံတွေ ပြောင်းလဲသွားပုံက ကြောက်စရာ အံ့ဩစရာပါပဲ... ။

ကိုယ့်ကိုယ်ကို မယုံနိုင်လောက်အောင်ပါပဲလား...။

သူ... နှင်းပန်း ဆီပြန်ရောက်လာပြီ ဟူသော အသိသည် နှင်းပန်း ကိုယ်တိုင် ပုံသေနည်းတစ်ခုဖြင့် ချုပ်နှောင်ထားသော ခံစားချက်နှင့် လုပထူးခြားစွာ ဆန့်ကျင်လျက် ဟိုး တိမ်တိုက်တွေပေါ်ကနေ ငြိမ့်ခနဲ လွင့်ကူလာသလိုပင်... အေးလိုက် နွေးလိုက်နှင့် ရှိန်းမြသလို ခံစားမှုကို ပေးစွမ်းနိုင်လေသည်။ အဲသည်လို ခံစားမှုကိုပင် နှင်းပန်းသည် မေ့မေ့လျော့လျော့ သိမ်းဆည်းလျက် သိပ္ပံဆောင်၏ ဖလှကားထစ်တွေကို ခပ်သွက်သွက် တက်လာမိသည်။ ပြီး... လျှောက်နေကျ ကော်ရစ်ဒါရှည်၏ အဆုံးနားမှာ လှုပ်ဆော့နေသည့် ခြေထောက်တစ်စုံကို စိတ်လောတကြီး ရှာဖွေနေ

မိလေသည်။ မိုးသည်းပက်ထားသည့် ကော်ရစ်ဒါတစ်လျှောက် သတိထားလျှောက်နေရသည့်ကြားကပင် အာရုံက... ကော်ရစ်ဒါထောင့်ချိုးဆီ အပြေးရောက် ရောက်သွားသည်။

ရင်ထဲ လှိုက်ခုန်နေသည့် နှလုံးသားကို ဘယ်လို ငြိမ်သက်အောင် တုပ်နှောင်ရပါ့မလဲ... ။

အချစ်က သူမကို လှပစွာ ဖြားယောင်းခဲ့ပြီ ထင်၏။

လှုပ်ဆော့နေသည့် ခြေထောက်တစ်စုံကို ရှာဖွေမတွေ့သောအခါ နှင်းပန်း သိသိသာသာ မောပန်းသွားသည်။ အမြင်မှားတာများ ဖြစ်မလား...

အို... အနီရောင် Dream ဆိုင်ကယ်တွေ အများကြီးရှိနိုင်တာပဲ... ။

သူ ပြန်မလာတော့ရော ဘာဖြစ်မလဲ... ။ ကျေးဇူးတင်စရာပင် မဟုတ်လား... ။ သူ့ဘာသာ နှင်းပန်းကို စိတ်ပျက်သွားပါစေလို့ ဆုတောင်းရမှာ မဟုတ်လား... ။

နွမ်းသွားသော ရင်ကို ထိန်းလျက် ပင့်သက်ရှည်တစ်ခု ရှိုက်ဖြစ်သည်။ အဲသည့် ခဏမှာတော့ နှင်းပန်း၏ အချိန်တာအားလုံးသည် အ[illegible]ကင်းမဲ့သွားသလိုပင်...

ကော်ရစ်ဒါအကွေ့ကို ရောက်လျှင်တော့ တဲတဲမှျင်မှျင်သာကျန်သော မှော်လင့်ချက် ကြိုးတစ်ချောင်းက ထောင်းခနဲ ပြတ်ထွက်သည်။ ခန္ဓာကိုယ်ကို ထိန်းသယ်လာသည့် ခြေအစုံကို နောက်ထပ် မရွေ့လျားချင်လောက်အောင် လေးပင်လာ၏။





ဒါပေမဲ့...

သူဟာ... နှင်းပန်း အတွက်မှ မဟုတ်ဘဲနော်... ။

မေ့ပစ်လိုက်စမ်း... ။

ခရမ်းပြာရောင် ဗင်ဒါသစ်ခွပင်တွေကို မတွေ့ခင်အထိ နှင်းပန်း ရင်ထဲမှာ ဝမ်းနည်းမှုနှင့် နာကျင်မှုတွေသာ ရောထွေးလျက် ရှိသည်။

"ကြည့်စမ်း... နင် တော်တော် ဆိုးပါလား... "

စိတ်အာရုံတွေ အားလုံးကို စုစည်းထိန်းချုပ်မရနိုင်ခင်မှာပင်... လိုက်လှဲပျော်ရွှင်သည့် ခံစားမှုနှင့်အတူ နှုတ်ခမ်းက စကားသံတွေ၊ အပြုံးတွေ၊ အရယ်တွေကို ကိုယ့်ဘာသာ သတိမထားမိဘဲ သူ့ကို တွန်းထိုး ရိုက်ပုတ်မိသည်။ စာသင်ခန်းရှေ့မှာ ဆိုတာကို မေ့လျော့သည်။ ပန်းဆိုလျှင် အရှုးအမူးမြတ်နိုးလှသည်လည်း မဟုတ်ပါဘဲ ခရမ်းပြာရောင် ဗင်ဒါတွေကို မြတ်မြတ်နိုးနိုး ပွေ့ပိုက်မိသည်။

သူကတော့ နှင်းပန်း ထုရိုက်တာ အပြစ်တင်တာတွေကို ကျေနပ်စွာ ခံယူရင်း ပြုံးရုံသာ ပြုံးနေလေသည်။ သူ့ အပြုံးက သိပ်တော့ မလန်းဆန်းဘူး ထင်မိသည်။ ပြီးတော့ သူ့မျက်ဝန်းသည် စကားများစွာ ဆိုနေ၏။ နှစ်ပတ်ကျော်ကျော်မျှ အချိန်အတွင်းမှာ သူ့ဆံပင်တွေ သိသိသာသာရှည်ပြီး သူ့အသွင်က ညှင်းသိုးသိုးဆန်လာသည်။ အသားတွေ ညိုပြီး မျက်နှာပေါ်မှာ (အသားပတ်သလို)ပတ်ကြားအက်ကြောင်းတွေ ထင်လာသည်။ သပ်ရပ်ကျော့မော့နေသည့် အောင်ခန့်ဘော် မဟုတ်တော့ဘဲ ကပိုကရိုနှင့် အရိုင်းဆန်လှသည်။

သူ့ ခရီးပမ်းလာသည်လား...





ဘယ်လောက်ဝေးဝေး ဘယ်လောက်ကြမ်းကြမ်း လမ်းတွေများ လျှောက်သွားနေသလဲ ကလေးရယ်...

ကျေးနုစိမ်းရောင်တီရှပ်ပေါ်မှာ မိုးကာဂျာကင်အသားရောင်ဖျော့ဖျော့ကို ထပ်ဝတ်လျက် အနားဖွာနေသော ဂျင်း(န်)ဘောင်းဘီရှည်နှင့် သူ့သဏ္ဌာန်က အနည်းငယ် ဂျစ်ပစီဆန်ပါသည်။ ဘေးခွဲ ခွဲထားသည့် ရှေ့ဆံပင်တွေရှည်ပြီး နဖူးတစ်ခြမ်းပေါ် အုပ်ကျနေသည်။ ရှည်ကျနေသည့် ဆံပင်ကို မကြာခဏ သပ်တင်နေတတ်သည့် အကျင့်က အစ, ကလေးဆန်နေတာ မဟုတ်ဘူးလား... ။

ဒါပေမဲ့ အဲသည် အမူအကျင့်လေးတွေကို နှင်းပန်းက မေ့မရနိုင်ခဲ့တာ... ။

"သစ်ခွပန်း ကြိုက်လား... "

သူက အဲသည် တစ်ခွန်းသာ မေးသည်။

"မကြိုက်ပါဘူး... "

ထုံးစံအတိုင်းပဲ... နှင်းပန်းကလည်း သူ့မနှစ်သက်ဘူးဆိုတာ သေချာသည့် အဖြေမျိုးကိုမှ ရွေးဖြေချင်လေသည်။ သူက ဒါကို သိထားနှင့်ပြီး ခပ်သာသာ ပြုံးသည်။ သူ့ အပြုံးက သည်းခံသည့် အပြုံးမျိုးသာ ဖြစ်ပြီး နားလည်ခွင့်လွှတ်သည့် အပြုံးမျိုးတော့ မဟုတ်ချေ။

"ဒါဆိုလည်း လွှင့်ပစ်လိုက်... "

"ဟင့်အင်း... နှမြောစရာကြီး... သဲသဲတို့ကို ပေးလိုက်

မယ်... ”

“ကျွန်တော် မမအတွက် ယူလာတာ... သူများကိုတော့ မပေးပါနဲ့... ”

အရင်လို လှုပ်လှုပ်ခတ်ခတ် မဖြစ်ဘဲ သူ ငြိမ်သက်နေပုံက တစ်မျိုး...

ကြည့်စမ်း...

အေးစက်စက်နဲ့... ။ မချင့်မရဲ ဖြစ်စရာနော်... ။

နှင်းပန်းတို့ နှစ်ဦးသားကြားမှာ ဖြစ်တောင့် ဖြစ်ခဲပင် ပြောစရာ စကားရှားပါးသွားပြီး နှင်းပန်းက သူ့ခြေထောက်တွေကို ငုံ့ကြည့်နေမိသည်။ သည်ကနေ့တော့ သူသည် ယိုးဒယားဖြစ် ကွင်းထိုးဖိနပ်ကို စီးလာခဲ့၏။ ဗင်ဒါသစ်ခွပင်တွေကို လက်မှာ ကိုင်ထားရင်း ပန်းပင်တွေကို တယုတယ ပြုစုချင်သည့် စိတ်ကူးမျိုး ထူးထူးဆန်းဆန်း ပေါ်လာသည်။

“ဒါတွေကို ကျောင်းမှာ လာပို့တော့... သူများ ကြည့်စရာဖြစ်နေတော့တာပေါ့... နင်ဟာ နည်းနည်းမှ စဉ်းစားဉာဏ်မရှိဘူး... ကိုယ်လုပ်ချင်တာပဲ ကိုယ်သိတယ်... ”

“အိမ်လာတော့... မမက မကြိုက်ပြန်ဘူးလေ... ”

သူက နှင်းပန်းကို ကျောခိုင်းလိုက်ပြီး စိတ်ပျက်လက်ပျက် ပြောလေသည်။ နှင်းပန်းကတော့ သူ စိတ်ဆိုးသွားပြီ ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်လာတာကို မျှော်လင့်တာ...

ဟို အရင်က အတိုင်းပေါ့...





သူ့ကို လန်းဆန်းနေစေချင်တာ...

မင်းကို ဘယ်လောက်လွမ်းဆွတ်ခဲ့ရတယ်ဆိုတာ...

အို...

မဟုတ်ဘူး... ။

သူနဲ့ နှင်းပန်းကြားက သေချာတဲ့ အဆုံးသတ်တစ်ခုကို မျှော်လင့်နေခဲ့တာပါ... ။

“တို့ အတန်းတက်လိုက်ဦးမယ်... မင်း... စောင့်နေလေ... အတန်းပြီးမှ အိမ်လိုက်ပို့ပေါ့... ”

သူ့ရဲ့ အံ့ဩရိပ်ဖြင့် လက်ခနဲ တောက်ပသွားသည့် မျက်နှာက နှင်းပန်း တစ်သက်တာမှာ မမေ့နိုင်စရာပင် ဖြစ်ပါသည်။

"ဘယ်တွေ လျှောက်သွားနေတာလဲ... "

သူက ချက်ချင်းမဖြေပါ။ နှင်းပန်းတို့ နှစ်ဦးသည် မိုးတွေ တဖြန်းဖြန်း သည်းပက်နေသည့် ကော်ရစ်ဒါအတိုင်း ခပ်သွက်သွက် လျှောက်လာကြသည်။ သူ့ခန္ဓာကိုယ်က တစောင်းအနေအထားပေမဲ့ မိုးစက်တွေဒဏ်က အတော်အတန် ကာကွယ်နိုင်ပါသည်။ ဗင်ဒါသစ်ခွပင်တွေကိုတော့ မမြင်ရတော့ပါ... ။ သူ့ဆိုင်ကယ်ရှေ့ ခြင်းထဲ ပြန်ရောက်သွားပြီ ထင်ပါရဲ့... ။

"ကျွန်တော် ဖလမ်းဘက် ရောက်သွားတယ်... "

"ဟုတ်တယ်... "

နှင်းပန်း အံ့သြတကြီးဖြစ်သွားပြီး သူ့ကို မယုံသလို လှမ်းကြည့်လိုက်မိသည်။ သူ့ မျက်နှာက အမြဲမြင်နေကျလို မလန်းဆန်းတာမို့ နောက်ထပ်မေးခွန်းတွေ ထပ်မမေး ဖြစ်တော့ဘဲ လှေကားထစ်တွေကို တိတ်ဆိတ်စွာ ဖြတ်ကျော်လာကြသည်။

"မိုးတွေ သိပ်သည်းနေတယ်... "

သူက... နှင်းပန်းကို မကြည့်ဘဲ... သူ့ဘာသာတစ်ယောက်တည်း ပြောသလို ရေရွတ်နေသည်။ နှင်းပန်းအတွက် အချိန်တွေများစွာ ရှိနေပါသည်။ ပြီးတော့ စကားတွေ များစွာ ရှိနေပါသည်။ သူ ဒါတွေကို မသိဘူး ထင်ပါရဲ့... ။

ငေတနဝ၁၀၁ငေ



နှင်းပန်းက... အောင်ခန့်ဘော်အတွက်ဆို မျက်နှာဖုံးတစ်ခုဖြင့် အမြဲကာကွယ်ထားတတ်သည် ဖြစ်ကြောင်းကိုတော့ သူ သိချင်မှ သိပါလိမ့်မည်။

"ခဏ စောင့်ကြည့်တာပေါ့... "

"မမက ကျွန်တော့် ဆိုင်ကယ်နဲ့ အိမ်ကို လိုက်မယ်ပေါ့..."

"အင်းဟင်... "

"ဟား... "

သူက ခေါင်းမော့ပြီး ခြေထောက်တစ်ဘက်ကို မြှောက်လျက် ခုန်လိုက်သည်။

"ကမ္ဘာကြီး ဓောက်ထိုးဖြစ်သွားပြီလား မသိဘူး... "

"မဖြစ်ပါဘူး...' ဘာမှ စိတ်ကူးယဉ်မနေနဲ့... ဒီလောက်ကလေးအတွက်နဲ့ ဘာအခွင့်အရေးကိုမှ မျှော်လင့်မနေနဲ့..."

တဒင်္ဂလေးပါပဲ...

လျှပ်ပြက်သလို မြင်လိုက်ရသည့် တက်ကြွမှုလေးတွေ ပျောက်ဆုံးသွားပြီး ခပ်စောစောပိုင်းကလို မျက်နှာသေတစ်ခုဖြင့် သူ ငြိမ်သက်သွားသည်။

"ဟုတ်ကဲ့... သိပါတယ်... "

သူ့ နှုတ်ခမ်းတွေပေါ် နာကြည်းသည့် အပြုံးရိပ်တစ်ခု ဖျတ်ခနဲ ပေါ်လာသည်။

"အဲလောက်ကလေးကိုက... သိပ်ထူးဆန်းနေလို့ပါ... "

နားနေခန်းတွေရှေ့က ကော်ရစ်ဒါကို ရောက်လာတော့ နှင်းပန်းက ခြေလှမ်းတွေကို ဖြုန်းခနဲ ရပ်ပစ်လိုက်ပြီး...

"မိုးစဲတဲ့အထိ စောင့်ကြတာပေါ့... "

ဟု ခပ်တိုးတိုး ပြောလိုက်သည်။ ပြီးတော့ မှောင်ရိပ်ကျနေသည့် နားနေခန်းတွေထဲ စိတ်မောပန်းစွာ စူးစမ်းကြည့်လိုက်သည်။ နံရံမှာ ကပ်နေသော ခုံတန်းရှည်များမှာ ဘယ်သူမှ ရှိမနေပါ။ မိုးရိပ်ကြောင့်ပင် ဝန်းကျင်သည် မှောင်လျက် မှိုင်းညို့နေ၏။ ကော်ရစ်ဒါ အပြင်ဘက် ကားပါ့ခ်ကင့်မှာ အဝါရောင် ကားကလေးတစ်စင်းသာ ရှိသည်။ မိုးသံက လွဲလျှင် အကောင်သေးသေးကလေးတွေရဲ့ အသံစူးစူးရှည်ရှည်ကိုသာ တစ်ချက် တစ်ချက် ကြားရတတ်၏။

ငွေစာရင်းဌာန ကောင်တာတွေ ပိတ်နေပြီမို့ အုတ်ကွက်တွေ ပိတ်ဆည်းထားသည့် ထောင့်ချိုးမှာ ရပ်မိကြသည်။ မိုးသည် ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့ အရာအားလုံးကို ထိုင်းမှိုင်းအေးစက်စေသည် ထင်မိ၏။ ရင်ထဲမှာ လေးလံလျက်ပင် ကစားပွဲတစ်ခုအတွက် နှင်းပန်း မျှော်လင့်တကြီး ဖြစ်နေခဲ့သည်။

အုတ်ကွက်တွေကြားထဲက တစ်စစီ မြင်ရသည့် မိုးစက်တွေ၊ သစ်ရွက်တွေ၊ မိုးရေစိုစွတ်နေသည့် မြေကြီးတွေကို အဓိပ္ပါယ်မဲ့စွာ ဆက်စပ်ကြည့်နေရင်း နှစ်ဦးသားကြားက ပင့်သက်ရှိုက်သံတွေ ရှည်ကြာသွားသည်။



"ကျွန်တော် ဖလမ်းကို သွားတာ တကယ်တော့... "

တစ်ပိုင်းတစ်စ စကားရပ်သွားတော့ နှင်းပန်း သူ့ကို မော့ကြည့်မိသည်။ သူ့မျက်ဝန်းထဲမှာ အဖြေကို တွေ့ရသည် ထင်၏။ ဒါပေမဲ့ **ဘာ**ရယ်လို့ သေချာ တိကျစွာ မပြောတတ်... ။

"**တကယ်တော့** ထွက်ပြေးသွားတာပါ... "

"**ဘာရယ်...** "

"**ထွက်ပြေးသွား**တာ... မမနဲ့ ဝေးမယ် ထင်လို့... "

"**ဪ...** "

မျက်ဝန်းတွေထဲ ပူနွေးစိုစွတ်လာပြီး နှင်းပန်း သူ့ကို မျက်နှာလွှဲဖို့ ကြိုးစားလိုက်သည်။ ပြီးတော့... လှောင်ပြောင်းတစ်ခု ဖန်တီးနိုင်အောင်လည်း ကြိုးစားရလိမ့်ဦးမည် ထင်သည်။ ဒီအချိန်မှာ နှင်းပန်း အတွက် သူ့ကို ရင်ဆိုင်နိုင်ဖို့ သက်တောင့်သက်သာနှင့် အလွယ်ကူဆုံး အချိန်ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

ဒါပေမဲ့... နှုတ်ခမ်းလွှာတွေက တင်းစေ့နေခဲ့သည်။

လည်ချောင်းတွေထဲ ခြောက်သွေ့ ပူလောင်နေခဲ့သည်။

ပြီးတော့...

သူ့ကို ဘယ်တော့မှ နောက်ထပ် တွေ့ရတော့မှာ မဟုတ်ဘူး ဆိုတော့...

"ကျွန်တော် သိပါတယ်... ကျွန်တော်ဟာ မမ အတွက်

ခလုတ်ကန်သင်းတစ်ခုက လွဲပြီး ဘာမှ ဖြစ်လာမှာ မဟုတ်ဘူးလို့... ”

“ခုမှ သိတယ်လား... ”

အို...

အဲလို မဟုတ်ဘူး...

ဘာဖြစ်လို့ စကားသံက အက်ပြီး တုန်နေတာလဲ။

“သိနေတာတော့ ကြာပါပြီ... ဒါပေမဲ့... ကျွန်တော် မမနဲ့ ဝေးပြီး မနေနိုင်လို့ပါ... မမနဲ့ ခွဲရမှာကို တွေးမိတိုင်း ကျွန်တော် ရူးမလိုလို ခံစားရတယ်... မမ ကြိုက်သလို လှောင်ပါ ကြိုက်သလောက် ဟားပါ... ဒါပေမဲ့... ကျွန်တော်တကယ့်ကို... ”

အို...

ကလေးရယ်...

တို့ ဘယ်လို... ဘယ်လို... လှောင်ရက်မှာလဲ... ။

မျက်လွှာချထားသည့် သူ့မျက်ဝန်းအိမ်တွေ စိုစွတ်နေခဲ့သည်။ လက်ဖဝါးတွေ လက်ချောင်းတွေ မိုးကြောင့် အေးစက်နေရာကနေ ချွေးစေးတွေ ပျံ့ပြီး ပူနွေးစေးထန်း လာသည်။ လည်ချောင်းထဲ ဘယ်လိုအရာတွေ တစ်ဆို့နေမှန်း မသိ။ အဲသည်အရာတွေက ရင်ဘတ်ထဲ ရောက်ပြီး ပျော်ဝင်လို့လည်း မသွားနိုင်။ လက်ချောင်းတွေကို တစ်ဘက်နှင့် တစ်ဘက် ယှက်ထားပြီး ဆုပ်ချေနေမိသည်။





တစ်ခုခုတော့ ပြောရမည်လေ...

တို့ နှစ်ယောက် ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ...

“မမ... ကျွန်တော် ဘယ်လို လုပ်ရမလဲ... အချစ်ဆိုတာ **ခံစားရခက်မှန်း** ခုမှ ကျွန်တော် တကယ်သိရတယ်... ”

“**အို... နောက်တော့** မေ့သွားမှာပေါ့... ”

“**မေ့မယ်...** ”

“**အချိန်တွေ ကြာလာ**တော့လည်း... ”

“**မေ့ဖို့ ကြိုးစားခဲ့တာ...** နှစ်နဲ့ချီခဲ့ပြီပဲ မမရယ်... တောင်ကြီး **တန်ဆောင်တိုင်** ညမှာ မချစ်ဘူးလို့ မမပြောခဲ့တဲ့ ရက်က **တည်းက...** ”

“**ခန့်...** ”

မျက်ရည်မကျနဲ့နော်... ။

မျက်ရည်ကျတတ်တဲ့ ယောကျ်ားကို တို့ ဘယ်လိုမှ အထင်မကြီးနိုင်ဘူး... ။

သို့ပေမဲ့...

နီရဲပြီး မျက်ရည်ဖြင့် စိုစွတ်နေသော သူ့မျက်ဝန်းတစ်စုံကို ရင်ဆိုင်ရချိန်မှာ အထင်ကြီးခြင်း၊ အထင်သေးခြင်းဆိုတာကို သူမ မေ့လျော့သွားခဲ့ပါသည်။

“တို့နှစ်ယောက်ကြားမှာ... ခြောက်နှစ်တောင် အသက်ကွာနေတာ... ပြီးတော့... ပြီးတော့... မင်းက တကယ့်ကို ကလေးစိတ်ပဲ... မှန်တာပြောရရင် တို့ လိုချင်တဲ့ အိမ်ထောင်

ဖက်ဟာ မင်းလို ယောကျ်ားမျိုး မဟုတ်ဘူး... ”

“ဒါပေမဲ့... အဲဒါတွေဟာ... အချစ်နဲ့မဆိုင်ဘူး မဟုတ်လား... ”

အချစ်တဲ့...

နှင်းပန်း မျက်နှာ ရှိန်းမြ ပူနွေး သွားခဲ့ရသည်။ နှလုံးအိမ်ကတော့ အကြိမ်စိတ်စိတ် တဒိတ်ဒိတ်ခုန်နေခဲ့၏။ အချစ်ဆိုတာ... ဘယ်လိုအရာပဲဖြစ်ဖြစ်... နှင်းပန်းသည် ခန့်ညားဝင့်ထည်သော ဘဝတစ်ခုကိုသာ ပိုင်ဆိုင်ချင်သူပဲလေ...

ဒါပေမဲ့...

“အချစ်ဆိုတာ တို့အတွက်တော့ သိပ်အဓိပ္ပါယ်မရှိဘူး... ”

“မမ ရင်ထဲမှာ... ကျွန်တော်နဲ့ ပတ်သက်ပြီး ဘာမှ မရှိဘူးလား... တကယ်ပဲ ဘာတစ်ခုမှ မရှိဘူးလား... ”

“ဟင့်အင်း... ”

လည်ချောင်းသံဖြင့် သူမ ခေါင်းယမ်းလိုက်သည်။ မျက်လုံးတွေကိုတော့ လွှဲဖယ်ထားမိသည်။ သူ့ မျက်ဝန်းထဲ နောက်ထပ် ဘယ်လို အရိပ်တွေ ပိုလာနိုင်သလဲ...

“မမ... ကျွန်တော့်ကို မခါးသီးခဲ့ဘူးလေ... ”

“ဒါက... သံယောဇဉ်ပါ... ပြီးတော့... အားနာတယ်... ”

“ဗျာ... ”

သူ့ အာမေဋိတ်က မိုးသံကြားမှာပင် အတော် ကျယ်လောင်သွားသည်။





“အားနာတယ်... ”

“ဟိုလေ... မင်းအပေါ် မောင်လေးတစ်ယောက်လို ခင်မင်စိတ်နဲ့... ”

ရုတ်တရက် မိုးသံက လွှဲပြီး တိတ်ဆိတ်သွားသည်။ မိုးက ပိုပြီး မှောင်လာနေသည်။ အညိုးကြီးကြီးနှင့် ဝုန်းခနဲ ဒိုင်းခနဲ သဲမဲပစ်လိုက်တော့မည့် ဟန်လိုပင်... ။ နှင်းပန်းရဲ့ ရင်ခုန်သံတွေကတော့ ရင်ဘတ်ထဲကနေ အပြင်ကို ခုန်ပေါက်ထွက်လာတော့မတတ် ပြင်းထန်ခုန်လှုပ်နေခဲ့သည်။

သည်ကနေ့ဟာ... နောက်ဆုံးပါပဲ...

ပြတ်သားရလိမ့်မည်။

သည်လို တွေးသည့်ကြားကပင် ကြေကွဲခြင်းက ရင်တစ်ခုလုံး မွန်းကျပ်နေစေသည်။ နှင်းပန်းသည် ဘာကိုမှ အဆုံးရှုံးမခံရဲသူ ဖြစ်ပါလိမ့်မည်။

“မမ... သိပ်ရက်စက်တယ်နော်... ”

“ဒီနေ့လည်း... မင်းကို အသိပေးချင်လို့ပါ... တို့... တစ်ယောက်ကို လက်ခံလိုက်ပြီဆိုတာ... ”

ပွင့်ဟနေသော နှုတ်ခမ်းလွှာများ...

နီရဲသော မျက်ဝန်းအိမ်များ...

စုကျုံ့နေသော မျက်ခုံးတန်း နက်နက်များ...

ပြီးတော့... နှစ်ဦးသား ကြားက တိတ်ဆိတ်ခြင်း...

အရာအားလုံးသည် အေးစက်လွန်းပြီး အငွေ့ပျံပျောက်ကွယ်သွားတော့မလို ထင်ရသည်။

“တို့ရဲ့ အိမ်ထောင်ဖက်ကို... တို့ ရွေးချယ်ပြီးပြီ... ”





တလျှပ်လျှပ် တောက်ပလျက် ငွေ့ရည်ကြောင့် စိုလက်နေသည့် သူ့မျက်ဝန်းအိမ်များသည် တဖြည်းဖြည်း အရောင်ဖျော့လျက် အေးစက်သွား၏။ အချိန် ဘယ်လောက်မှ မကြာလိုက်ဘူး ထင်သည်။ သူမ ရှေ့က သူ ချာခနဲ လှည့်ထွက်သွားချိန်မှာ သူမ ခြေထောက်တွေ ညွတ်ယိုင်သွားခဲ့သည်။

“ခန့်... ”

အို...

ဘာကြောင့် ခေါ်မိပါလိမ့်...

မဟုတ်ဘူး... ။

ငွေစာရင်းဌာန ရှေ့ထောင့်ချိုး အကွေ့မရောက်ခင် သူ လှည့်ကြည့်လာသည်။ မှောင်ထဲမှာ သူ့မျက်ဝန်းအိမ်တွေ စိုစွတ်တောက်ပနေခဲ့၏။ သူ မျက်ရည်ကျနေတာလား... နှင်းပန်း မသဲကွဲပါ... ။

“ဟို... သစ်ခွပန်းတွေ... ”

လဲ သေလိုက်စမ်း... ။

ကိုယ့်ကိုယ်ကို သနားကြင်နာခြင်း တစ်ဝက်၊ ငဲ့ညှာခြင်း တစ်ဝက်ဖြင့် နည်းနည်းတော့ လျှောင်ပြုံး ပြုံးချင်မိသေးသည်။

“ကျွန်တော် အိမ် ပို့ခိုင်းလိုက်ပါ့မယ်... ”

ပို့ခိုင်းမယ်... ။ ဆိုလိုတာက...

သူ့ နှင်းပန်းကို မျက်နှာချင်း မဆိုင်တော့ဘူးပေါ့။

တရှပ်ရှပ်မြည်သော ခြေသံသည် မိုးသံအောက်မှာ ခပ်မြန်မြန်ပင် ပါးလျားပျောက်ကွယ်သွားသည်။

မိုးလေကြားထဲ သူထွက်သွားတော့မှာပေါ့... ။

အားလုံး ပြီးသွားပြီပေါ့... ။

နှင်းပန်း အနားမှာ တောက်တဲ့တစ်ကောင် ကပ်သလို ကပ်နေတဲ့ ကောင်လေးကို နောက်ဆို ဘယ်တော့မှ မမြင်ရတော့ဘူးပေါ့... ။

ခေါင်းမော့ပြီး အသက်ဝ,အောင် ရှူပစ်လိုက်စမ်း... ဒေါ်နှင်းပန်း...

သို့ပေမဲ့...

နှင်းပန်းရဲ့ ပါးပြင်ပေါ် မျက်ရည်တွေသာ သွန်ကျ ပြိုဆင်းလာခဲ့သည်။





မိုးသည်းသည်းအောက်မှာ အရာအားလုံးသည် ငြိမ်သက်ထိုင်းမှိုင်းလျက် ပိုပြီး ဝမ်းနည်းလွမ်းဆွတ်ဖွယ်ရာ မှိုင်းညို့နေသည်။ လမ်းတစ်လျှောက်မှာ ခပ်ဖြည်းဖြည်း ရွေ့လျားနေသည့် ထီးကလေးတွေ ဟိုမှာ သည်မှာ ခပ်ကျဲကျဲသာ တွေ့ရသည်။ ပြင်းထန်သော အရှိန်ကြီးလှသော မိုးရေတွေအောက် ရေတမာနှင့် ဝါးပင်အရွက်တွေ ငုံ့လျှိုးဝပ်ဆင်းလျက် ငြိမ်ခံနေရသည်။ ထီးရိုးကို လက်နှစ်ဖက်ဖြင့် ခပ်တင်းတင်း ဆုပ်ရင်း၊ စာရွက်စာတမ်းဖိုင်တွေကို ရင်ဘတ်မှာ ပိုက်ထားရင်း အသက်မဲ့သည့် ခန္ဓာတစ်ခုလို မိုးထဲမှာ တရွေ့ရွေ့ လျှောက်နေမိသည်။ လေဖော့ယမ်းသည့်အခါ ယိမ်းငိုက်ပါသွားတတ်သည့် ထီးရွက်ကိုပင် အကာအကွယ်ယူရင်း မျက်နှာနှင့် ဆံပင်တွေထဲ လွင့်စင်လာသည့် မိုးစက်တွေကို ကြိုဆိုရင်း... မျက်ရည်နွေးနွေးတွေကို ကြိုးစားထိန်းရင်းကပင်... ရင်မှာ နာကျင်ကြေကွဲသည့် ဒဏ်ရာက တစိမ့်စိမ့် နှိပ်စက်လေသည်။

လျှောက်စမ်း...

ဘယ်လောက် ဝေးဝေး

ဘယ်လောက် သဲသဲ...

တစ်ယောက်တည်း... ငိုရင်း လျှောက်စမ်း... ။

ဟောသည် လမ်းပေါ်မှာသာ နှင်းပန်းရဲ့ မျက်ရည်

စက်တွေကို သွန်ချနိုင်လိမ့်မည်။ သိပ်မကြာခင်မှာ နှင်းပန်းဟာ မျက်နှာဖုံးတစ်ခုကို စွပ်ပြီး ရယ်ပြုံးဖို့ အသင့်ဖြစ်ရမည်။ ပွဲလယ်တင့်နိုင်ဖို့အတွက် မျက်ရည်စွန်းသည့် နှလုံးသားတစ်ခုနှင့် လူသိမခံရဲသည့်အလွမ်းဇာတ်လမ်းတစ်ခုကို ဖုံးဖိရမည်။ ဒါဟာ... အလွမ်းဇာတ်လမ်းရော ဟုတ်ပါရဲ့လား... ။

မငိုပါနဲ့ကွယ်...

အချစ်ဆိုတာ အဓိပ္ပါယ် မရှိလှဘူးဆို...

နာကျင်စွာ ပြုံးလိုက်မိသည်။ မျက်ရည်တွေ အဆက်မပြတ် ပြိုဆင်းဆဲ... ။ ဘာကြောင့် ငိုချင်သလဲဆိုသည့် အဖြေကို ကိုယ့်ဘာသာ ရှာမတွေ့... ။

မိုးရေဖြင့် ထဘီတွေ စိုကပ်နေတာမို့ ခြေလှမ်းတွေက ပိုပြီး နှေးကွေးလာသည်။ ရေတမာပင်အရိပ်အောက် ဝင်ခိုရင်းနောက်မှာ ကျန်ရစ်သည့် ဂျပ်စင်မျှော်စင်ကို မိုးတွေကြားက မျှော်ကြည့်မိသည်။ ဂျပ်စင်မျှော်စင်ကို အင်အားကြီးလှသည့် မိုး၏နောက်ကွယ်မှာ မှုန်ပျပျသာ မြင်ရ၏။

အဓိပ္ပါယ်တော့ သိပ်မရှိလှ...

လာလမ်းကို ဘာကြောင့် ပြန်လှည့်ကြည့်တော့မလဲ... ။

ဒါပေမဲ့ မျက်ရည်တွေကိုတော့ သိမ်းမှဖြစ်မည်။

လက်ကိုင်ပဝါ ဆောင်လေ့မရှိတာမို့ မိုးရေစက်တွေနှင့် ရောပြီး မျက်နှာကို ပွတ်ပစ်လိုက်သည်။ ပူလောင်နေသည့် မျက်





ဝန်းအိမ်ကို ခဏ အနားပေးပြီး မျက်ခွံတွေကို ပိတ်ထားလိုက်သည်။

ကလေးရယ်...

တို့ရဲ့ နှလုံးသားဟာ ဘယ်တော့မှ ပြန်ပြီး နုပျိုခွင့်မရှိတော့ပါဘူး... ။ နောက်ထပ် တစ်ကြိမ် ခုလို ရင်ခုန်ဖို့ ဘယ်တော့မှ မမျှော်လင့်နိုင်တော့ပါဘူး... ။

မျက်ရည်တွေ ကုန်သွားပါစေတော့... ။

မျက်ခွံတွေ တင်းတင်းပိတ်ထားသည့်ကြားက မျက်ရည်တွေ စိမ့်ကျ လာပြန်သည်။

ဟော...

ဆိုင်ကယ်စက်သံ...

ကွယ်ထားသည့် ထီးရွက်ကို မေ့မေ့လျော့လျော့ဖြင့် ရပ်လိုက်မိသည်။ အနီရောင် Dream ဆိုင်ကယ်လေးသည် လျှပ်ပြက်သလို သူမရှေ့ ကတ္တရာလမ်းအစပ်သို့ ရောက်လာခဲ့၏။ မျက်ရည်ပြည့်အိုင်သော မျက်ဝန်းထဲ ခရမ်းပြာရောင် ဗင်ဒါသစ်ခွပွင့်တွေကို မြင်သည်။ ပြီးတော့... ကြေကွဲရိပ်ဖြင့် ပြုံးနေသည့် နှုတ်ခမ်းတစ်စုံကို မြင်သည်။ အသားရောင် ဖျော့ဖျော့ မိုးကာခေါင်းဆောင်းအောက်က စွတ်စို နူးညံ့သည့် မျက်ဝန်းတွေကို မြင်သည်။

"ညာတယ်... "

ဘုရားရေ...

"မမက နိုပ်စက်တတ်တယ်... ညာလည်း ညာတတ်တယ်နော်... "

ထီးအရိပ်အောက် သူ ဖျတ်ခနဲ တိုးကပ်လာသည့် အခါ ရှောင်တိမ်းငြင်းဆိုလိုက်ဖို့ သတိမရ... ။ နွေးထွေးသည့် ရင်ခွင်တစ်ခုကို ဘယ်တုန်းကတည်းက နှင်းပန်း တမ်းတနေမိတာပါလိမ့်... ။

"ကျွန်တော့်ကို မမ အထင်သေးလို့ရတယ်... ဒါပေမဲ့... ကျွန်တော့် အချစ်ကိုတော့ အထင်မသေးပါနဲ့ မမရယ်... "

မျက်ရည်စက်တွေက နွေးထွေးပြီး ခပ်မှန်မှန် ခုန်နေသည့် စည်းချက်ရင်ခွင်တစ်ခုမှာ နင့်သည်းပြည့်သိပ်နေအောင် နားခိုခဲ့ရတော့သည်။

နောက်ဆုံးတော့ အချစ်ကို မငြင်းဆန်နိုင်ခဲ့ဘူးဆိုတာ အသေအချာပါပဲ... ။





တလှုပ်လှုပ် တအိအိ ယိမ်းထိုးသွားနေတတ်သော ရထားတစ်စင်းပေါ်မှာ သူ ဘယ်တုန်းကမှ အိပ်မပျော်ဘူးဆိုတာ မရှိပါ။ ငြိမ်သက်နေသည်ပဲ ဖြစ်စေ၊ လှုပ်ရှားနေသည်ပဲ ဖြစ်စေ ဘယ်လို နေရာမျိုးမှာ မဆို သူ စိတ်ချ လက်ချ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ခဲ့သည်။ ခုလည်း သီချင်းသံဗေ့ ကြားနေရလျှင်ပဲ အလွယ်တကူ အိပ်ပျော်သွားလိမ့်မည်ဟု သူ့ကိုယ်သူ ယုံကြည်စိတ်ချနေခဲ့သည်။ ပြီးတော့... သူကိုယ်တိုင် ဘာကိုမှ သတိမရတော့ဘဲ... စိတ်လွတ်ကိုယ်လွတ် အိပ်ပျော်သွားသည့် အခြေအနေမျိုး ဖြစ်စေချင်ပါသည်။

အထူးသဖြင့်တော့...

အောင်ခန့်ဘော်ရဲ့ နောက်က တစ်ယောက်ထိုင်ခုံမှာ... ကျွမ်းဝင်ရင်းနှီးဖူးသည့် အမျိုးသမီးတစ်ယောက် ရှိနေသည်ဆိုတာကို...

နှင်း... ဆိုတဲ့ အခေါ်အဝေါ်ကို...

ခပ်ထူထူနှင့် တင်းနေသည့် နှုတ်ခမ်းလွှာတွေကို...

မျက်တောင်ကော့တွေ ခပ်စိတ်စိတ် ဝန်းရံနေပြီး အင်မတန်မှ မိန်းမသားဆန်စွာ နူးညံ့လှသည့် မျက်ဝန်းတစ်စုံကို...

အားလုံးကို မေ့ပြီး အိပ်ပျော်သွားချင်သည်။

အခါများစွာ ကလိုပင်... နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားချင်သည်။

သို့ပေမဲ့ မျက်စိတွေ မှိတ်ထားသည့်ကြားက သူ့အာရုံသည် ထင်ရှားကြည်လင်နေဆဲပင်... ။ ဆံပင်ရှည်ကို နောက်ဘက်မှာ နှစ်ထပ် ခေါက်တင်ထားပြီး ကနကမာ ညှပ်ကလေးဖြင့် ဒေါင်လိုက်ညှပ်ထားသည် ဆိုတာကိုရော... သူ့ကို မြင်တော့ အံ့ဩတကြီး ဝမ်းနည်းနာကျင်သွားသည့် မျက်ဝန်းမှိုင်းမှိုင်းတွေကိုရော...

ရထားပြတင်းကနေ ငေးမောလျှင်တော့... ရေတွေပြည့်တင်စ,ပြုနေသည့် လယ်ကွက်တွေကို မြင်ရသည်။ ဘုန်းတော်ကြီးကျောင်း အမိုးချွန်တွေကို ဝေးဝေးမှာ မြင်ရသည်။ နေဝင်စဆည်းဆာမှာ အိပ်တန်းဆီ အုပ်စုဖွဲ့ ပျံသွားသည့် ငှက်အုပ်တွေကို မြင်ရသည်။ ရထားလမ်းဘေးတစ်လျှောက် အိကျနေသည့် ဓာတ်ကြိုးတန်းတွေပေါ်မှာ တန်းစီနားနေသည့် ဆက်ရက်အုပ်တွေကိုလည်း မြင်နိုင်သည်။ ဘယ်လိုမှ မထူးဆန်းလှသော သမရိုးကျ မြင်ကွင်းသည် အောင်ခန့်ဘော်ကို ညည်းငွေ့အောင် မစွမ်းဆောင်နိုင်တော့ဘူးလား... ။

ချောင်းကူးရေကျော် တံတားတစ်ခုပေါ် ရထားဖြတ်သွားသောအခါ ဆူညံလှသည့်အသံက ကက်ဆက်အီးယားဖုန်း



င့် အုပ်ထားသည့် သူ့ နားထဲသို့ပင် ဝင်လာခဲ့သည်။ ကျောမှီထားည့် ကျောပြင်တစ်ခုလုံး ပူလာသည်ကို အဲသည်အခါမှ သတိထားပြီး ရထားပြတင်းဘက် ကိုယ်ကို ငိုက်လျက် အနေအထားပြင်လိုက်ရသည်။ သူ့နံဘေးသို့ အပူငွေ့တွေ လွင့်ထွက်ဆဲ ကော်ဖီခွက်တစ်ခွက် ရောက်လာသောအခါ သူ့နားက နားကျပ် (ear phone) ကို ဆွဲဖြုတ်လိုက်ရလေသည်။

"ရော့... ကော်ဖီသောက်ဦး... "

သူမရဲ့ လေသံက ခန့် အပေါ် ရင်းနှီးစိုးပိုင်ဆဲပင်...

မော့ကြည့်လိုက်တော့ မြင်ရသည့် အပြုံးသည်လည်း နွေးထွေးဆဲပင်... ။

အဲသည် အပြုံးလေးတွေက... အောင်ခန့်ဘော်ကို တင် ရင်ခုန်စေခဲ့တာပေါ့... ။

"နှင်း... သောက်ပါ... "

"နှစ်ခွက် ဖျော်ထားတယ်လေ... မင်းအတွက် တစ်ခွက်... ညနေစာရော စားခဲ့ပြီးပြီလား... "

"ဟင့်အင်း... "

ရထားက သုံးနာရီမှာ ထွက်သည်မို့ ညနေစာ မစား ဖြစ်ခဲ့ပါ။ ခရီးသွားရင်း ဝန်စည်စလှယ်တွေ ရှုပ်ထွေးသည်ကိုလည်း သည်းမခံနိုင်တာမို့ လိုအပ်သလောက် ပစ္စည်းတွေသာ စိစစ်ပြီး ထည့်ခဲ့သည်။

"တောင်ငူရောက်မှ ထမင်းထုပ် ဝယ်စားလိုက်မယ်... "

"တို့မှာ ထမင်းရော... ဟင်းရော... ပါ,ပါတယ်... "

"နှစ်ယောက်စာ... လောက်ပါ့မလား... ကျွန်တော်က အစားကြီးတယ်... "

"အံမယ်... "

မျက်စောင်းဝင့်ရင်း နှုတ်ခမ်းလေးမဲ့လိုက်သည့်အခါ သူ့ ရင်ထဲမှာ လှပ်ခနဲ လှိုက်ခါသွားရသည်။

မြတ်စွာဘုရား...

နှင်းရဲ့ ရှေ့မှာ သူ ရင်ခုန်နေတတ်ဆဲပါလား... ။

အဲသည် ရင်ခုန်သံတွေက ဘယ်တော့မှ မချုပ်ငြိမ်းနိုင်တော့ဘူးလား... ။

"အရင်တုန်းကတောင်... "

သူမ စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။ သူမ နှုတ်ခမ်းတွေ သိသိသာသာ ကွေးညွတ်သွားပြီး ဆတ်ခနဲ တုန်ခါသွား၏။ နှစ်ဦးစလုံး စကားသံ တိတ်ဆိတ်ပြီး ခပ်အမ်းအမ်း မျက်နှာဖြင့် အကြည့်လွှဲမိကြသည်။

ဒါပေမဲ့... ဘယ်တော့မဆို ဟန်ဆောင်တတ်သူ ထိန်းသိမ်းနိုင်သူက နှင်းပဲ မဟုတ်လား... ။

"ကဲပါ... ဗိုက်ဆာရင် ပြော... ဟုတ်ပြီလား... "

"ဟုတ်ကဲ့ပါ ခင်ဗျာ... "

"ကော်ဖီသောက်လိုက်ဦး... အေးသွားဦးမယ်... "

"ဟုတ်ကဲ့... "





သူမက နောက်ဘက် ထိုင်ခုံဆီ ပြန်လျှောက်သွားရင်း...

"မုန့်ယူဦးမလား... တို့မှာ ဒိုးနတ်တွေပါတယ်... "

ဟု မေးသည်။ ပလတ်စတစ်ကို ဖွင့်နေသည့် အသံ မြုံးကြားရသည်။

"တော်ပြီး... ကျွန်တော် မကြိုက်ဘူး... "

အောင်ခန့်ဘော်ဟာ ဘယ်တော့မှ အဲသည်လို မုန့်မျိုးတွေ မကြိုက်တတ်ဘူးဆိုတာ နှင်း မေ့နေပြီလား... ။ ဒါမှမဟုတ် မေ့ဟန်ဆောင်သည်လား မသိ... ။

"ကျွန်တော် ခုံလှည့်လိုက်လို့ရမလား... "

ကြိုတင် တွေးမိသည် မဟုတ်ဘဲ ဖျတ်ခနဲ မေးမိသည်။

"ရတယ်လေ... လှည့်လိုက်ပေါ့... "

သူမဆီက အခွင့်အရေးတစ်ခုကို ဘယ်တုန်းကမှ သည်လောက်လွယ်လွယ်ကူကူ မရခဲ့ဖူးဘူးဆိုတာ တွေးမိတော့ ရင်ထဲမှာ မျက်သလိုလို... ဝမ်းနည်းမိသလိုလို... ။

ပြီးတော့... နာကြည်းစရာတွေက ရင်နှင့်အပြည့် ဖုံ့ဖြိုး တွန်းထိုးလာခဲ့သည်။ သူမကို မပြောဖြစ်ဘဲ သိမ်းထားခဲ့သည့် စကားများစွာ လှုပ်ခတ်လျက် တစ်ဆို့လျက် ရင်ထဲမှာ မွန်းကျပ်လာ၏။

နှင်းကို ရင်ဆိုင်ဖို့ တကယ် သတ္တိရှိရဲ့လား... ။

ပြီးတော့... မေးခွန်းတွေများစွာ မေးချင်သည် ဆို
တာရော သေချာရဲ့လား... ။

သူ့ဘာသာ အဖြေမရသေးခင်မှာ သူ့တစ်ယောက်
ခုံကို နောက်ဘက်သို့ လှည့်ပြီး ဖြစ်နေခဲ့သည်။ ထို့နောက်မှာတော့
သူတို့နှစ်ဦးသည် ကော်ဖီခွက်ကိုယ်စီနှင့် တိတ်ဆိတ်စွာ မျက်နှာချင်း
ဆိုင်လျက် ရှိကြသည်။

"ကော်ဖီသိပ်ခါးသလား... "

ဟု သူမက ပြုံးလျက် မေးသည်။ သူ့ တစ်ကိုယ်လုံး
ရှိန်းဖိန်းလျက် ကြက်သီးမွေးညင်း ထ,လာသည်။ ရင်ထဲက ဝမ်းနည်း
မှုတွေ ခဏတော့ ငုပ်ကွယ်နေ၏။ ကော်ဖီဆိုတာတော့... ခါးတတ်
သည်ပဲနော်... ။ ကော်ဖီရဲ့ အခါး အရသာဟာ ဘာအကြောင်း
ကြောင့်မှ ပြောင်းလဲသွားမှာမှ မဟုတ်တာ... ။ တစ်ချိန်က... ကော်
ဖီခါးခါးကို သူ မနှစ်ခြိုက်တတ်တာကိုပဲ နှင်းက ကြံဖန် အပြစ်တင်
ခဲ့သေးတာ... နှင်းအတွက်တော့ အောင်ခန့်ဘော် ဆိုတာ အထင်
ကြီးစရာ၊ လေးစားစရာ၊ အသိအမှတ် ပြုစရာ ဘာဆို ဘာမှ မရှိတဲ့
ကောင်လေးတစ်ယောက်ပဲ မဟုတ်လား... ။

"ခုတော့... ကျွန်တော် ကော်ဖီခါးခါး ကြိုက်တတ်ပြီ... "

နှင်းက... သည်တော့လည်း မသိဟန်ဆောင်ပြန်
သည်။ အင်မတန် ရင့်ကျက်တဲ့ အပြုံးမျိုးနဲ့ တည်တည်ငြိမ်ငြိမ် ပြုံး
လို့... ။

[ကလေးတွေဆိုတာက အချိုကြိုက်တယ်လေ...





လူကြီး ဖြစ်လာတော့ အခါးအရသာကိုမှ လျှာစွဲတယ်... ကော်ဖီ
ခါးခါး မကြိုက်တတ်ဘူးဆိုတော့ မင်းက လူကြီး မဖြစ်သေးဘူးဆို
တဲ့ သဘောပေါ့... ]

အဲသည်တုန်းက... နှင်းရဲ့ အပြုံးဟာ သိပ်ကို ချိုမြိန်
တဲ့ အပြုံးပေါ့...

အောင်ခန့်ဘော်ကို နှိမ့်ချလိုက်ရလို့ ကျေနပ်နေတဲ့
အပြုံးလေ... ။ အောင်ခန့်ဘော်ရဲ့ အငုံစိတ်ကို လှောင်ပြောင်လိုက်ရ
လို့ ပျော်ရွှင်တဲ့ အပြုံးလေ... ။

သိပ် သတိရတာပဲ နှင်းရယ်...

ရင်ထဲမှာ တစစ်စစ်နဲ့ နာကျင်ခဲ့ရပေမဲ့... နှင်းကို
မခွဲနိုင်ဘူးလေ... ။ နှင်းရဲ့ အမုန်းကို မခံနိုင်ဘူးလေ... ။ နှင်းရဲ့
ဥပေက္ခာတွေတာရားကို မယူရဲဘူးလေ... ။

ရှုံးခဲ့တာမှ အကြိမ်ကြိမ်...

ရှက်နာခဲ့ရတာလည်း အကြိမ်ကြိမ်...

"ခန့်က တော်တော် ရင့်ကျက်လာပြီပဲ... "

နှုတ်ခမ်းတွေက တွန့်ရွလာပြီး သရော်ပြုံးလေး ပြုံး
မိသည်။ ကော်ဖီခွက်ဖြင့် မျက်နှာကို ကွယ်ထားခဲ့ပေမဲ့ မလုံနိုင်မှန်း
လည်း သိသည်။

"ဟုတ်လား... နှင်းအတွက်တော့... မောင်က ဘယ်တော့
မှ ရင့်ကျက်မလာနိုင်တော့ဘူးလားလို့... "

"ဟင်... "

နှုတ်ခမ်းဖျားလေး လှုပ်ခတ်တုန်ယင်သွားသည်။

ချိုမြလိုက်တာ...

နှင်းလို့... မြတ်နိုးစွာ တယုတယ အကြိမ်ကြိမ်ခေါ်ခဲ့ရတာ... ။

"မဟုတ်တာကွယ်... ပြီးခဲ့တာတွေ မပြောပါနဲ့တော့... "

"မိတ်ဆွေဟောင်းတွေပဲပေါ့... ဟုတ်လား... "

"ခန့်ကရော... တို့ကို ဘယ်လိုသဘောထားချင်သေးလို့လဲ... နာကြည်းနေသေးတာလား... မကျေအေးနိုင်သေးဘူးလား... ခန့် လူကြီးဖြစ်နေပြီနော်... ပြန်ပြီး ကလေးမဆန်ချင်နဲ့... "

အဲသည် စကားက သူ့ကို တစ်သက်လုံး ဖိနှိပ်ထားခဲ့တာပေါ့... ။

ကလေးမဆန်ချင်နဲ့... ။

"ကလေးဆန်တယ်ဆိုတာ ဘာလဲ... လူကြီးဆန်တယ် ဆိုတာရော ဘာလဲ... အရာရာကို နားလည် ခွင့်လွှတ် သည်းခံ... ဒါမှမဟုတ်ရင် အဲလို ခွင့်လွှတ် သည်းခံနိုင်ဟန်ဆောင်ရတာကို လူကြီးဆန်တယ်လို့ ခေါ်တာလား... ဦးနှောက်နဲ့ပဲ အရာရာကို စဉ်းစားစေခိုင်းပြီး ကိုယ့်ရဲ့ နှလုံးသားကို ကိုယ်ပြန်လိမ်ညာနေတာကို လူကြီးဆန်တယ်... ရင့်ကျက်တယ်လို့ ဆိုလိုချင်တာလား... "

"အောင်ခန့်ဘော်... "





"ဆောရီး... ဆောရီး... ကျွန်တော် ဒါတွေ မပြောသင့်တော့ပါဘူးနော်... ဒါပေမဲ့ နှင်းကို ကျွန်တော် အမှန်အတိုင်းဝန်ခံရရင် ကျွန်တော် နှင်းလို မရင့်ကျက်နိုင်သေးပါဘူး... ရင့်ကျက်ဟန်ဆောင်နေရတာပါဗျာ... "

သူမက နှုတ်ခမ်းမှာ ကော်ဖီခွက်ကို တေ့ထားရင်း မျက်လွှာကို ပင့်ကြည့်သည်။ ဝန်ထုပ်ဝန်ပိုးတွေ ထမ်းထားရသလို လေးလံတစ်ဆို့နေသော ရင်ခွင်မှာ နည်းနည်းတော့ လျော့ပြေသွားသလို ထင်မိသည်။

တကယ်တော့... ဟိုစဉ်တုန်းကတောင် ဘာတစ်ခွန်းမှ မပြောခဲ့ဘဲနဲ့...

နှုတ်ဆက်စကားလေးတောင် မဆိုခဲ့ဘဲနဲ့...

"တို့မှာ တောင်းပန်ဖို့ တာဝန်ရှိတယ်လို့ ထင်တယ်... ဒါပေမဲ့ကွယ်... မိန်းမသားတစ်ယောက်ရဲ့ ရပ်တည်ရတဲ့ အခြေအနေကို ခန့် နားလည်စေချင်ပါတယ်... ခန့် နားလည်မဲ့အချိန်ကို စောင့်ချင်တယ်...

တို့ မိန်းမတွေဟာ စိတ်ခံစားမှုထက် ဘဝကို ပိုပြီး... "

"နှင်း... "

ပြီးခဲ့ပြီ ကုန်ခဲ့ပြီ ထင်ပေမဲ့ နာကျင်ခဲ့ဖူးသည့်ဝေဒနာတွေက အသစ်လို ပြန်ဖြစ်လာသည်။

"တော်ပါတော့... ကျွန်တော် တောင်းပန်ပါတယ်... ကျွန်တော့် အပေါ်မှာ နှင်းရဲ့ အထင်သေးမှု အယုံအကြည် ကင်း

မဲ့မှုဆိုတာတွေအတွက်... ထပ်ပြီး မနာချင်တော့ဘူး... မောင်... မေ့ထားချင်တယ်... မောင်... အထပ်ထပ် အခါခါ ရှုံးခဲ့ပြီးပါပြီ... ”

အသံတွေ လည်ချောင်းထဲ မြုပ်ဝင် ပျောက်ကွယ်သွားသည်။ လက်နှစ်ဘက်ဖြင့် ကော်ဖီခွက်ကို အုပ်လျက် ဆုပ်ကိုင်ရင်း ခေါင်းငုံ့ထားမိသည်။ မှောင်ရိပ်ကျနေပေမဲ့ ဖောင်းအိနူးညံ့သည့် သူမ၏ ခြေဖမိုး ဖွေးဖွေးတွေကိုတော့ မြင်နိုင်သေးသည်။

အချိန်ကတော့ အောင်ခန့်ဘော် ဆိုတဲ့ အဲသည် ခြေထောက်တစ်စုံအောက်က မြူမှုန်တစ်မှုန်ဖြစ်ခဲ့ရတာပါ... ။

အခုတော့ရော...

သူမ ရှေ့မှာ ခေါင်းမော့ နိုင်ပြီလား... ။

“မောင်... ”

ဟင်အင်း...

မကြားချင်တော့ဘူး...

အဲသည် ခေါ်သံကပဲ အောင်ခန့်ဘော်ရဲ့ နှလုံးသားတစ်စုံကို ချေမွပစ်ခဲ့တာ... ။





အဲသည်နေ့ကလည်း သည်လိုပဲ မျက်ရည်ကြည်တွေဝေ့ပြီး သွေးကြောတွေ နီရဲနေတဲ့ မျက်ဝန်းတစ်စုံနဲ့ပေါ့...

ဆိုးဆေးရောင်မရှိ ပကတိ နီစွေးနေတဲ့ နှုတ်ခမ်းလွှာလေးတွေက...

“မောင်... ”

တဲ့... ။

မျက်ရည်တွေနဲ့အတူ ရင်ခွင်ထဲခိုဝင် ပါးအပ်လို့... သူ့ ရင်ခုန်သံတွေကို နားထောင်ခဲ့ဖူးတာ မေ့မရနိုင်ခဲ့သေးဘူး နှင်းရယ်...

မောင့်ရဲ့ မမနှင်းရယ်... ။

သူ့ထက် အသက်ခြောက်နှစ် ပိုကြီးသော မိန်းမတစ်ယောက်ကို ချစ်မိသွားလိမ့်မည်ဟု သူတစ်သက်တာမှာ မျှော်လင့်မထားခဲ့ပေမဲ့လည်း တကယ်တမ်း အဲသည်လို ဖြစ်လာသည့်အခါမှာ ထူးဆန်းလှသည်ဟု မထင်မိပါ။ မဖြစ်သင့်သည့် အခြေအနေတစ်ခုဟူ၍လည်း ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ဘူးပါ။ သို့ပေမဲ့... လူ့လောကကြီးထဲ သူမထက် ခြောက်နှစ်နောက်ကျပြီးမှ ရောက်ခဲ့ရသည်ကပင် သူမ အဖို့တော့ အောင်ခန့်ဘော်၏ ချို့ယွင်းချက် တစ်ခု၊ အပြစ် တစ်ခုဖြစ်နေရသည်ဆိုတာကို ပြဿနာတစ်ခုလို သူ အမြဲ ရင်ဆိုင်ခဲ့ရသည်။ ပြီးတော့... သူချည်းပဲ တစ်ဖက်သတ် ရှုံးနိမ့်ခဲ့ရသည်။

အချစ်သည် သူ့ကို ရုန်းမထွက်နိုင်အောင် ပင့်ကူအိမ်တွေလို ချည်နှောင်ပြန်သည်။

နောက်ဆုံးတော့...

အချစ်က သူ့ကို မျက်ရည်များဖြင့် ကျွန်ရစ်စေခဲ့သည်။



ဝေဒနာတွေသာ သိမ်းဆည်းစေခဲ့သည်။ သို့ပေမဲ့လည်း အောင်ခန့်ဘော်သည် အချစ်ကို တမ်းမက်ဆဲပင်...

နှင်းကိုလည်း လွမ်းဆွတ်တတ်ဆဲပင်... ။

အပြာရောင် ဗင်ဒါသစ်ခွပွင့်တွေကို မြင်လျှင်... ကောင်းကင်ပေါ် လှပစွာ တရွေ့ရွေ့ တက်သွားသည့် မီးပုံးပျံတွေကို မြင်လျှင်၊ လပြည့်ည၏ ပြည့်ဝန်း ဝိုင်းစက်သော အလင်းရောင်ဖြာနေသော လမင်းကြီးကို မြင်လျှင်...

နှင်းကို လွမ်းဆွတ်မြဲပင်...

သို့သော်လည်း... အနည်းငယ် ရင့်ကျက်ခဲ့ပြီဖြစ်သော အချစ်ကို နာကြည်းခဲ့ပြီဖြစ်သော... အောင်ခန့်ဘော်အတွက် နှင်းသည် တဖြည်းဖြည်းဝေးပြီ ပျောက်ကွယ်သွားသည့် ကြယ်ကြွေတစ်ခုသာ... ။

နှင်းကို စ,တွေ့စဉ်ကတော့… မိန်းမသားဆန်လှသော နှင်းသည် သူ့အတွက် နှစ်သက်ဖွယ် ဖြစ်၏။ ခန့်က မိန်းမသားဆန်သော မိန်းမများကိုသာ နှစ်ခြိုက်လေ့ရှိသည့်ကြောင့်လည်း ဖြစ်မည်။ ဒါပေမဲ့ နှစ်သက်ဖွယ်ဟု သတိထားမိရာက စ,ပြီးနှင်းပန်းသည် နှလုံးသားထဲမှာ အရှုံးအမှုးငြိတွယ်လိုအပ်နေသည့် အချစ်ကိုမွေးဖွားစေနိုင်ခဲ့သည်။

နှင်းကို သိပ်ချစ်ခဲ့ရတယ်…

ရှုံးမတတ်ကို ချစ်ခဲ့ရပါတယ် နှင်းရယ်…

သည်လို ပြောမိလျှင် နှင်းက ရယ်မောဖွယ် ထင်သည်။ ဒါပေမဲ့ ဆယ်ကျော်သက်အရွယ်မှာ သူ နားမလည်ခဲ့သည့် အချစ်ဆိုတာကို နှင်းနှင့် တွေ့မှ သူနားလည်ခံစားခဲ့ရတာပါ။

နှင်းကို စ,ပြီး ဆုံရတော့လည်း နှင်းတွေ ဝေ့ဝဲသည့် ဆောင်းဦး နံနက်ခင်းတစ်ခုမှာ ဖြစ်သည်။ နှင်းသည် ပကတိ နူးညံ့သည့် မျက်နှာရှိပြီး နှင်းရဲ့ မျက်ဝန်းတွေက ငြိမ်းအေးလှသည်။ ဒါပေမဲ့ နှင်းသည် မိန်းမ ပီသစွာပင် အရာရာမှာ အစိုးရိမ်ကြီးတတ်ပြီး ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှု၊ ရုပ်ဝတ္ထုပစ္စည်းတွေရဲ့ လွှမ်းမိုးမှုအပေါ် အလေးဂရုပြုတတ်သူ ဖြစ်သည်ဆိုတာကိုလည်း နှင်းကို စ,တွေ့ချိန်မှာပင် သူ နားလည်ခဲ့သည်။





တောင်ကြီး မတက်ခင် အေးသာယာမှာ နှင်းကို စ,မြင်ရတော့ မျှတ်မှတ်ထင်ထင် မရှိလှပါ။ သို့ပေမဲ့ နှင်းသည် နို့နှစ်ရောင်ပေါ်မှာ အုန်းခွံရောင်၊ အပြာ၊ အစိမ်းနှင့် ချယ်ရီရောင်ဖျော့ဖျော့ပန်းတွေ ထိုးထားသည့် သိုးမွေးဆွယ်တာကို ဝတ်ထားပြီး ဘီဘဲလ်ထဘီပန်းရင့်ရောင်ကို ဝတ်ထားသည်ဆိုတာ သူ မမေ့နိုင်ဘဲ သတိရနေခဲ့သည်။ နှင်းကဖြင့် အောင်ခန့်ဘော်ဟာ ဘယ်အရာကိုမှ အလေးအနက် ရှိလှသူ မဟုတ်ဘူးတဲ့… ။

နှင်းရဲ့ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်လျှင် ရက်စက်တတ်သူရယ်လို့ မထင်ရ… ။ နူးညံ့ခြင်းကသာ မျက်နှာပေါ်မှာ ရှိသည့် အစိတ်အပိုင်း အားလုံးကို ဖုံးလွှမ်းနေသည်လို့ သူ့ စိတ်က ထင်သည်။

ဒါပေမဲ့ နှင်းဟာ စကတည်းက အောင်ခန့်ဘော် အပေါ်မှာဆို ပြတ်ပြတ်သားသား ရက်စက်နိုင်သူ ဖြစ်သည်။

ဒါကို သိလျက်နဲ့ သူ့ဘက်က ဇွတ်တိုးခဲ့တာ မဟုတ်လား… ။

နှင်းဆီ စာတွေ အစောင်စောင် ရေးမိသည်။ တုံ့ပြန်လာမည် မဟုတ်ဘူးဆိုတာလည်း အသိ… ။ 'ကျူတာ'ဆိုသည့် ဂုဏ်ပုဒ်ထက်ပိုပြီး သူ့ရဲ့ နှင်းမှာ မြတ်နိုးစရာ၊ တန်ဖိုးထားစရာ မရှိဘူးထင်သည်။ နှင်းရဲ့ ကိုးကွယ်မှုကို သူ နားလည်နိုင်သည့်အချိန်က သိပ်နောက်ကျခဲ့ပြီ… ။

နှင်းသည် သူ ထင်ထားသည်ထက် ပိုပြီး မိန်းမ ဆန်

သူ ဖြစ်၏။

ဒါပေမဲ့ နှင်းကို အပြစ် မမြင်ချင်ခဲ့... ။

နှင်းနဲ့ ပတ်သက်သမျှ အားလုံး... အားလုံးကို သူက မြတ်နိုးစွဲလမ်းမိသူလေ... ။ နှင်း... ဆိုသည့် ဝိသေသလေးကို ရင်ထဲ သိုဝှက်မြတ်နိုးနေမိသည်က အစ... နှင်းရဲ့ နှလုံးသား... နှင်းရဲ့ ဘဝကို အဆုံးပေါ့... ။

နှင်းကတော့ သူ့ကိုဆို နှင်း... လို့ ခေါ်မိတာက အစ တွန့်တိုချင်သည်။

"ဟိတ်... မင်းက ကိုယ့်ထက် ခြောက်နှစ်တောင် ငယ်ပြီးတော့... မမနှင်း လို့ ခေါ်ပါလား... "

"ဟင့်အင်း... နှင်းလို့ပဲ ခေါ်မယ်... "

"အရိုအသေ တန်တယ်... "

"မဟုတ်ပါဘူး... နှင်းကို ရင်ထဲမှာ စ,ပြီးငြိကတည်းက နှင်းလို့ တိတ်တိတ်ကလေး ခေါ်ခဲ့တာ... နှင်းကို မြင်ရင် မောင့်ရင်ထဲမှာ အေးနေလို့... "

"အပြောကောင်း... "

နှင်းက... သူ့ကို ကျေနပ်စွာ မျက်စောင်းချီတတ်သည်။ နှင်း ယုံဖို့ မယုံဖို့ ရည်ရွယ်ခဲ့သည် မဟုတ်လည်း ပကတိ အမှန်တရားမို့ ယုံစေချင်သည်။

နှင်း... ကို ဒုတိယအကြိမ် ဆုံပြီးကတည်းက သူ့ရင်ထဲမှာ နှင်း... လို့ပဲ ခေါ်ချင်ခဲ့မိတာ... ။





အင်းထဲကို သွားမည့် နံနက်မှာပေါ့... ။ နှင်းတို့ ဆရာမ လေးယောက်ကို သူတို့က ဝင်ခေါ်ရသည်။ နှင်းတို့ ငှားနေသည့် အိမ်ကလေးသည် တောင်ကြီး တက္ကသိုလ်နှင့် မနီးမဝေးမှာ ရှိသည်။ ကောလိပ်မှာ တက္ကသိုလ်အဆင့် တိုးမြှင့်ပြီးသည့်အခါ... တက္ကသိုလ်ဝန်းကျင်မှာ လူနေအိမ်ခြေတွေ တိုးချဲ့စည်ကားလာသည်။ ကျောင်းသူ ကျောင်းသားများအတွက် အဆောင်ငှားသည့် အဆောက်အဦတွေ ရှိလာသည်။ ဆရာ ဆရာမ တချို့လည်း အိမ်တွေမှာ စုငှားနေတတ်ကြသည်။ စိုင်းလင်းတို့လို ရန်ကုန်၊ မန္တလေး မြို့ကြီးတွေမှာ ကျောင်းတက်ချင်သည့်အတွက် ရန်ကုန်မှာသာ ရှိသည့် ဘာသာရပ်ကိုမှ ရွေးလျှောက်သူတွေအဖို့တော့ တောင်ကြီး တက္ကသိုလ်သည် သိပ်ပြီး စွဲဆောင်နိုင်စွမ်းသည် မထင်... ။ သူကတော့... တောင်တန်းတွေကို ချစ်သည်မို့ တောင်ပြာပြာ မှိုင်းမှိုင်းတွေ နောက်ခံထားသည့် တောင်ကြီးတက္ကသိုလ်၏ အလှကို စွဲမက်မိသည်။

နှင်းတို့ အိမ်ကလေးသည် အုတ်ညှပ်တစ်ထပ် အိမ်ကလေးမို့ သပ်သပ်ရပ်ရပ် ရှိသည်။ ခြံတံခါးနှင့် စည်းရိုးက တောင့်တင်းသော သစ်သားတိုင်များကြောင့် လုံလုံခြုံခြုံ ရှိသည်။ စည်းရိုးအပြင်ဘက် ခြံတံခါးအနီးမှာ... အုပ်ဆိုင်းမြင့်မားသော သစ်လှပင်ကြီး တစ်ပင်ရှိသည်။ အိမ်ရှေ့ လေသာဆောင်လေးရဲ့ ပန်းဆွဲမှာတော့... ကျောက်နှင်းဆီတွေ၊ ကစ်မီတွေ၊ ရွှေတူသစ်ခွအိုးငယ်တွေ ချိတ်ဆွဲထားသည်မို့ တစ်မျိုးလှပပြီး နေချင့်စဖွယ် ဖြစ်နေသည်။

ပြီးတော့... ကာတွန်းရုပ်ကလေးတွေ ပါဝင်သော လိမ္မော်ရောင်ခန်းဆီးကလေးသည် အဲသည် အိမ်ကလေးမှာ သူ့အတွက် မမေ့စေနိုင်းဝုံးပင်။

ကားဟွန်းသံနောက်မှာ ဆရာမတစ်စုရဲ့ ခပ်ကျယ်ကျယ်ရယ်သံကို အိမ်ထဲဆီက ကြားရသည်။ ဆရာမတွေ တစ်ယောက်ပြီး တစ်ယောက် အိမ်ထဲက ထွက်လာသည့် အထဲမှာ နှင်းက နောက်ဆုံးပေါ့... ။

အားလုံးထဲမှာ နှင်းက အသေးဆုံး... ။

ကျန်သုံးယောက်က အရပ်အမောင်း မတိမ်းမယိမ်း ရှည်မြင့်ကြသည်။ အရိုးအဆစ် တောင့်တင်းသည်။ ပြီးတော့... ဆရာမ ဆိုသည့် ဂုဏ်ပုဒ်နှင့်လျှော်ညီသည့် မျက်နှာမျိုး (အသက်ကြီးရင့်သလို ထင်ရသည်)။ နှင်းကတော့ ခန္ဓာကိုယ်သေးသေး၊ ပိန်ပိန်သွယ်သွယ်၊ ဆံပင်ရှည်ဖားလျားလေးနှင့်ဆို ကျောင်းသူလေးလိုပင် ထင်ရသည်။ မျက်နှာဝိုင်းဝိုင်း၊ နှုတ်ခမ်း ဖူးဖူးလေး... နှင်းရဲ့ မျက်ဝန်းလေးတွေက အရောင်မှိုင်းကာ အေးချမ်းသည်။ သို့ပေမဲ့ နှင်းသည် မျက်နှာနှင့် မလိုက်အောင်ပင် ဆရာကြီး လုပ်ချင်တတ်သူဆိုတာ သူ မကြာခင်မှာပင် သိရသည်။

ဒါပေမဲ့... အံ့သြဖို့ကောင်းစွာပင်... ဒုတိယအကြိမ်အဖြစ် မျက်လုံးချင်း ဆုံရစဉ်မှာ...

နှင်းသည် သူ့ ရင်မှာ ချိတ်တစ်ချိတ်လို ငြိခဲ့ပြီ... ။

နှင်းရဲ့ ဆံပင်ရှည် ပါးပါးမျှင်မျှင်လေးတွေ ခပ်နော့





နော့ လှုပ်ခတ်နေတာ...

နှင်းရဲ့ မျက်လုံးအထက်က မျက်ခုံး ခပ်ကိုင်းကိုင်းလေးတွေ ကုပ်ကျနေတာ...

လက်ညှိုးလေးကောင်ပြီး မျက်လွှာလေးပင့်ပြီး တစ်ဖက်သားကို စကားပြောတတ်တာ...

နောက်တော့...

နှင်းရဲ့ အပြုံးလေးပေါ့...

ဘယ်တော့မဆို ပြန်စဉ်းစားတိုင်း ရင်ခုန်ခဲ့ရသည့် ကာလငယ်လေးမှာ သူ နှင်းရဲ့ အပြုံးရိပ်စွန်းစွန်း နှုတ်ခမ်းတစ်စုံကြောင့် အရူးအမူး ဖြစ်ခဲ့ရသည်။

နှင်းကတော့ မသိသလိုပင်...

တကယ် မသိခဲ့သေးတာလည်း ဖြစ်နိုင်ပါသည်။

အဲသည်အချိန်က စ,ပြီး နှင်းရဲ့ အပါးမှာ အမြဲနေလိုသည့် ဆန္ဒဖြင့် သူ တောက်ဘဲဘစ်ကောင် ဖြစ်ခဲ့သည်။

ခဏတဖြုတ် ရင်ခုန်မိတာ... ဆိုပြီး သူ့ ကိုယ်သူ နှစ်သိမ့်ကြည့်ဖို့လည်း အကြိမ်ပေါင်းများစွာ ကြိုးစားကြည့်ဖူးသည်။

နှင်းရဲ့ ဥပေက္ခာတရားတွေကို စိတ်နာကြည်းတတ်ဖို့လည်း ကြိုးစားခဲ့ဖူးသည်။

နောက်ဆုံးတော့ သူငယ်ချင်းတွေက သူ့ကို စိတ်ပျက်စွာ မှတ်ချက်ချသည့်ကို ခံရသည်။

[ဝဋ်ကြွေးကြီးတဲ့ကောင်]... တဲ့။

နှင်း... ကားပေါ်ရောက်သည့်အချိန်က စ,ပြီး နှင်းရဲ့ လှုပ်ရှားမှုလေးတွေကို (သူ့ဘာသာ စောင့်ကြည့်မှန်း မသိဘဲ) စောင့်ကြည့်နေမိတော့သည်။ ရယ်မောသည့်အခါ ဖြစ်ဖြစ်၊ သိမ်မွေ့စွာ ပြုံးလိုက်သည့်အခါ ဖြစ်ဖြစ်၊ အင်မတန် ချစ်စရာကောင်းသည့် မမနှင်းပန်းသည် ကျောင်းသားတွေရှေ့၊ သူစိမ်းယောကျ်ားတွေရှေ့မှာ ဆိုလျှင်တော့ မျက်နှာထားတည်တည်နှင့် အိုက်တင်ခံတတ်သည်။ ကျောင်းသားအများစုကတော့ ကျောက်ဆစ်ရုပ်လို ဒေါ်နှင်းပန်း၏ မျက်နှာထားကိုသာ မြင်ဖူးကြသည်။

"အဲဒီ မမ ကို ကြွေတယ်ကွာ... "

စိုင်းလင်းကိုတော့ သည်လို ခပ်တိုးတိုး တိုင်တည်မိသည်။ တကယ်တော့လည်း သိပ်ကို သိသာပါသည်။ သူ့ကိုယ်သူသာ သတိမထားမိပေမဲ့ အောင်ခန့်ဘော်ရဲ့ သူငယ်ချင်းတွေကတော့ စားအတူ သွားအတူ စိတ်တူ ကိုယ်တူ နေလာကြသူတွေမို့ နည်းနည်း အရိပ်ပြလျှင် အကောင်လိုက်ကြီးထက် ပိုမြင်ပြီးသားပင်။ ဒါပေမဲ့... နှင်းက သူ့ကို မယုံသလိုပင် သူငယ်ချင်းတွေကလည်း ခန့်ရဲ့ အချစ်ဆိုတာကို သံသယတော့ ရှိခဲ့ကြသည်။

ထို့နောက်မှာတော့ လွတ်လပ်ပေါ့ပါးသော လူငယ်စိတ်ဖြင့် နှင်းပန်းနှင့် နီးနိုင်သမျှ နီးရမည့် အခွင့်အရေးကို သူ မျှော်လင့်ခဲ့မိတာ အမှန်ပါ။

အင်းလေ... ရေပြင်မှာ ရုပ်တိုက်ပြေးနေသည့် စက်တပ်လှေလေးလိုပင်... သူ့ စိတ်အစဉ်က ဦးတည်ရာမဲ့ ပြေးလွှား





နေခဲ့သည်။ ကိုယ့်ကိုယ်ကို မတည်ငြိမ်နိုင်ဘူးဆိုတာ သိပေမဲ့ ထိန်းချုပ်ဖို့ ကြိုးစားမရ၊ အဲသည် အချိန်က... သူ တော်တော်ကလေး ဆန်နေခဲ့သည် ထင်ပါရဲ့... ။ နှင်းရဲ့ အထင်သေးချင်သည့် မျက်ဝန်းတွေရဲ့ အဓိပ္ပါယ်ကိုပင် သူ ကောင်းကောင်း နားမလည်နိုင်ခဲ့။

"မင်းက ကလေးပဲ... "

သည်စကားတစ်ခွန်းနဲ့တင် နှင်းရဲ့ရင်ထဲက သဘောထားကို သူနားလည်ခဲ့ဖို့ ကောင်းတာပေါ့။ အောင်ခန့်ဘော်သည် များစွာ မရင့်ကျက်ခဲ့တာလည်း အမှန်ပင်... ။

"ခန့်... မင်းပုံစံက အရမ်းကို သိသာလွန်းနေတယ်ကွာ... နည်းနည်း ထိန်းဦး ဘော်ဒါ... မင်းရဲ့ မမက မင်းကို ချွေတ်လေးလို သဘောထားနေတာ... ကောင်းကောင်းအဟားခံနေရမယ်နော်... "

နေထွန်းတို့ စိုင်းလင်းတို့က သူ့ကို ကွယ်ရာမှာ သတိပေးသည်။ ပြီးတော့ သိပ်ပြီး မလိုလားဘူးဆိုတာလည်း သိသာလှသည်။

နေထွန်းကတော့ သိသိသာသာပင် ကန့်ကွက်ခဲ့သည်။

"ပြီးတော့... ဒီလောက်ကြီးလည်း စွဲစရာ မဟုတ်ဘဲနဲ့... "

စိုင်းလင်းရဲ့ မှတ်ချက် စကားကိုလည်း အားလုံးက သဘောကျသည်။ အောင်ခန့်ဘော်အတွက် နှင်းပန်းကို ဘယ်သူကမှ အားတက်သရော ထောက်ခံအားပေးဟန် မပြ... ။ အသည်း

အသန် ငြိတွယ်နေမိသည့် ခန့်ကိုသာ စိတ်ပျက်ဟန် ကြည့်ကြသည်။

အင်းလေးက အပြန်မှာတော့… အောင်ခန့်ဘော်ရဲ့ အိပ်မက်တွေက နှင်းရဲ့ ပုံရိပ်ကြောင့် ချိုမြိန်လှပခဲ့တော့သည်။

ဝင်္ကြေးတစ်ခုအတွက် စ,တင်ပေးဆပ်ရသည်ရယ်လို့လည်း သတ်မှတ်နိုင်ပါသည်။ အချစ်ကို ယုံကြည်မိသူ ကောင်လေးတစ်ယောက်အတွက် စိတ်ကူးတွေက လှပသလောက်… တကယ်တမ်းမှာ ပြန်လည် လက်ခံရသည်ကတော့… ပူလောင်ကြေကွဲရသည့် ဝေဒနာဆိုးတွေသာ ဖြစ်သည်။ နှင်းကတော့ သွေးအေးအေးနှင့် ရက်စက်တတ်သူလား… ။

အမြဲတမ်း ပုံသေနည်းဆန်ခဲ့သည့် ဦးနှောက်ရဲ့ ဆုံးဖြတ်ချက်တွေကို မကျော်လွှားနိုင်သည့် စိတ်အင်အားနည်းသူပဲမို့လား မသိ… ။

သူကတော့… နှင်း သူ့ကို အမှန်တကယ် ချစ်ခဲ့သည်ဆိုတာကို ယုံကြည်ခဲ့သည်။

ဒါပေမဲ့ အဲသည် ချစ်ခြင်းသည် ဆူးအပြည့်နှင့် နှင်းဆီတစ်ခက်လိုပင်… ။'





နှင်းကို သူ့စိတ်ထဲရှိသမျှ ဖွင့်ချပြပြီး နောက်ပိုင်း နှင်းရဲ့ အချစ်ကို ရ,ဖို့ သူသုံးနှစ်ကျော် စောင့်ခဲ့ရသည်။ စောင့်ခဲ့ရသည်ဆိုတာလည်း သူ့ဘက်က သူ့ဆန္ဒနှင့် သူ မျှော်လင့်နေခဲ့တာပါ။ သိပ်ပြီး မိုက်မဲရူးနှမ်းလွန်းသည် ဆိုကြပါစို့… ။

နှင်းပန်းက… အောင်ခန့်ဘော်ကို ပြတ်ပြတ်သားသား တုံ့ပြန်ခဲ့ပြီး ဖြစ်သည်။ မိန်းမတစ်ယောက်ရဲ့ မျက်လုံးတွေကို နားလည်နိုင်ဖို့ဆိုတာ အတတ်ပညာတစ်ခု ဖြစ်နိုင်သည်။ ခန့်သည် နှင်းပန်းရဲ့ နှလုံးအိမ်ကို ဘယ်တုန်းကမှ အမှန်အတိုင်း မမြင်ခဲ့ရချေ။ နှင်းက တကယ့်ကို လျှို့ဝှက်ချက်အပြည့်နှင့် သူမ၏ နှလုံးအိမ်ကို ဖုံးကွယ်ထားခဲ့သည်။

ဒါပေမဲ့… သူက ဘယ်လောက် မိုက်မဲခဲ့သလဲ…

တစ်နေ့နေ့မှာ နှင်း… သူ့ကို အမှန်တကယ် ချစ်လာလိမ့်မည်ဟု ယုံကြည်နေခဲ့သည်။

တကယ်လည်း… ယနေ့တိုင် ယုံကြည်ဆဲပါပဲ…

ပြီးတော့… ဘဝနှင့်ပတ်သက်လျှင် ရင်ဆိုင်နိုင်စွမ်းနည်းပါးသော၊ ပတ်ဝန်းကျင်ကို ကြောက်တတ်သော၊ ချီးမွမ်းခံလိုသော မမနှင်းရဲ့ အတွင်းစိတ်ကိုလည်း သူက အဆုံးထိ မြင်နိုင်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့်လည်း အောင်ခန့်ဘော်က ကြေကွဲစရာ

အဆုံးသတ်တစ်ခုကို မနောအာရုံ ရ,နေသူလို ကြို့ပြီး မြင်ယောင်နေမိတာပေါ့... ။

နှင်းပန်းသည် တိမ်းမူးယိမ်းယိုင်လွယ်သော၊ စိတ်မခိုင်မာသော၊ အရှုံးကို ရင်မဆိုင်ရဲသော. မိန်းမတစ်ယောက် ဖြစ်လျှင်လည်း အောင်ခန့်ဘော်ရဲ့ နှလုံးသားက ချစ်ခြင်းကတော့ နှင်းနှင့် ပတ်သက်သမျှ ဘာကိုမှ မရွေးချယ်ဘဲ လက်ခံယူနိုင်ခဲ့သည်။

သူငယ်ချင်းတွေကြားမှာ ခန့်ဟာ ဘယ်လောက်ထိ ရယ်စရာ လှောင်စရာ ဖြစ်ခဲ့သည်ဆိုတာ နှင်း ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး။

ဒါပေမဲ့... ခန့်ကတော့ နှင်းနှင့် ပတ်သက်သမျှ အသိုင်းအဝိုင်းကြားမှာ ထူးဆန်းထွေလာ ရယ်စရာသတ္တဝါတစ်ကောင် ဖြစ်ခဲ့ရသည်။





"မင်းကွာ မိန်းမ ရှားလို့လား... "

နေထွန်းက သူ့ မျက်နှာကို စေ့စေ့ကြည့်ပြီး သည်လို ပြောခဲ့သည်။ တန်ဆောင်မုန်းလပြည့် ညတစ်ညမှာ ဖြစ်ပါသည်။ စီးကရက်မီးခိုးငွေ့များ ဝေ့ဝဲပျံ့သန်းဆဲ... ရေခဲ့နွေးပူပူ၏ အခိုးအငွေ့များလည်း တထောင်းထောင်း ထ,လျက် ကိုယ်စီ၏ ထွက်သက်လေငွေ့တွေကို သရုပ်ပီပြင်စွာ မြင်နိုင်သည့် ည၏ အလယ်တည့်တည့်အချိန်မှာ... လမ်းမကြီး နံဘေးက ကော်ဖီဆိုင်လေးတစ်ခုမှာ နေထွန်းက သူ့ကို သည်လို ပြောခဲ့သည်။ စကားသံတွေက ကက်ဆက်မှ ခပ်ငြိမ့်ငြိမ့် တိုးတိုးသီချင်းသံကို ကျော်လွှားပြီး သူ့အနားမှာ ပြင်းရှ ခါးသီးဖွယ်ပင် ဖြစ်နေခဲ့သည်။ သည်တုန်းကတော့ သူငယ်ချင်းများကိုပင် သူ ကလေးဆန်စွာ စိတ်ကွက်ခဲ့ဖူးသည်။ ဘီယာမသောက်ဘဲ မူးဝေနေချိန်တုန်းက သူ သိပ်နှစ်သက်သည့် West life အဖွဲ့၏ More than wards သီချင်းကိုပင် လိုက်မညည်းနိုင်ဘဲ စကားလုံးတွေ၊ ရယ်သံတွေကြားမှာ ခေါင်းငိုက်စိုက်ကျနေခဲ့ရသည်။

"ကြွေမနေနဲ့ ဟေ့ကောင်... ဒီလောက်ဖြစ်စရာလည်း မဟုတ်ဘူး... "

"အေးလေ... ကျောင်းမှာ ကြွေရုပ်လို ဖူးနေတဲ့ ဒီဇိုင်းလေးတွေကိုတောင် အမှတ်တမဲ့ နေခဲ့ပြီးမှ... မတန်ပါဘူးကွာ"

"မင်း... မမကြီး ကြိုက်မယ့်ပုံစံကို မမှန်းမိဘူးလား... တိုက်ပုံအင်္ကျီနဲ့ ကျေးတစ်ရာပုဆိုးနဲ့ ကော့်ကိုင်းမျက်မှန်နဲ့ ဘိုးတော်တွေကိုမှ ကြည်မှာပါကွာ... မင်းလို ချာတိတ်မျိုး... သူက ဖီလင်လာမှာလား... မှန်းကြည့်ရင် သိနေတာပဲ...

မင်းကလည်း သွားရင်းလာရင်း ဘယ်လိုတွေ ရောဂါထလာမှန်း မသိဘူး... "

"ဟော့ကောင်... တော်... တော်... ဒီဇာတ်လမ်းကို ဒီမှာ တင်ရပ်... မင်းလုပ်တာ... တန်ဆောင်တိုင်ညလေးတောင် အလှပျက်သွားပြီ... "

ကရုဏာ ဒေါသတွေကြားမှာ သူ ခေါင်းငုံ့နေခဲ့ရသည်။ အောင်ခန့်ဘော်၏ အရှုံးသည် အဲသည်တန်ဆောင်တိုင်ညမှာ စတင်ပီပြင်လာခဲ့၏။

နှင်းနှင့်ပတ်သက်သည့် အရှုံးသည် တစ်သက်တာပင်ဖြစ်ပါလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ သူက နှင်းကိုဘယ်တုန်းကမှ မမေ့နိုင်ခဲ့ဘဲလေ... ။

မရနိုင်ခဲ့တာကြောင့် ပိုပြီး တန်ဖိုးကြီးနေတာများလား ဟုလည်း ထင်ချင်စရာပင်... ။

"သူ့အပြစ်လည်း မဟုတ်ပါဘူးလေ... ဒါပေမဲ့... ချက်ချင်းကြီးပဲ... မချစ်နိုင်ဘူးဆိုတော့... "

သူငယ်ချင်းတွေရဲ့ သဘောထားကို သိလျက် သူတို့ရှေ့မှာ ကြေကွဲနေဖြစ်သေးသည်။





"ကောင်းတာပေါ့ကွာ... မျောမနေတော့ဘူးပေါ့... "

နေထွန်းက ပီပီပြင်ပြင် ကြေကွဲနေသည့် သူ့မျက်နှာကို သွေးအေးအေး ပြုံးကြည့်ရင်း ပြောခဲ့သည်။ အေးစိမ့်ပြီး လေတိုးလိုက်တိုင်း ကျောရိုးထဲ ကွဲမတတ် တောင်ကြီးရဲ့ဆောင်းညမှာ သူတစ်ယောက်တည်း ချွေးစေးတွေ ပျံနေခဲ့သည်။

ရက်စက်တယ်... မမရယ်...

ကျွန်တော်ကတော့ စိတ်ကူးတွေ ယဉ်... လို့...

ခုတော့...

အချစ် ကို မယုံ ဘူး... တဲ့။

နှစ်ဆယ့်တစ်နှစ်အရွယ် သူ့ကို ငယ်သေးတယ်... တဲ့။ အချစ်ကို နားမလည်နိုင်သေးဘူး... တဲ့... ။

[ မင်းထက် အသက်ခြောက်နှစ်လောက်ကြီးတဲ့ မိန်းမတစ်ယောက်ကို မင်း ဘယ်လောက်ကြာကြာ ချစ်နိုင်မယ်ထင်သလဲ... တစ်နှစ်လား... တစ်လလား... ]

သူ့အချစ်ကို ပြက်ရယ်ခဲ့သည့် အဲသည်စကားသံသည် သူ့အနားမှာ အပူငွေ့တွေလို လိုက်လောင်နေခဲ့သည်။

တောင်ကြီးဆောင်းက တကယ့်ကို အေးစိမ့်နိုင်ပါရဲ့... ။

တန်ဆောင်မုန်းလပြည့်ညကလည်း လှနိုင်လွန်းပါရဲ့... ။

အောင်ခန့်ဘော်ရဲ့ရင်ထဲမှတော့ အီကွေတာရဲ့အပူ

လှိုင်းတွေသာရှိသည်။ ခပ်စောစောလေးကတော့ သည်လမ်းမကြီးပေါ်မှာ သူမနှင့်အတူ ယှဉ်တွဲလျှောက်ခဲ့ရသည်။ ဖားလျားဖြန့်ထားသည့် ဆံနွယ်တွေက မွှေးပျံ့သော ရှမ်ပူရနံ့သည် အိပ်မက်ထဲမှာလိုလို သူ့ကိုမေ့မျောစေ၏။ သိုးမွှေးဆွယ်တာ သိုးမွှေးလွယ်အိတ် ခြေစွပ်တွေတစ်ကိုယ်လုံး ဖုံးနေသည့်ကြားမှာ သူမ၏မျက်နှာက သေးသေးလေးဖြစ်နေသည်။ ရယ်စရာလိုလို… ချစ်စရာလိုလို… သူမ ဘယ်လိုပဲ မျက်နှာထားတင်းပေမဲ့ အောင်ခန့်ကတော့… သူတို့နှစ်ယောက်ကြားက အသက်ကွာခြားနေမှုကို မေ့ထားနိုင်ခဲ့သည်ပင်… ။

နှင်းပန်းအတွက် ခြောက်နှစ်ဆိုသော ကာလအပိုင်းအခြားတစ်ခုသည် အကြီးမားဆုံးသော တံတိုင်းတစ်ခု ဖြစ်နေခဲ့သည်။

[တို့ကတော့…တို့ထက်ငယ်တဲ့ ချာတိတ်တစ်ယောက်ကို မချစ်နိုင်ဘူး၊ အိမ်ထောင်ဖက်အဖြစ်လည်း မရွေးချယ်နိုင်ဘူး။ အားကိုးလောက်စရာလို့လည်း မသတ်မှတ်ဘူး… ]

အဲသည်စကားကို ကြားရစဉ် သူက သူမမျက်နှာကို အံ့ဩတကြီး ကြောင်အမ်းအေးမောကြည့်နေမိခဲ့သည်။ သူ့ကိုယ်သူဘာတွေဘယ်လို ခံစားနေရသည်ဆိုတာ ကိုယ်တိုင်ပင် နားမလည်နိုင်ခဲ့တော့… ။ ရင်ထဲမှာ ဝုန်းဒိုင်းကျဲ ပေါက်ကွဲနေသည့် ဝေဒနာတွေ ရှိနေမည်လို့ ထင်ရပေမဲ့ တကယ်တမ်းကျတော့ နှလုံးအိမ်သည်





ကျဉ်ခနဲလှိုက်ခါပြီး အေးခဲနေခဲ့သည်။ အဲသည်ဝေဒနာဆိုးသည် သူတစ်သက်လုံး ခံစားသွားရမည့် ဝေဒနာလို့ အဲသည်အချိန်ကတော့ မသိခဲ့… ။

မချစ်နိုင်ဘူး…

ဆိုတာအတွက် အကြောင်းပြချက်တစ်ခု သူက လိုချင်နေမိသေးသည်။

တကယ်ဆို ဘာမှ မလိုတော့ဘူးနော်…

အချစ်ဆိုသည့် ခံစားမှုမှာ အကြောင်းပြချက် တစ်ခုခုရှိမနေရ… ။

အဲဒါကို သိပေမဲ့လည်း အောင်ခန့်ဘော်သည် အရှုံးကိုတော့ ကြောက်လန့်တတ်သည်ပင်… ။

[ အချစ်ဆိုတာ ပုံသေနည်းမဟုတ်ဘူး မမရဲ့… ။ မချစ်နိုင်ဘူးလို့တော့ မပြောပါနဲ့… ။ မမရင်ထဲမှာ အချစ်ဆိုတာ ရှိကိုရှိလာဦးမှာပါ… ။ အဲဒီအချိန်ကျရင် မမ သိလာမှာပါ။ အသက်အရွယ်တွေ အရည်အချင်း သတ်မှတ်ချက်တွေနဲ့ ဘာမှမဆိုင်တဲ့ ဘယ်လိုလွှမ်းမိုးချုပ်ကိုင်မှုမျိုးမှ မရှိတဲ့ အချစ်ဆိုတာကို မမ နားလည်လာဦးမှာပါ… ]

သူ ပြောမိခဲ့သည့်စကားတွေက ဘယ်သူ့ကို ရည်ရွယ်သည်လဲ… ။

တကယ်တော့ ကိုယ့်ကိုယ်ကို ဖြေသိမ့်ပေးနေသည်

နှင့်သာ တူလှသည်။ နလုံးဆီက ဝေဒနာတွေအတွက် တစ်ခုခုတော့ ကျားကန်ဖို့ လိုအပ်သည် မဟုတ်လား။

ကိုယ့်ကိုယ်ကို ပျော့ညံ့လှသည် ထင်ခဲ့သည့်... အောင်ခန့်ဘော်သည် သူငယ်ချင်းတွေရှေ့ရောက်မှ ကျောရိုးမဲ့သည့် သတ္တဝါတစ်ကောင်လို ရပ်တည်နိုင်စွမ်းတွေ ပိုပြီးကင်းမဲ့သွားရသည်။ သူတို့စကားတွေက အားပေးနေတာလား၊ လှောင်ရယ်နေတာလား မဝေခွဲတတ်တော့... ။ ကော်ဖီ၏အရသာသည် အဲသည်ညမှာ အခါးသက်ဆုံးဖြစ်နေခဲ့သည်။ ပြည့်ဝန်းသော လပြည့်ည၏ အလင်းရောင်အောက်မှာ လျှောက်ရင်း သူတို့တစ်စု ဇော်ပိုင်၏ 'မြို့အဝင်ည' ကို ပြိုင်တူ ညည်းလာကြသည်။

အောင်ခန့်ဘော်၏ နုပျိုလန်းဆတ်သော နှလုံးအိမ်ကတော့ အဲသည်လရောင်အောက်မှာပင် ကြေမွခဲ့ပြီ... ။

မချစ်တတ်သည့် မိန်းမတစ်ယောက်ကို အပြစ်တင်ရမည်လား... ။

သူ့မှာ မမနှင်းပန်းအတွက် နာကြည်းစရာ တစ်စုံတစ်ရာမရှိ... ။ ကံကြမ္မာကို ကျိန်ဆဲတတ်သူတွေထဲလည်း သူမပါဝင်... ။

ချစ်နေလို့ ရတာပဲလေ... ။

ချစ်နေရရုံလေးပဲ... ။

ဘယ်လောက်နှစ်တွေကြာကြာ...





သည်အတွေးက အောင်ခန့်ဘော်ကို ကျေနပ်စေခဲ့သည်။ မိန်းမတစ်ယောက်အပေါ် သန့်စင်မြတ်နိုးမှုဖြင့် ချစ်နေရသည့်အတွက်တော့ ကြေကွဲစရာ မရှိနိုင်ဘူး ထင်မိသည်။

ဒါပေမဲ့...

မျှော်လင့်ချက်ဆိုတာကိုတော့ မေ့ပစ်ရမည်... ။

အဲသည် တန်ဆောင်မုန်းလပြည့်ညရဲ့ သုံးနှစ်ကျော် ကာလမှာတော့ အောင်ခန့်ဘော်နှင့် နှင်းပန်းသည် ချစ်သူတွေဟု သတ်မှတ်ရလောက်သည့် နီးစပ်နားလည်မှုမျိုးဖြင့် အတိုင်းအတာ ကာလငယ်တစ်ခုအတွင်း ဆုံစည်းခွင့်ရခဲ့ဖူးသည်။

လွမ်းမက်ရသည့် ကာလလေးပါပဲ...

ဒါပေမဲ့... အိပ်မက်သာ ဖြစ်ခဲ့သည်။

နှင်းဟာ ရက်စက်နိုင်လွန်းပါရဲ့...

အချစ်ကိုလည်း တန်ဖိုးမထား ပြက်ရယ်နိုင်လွန်း ပါရဲ့... ။

သူကတော့ နှင်းရဲ့ရက်စက်နိုင်ခြင်းတွေကို အံ့ဩ ငေးမောနေရုံသာ တတ်နိုင်သည်။ နှင်းကိုတော့ လှည့်ဖြားတတ်သူ ဟု နာမည်ဆိုး မတပ်ချင်ပြန်... ။ ဘဝနှင့်ပတ်သက်လျှင် နှင်းသည် အရာရာမှာ သတ္တိနည်းလှသူဟုသာ ဖော့တွေးမိသည်။

နှင်းကတော့... အပြစ်ဟူသမျှ အဆိုးဟူသမျှ... သူမ





နိုင်စားရသည့် အောင်ခန့်ဘော်၏ ခေါင်းပေါ်သာ ပုံချခဲ့သည်။

ဒါပေမဲ့ ချိုမြိန်သော ရန်ခုန်သံကြားမှာ သူက နှင်းရဲ့ ရင့်သီးရက်စက်မှုတွေကို မေ့ထားနိုင်ခဲ့သည်။

မယုံချင်ပါဘူး နှင်းရယ်...

နှင်းမှာ အချစ်မရှိဘူးလို့ မယုံချင်ပါဘူး...

မောင့်အတွက် နှင်းရဲ့မျက်ရည်တွေကို မြင်ခဲ့ဖူးသား ပဲ... ။ ပြီးတော့ နှင်းရဲ့အချစ်ဆိုတာကို ခံစားနိုင်သားပဲ။

သတ္တိနည်းလှတာကိုတော့ သူ ဘယ်လိုပြောင်းလဲ ရနိုင်မည်လဲ... ။ အောင်ခန့်ဘော်ဟာ ဒေါက်တာနှင်းပန်းအတွက် လိုက်ဖက်ညီသော အိမ်ထောင်ဦးစီးတစ်ယောက် ဖြစ်မလာနိုင်ဘူး ဆိုသည့်အကြောင်းပြချက်သည် သူ့ထံအချိန်များစွာ နောက်ကျပြီး မှ ရောက်လာခဲ့သည်။။

နှင်းကို သူ နာကြည်းခဲ့ရသည်။

ပြီးတော့ ခွင့်လွှတ်ခဲ့ရပြန်သည်...

နှင်းက... အခါများစွာ သူ့ကို ဝမ်းနည်းကြေကွဲနေစေချင်သည်။ လွမ်းဆွတ်တမ်းတနေစေချင်သည်။ အောင်ခန့်ဘော်ရဲ့ 'အရာရာတိုင်း'ဟာ နှင်းပန်းအတွက်သာ ဖြစ်စေချင်သည်။ သူမကိုယ်တိုင်ကျတော့ 'ခန့်'ဟာ သူမအတွက် လမ်းပေါ်မှာ ခလုတ်တိုက်မိသွားလျှင် အချိန်မရွေး ကန်ထုတ်ပစ်နိုင်သည့် ကျောက်ခဲလေးတစ်လုံးဟုသာ သူမ ပတ်ဝန်းကျင်က ထင်မြင်စေချင်သည်။

အောင်ခန့်ဘော်ဟာ နှင်းကို မဆုံးရှုံးချင်ဘူးဆိုလျှင် မျက်စိမှိတ်နေ့ရုံပေါ့... ။

နှင်းရဲ့ကျီစယ်ခြင်းက သူ့ကို ကျိန်စာသင့်စေခဲ့သလိုပါပဲ။ သူကလည်း နှင်းကိုဆို စိတ်မချနိုင် ရှိလွန်းသည်။ သဝန်တိုတတ်ခြင်းကသူ့ရဲ့အားနည်းချက် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဒါပေမဲ့ နှင်းက နည်းနည်းလေးမှ ကိုယ်ချင်းမစာနိုင်ခဲ့... ။

အောင်ခန့်ဘော်ဟာ ခံစားချက်ကို မဖုံးဖိနိုင်ဘူး... တဲ့... ။

လူကြီးလူကောင်း မဆန်ဘူး... တဲ့... ။

သူ့ကိုယ်သူ လူကြီးလူကောင်းတစ်ယောက်ဟု ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ပေမဲ့ နှင်းက သည်လိုစွပ်စွဲလာတော့ သူ ဝမ်းနည်းရသည်။ မခံချိမခံသာ ဖြစ်ရသည်။ နှင်းရဲ့အရိပ်



အောက်က ရုန်းထွက်ဖို့ ကြိုးစားရသည်မှာ အောင်ခန့်ဘော်အတွက် အပင်ပန်းဆုံး၊ အနာကျင်စေနိုင်ဆုံးပင်... ။

ဒါပေမဲ့...

ဒေါက်တာနိုင်စိုးနှင့် မဆုံရခင်ကအထိတော့ သူ နှင်းပန်းရဲ့အချစ်ကို စိတ်ချနေခဲ့သည်။

"အိမ်က သဘောတူတာတဲ့လား… နှင်းရဲ့ဆန္ဒကရော… "

နှင်းက နှုတ်ခမ်းထောင့်စွန်းလေး ကော့သည်ဆိုရုံ ပြုံးသည်။ အဲသည်အပြုံးက ချစ်စရာကောင်းသလောက် ကြောက်စရာလည်း ကောင်းလှသည်။ သူကတော့ နှင်းရဲ့အပြုံး၊ အမဲ့၊ အရယ် အားလုံးကို ကွန်ပျူတာစကင်(န်)ဖတ်သလို အလွယ်တကူ ဖတ်နိုင်ပြီး အမြဲအဓိပ္ပာယ်ဖော်တတ်သူ ဖြစ်သည်။

"မင်းရဲ့အဲဒီမေးခွန်းကြီးက… "

"ဘာဖြစ်လဲ… "

"မရိုးသားဘူးလေ… နှင်းကို ရိချင်တာ မဟုတ်လား"

"အင်း… ဟုတ်ချင်လည်း ဟုတ်မှာပေါ့… "

"မင်းရဲ့အဲဒီစိတ်ဓာတ်ကို ကိုယ်မကြိုက်တာပေါ့ကွ… "

"ဟုတ်ပါပြီလေ… ဘယ်တုန်းကများ ဘာကိုကြိုက်လိုက်တာ ဆိုတာမျိုး ရှိဖူးလို့လဲ… "

သည်လိုဆိုတော့ နှင်းပန်းက ဟက်ဟက်ပက်ပက် ရယ်သည်။ သူ့လက်မောင်းကို ဖျန်းခနဲ လှမ်းရိုက်သည်။ ပြီးတော့မှ ကော်ဖီဆိုင်ထဲ မလုံလဲသော မျက်ဝန်းများဖြင့် ဝေ့ပတ်ကြည့်သည်။ စိတ်ချသွားလျှင်တော့ ပင့်သက်ရှိုက်ပြီး ကော်ဖီခွက်ကို ကောက်





ကိုင်မည်။ ဒါမှမဟုတ်လျှင် အနေရခက်သလို ပါးပြင်ပေါ် ဝေ့ကျနေသည့် ဆံမျှင်လေးတွေကို နားရွက်နောက်ဘက် သပ်တင်ရင်း တိုတ်ဆိတ်နေမည်။

နှင်းနှင့်သူ ဆုံရသည့်နေရာတွေက ဘယ်တော့မှ နှင်း တာဝန်ကျသည့် ကျောင်းထဲမှာ မဖြစ်ရ… ။ နှင်းရဲ့အသိုင်းအဝိုင်းနှင့် အမှတ်မထင်ဆုံရမည့် နေရာမျိုးမဖြစ်ရ… ။ နှင်းရဲ့တပည့်တွေ စုတတ်သောနေရာမျိုး မဖြစ်ရ… ။

သည်လိုဆိုတော့… ချစ်သူတွေ ဆုံနေကျ… အင်းလျားကန်စောင်း၊ ကန်တော်ကြီး၊ ဘုရား၊ ရုပ်ရှင်ရုံ… … ။

အဲသည်လို နေရာမျိုးတွေကို သူ ဘယ်တုန်းကမှ ရွေးချယ်ခွင့်မရှိ… ။ လူသူရှင်းနေသည့် ဆိတ်ကွယ်ရာတွေဆိုတာက ဣန္ဒြေမဲ့စေသတဲ့။ ဘုရားဆိုတာက လက်မထပ်ခင်သွားဖို့ မသင့်လျော်ဘူးတဲ့… ။ ရုပ်ရှင်ရုံဆိုတာကတော့ လူအများကြားထဲမို့။

ကြာတော့လည်း ရိုးသွားပြီး စိတ်ပျက်လက်ပျက်ပင် ရယ်မောပစ်ခဲ့ရပါသည်။ နှင်း Ph.D သင်တန်း ဒုတိယနှစ်မှာ သူတို့ ချစ်သူတွေဖြစ်ခဲ့ကြသည်။ နှင်း သန်လျင်မှာ ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ရတော့ သန်လျင်နှင့်သူ ပိုဝေးရသည်။ နှင်းက သူ့ကိုကျောင်းမှာ လာမတွေ့ရ၊ ကျောင်းလာမကြိုရ… ဆိုသည့် သတ်မှတ်ချက်တွေ စည်းကမ်းတွေ တစ်ခုပြီးတစ်ခု ချမှတ်ရင်း သူ့ကို နယ်ရုပ်တစ်ရုပ်လို ခပ်ဝေးဝေး တွန်းပို့ပစ်ခဲ့သည်။

ဒါပေမဲ့... နှင်းရဲ့အကြောင်းပြချက်တွေက အမြဲခိုင်လုံနေခဲ့တာပါပဲ... ။

"ခုခေတ်မှာ ဆရာ ဆရာမတွေကလည်း အသက်ငယ်ငယ်လေးတွေ... ကျောင်းသူကျောင်းသားတွေနဲ့ သိပ်ကွာတာမဟုတ်ဘူးမောင်ရဲ့... ဒီတော့...ကျောင်းသားတွေကလည်းဆရာမတွေဆို တချို့က သိပ်မလေးစားချင်ဘူး... စ,ဟယ်နောက်ဟယ်နဲ့ အရိုအသေ တန်ချင်တယ်... ကိုယ့်ဘက်ကဆင်ခြင်နိုင်မှ တော်ရုံကျတာ... "

သူကတော့ လေးစားမြတ်နိုးခဲ့ရသည်။

အဲသည်... ဆရာမကြီးက (သိက္ခာထိန်းလှသည့်၊ ဣန္ဒြေကြီးလှသည့် ဆရာမကြီးက) ဒေါက်တာနိုင်စိုးကိုတော့ကျောင်းကင်(န်)တင်းမှာ နေ့လယ်စာကျွေးခဲ့သည်ဆိုတာ သိရတော့သူ သဝန်မတိုဘဲ နေနိုင်မှာလား... ။

လူမှုရေးလို့ နားလည်သိတတ်ရမှာလား...

ဒေါက်တာနိုင်စိုးဆိုတာက နှင်းပန်းနှင့် ဆွေမျိုးတစ်စုလုံးက သဘောတူ ကြည်ဖြူထားသူလည်း ဖြစ်ပြန်သည်။

"ကလေးကျနေတာပဲ... "

"ကလေးမဟုတ်လို့ ခက်နေတာပေါ့ နှင်းရယ်... "

"အိမ်က သဘောတူတယ်ဆိုတာက... သူကလည်း ဆွေမျိုးထဲက လူပျိုကြီးလည်း ဖြစ်နေလို့... စ,ရင်းနောက်ရင်း...





ပြောကြတာပါ မောင်ရဲ့... နှင်းတို့ အစ်ကိုကြီးရဲ့မိန်းမဘက်က ဆိုတော့ ဆွေဖျားမျိုးဖျားပေါ့... တို့ကိုလည်း အပျိုကြီးလို့ နောက်ရင်းနဲ့... စကားနောက် တရားပါဆိုသလို... သဘောတူတယ် ဖြစ်သွားကြတာပါ...

"နှင်းကတော့ ယောက်မကိုလည်း သိပ်ကြည့်လို့ရတာမဟုတ်တော့... သူတို့အမျိုးဆိုကတည်းက ခပ်ချဉ်ချဉ်ပဲ"

"ချဉ်လွန်းလို့ ထမင်းခေါ်ကျွေးလိုက်တာပေါ့... "

"ကြည့်ပါလား... "

နှုတ်ခမ်းလေးကော့ရုံ မပြုံးတော့ဘဲ နှင်းရဲ့မျက်ခုံးတွေ ကုပ်ကျသွားသည်။ နှင်းရဲ့ဒေါသက မိုးလေဝသသတင်းလို ကြိုတင်ခန့်မှန်းချက်တွေ ဘာတွေ ကြားရလေ့မရှိ... ။

"သူက ကိုယ့်ကို တကူးတက ရှာပြီးလာတာ... နေ့လယ်စာ... စားချိန်နဲ့လည်း ကြုံနေတော့... ထမင်းမကျွေးရင်ကောင်းမှာလား... မင်း... နည်းနည်းမှ လူမှုရေးနားမလည်ဘူး... သံသယနဲ့ကြည့်ဖို့ပဲ တတ်တယ်... သူက ဧည့်သည်ကွ... "

ဟုတ်ပါပြီ... ။

နောက်ထပ် ပြောချင်သည့် စကားလုံးတော်တော်များများကို သူ မျိုချပစ်လိုက်သည်။

"ချစ်လို့ သဝန်တိုတာ... အပြစ်လား နှင်းရယ်... "

"ဟော့… လူတွေနဲ့နော်… "

"ဟောဗျာ… "

နှင်းက ထိတ်ထိတ်ပျာပျာဖြစ်ပြီး သူ့ကိုဟန့်သည်။ ကဖေးထဲမှာ လူ ထူထူထပ်ထပ်မရှိပါ။ ရှိနေသူတွေလည်း သူတို့နှစ်ယောက်ကိုမှ ထူးပြီး အာရုံဝင်စားစရာ အကြောင်းမရှိ… ။ သူ့ကိစ္စနှင့်သူ… ။ သူ့အတွေး သူ့အာရုံနှင့်သူ… ။ ပြီးတော့ နှင်းရဲ့လက်ဖဝါးလေးကိုသော်မှ သူ ကိုင်ရတာမဟုတ်… ။

"ဘာလုပ်လို့လဲ… "

"သူများတွေ ကြားမှာစိုးလို့… "

"အဲလောက်တောင်ပဲလား နှင်းရယ်… "

"အို… တို့က… "

"ဆရာမ… ကထိကကြီး ပီအိတ်ချ်ဒီဒေါက်တာကြီး… ကျွန်တော်ကတော့ ဖွတ်ကျား… ဘာအရည်အချင်းမှ မရှိတဲ့ကောင် မဟုတ်လား… "

"ခန့် နော်… "

သူမ ပြောချင်သည်ဟု ထင်ရသည့် စကားလုံးတွေချည်း သူက ရွေးပြောတော့လည်း မကြိုက်ပြန်။

"ကလေးကလားနဲ့… မိန်းမဆန်တယ်… "

"နှင်း… ကျေနပ်အောင်လို့ပါ… "

"နှင်းက ကျေနပ်ရမှာလား… မင်း ဒီလိုအပြောခံရမှာကို





နှင်းက ကျေနပ်နေမယ် ထင်လို့လား… ဒါပေမဲ့… မင်းကိုယ်တိုင်က အဲလိုဖြစ်အောင် လုပ်နေတာပဲလေ… မင်းသူငယ်ချင်းတွေတောင် သူတို့ရဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေ ကိုယ်စီနဲ့… မင်းက… "

"စီးပွားရေးလုပ်ဖို့ဆိုတာက အရင်းအနှီးရှိမှ ဖြစ်တာ… ပြီးတော့… ကျွန်တော် လက်ကြောမတင်းတဲ့ကောင် မဟုတ်ဘူးလေ… ကျွန်တော် အလုပ်လုပ်နေတာပဲ… "

"မင်းအလုပ်က လူ မလေးစားဘူးလေ… "

"ဗျာ… "

"ပွဲစားအလုပ်ဆိုတာ… လူလေးစားတဲ့အလုပ်မှ မဟုတ်ဘဲ… "

သူ့မှာ ပြောစရာစကား မရှိပါ… ။ သူ့အလုပ်နှင့်ပတ်သက်ပြီး ဂုဏ်ယူလောက်စရာဟု မထင်ခဲ့ပေမဲ့ အမှန်တကယ်ပင် သည်အလုပ်မှာ ပျော်ဝင်ခဲ့သည်။ သည်အလုပ်သည် သူ့ကို စိတ်လက်ပေါ့ပါးစေသည်။ သူ့ကို အမိန့်ပေးမည့် ဖိအားပေးမည့် အထက်အရာရှိလည်း မရှိ… ။ ကြိမ်းမောင်း ဟိန်းဟောက်မည့် ကုမ္ပဏီပိုင်ရှင်လည်းမရှိ။ သူ ရှာရသမျှ ပိုက်ဆံကို ခွဲဝေမျှပေးရမည့် လက်အောက်က အလုပ်သမားလည်း မရှိ… ။

"မမက ကျွန်တော့်ကို ဘယ်လိုအလုပ်မျိုး လုပ်စေချင်ပါသလဲ ခင်ဗျာ… "

ထိုင်ခုံ အပိုပေါ်တင်ထားသည့် စက္ကူလိပ်၏ထိပ်ဝိုင်းကို လက်ကိုင်ပဝါအုပ်ပြီး သူမ နှုတ်ခမ်းရှေ့မှာတေ့လျက် သူက ခပ်ရွှတ်ရွှတ် မေးလိုက်သည်။ ချက်ချင်းမှုန်ကုပ်သွားပြီး သူ့စက္ကူလိပ်မိုက်ခရိုဖုန်းကို နှင်းက ခပ်ဆတ်ဆတ် ဖယ်ချလိုက်သည်။

"ဖယ်စမ်းပါ… ဘာမှအလေးအနက် မရှိဘူး… မင်းကို အဲဒါတွေ စိတ်ပျက်တာ… "

"နှင်းရယ်… "

"မင်းလို ချာတိတ်တစ်ကောင်ကို… တို့က ဘယ်လိုလုပ်ပြီး… "

နှင်းက ရှားပါးလှသည့် တစ်ခါတစ်ရံမှာတော့ သူ့ကို အားနာဟန်ပြတတ်ပါသည်။ အဲသည်လို အချိန်မျိုးမှာ အောင်ခန့်ဘော်သည် ကိုယ့်ကိုယ်ကို ကျိန်ဆဲမိတတ်ပြီး ဘာကြောင့်များ နှင်းနှင့် မထိုက်တန်ရလောက်အောင် သူ့ဘက်က ချို့ယွင်းချက်တွေများနေရသည်လဲဟု အားမလိုအားမရ ဖြစ်ရသည်။

"အားကိုးချင်စရာ မရှိဘူးပေါ့… "

"ဟုတ်တယ်လေ… "

သူ ရယ်နေပြုံးနေလျှင် နှင်း နည်းနည်းမှ မကျေနပ်ပါ။ အောင်ခန့်ဘော်အတွက် စိတ်သောက မရှိဘူးဆိုတာကို နှင်းက တစ်မျိုးနားလည်ခဲ့သည် ထင်၏။ ဘဝမှာ… အနာဂတ်ဆိုတာကို ထက်ထက်သန်သန် မျှော်လင့်မထားဘူးလို့ နှင်းက ထင်သည်။





"မောင်… "

သူ့လက်ဖမိုးကို နှင်းရဲ့လက်ဖဝါးအိအိ နွေးနွေး လာထိသည်။ သူ ရင်မခုန်ဘဲ မနေနိုင်ပါ… ။ နှင်းနှင့် ပတ်သက်သမျှ သူ့ခံစားချက်က အသစ်အဆန်းချည်း ဖြစ်နေခဲ့တာ… နှင်းကပဲ စွဲဆောင်နိုင်စွမ်းသည်မို့လား မသိ… ။

"မိန်းမတစ်ယောက်ဟာ… အချစ်အတွက်ပဲဖြစ်ဖြစ်… ဘဝအတွက်ပဲဖြစ်ဖြစ်… ယောကျ်ားတစ်ယောက်ကို ရွေးချယ်လိုက်ပြီဆိုရင် အဲဒီယောကျ်ားကို အားကိုးချင်ကြတာပဲ… အားကိုးလောက်တဲ့ ယောကျ်ားမျိုးလည်း ဖြစ်စေချင်ကြတာပဲ… ဒါဟာ… မိန်းမသားတွေရဲ့ သဘာဝပဲ မောင်ရဲ့… အမှန်အတိုင်းပြောရရင်… တို့… မောင့်ကို မချစ်မိချင်ခဲ့ဘူးနော်… ဒါပေမဲ့… တို့အချစ်ကို မလွန်ဆန်နိုင်ခဲ့ဘူးဘဲ… ထားပါတော့…

"ဒီတော့… မောင့်ကို အားကိုးချင်စရာ လူတစ်ယောက်တော့ ဖြစ်စေချင်တယ်… တို့ရဲ့ရှေ့မှာ မားမားမတ်မတ်ရပ်ပေးမဲ့ အိမ်ထောင်ဦးစီးတစ်ယောက် ဖြစ်စေချင်တယ်… ခုတော့… မောင်က ကလေးလိုပဲ… "

မျက်လုံးလွှဲလိုက်ပေမဲ့ နှင်း မျက်ဝန်းအိမ်တွေ စိုစွတ်တောက်ပလာသည်ကို သူ့မျက်ဝန်းထောင့်ကနေ မြင်နေရသည်။ သူ့အတွက် နှင်း မျက်ရည်ကျရသည်ဆိုသည့် အဖြစ်က တစ်ကိုယ်

ကောင်းဆန်ဆန် ပြောရလျှင် တကယ့်ကို ကျေနပ်ဖို့ကောင်းပါသည်။ နှင်းရဲ့နှလုံးအိမ်ဟာ အေးခဲသည့်ကျောက်စိုင်ကျောက်သားမဟုတ်။ အနိုင်ရလိုစိတ်လွှမ်းသည့် အချစ်မျိုးပဲဖြစ်ဖြစ် နှင်းသည်ခန့်ရဲ့တစ်ဝက် ပြန်ပြီးပေးနိုင်သည်ဆိုလျှင် ကျေနပ်ပြီ... ။

"မောင်က ဘဝကို ပေါ့တန်လွန်းတယ်... ခပ်တိမ်တိမ်ပဲ အမြဲတွေးတယ်... ဘဝဆိုတာက မောင်ထင်သလို အမြဲတမ်း အဆင်ပြေချောမွေ့နေမှာ မဟုတ်ဘူး... "

"မဟုတ်ပါဘူး နှင်းရယ်... "

နှင်းရှေ့မှာ သူ အလိုလိုနေရင်း သိမ်ငယ်သူဖြစ်ရသည်။ အပြစ်ရှိသူ ဖြစ်ရသည်။ ဘာကို မလုံလဲရသည်မှန်း မသိ...။

ဒါပေမဲ့ နှင်း ကျေနပ်ရလောက်အောင် သူ ဘယ်လိုဖြည့်စွမ်းပေးရမည် မသိ... ။

နှင်း လက်ဖဝါးလေးကို လက်နှစ်ဘက်ဖြင့် အုပ်မိုးဆုပ်ဖျစ်ထားလျက် တိတ်တဆိတ် ဝမ်းနည်းနေမိသည်။ သီချင်းသံကလွဲပြီး ကဖေးဆိုင်လေးထဲမှာ ဆိတ်ငြိမ်နေ၏။ ပြောင်လက် သောက္ကျွန်းစားပွဲဝိုင်းလေးများ မျက်နှာပြင်တွင် အရိပ်တွေ ခပ်ဝါးဝါးထင်သည်။ မျက်နှာချင်းဆုံမကြည့်မိပေမဲ့ နှင်း မျက်တောင်တဖျပ်ဖျပ်ခတ်နေတာ... ။ သူမသိအောင် မျက်ရည်မကျဖြစ်အောင် လည်ချောင်းထဲ တံတွေးမျိုချနေတာတွေကို သိနေရသည်။

နှင်းအတွက် တုံ့ပြန်စရာ စကားမရှိတာကိုက သူ့ရဲ့





ညံ့ဖျင်းမှုပါပဲ... ။

"မောင်... ဘယ်လိုနေပေးရမလဲ... မောင်... ဘယ်လိုနေမှ နှင်း ကျေနပ်မှာလဲ... "

"အဲဒါ... တို့ကလိုက်ပြောနေမှလား... ကိုယ့်ဘာသာပြန်ပြီး ဆန်းစစ်ကြည့်ပေါ့... သတိထားကြည့်ရင် ရတာပဲ... "

"အမှန်ပြောတာ... မောင်က ကိုယ့်ကိုယ်ကိုတော့ ကလေးဆန်တယ် မထင်မိဘူး... "

နီမြန်းမြန်းမျက်နှာဖြင့်ပင် နှင်းက ခစ်ခနဲရယ်သည်။ နှင်းရဲ့ပခုံးလေး သိမ့်ခနဲလှုပ်ခါသွားသည်ကိုပဲ သူကျေနပ်စိတ်အေးရသည်။

"မောင် ဟာလေ... "

ချစ်သူစိတ်ကောက်လျှင် ဘယ်လိုချော့ရမည်ဆိုတာကို အောင်ခန့်ဘော်က ကျွမ်းကျင်သူ မဟုတ်ပါ။ နှင်း မျက်နှာနွမ်းနေလျှင် အလိုလိုစိတ်တို၊ အလိုမကျဖြစ်ပြီး ဘယ်လိုဖြေသိမ့်ပေးရမှန်းမသိတာကိုက မရင့်ကျက်နိုင်တာများလား... ။

"တကယ်... ဒါပေမဲ့ လူကြီးမလုပ်တတ်တာတော့ အမှန်ပဲ... "

"ဒါဆိုရင်တော့ နှင်းပန်းရဲ့ အိမ်ထောင်ဦးစီး လုပ်ဖို့လည်း မစဉ်းစားနဲ့... "

ကျီစယ်စကားဆိုတာ သေချာပေမဲ့ သူ ငြိမ်သက်နေ

မိသည်။ ပြောင်လက်ပြီး နှင်းရဲ့ အရိပ်ခပ်ဝါးဝါး ထင်နေသည့် စားပွဲ မျက်နှာပြင်ကိုသာ စိုက်ငေးကြည့်နေမိသည်။

"နှင်းထက် အသက်ငယ်နေတာက... နှင်းရဲ့မျက်စိထဲမှာ ချို့ယွင်းချက် ဖြစ်နေတာ မဟုတ်လား... မောင်ဟာ... ဘယ်တော့မှ နှင်းအတွက် ကြီးရင့်နိုင်မှာ မဟုတ်ဘူး ထင်တယ်...

ဒါပေမဲ့... မောင် ကြိုးစားပါ့မယ်... မောင်... ပီအက်စ်စီ စာမေးပွဲ ဝင်ဖြေမယ်... အစိုးရဌာနတစ်ခုခုမှာ အရာရှိဖြစ် အောင် ကြိုးစားမယ်... ဒီလိုဆိုရင်ကော... "

"အရာရှိဖြစ်တာနဲ့ ရင့်ကျက်လာရောလား... "

"နောက်ထပ် ဘာတွေကို ရင့်ကျက်စေချင်သေးတာလဲ... နှင်းရဲ့အသိုင်းအဝိုင်းမှာ ဝင်ဆန့်စေချင်သေးတာလား... နှင်းကို ပိုးနေတဲ့လူတွေကို လက်ဆွဲနှုတ်ဆက်တတ်စေချင်သေးတာလား... မောင့်ကို ဝေဖန်စကားပြောရင် အပြုံးမပျက် နေစေချင်တာလား... "

"တော်ပါပြီ မောင်ရာ... "

စကားစစ်ထိုးပွဲတွေမှာ နှင်းက ပညာရှိဆန်သူ ဖြစ် သည်။

တော်ပါပြီ... ဆိုတော့ သူက နှင်းရဲ့သန္ဓကို ဆန့်ကျင်ပြီး ရှေ့ဆက်ရမှာလား... ။ သူ့ရှေ့က ကော်ဖီခွက်ကို ကောက်မော့





ရင်း သူ ရှုံးချင်ယောင်ဆောင်ရသည်။ တကယ်တော့ သူက ကော်ဖီ ခါးခါးကို မကြိုက်ပါ။ လက်ဖက်ရည်ဆိုင် ထိုင်ချင်စိတ်ရှိသည်မို့ ထိုင် လျှင်လည်း လက်ဖက်ရည်'ကျောက်ပန်းတောင်း'ဟု သူ အမြဲမှာ သည်။ ခါးသက်စရာဆိုတာကို သူ ဘယ်တုန်းကမှ မထိတွေ့ခဲ့။

" မမနှင်းနှင့်ကျမှပဲ... ။

"တို့နှစ်ယောက် တွေ့ရရင် ဘယ်တော့မှ စကားမများရတဲ့ နေ့ဆိုတာ မရှိဘူး... "

လို့ သူမကပဲ ဆိုပြန်သည်။

"ဟုတ်ပြီ... ဒါဆို... နောက်စကားမများရအောင်... တစ် ယောက် နည်းနည်းစီ အလျှော့ပေးကြမယ်နော်... ဘယ့် နှယ်လဲ... "

"အံမယ်... တို့ဘက်ကတော့ မလျှော့နိုင်ပါဘူးနော်... "

အဲဒါ နှင်း ပဲ... ။

မောင့်ရဲ့ မမနှင်း ပဲပေါ့... ။

"ကောင်းပြီ... ဒါဆိုရင်... မောင့်ဘက်က နှင်း ဖြစ်စေချင် တာတွေ တစ်ခုချင်း ဖြစ်နိုင်အောင် ကြိုးစားမယ်... နှင်းက မောင့်ကို တစ်ခုပဲ လိုက်လျောပေး... "

"ဘာကိုလဲ... "

'တစ်ခုတည်း' ဆိုတာကိုပင် နှင်းက ချက်ချင်း ခေါင်း မညိတ်ပါ။ သူကတော့ အမြဲတောင့်တခဲ့သည်လည်း ဖြစ်၍ စိတ်မချ

နိုင်သည့်လည်း အမှန်မို့ နှင်း,ဆီက တစ်ခုတည်းသော လက်ဆောင်ကို ရလျှင်ပင် ကျေနပ်စရာဟု ထင်သည်။

"မောင့်တစ်ယောက်တည်းကိုပဲ... ချစ်ရမယ်... "

ကိုယ်ကိုကိုင်းပြီး အနားကပ်လျက် ခပ်တိုးတိုးပြောမိသည်။ နှင်းက မျက်နှာဖြန်းခနဲ နီရဲသွားပြီး သူ့ကိုမျက်စောင်းထိုးကြည့်သည်။

"မောင်... အလေးအနက် ပြောတာပါ... "

နှင်းက အပျိုဖြန်းလေးတစ်ယောက်လိုပဲ...

သူ့ကို မျက်လုံးချင်း ဆုံမကြည့်တော့...

"အဲဒါတစ်ခုကိုတော့ တကယ့်ရင်ထဲက လှိုက်လှိုက်လှဲလှဲ ရချင်တယ်... နှင်း ပေးနိုင်မယ်လို့လည်း ထင်ပါတယ်... ဘယ်လိုလဲ... "

"လိုမှ မလိုဘဲ... "

"ဘယ်လိုလဲ နှင်းရယ်... "

နှင်းရဲ့နှုတ်ခမ်းတွေက ခပ်ကော့ကော့... ။ ပြုံးသည်လည်းမဟုတ်။ နှင်းရဲ့မျက်ဝန်းတွေထဲမှာတော့ ရွှန်းလဲ့သည့် ကြည်နူးရိပ်ထင်သည်။ ဘာပဲဖြစ်ဖြစ်... နှင်းဟာ သူ့ရင်ခွင်ထဲမှာ မှေးစက်နားခိုခဲ့ဖူးသားပဲ... ။ နှင်း အမြဲသုံးတတ်သည့် ရှမ်ပူရနံ့ကို သူ ယဉ်ပါးခဲ့သားပဲ... ။

ဒါပေမဲ့... နှင်းရဲ့အချစ်ဆိုတာ ဘယ်လောက်အတိုင်း



အတာဆိုတာ သူ မမှန်းတတ်နိုင်။

"လက်မခံရဘူးလို့ ဦးနှောက်က ထိန်းချုပ်ထားရက်နဲ့... လွန်ဆန်ပြီး မောင့်ကို ချစ်မိခဲ့တယ်ဆိုမှတော့... တစ်ယောက်တည်းကိုပဲ ချစ်ရမယ်လို့ ကတိတွေနဲ့ အလဲအလှယ်လုပ်နေဖို့မလိုတော့ဘူး ထင်ပါတယ်နော်... "

"နှင်း... "

သူ့ရင်ထဲ လှိုင်းခတ်သွားပြီး အဲသည် စိတ်လှုပ်ရှားမှုကို မထိန်းချုပ်နိုင်ဘဲ နှင်းရဲ့လက်ဖဝါးကို ခပ်တင်းတင်းဖျစ်ညှစ်ပစ်လိုက်မိသည်။

နှင်းကို သူ အမြဲယုံကြည်ခဲ့ပါရဲ့... ။

နှင်းရဲ့စကားမှန်သမျှကို သူက ယုံချင်သူလေ... ။

အောင်ခန့်ဘော်ရဲ့ဘဝမှာ အသေးအဖွဲကအစ နှင်း မသိလိုက်ရတာမျိုး မရှိအောင် တိုင်တည်တတ်ခဲ့သည့် ထိုကောင်လေးသည် နိဝင်ဘာလတစ်လ၏ အဦးပိုင်း ရက်တစ်ရက်မှာတော့ လျှို့ဝှက်ချက်များစွာဖြင့် နှင်းက သူ့ကို အပြင်လူတစ်ယောက်လို သဘောထားခဲ့သည်ဟု သိသာစေသည့် အကြောင်းတစ်ရပ်ကို ရင်ဆိုင်ခဲ့ရသည်။ နှင်းနှင့်ပတ်သက်လျှင် နှင်းပြောသမျှကိုသာ ယုံတတ်သူမို့ နှင်း ပြောသလောက်ကိုသာ ပုံရိပ်တွေ မှန်းဆရင်း နားလည်ရတတ်သူမို့ နှင်းရဲ့ကိစ္စမှန်သမျှ နောက်ဆုံးမှ သိရသူမှာ နှင်းရဲ့ချစ်သူ အောင်ခန့်ဘော် ဖြစ်သည်။

သူကမေးလျှင်...

"ဒါက... အရေးလုပ်ပြီး ပြောနေစရာမှ မဟုတ်တာ... "

"အရေးမပါ,ပါဘူး... "

"ဟုတ်တယ်လေ... အဲဒါ ဘာဖြစ်လဲ... "

ဆိုတာမျိုး မခိုးမခန့် အပြုံးဖြင့် ပြန်ဖြေတတ်သည့်





နှင်းကို သူမှာနောက်ထပ် အပြစ်တင်စကားမဆိုရဲခဲ့... ။ သေချာစဉ်းစားကြည့်တော့ နှင်းကို ဆုံးရှုံးရမှာ သေမတတ် ကြောက်ခဲ့တာ... ။ နှင်းရဲ့အချစ်ကို ဆုံးရှုံးရမှာ ကြောက်နေခဲ့တာ... ။

ဒါကြောင့်လည်း သူ့ကို သူငယ်ချင်းတွေက...

[ဝဋ်ရှိသလောက်တော့ ခံလိုက်ပေါ့ကွာ... ]

ဆိုပြီးအားပေးခဲ့ကြသည်။ အဲသည်စကားကိုတောင် သူ ဘယ်လိုမှ မတုံ့ပြန်နိုင်ဘဲ ရှက်အမ်းအမ်း ရယ်မောပစ်ခဲ့ရသည်။

နှင်း ရယ်...

ကျွန်တော့်ရင်ထဲရှိသမျှ အချစ်တွေ နှင်းကိုပဲ ပုံပြီး ပေးခဲ့တာပါ... ။

ပန်းမျိုးစုံ

'စာပေလောက' စာအုပ်ဆိုင်ထဲက ထွက်လာသည့် နှင်းကိုသူ ခပ်ကြောင်ကြောင်ပဲ ငေးမောကြည့်နေခဲ့ရသည်။ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေတွေမှာ နှင်း အပြင်ထွက်လေ့ မရှိဘူးဟု သူ သိထားခဲ့သည်။ ဗိုလ်ချုပ်ဈေး၊ မင်္ဂလာဈေးလို နေရာမျိုးမှာ အဝတ်အစား၊ အလှကုန်ဝယ်မည်ဆိုလျှင် နှင်းက သူ့ကိုဘယ်တော့မှ မခေါ်ပါ… ။ ယောကျ်ားတွေဟာ သည်လိုနေရာမျိုးမှာ စိတ်မရှည်တတ်ဘူးတဲ့… ။ ပန်ကာလို၊ ပန်းကန်းစုံလို၊ ဓာတ်ဘူးလို ပစ္စည်းကြီးကြီးမားမားတွေ ရွေးဖို့၊ ခြံစည်းရိုးပြင်ဖို့၊ မီးပြင်ဖို့ လိုအပ်လျှင် သူ့ကိုခေါ်မည်။ အဲသည်လို အချိန်တွေမှာ သူသည် နှင်းရဲ့တပည့် ဖြစ်ပြန်သည်။ နှင်းရဲ့မိဘတွေက အောင်ခန့်ဘော်ကို အသိအမှတ်ပြုသည့်အကြည့်က သည်လိုပဲ ဖြစ်သည်။ နှင်းတို့ မိသားစုမှာ သူ့ကို ဟက်ဟက်ပက်ပက် လှိုက်လှဲတတ်သူကတော့ နှင်းရဲ့အစ်မအပျိုကြီး မမသက်ပင်… ။

မမသက်သည် နှင်းတို့အိမ်မှာ မီးဖိုချောင်ကလွဲလျှင် ဘယ်နေရာမှ မဝင်ဆန့်… ။ သူမရဲ့နေရာကိုလည်း သူမက အမှန်တကယ် ခင်တွယ်ဟန်ရှိသည်။ မမသက်ကို သူ ရင်းရင်းနှီးနှီး စ,နောက်ကျီစယ်၍ ရသည်။ ပြီးတော့ မမသက်သည် နှင်းအပေါ် သူ့ရဲ့မြတ်နိုးတွယ်ငြိမှုကိုလည်း အမှန်အတိုင်း နားလည်နိုင်သူ ဖြစ်





သည်။ မမသက်သည် နှင်းလို မဟာသိပ္ပံဘွဲ့ရ မဟုတ်ပေမဲ့ သူမတို့ မိသားစု၏သဘောထားကို သူ မှန်းဆသိနိုင်အောင် ပညာရှိဆန်ဆန် သွယ်ကာဝိုက်ကာ ပြောတတ်သည်။

[ မသက်က မီးဖိုချောင်မှာ နေရတာပဲ ပျော်ပါတယ်။ အပျိုကြီးဆိုတာလည်း ဂုဏ်ငယ်တယ် မထင်မိပါဘူး… ။ မိန်းကလေးတွေအတွက် အိမ်ထောင်ရေးကို စဉ်းစားရင် တော်ရုံတန်ရုံတော့ မဖြစ်ဘူးလေ… ။ မိဘမျိုးရိုး ကျောထောက်နောက်ခံမှ… ။ ပြီးတော့ ပညာတတ် ရာထူးရာခံနဲ့မှ လူလေးစားမှာ မဟုတ်လား… ။ မိန်းမတစ်ယောက်အတွက် ဂုဏ်ကျက်သရေဆိုတာ ကိုယ့်င်ပွန်းပဲ မဟုတ်လား ခန့်ရဲ… ။

ဒါ့ကြောင့် ခန့်တို့ရဲ့ မမနှင်းကိုလည်း မသက်က… ဲလို တင့်တောင့်တင့်တယ် ဖြစ်စေချင်တာ… ။ နှင်းပန်းက ပညာတတ် ဒေါက်တာဘွဲ့ရထားတာ မဟုတ်လား။ သူ့ရဲ့အိမ်ထောင်က်ဟာလည်း အနည်းဆုံးတော့ ဒေါက်တာဘွဲ့ရ ဖြစ်ရမှာပေါ့ ]

"ဟုတ်တာပေါ့… ဟုတ်တာပေါ့… "

သူက လှိုက်လှိုက်လှဲလှဲ ပြုံးပြီး ထောက်ခံခဲ့သည်။ သက်စကားကို သူ သဘောမကျဘဲ နေနိုင်ပါ့မလား။ အပြစ်တင် ူစောင်းမြောင်းမည့် မျက်လုံးတွေ မရှိဘူးဆိုလျှင်ဖြင့်၊ လောကတ္တရားတွေ နီတိတွေကိုသာ မထောက်ညှာရဘူးဆိုလျှင်ဖြင့် သူ အော်ကြီးဟစ်ကျယ် အားရပါးရပင် ရယ်ချင်သေးသည်။

သို့ပေမဲ့… မသက်ကို သူ စိတ်မကွက်ပါ။

မသက်က သူမစိတ်ထဲက ခံယူချက်ကို ပွင့်ပွင့်လင်းလင်း ဖော်ပြရဲသူ ဖြစ်သည်။ တချို့ကတော့ အဲသည်လို မဟုတ်ဘူးလေ။

သူချစ်သူသည် မသက်လိုပင် သူ့အပေါ်မှာတော့ ရိုးသားသင့်သည်ဟု သူကထင်သည်။

နှင်းကတော့ မသက်လို မဟုတ်ပါ... ။

နှင်းပန်းသည် မိသားစုထဲမှာ၊ အဆွေအမျိုးများထဲမှာ... ၊ ဓာတုဗေဒဌာနမှာ၊ သူငယ်ချင်းများကြားမှာ သဘောထားကြီးသူ ဖြစ်သည်။ ရင့်ကျက်သူ ဖြစ်သည်။ လူနွေးကြီးသူ ဖြစ်သည်။ စည်းကမ်းရှိပြီး ထိန်းသိမ်းတတ်သူ ဖြစ်သည်။ အဲသည် မတိမ်းမစောင်းသော ကောင်းသတင်းမွှန်သမျှသည် သူနှင့်ပက်သက်မိမှ ယိမ်းယိုင်တိမ်းစောင်း ကုန်ရတာဆိုတော့...

အောင်ခန့်ဘော်ဟာ တရားခံပေါ့... ။

နှင်းပန်းရဲ့နာမည် ဂုဏ်သတင်းကို နိမ့်ကျအောင် ဆွဲချပစ်ခဲ့သူပေါ့... ။ နှင်းပန်း၏မရိုးသားမှုနှင့် လိမ်မှာပါးနပ်မှုသည် ထပ်တူထပ်မျှပင် ဖြစ်သည်။

နှင်းပန်းရဲ့အချိန်ဇယားကို အလွတ်ရထားသည့် သူသည် နှင်းပန်းကို မိန်းကလေးအဖော်တချို့နှင့် တွေ့လိုက်ရတော့ စိတ်ထဲ ထူးဆန်းသွားသည်။ ထူးဆန်းသွားသည်ဆိုတာထက် ပိုလျှင်တော့ ဝမ်းသာပျော်ရွှင်ခြင်းသာ ဖြစ်မည်။

ဘယ်လိုပဲဖြစ်ဖြစ် နှင်းပန်းရဲ့စည်းကမ်းသတ်မှတ်





ချက်တွေထဲမှာ မငြိဘဲ သူ နှင်းပန်းကိုတွေ့ခွင့်ရမည်ပေါ့... ။ ပျော်ရွှင်ပေါ့ပါးစွာဖြင့် သူဟာ နှင်းတို့အုပ်စုရှိနေသည့် လှည်းတန်းလမ်းမကြီး၏ တစ်ဖက်ခြမ်းသို့ ကူးသွားလိုက်သည်။ နှင်းက သူ့ကို မမြင်ပါ... ။ မိန်းကလေးတွေက နှင်းရဲ့ရှေ့မှာ စုရပ်ပြီး တစ်ယောက်တစ်ခွန်း ဝိုင်းပြောနေသည်၊ ကောင်မလေးတွေက နှင်းထက် သိသိသာသာ ငယ်ရွယ်ပုံရပါသည်။ ကျောင်းသူလေးတွေပဲဟု သူ့စိတ်ထဲ မှတ်ချက်ချမိသည်။ နှင်းက ကျောင်းမှာလို နောက်တွဲဆံထုံးနှင့်မဟုတ်ဘဲ ဆံပင်ရှည်ကို ကလစ်ဖြင့် စုသိမ်းထားသည်။ ရင်ဖုံးအင်္ကျီ မြန်မာထဘီလည်း မဟုတ်။ အင်ဒိုနီးရှားပါတိတ်ကို အသွင်ဆန်းဆန်း ချုပ်ထားသည့် ချယ်ရီရောင်ဝတ်စုံနှင့်မို့ အတော်အတန် လူငယ်ဆန်နေသေးသည်။ ပြီးတော့ ကောင်မလေးတွေက အရပ်ရှည်ရှည် ထွားထွားကျိုင်းကျိုင်းမို့ သေးသွယ်သည့် နှင်းက ဆရာမ တစ်ယောက်ဟုပင် မထင်ရပါ... ။

သူ... အနားရောက်သွားသည်အထိ နှင်းက သူ့ကို မမြင်ပါ... ။ သူကသာ နှင်းကို ခပ်ပြုံးပြုံးစိုက်ကြည့်နေမိသည်။

ကောင်မလေးတွေက သူ့ကိုတွေ့တော့ ခပ်ကြောင်ကြောင် မျက်လုံးများဖြင့် ဝိုင်းကြည့်ကြသည်။ သည်တော့မှ နှင်းက သူ့ဘက် ရုတ်တရက် လှည့်ကြည့်သည်။

"သြော်... "

နှင်းရဲ့ သြော်... ကို အလိုမကျသံဟု သူကသိသည်။

"ဘယ်လာတာလဲ... "

လုံးဝဟက်ဟက်ပက်ပက် မရှိ။ ဝတ္တုရှားကျေစကား သံ… ။ ပြီးတော့ တစ်ခုခုကို စိုးရွံ့ဖုံးကွယ်လိုက်သည်ဟု သူ ထင်သည်။

"အဝေးပြေးဂိတ်ဘက် ခဏလာရင်းနဲ့ မေမေ ဘုရားပန်း မှာလိုက်လို့… နှင်းရော… "

"ဟို… စာလာသင်တာလေ… "

"ဟင်… "

"ဒီဘက်မှာ ဝိုင်းတစ်ဝိုင်း သင်နေတယ်… ဂျီတီစီက ကလေးတွေ… "

"စာသင်လာတာလား… "

"မင်း… ဘုရားပန်း ဝယ်ပြီးပြီလား… "

"မဝယ်ရသေးပါဘူး… "

စကားလွှဲတာ ဖြစ်ချင်ဖြစ်မည်။ ဒါပေမဲ့ အရေးမကြီးဟု သူကထင်သည်။ ကောင်မလေးတွေက သူ့ကို စူးစူးစမ်းစမ်း ကြည့်ကြသည်မို့ စိတ်က မရဲတရဲနှင့်ပဲ ပြုံးပြလိုက်ရသည်။ ကောင်မလေးတွေက တကယ့်ကို နုနုနယ်နယ် tennage ကလေးတွေ…။ ဆယ်တန်းအောင်ပြီးစ အရာအားလုံးကို စူးစမ်းသိချင်နေပြီး တက်ကြွသည့် မျက်နှာပေးလေးတွေ ကိုယ်စီနှင့်… ။

"ဒါ… ဆရာမ မောင်လေး… လေ… အောင်ခန့်ဘော်… တဲ့… ဘွဲ့နှင်းပျူတာနဲ့ ကျောင်းပြီးထားတာ… "

"ဟယ်… ဟုတ်လား… တီချယ့်မောင်လား… အရင်းလား"





"တူလည်း မတူဘူးနော်… "

သူတို့လေးတွေက စပ်စုကြသည်။ အပြစ်တင်စရာတော့ မဟုတ်ပါ။ သူတို့လည်း သည်အရွယ်တွေကို ဖြတ်သန်းလာခဲ့ရတာ သိပ်မကြာသေးဘူး မဟုတ်လား။ ဒါပေမဲ့ နှင်းရဲ့မျက်နှာက အနည်းငယ်ပျက်ချင်သည်။

ဒါကလည်း အောင်ခန့်ဘော်ရဲ့ အထင်ပါ… ။

နှင်းက ဟန်ဆောင်ကောင်းသူ မဟုတ်လား။

"မောင် အရင်းမဟုတ်ပါဘူး… ကာစင်ပါ… ဒီနေ့… တီချယ် သူနဲ့ပဲ လိုက်သွားတော့မယ်… ဘုရားပန်း လိုက်ဝယ်ပေးလိုက်ဦးမယ်… "

"လာကြိုရင် ဘာပြောလိုက်ရမလဲ တီချယ်… "

"ဒီနေ့တော့ လာကြိုမယ် မထင်ပါဘူး… မိုးလည်း ကုန်သွားပြီပဲ… ရာသီဒီလောက်လင်းနေတာ… "

"ဟုတ်သားပဲနော်… ဟီ… ဟီ… "

ကောင်မလေးတွေနဲ့ နှင်း အတိုင်အဖောက်စကားကို သူ ကောင်းကောင်းနားမလည်လိုက်… ။ ဆံပင်တိုမှာ ရောင်စုံညှပ်ကလေးတွေ တပ်ထားသည့် ကောင်မလေးက သွားတက်ကလေးတွေပေါ်အောင် ဟီခနဲ ရယ်လိုက်ရင်း သူ့ကို မလုံမလဲ လှမ်းကြည့်တော့မှ 'လာကြိုရင် ဘာပြောလိုက်ရမလဲ' ဆိုသည့် စကားအတွက် သူ့ရင်ထဲမှာ သံသယဖြင့် ပူလောင်လာခဲ့ရသည်။ ဒါပေမဲ့… လာကြိုရင်ဆိုတာ ဘယ်သူ့မဆို ဖြစ်နိုင်တာပဲ။

အကယ်၍ နှင်းအိမ်က လူကြီးတစ်ယောက်ယောက် မိသားစုဝင်တစ်ယောက်ယောက်သာဆိုလျှင် ကောင်မလေးသည် သူ့ကိုကြည့်ပြီး စပ်ဖြီးဖြီးရယ်စရာ အကြောင်းမရှိ… ။ ပြီးတော့… မိုးကုန်သွားပြီပဲ… တဲ့… ။ မိုးတွင်းတစ်တွင်းလုံး ကမ္ဘာအေးကနေ လှည်းတန်းကို စာလာသင်သည့်ကိစ္စဟာ ချစ်သူတစ်ယောက်ကို အသိပေးထားရလောက်အောင် မကြီးကျယ်လို့လား… ။ စနေ၊ တနင်္ဂနွေ အားလပ်ရက်လေးမှာ မိနစ်ပိုင်းလေးဖြစ်ဖြစ်၊ မျက်နှာမြင်ရခွင့်၊ စကားဆိုရခွင့်လေးတွေအတွက် သူ့လို ရင်ခုန်မျှော်လင့်ရခြင်းမျိုး နှင်းမှာ မရှိခဲ့လို့လား… ။

သူ့မှာတော့… ရင်တွေတောင်ခုန်လို့…

လက်ဖျားတွေ အေးစက်လို့…

မျှော်လင့်မထားဘဲ သည်လိုကြုံကြိုက်ခွင့်အတွက် ကံကြမ္မာကို ကျေးဇူးစကား ဆိုရတာလည်း အကြိမ်ကြိမ်… ။

"ကဲ… သွားမဲ့ယ်နော်… "

"သွားလိုက်ပါဦးမယ်… "

"ဟုတ်… "

သူ နှုတ်ဆက်သည်ကို ကောင်မလေးတွေက ပြုံးရယ်ချင်သလိုလို မျက်နှာထားလေးတွေ ကိုယ်စီဖြင့် တုံ့ပြန်သည်။ လှည်းတန်းဈေးဘက် သူတို့လျှောက်ကြရင်း…

"ဒီနေ့ မဂ္ဂဇင်းထွက်ရက်မို့… စာအုပ်ဆိုင်ထဲ ဝင်ကြည့်နေ





တာ… "

ဟု သူမမေးဘဲ နှင်းကပြောသည်။

"မောင်… ဘာနဲ့လာလဲ… "

"ဆိုင်ကယ်နဲ့ပဲပေါ့… "

"အိမ်ပြန်ပို့မယ် မဟုတ်လား… "

"အင်း… သိပ်ပို့ချင်တာပေါ့… နေ့တိုင်း ဖယ်ရီလုပ်ချင်တာပေါ့… ဒါပေမဲ့… ကာယကံရှင်က မပြောဘူးဆိုတော့လည်း…"

"အဲသလို… ပို့မှာစိုးလို့ မပြောတာ… "

သူ မျှော်လင့်ထားသည်ထက် အဖြေစကားက ပိုရက်စက်ပါသည်။ ပင့်သက်ရှိုက်ရုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့… ။ ရင်ထဲမှာ စုပြီး သိမ်းရတာတွေက များသည်ထက် များလာသည်။

"ဘယ်ကောင်းမှာလဲ… စာသွားသင်တာ… ရည်းစားကို လာကြိုခိုင်းတယ်ဆိုတော့ ကလေးကလားနဲ့… "

"နှင်းရယ်… မောင်တို့က ကျောင်းသားအရွယ်တွေမှမဟုတ်ကြတော့ဘဲ… အတည်တကျ အိမ်ထောင်တစ်ခုကို ရည်ရွယ်ပြီး ကြိုးစားနေတဲ့သူတွေ… အသက်တွေကလည်း အိမ်ထောင်ပြုဖို့ သင့်တော်တဲ့အရွယ် ရောက်နေပါပြီ…

"နှင်းကို မောင်… လာကြိုတာက ဣန္ဒြေမရ… လူအထင်သေးစရာ အကြောင်းကို မရှိဘူး… တကယ်ဆို စောစော

တည်းက မောင်ဟာ... နှင်း လက်ထပ်မဲ့သူဆိုတာ ကြိုပြီး မိတ်ဆက်ထားသင့်တာပေါ့... ဒါဆို ပိုပြီးကျေနပ်မရသွား ဘူးလား... ဒါ သဘာဝတရားပဲ နှင်းရယ်... ဆန်းတဲ့ကိစ္စမှ မဟုတ်တာ... "

"ဒါပေမဲ့... "

သူက နှင်းရဲ့စကားအဆက်ကို စောင့်သည်။ နှင်းမှာ ကြောင်းကျိုးဆီလျော်သည့် အကြောင်းပြချက်များစွာ ရှိနေသည် ဆိုတာ သူ သိပါသည်။

"ဂန္ဓမာပဲ ဝယ်မလား... သစ္စာပန်း ဝယ်မလား... "

"ဘာပန်းမှ မဝယ်ဘူး... "

"ဟောတော်... "

တစ်ယောက်နှင့်တစ်ယောက် တိုးတိုက်လုမတတ် လူသူရှုပ်ထွေးနေသည့် ပလက်ဖောင်းပေါ်မှာ သူက ခြေစုံရပ်ပစ် လိုက်မိသည်။ နှင်း၏အခါများစွာမှာ ကြည့်တတ်သော အထင်သေး ရွံ့ချသည့်အကြည့်ကို သူ ရရှိလေသည်။

"ဒါ စိတ်ဆိုးစရာလား မောင်ရဲ့... "

"နှင်းရဲ့စိတ်ထဲမှာ မောင်ဟာ နှင်းရဲ့အိမ်ထောင်ဖက် ဖြစ် လောက်စရာ လူတစ်ယောက် မဟုတ်ဘူးလို့... တွေးထား တယ် မဟုတ်လား... ဒါကြောင့် ခုနက... မောင့်ကို နှင်း ရှည်းစားလို့ မိတ်ဆက်မပေးခဲ့တာပေါ့... "





"မောင်... သိပ်ကလေးမဆန်နဲ့... "

"ဒါ... ကလေးဆန်တာ မဟုတ်ဘူး နှင်းရဲ့... ဖြစ်သင့်တာ ကို မောင်က ပြောတာ... နှင်းကသာ အခြေအနေမှန်ကို ရင်မဆိုင်ရဲဘဲ ရှောင်လွှဲနေချင်တာ... မောင်နဲ့ပတ်သက်ရင် နှင်းက ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲဘူး... "

သူ့ကို ဘယ်တုန်းကမှ အလျှော့မပေးခဲ့သည့် နှင်း သည် တစေ့တစောင်း အကဲခတ်နေသည့် ပတ်ဝန်းကျင်ကို အလျှော့ ပေးလိုက်ရဟန်ဖြင့် သူ့စကားတွေကို ဘာတစ်ခွန်းမှ မတုံ့ပြန်ဘဲ လှည်းတန်းဈေးရှေ့ ပန်းဆိုင် တန်းဆီအထိ သူနှင့်လိုက်လျှောက် လာသည်။ ပန်းဆိုင်တန်းမှာ နှင်းဆီရောင်စုံ၊ ဂန္ဓမာရောင်စုံတွေ၊ သစ်ခွတွေ၊ စံပယ်တွေ ဆိုင်တန်းတစ်ခုလုံးကိုဖုံးလျက် ဘယ်ကို ကြည့်ကြည့် လှပနေခဲ့သည်။ နှင်းဆီရနံ့တွေ သင်းထုံနေခဲ့သည်။

ဒါပေမဲ့ အဲသည် ပန်းရနံ့တွေက သူ့စိတ်ကို ကြည် လင်အောင် မစွမ်းဆောင်နိုင်ပါ။ ပန်းတွေကိုလည်း စိတ်မဝင်စား နိုင်တော့... ။ မေမေမှာသည့် ပန်းဝယ်ဖို့ကိစ္စသည် သူ့ရင်ထဲက ထိခိုက်မှုနှင့်ဘယ်လိုယှဉ်ပြီး အရေးပါနိုင်တော့မလဲ... ။

"မောင်... ဘာဝယ်မှာလဲ... "

"ဘာမှ... မဝယ်တော့ဘူး... "

"တကယ်လား... "

"တကယ်ပေါ့... စိတ်လည်းမပါဘူး... "

"မောင့်ကို အဲဒါပြောတာပေါ့... မောင်ဟာ သိပ်တရှူး ဆန်တယ်... နည်းနည်းလေးမှ မရင့်ကျက်ဘူး... "

"ဟုတ်ပါတယ်... မောင် မရင့်ကျက်ဘူး... ဒါပေမဲ့... နှင်း မောင့်ကို ဆက်ဆံတာက အဲဒီမောင့်ရဲ့ မရင့်ကျက်နိုင်သေး တဲ့ စိတ်ကို ပိုပြီးနာကျင်အောင် လုပ်နေသလိုပဲ..."

"မောင်... နှင်းနဲ့ စကားပြောချင်တယ်... အေးအေးဆေး ဆေး စကားပြောချင်တယ်... "

ပန်းဆိုင်တန်းတွေ ရှေ့မှာမို့သာ နှင်းသည် သူမစိတ် ကို ထိန်းချုပ်လျက် နေနိုင်သည်ထင်မိ၏။ အေးစက်သည့်အကြည့် တစ်စုံသည် ပူလောင်ပြင်းရှနေသော သူ့မျက်ဝန်းအကြည့်များနှင့် လမ်းခုလတ်မှာတင် အရှိန်ပြင်းစွာ တိုက်မိသည်။

"ကောင်းပြီလေ... "

သူ စိန်ခေါ်မိပြီဖြစ်ကြောင်း အထိတ်တလန့်သိလိုက် သည်။ နှင်းသည် အောင်ခန့်ဘော်အတွက် ဘယ်တော့မှ ကိုယ်ချင်း စာ ပေးနိုင်မည့်သူမဟုတ်... ။

သူတို့နှစ်ဦးသည် ဦးတည်ရာချင်း ဆန့်ကျင်နေသည့် သုံးနှင့်လေးလို ဝေးကွာလွန်းလှသည်။ ပြီးတော့ တစ်ဖက်သတ် ဆန်လွန်းလှသည်။ သူ့အနာဂတ်သည် ရှုံးနိမ့်ခြင်းတွေသာ ပြည့်နှက် နေကြောင်း သူ ပြတ်ပြတ်ထင်ထင် မြင်နိုင်ခဲ့ပြီ... ။

"ဘယ်သွားချင်လဲ... "



"အင်းလျာထဲ သွားရအောင်... "

နှင်းက လက်ပတ်နာရီကို မြောက်ကြည့်လိုက်သည်။

သူ့ရင်ထဲမှာ ဝမ်းနည်းခြင်းတွေသာ ပြည့်သိပ်လာ သည်။ အဆုံးသတ်တစ်ခုကို သူ မျှော်လင့်ခဲ့တာ မဟုတ်ပါ။

ဒါကိုတော့ နှင်း သိစေချင်သည်။

နှင်းသိအောင် သူ ပြောမှဖြစ်မည်... ။

"နှင်းကို ဘယ်သူကျောင်းလာကြိုသလဲ... "

"ဖေဖေပေါ့... "

နှင်းရဲ့နှုတ်ခမ်းလွှာလေးတွေက ပေါ့ပါးကြည်လင်နေခဲ့သည်။ ဖေဖေပေါ့... ဆိုသည့် စကားသံသည် တကယ့်ကို ပါးလှပ်လှပ်ပေး... ။ လေထဲမှာ မြောက်ကြွလွင့်မျော်နေသလိုပင် ထင်ရသည်။ Ph.D ဘွဲ့ရဆရာမကြီးတစ်ယောက်ကို ဖခင်ကိုယ်တိုင် ကျောင်းလာကြိုရသည်ဟု ရယ်စရာအဖြစ်တော့ ဖြစ်နိုင်သည်။ ဒါပေမဲ့လည်း နှင်းသည် သူမ၏မိသားစုထဲမှာတော့ အငယ်ဆုံး၊ အထွေးဆုံးသမီး ဖြစ်၏။ ပြီးတော့ မိဘနှစ်ပါး၏ မြတ်နိုးတန်ဖိုးထားအပ်သော မျှော်လင့်တကြီးထားရှိသော ရတနာတစ်ပါးလည်း ဖြစ်သည်။

ထို့ကြောင့်လည်း သူက နှင်းရဲ့စကားကို အလွယ်တကူ ယုံခဲ့တာ... ။

"ကဲ... မေးဦးလေ... နောက်ထပ် ဘာတွေများ မေးချင်သေးလဲ... "

"မေးချင်တာတွေကတော့ အများကြီးပဲ... "

မခိုးမခန့်နိုင်လှသော နှင်းရဲ့အပြုံးကို သူကတော့ အလွတ်ရပြီးဖြစ်သည်။ ကျောနောက်ဘက်က ဆံညှပ်ကလစ်ကို ဖြုတ်ပြီး ဆံပင်ရှည်တွေကို ဖြေချလိုက်သောအခါ နှင်းရဲ့မျက်နှာ





မို့မို့လေးက ပိုပြီးနုပျိုလာခဲ့သည်။ မျက်ခုံးနှစ်ဘက် တွန့်ကျုံ့ပြီး နှုတ်ခမ်းလေးတွေ တည်တည်တင်းတင်းနှင့် ဒေါသရိပ်လွှမ်းနေတာကပင် နှင်းကျတော့ ကြည့်မဝချင်လောက်အောင် ချစ်စရာကောင်းနေသည် ထင်၏။ အချစ်ဆိုတာ ဘယ်လောက်များ အင်အားကြီးမားလိုက်သလဲ... ။

ဘယ်လောက်များ တစ်ဖက်သတ် ဆန်လိုက်သလဲ။

အင်းလျားရေပြင်ဆီက ပြေးလွှားလာသည့် လေပြေသည် နှင်းရဲ့နဖူးပြင်က ဆံစတွေကို ခပ်နော့နော့ လှုပ်ခတ်စေ၏။ ဆံပင်တွေထဲ လက်ချောင်းတွေ ထိုးသွင်းသပ်တင်လိုက်ရင်း နှင်းရဲ့နံဘေးမှာ(အနည်းငယ်ပူးကပ်စွာ) သူ ထိုင်ချလိုက်တော့ နှင်းရဲ့ ခန္ဓာကိုယ်လေး ဆတ်ခနဲတွန့်သွားပြီး မသိမသာ ကိုယ်ကို ကျုံ့ပစ်လျက် သူမက မျက်စောင်းထိုးပြန်သည်။

"ဒါပေမဲ့... မောင့်ရဲ့မေးခွန်းတိုင်းဟာ... နှင်းအတွက် စိတ်ဆိုးစရာ... ဒေါသထွက်စရာ ဖြစ်နေလိမ့်မယ်... "

"သိရင်လည်း မမေးနဲ့တော့ပေါ့... "

"မောင်... မမေးဘဲ နှင်းက ပြောသင့်တယ်လို့ မထင်ဘူးလား... ဥပမာ... နှင်း... စာသင်နေတဲ့ကိစ္စ... မနှစ်က... နှင်း သင်သမျှ ဝိုင်းသုံးဝိုင်းစလုံး မောင့်ကို အသိပေးခဲ့တာပဲ မဟုတ်လား... စနေ တနင်္ဂနွေ နှင်း ဘယ်တွေသွားနေတယ်ဆိုတာ မောင် သိနေသားပဲ... ဒါပေမဲ့ နှင်းက မလာနဲ့ဆို မောင် ဘယ်မှာလာလို့လဲ...

နှင်းက သိပ်မိုးချုပ်မှ မိုးသိပ်မှောင်မှ တစ်ယောက်တည်းမို့ လာကြိုပါဆိုရင်... မောင် လာကြိုလိုက်တာပဲ... မောင်... ဘာများ အခွင့်အရေးယူခဲ့လို့လဲ... ”

ပြီးခဲ့သည့်နှစ်ကတော့ နှင်း Ph.D သင်တန်းပြီးကာစ ဆယ်တန်းကျောင်းသားတွေကို ကျူရှင်ပြရသည်။ သည်တုန်းကတော့ (ချစ်သူတွေကာလ အစပိုင်းလည်း ဖြစ်သည်မို့) နှင်းက သူ့ကို အလေးထားခဲ့သေးသည်ဟု ထင်ပါသည်။ နှင်းနှင့် ပတ်သက်သမျှ သူ အတော်များများ သိခွင့်ရခဲ့သေးသည်။ နှင်းရဲ့မိသားစုအတွင်းမှာ နှင်းကို ချစ်ခင်လေးစားသော တပည့်တစ်ယောက်လိုလို ဝင်ထွက်ရင်းနှီးခွင့် ရခဲ့သည်။ နှင်းရဲ့အသိုင်းအဝိုင်းအတွင်းမှာတော့ သူဟာ နှင်းကို တစ်ဖက်သတ် အရူးအမူးစွဲလမ်းနေသည့် လူငယ်လေးတစ်ယောက်အဖြစ် ယခုထိအောင် သိမြင်ကြဆဲပေါ့။

“ဒီကိစ္စဟာ... တို့နှစ်ယောက်ကြားမှာ ဒီလောက်ထိဖြစ်ဖို့ လိုလို့လား... နှင်းကတော့ သိပ်အရေးမပါလှဘူး ထင်တာပဲ... ”

ရုတ်တရက် သူ့ဒေါသတွေ ဖျင်းခနဲ ဆူဝေသွားခဲ့သည်။

“နှင်းအတွက်တော့ မောင့်ရဲ့ခံစားချက်ဆိုတာ ဘယ်တုန်းကမှ အရေးမပါခဲ့ဘူး မဟုတ်လား... ”

“မောင်... ”

နှင်းကဒေါသဖြင့် သူ့ဘက်လှည့်ကြည့်သည်။ နှင်းရဲ့





နှုတ်ခမ်းဖျားလေးတွေပင် တုန်ယင်နေသည် ထင်ပါရဲ့... ။ ပြီးတော့ နှင်းရဲ့နီရဲသော မျက်ဝန်းအိမ်နှစ်ဘက်မှာ မျက်ရည်ကြည်တွေ ပြည့်နေခဲ့သည်။

“မောင့်ရဲ့အတွေးအခေါ်တွေက သိပ်တိမ်တာပဲ... ဘယ်ကိစ္စမဆို မောင်က မောင့်ခံစားချက်နဲ့ပဲ ယှဉ်တယ်... ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာကို မခွဲခြားတတ်ဘူး... ခုကိစ္စမှာ... တို့စာသွားသင်တာ... မောင့်ကို အသိမပေးတော့ရော... မောင်နဲ့နှင်းကြားမှာ ဘာများထိခိုက်သွားလဲ... ”

“ဟုတ်ပြီလေ... ဒါဆို မောင့်ကို အသိပေးလိုက်တော့ရော... ဘာများထိခိုက်သွားလို့လဲ... ကဲ... မောင်က နှင်းရဲ့ဆန္ဒကို ဆန့်ကျင်ပြီး လုပ်မဲ့သူလား... ”

နှင်းရဲ့နှုတ်ခမ်းတွေက တစ်ခုခုတုံ့ပြန်ဖို့ ပြင်ပြီးမှ တိတ်ရိရိစေ့ပိတ်သွားခဲ့သည်။ စိန်ပန်းရွက်ကြွေတွေ နှင်းရဲ့ဆံပင်တွေကြားထဲ ကျလာသည်ကို သူ သည်အတိုင်းကြည့်နေလိုက်မိသည်။ ကျောင်းပိတ်ရက်မို့ အင်းလျားမှာလည်း လူသူရှင်းနေပါသည်။ ကန်စောင်းက စားသောက်ဆိုင်လေးတွေမှာတော့ အဝေးအနီးက စားသောက်သူတွေ ကားတွေတချို့ရှိနေသည်ကို လှမ်းမြင်ရသည်။ အင်းလျားသည် အသွင်သဏ္ဌာန်တစ်မျိုး ပြောင်းလဲသွားသည်ဆိုပေမဲ့ လှတော့ လှနေပါသေးသည်။ ကန်ရေပြင်ကလည်း စိတ်ကြည်မွေ့ဖွယ် ဖြစ်နေပါသေးသည်။ ဒါပေမဲ့ အင်းလျား၏သိမ်မွေ့သည့် ပန်းချီကားကိုသူ မခံစားနိုင်ခဲ့... ။

စိန်ပန်းပင် အမြစ်တွေပေါ်က ဖိနပ်ပါးစီးထားသည့် နှင်းရဲ့ခြေထောက်ကလေးတွေကပင် သူ့ကို ဝမ်းနည်းစေအောင် တတ်နိုင်ခဲ့သည်။ နှင်းကို သူ ခြေသည်းညှပ်ပေးဖူးခဲ့တာကို သတိမရဘဲ နေနိုင်မှာလား... ။

နှင်းက... ခြေသည်းလက်သည်းတွေ အရှည်ထားသူ မဟုတ်တော့ နှင်းရဲ့လက်သည်းတွေ ညှပ်ပေးဖို့ သူ့မှာ လက်သည်းညှပ်တစ်ခု အမြဲဆောင်ထားရသည်။ နှင်းရဲ့လက်ချောင်း ခြေချောင်းတွေကို အမြဲဂရုစိုက်ကြည့်ရသည်။ ဒါက... နှင်း သူ့ကို အပိုင်စားပေးထားသည့် အထူးအခွင့်အရေးလေ... ။

ဘယ်လောက် သနားဖို့ကောင်းသလဲ...

ဘယ်လောက် ရယ်ဖို့ ကောင်းသလဲ...

သူသာ အောင်ခန့်ဘော် မဟုတ်ခဲ့ဘူးဆိုလျှင် အဲသည်လောက် အချစ်ကြီးလှသည့်ကောင်ကို တစ်နေကုန် ထိုင်စောင့်ကြည့်ပြီး ဟားပစ်ဖို့သာကောင်းလေသည်။ သူ့သူငယ်ချင်းတွေကတော့ သူ့အပေါ် စာနာစိတ်အနည်းငယ် ရှိသေးသည်မို့သာ... သည်လို မလုပ်ခဲ့ကြတာ ဖြစ်မှာ... ။

နှင်း... ဆီက ညည်းညူသံလား၊ တက်ခေါက်သံလား မသဲကွဲသော အသံတစ်ခု ထွက်လာသည်။

"ဒီလောက် ဖြစ်စရာမဟုတ်ဘဲနဲ့... "

သူမဘာသာ တစ်ယောက်တည်း တီးတိုးရေရွတ်နေသည့်အခါ ပေါက်ကွဲခွင့်မရသည်မို့ သူ့ရင်ထဲမှာ ပိုပြီးတင်းကျပ်





ရသည်။ သူ့အတွက် နှင်းက ဘယ်တုန်းကမှ ပေါက်ကွဲခွင့်မပေးခဲ့ပါ။ သူ့ခံစားချက်တွေကိုလည်း ဘယ်တုန်းကမှ စိတ်ရှည်လက်ရှည် ကြားနာပေးခဲ့သည် မဟုတ်ပါ။ တစ်သက်လုံး သူ့ဘာသာ မျိုသိပ်သိမ်းဆည်းသွားရမှာလား... ။

တကယ်တော့ သူတို့နှစ်ဦးသည် တစ်ဦးရဲ့ခံစားချက်ကို တစ်ဦးက ငဲ့ညှာလျက် ရင်ထဲက အချစ်ကိုလည်း အတူမျှဝေ ခံစားနိုင်သူတွေ မဟုတ်ဘူးလား... ။

"မောင်တို့ဟာ ချစ်သူတွေနော်... "

သူမက ခပ်မဲ့မဲ့လေး ပြုံးလိုက်သည်။

"ရန်သူတွေ မဟုတ်ပါဘူး နှင်းရယ်... နှင်းနဲ့ပတ်သက်တဲ့ ကိစ္စတွေကို မောင် သိချင်တယ်ဆိုတာ... မတရားတဲ့ကိစ္စလည်း မဟုတ်ပါဘူး... မောင့်ဘက်က တရားလွန်တောင်းဆိုတာလည်း မဟုတ်ဘူး... မောင့်ကို အသိမပေးဘဲ... ဖုံးကွယ်ထားတာကို မောင်က ဝမ်းနည်းတာပါ... နှင်း... ပြောသလိုပဲ... မောင်... သိထားတော့လည်း ဘာများ ထူးခြားသွားသလဲဆိုတော့ ဘာမှတော့ မထူးခြားပါဘူး...

မောင်ဟာ အမြဲပဲ နှင်း စိတ်တိုင်းကျဖြစ်အောင် နေခဲ့တဲ့သူပါ... နှင်းနဲ့ ပတ်သက်ရင် မောင် သိခွင့်ရှိတယ်လို့ မောင့်ရင်ထဲမှာ ခံယူထားမိတာလေး တစ်ခုပါပဲ... ဒါကလည်း မောင်နဲ့နှင်းဟာ ချစ်သူတွေ ဖြစ်နေတာကို...

ဒါပေမဲ့ ခုနောက်ပိုင်းမှာ... နှင်းက မောင့်အပေါ် အလေး

မထားတာ သိပ်ပြီးသိသာနေသလိုပဲ… နှင်း… မောင့်ကို စိတ်ပျက်နေတာလား… မချစ်တော့တာလား… ဧမောင် စိတ်ထဲမှာ ခံစားရတာကတော့… မောင့်ကိုဘေးမှာထားပြီး လူတွေကိုရင်ဆိုင်ရတာ… နှင်းအဖို့ သိပ်ခက်ခဲနေသလိုပဲ"

ခေါင်းငုံ့မျက်လွှာချထားသည့် နှင်းရဲ့မျက်ဝန်းတွေထဲ ဘယ်လိုအရိပ်တွေများ ထင်နေမလဲ… ။

မောင်… အမှန်အတိုင်း မြင်ချင် သိချင်ပါရဲ့… ။

"နှင်း… "

နှင်းရဲ့ညာလက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်မိသည်။ ပြောရမည့်စကားတစ်ခွန်းအတွက် ရင်ထဲမှာ ကြေမွမတတ် နာကျင်နေသည်။

"မောင့်ကို မလိုချင်တော့ဘူး မဟုတ်လား… "

လေသံမျှ သဲ့သဲ့သာ ကြားရသည်။ ကိုယ့်ကိုယ်ကိုပင် ရင်မဆိုင်ရဲဘူး ထင်မိသည်။ နှင်းရဲ့ခေါင်းညိတ် ခေါင်းခါ… တစ်ချက်က သူ့ဘဝတစ်သက်စာအတွက်ပဲ မဟုတ်လား။ နှင်းဟာ သူ့အပေါ် ဘယ်လောက်ထိ ရက်စက်နိုင်မှာလဲ… ။

ဘယ်လောက်ထိ ရက်စက်ဦးမှာလဲ… ။

"မောင့်ကို မချစ်တော့ဘူး… လို့… ပြောချင်နေပြီလား… တစ်နေ့နေ့… မှာ… ဒါမှမဟုတ် ဒီနေ့ပဲလား… "

သူ့အသံတွေ ပြာနှမ်းတိမ်ဝင်နေခဲ့သည်။ လေတိုးလိုက်တိုင်း စိန်ပန်းရွက်ကြွေတွေသာ ဝေ့ဝဲကျလာသည်။ နှင်း့ဆီ





က တုံ့ပြန်စကားသံကို မကြားရ။ သူ့ရင်တွေ တဆတ်ဆတ် ခုန်နေတာကတော့ သိသာလှသည်။ ဝမ်းနည်းခြင်းတွေ ပြည့်သိပ်နေသည့် ရင်က ဘယ်လိုအသံမြည်နိုင်မလဲ… ။

ငိုညည်းသံတွေသာ ဖြစ်မည်ထင်သည်။

ဘယ်အချိန်မှာမဆို နှင်းက…

[ မင်းကို တို့ မချစ်တော့ဘူး… ]

လို့ ပြောလာနိုင်သည်ဆိုတာ သူ သိထားပြီးသားပဲ။ ချစ်သူတွေ ကွဲကြတယ်ဆိုတာလည်း လောကကြီးအတွက် အဆန်းတကြယ်မှ မဟုတ်ဘဲ… ။ သဘောထားချင်း မတိုက်ဆိုင်တာ၊ စိတ်အခန့်မသင့်တာ၊ သစ္စာမဲ့တာ… အမျိုးမျိုးဖြစ်နိုင်သည့် အထဲမှာ သူကတော့ သူ့ဘက်က တစ်ဖက်သတ် မျက်စိမှိတ်အလျှော့ပေးရင်း နှင်းနှင့်အောင်ခန့်ဘော်ကြားက ဝေးသွားနိုင်မည်ထင်သည့် လမ်းတွေကို ကာကွယ်ပိတ်ဆို့ထားခဲ့တာ… ။

ဒါပေမဲ့ သူ့အပြစ်က ရေကာတာအပေါက်ကို လက်ညှိုးဖြင့် ပိတ်ဖို့ကြိုးစားခဲ့သည့် ကလေးထက် ပိုပြီးဆိုးရွားနေမလား။

စိတ်တွေပွံ့လွင့်ပြီး မျှောချင်ရာ မျှောနေသည်။ နှင်းဆီက စကားသံကို မျှော်လင့်တကြီး မဖြစ်ရတော့ စိတ်သက်သာရာ ရသည်ထင်မိ၏။ ချယ်ရီရောင်ပါတိတ်ပေါ်က ဆေးရေးအခက်အနွယ်လေးတွေ မျက်စိထဲ မှုန်ဝါးဝါး လာထင်သည်။

တကယ်ဆိုတော့… နှင်းရဲ့ဥပေက္ခာကို ခံရဲသည်လား… ။ ရှုံးသွားမှာပဲလို့ ထင်မိသည်။ ယောကျ်ားတန်မဲ့ လို့ ပတ်

ဝန်းကျင်ပြောသမျှကို ခေါင်းငုံ့ခံရင်းပေါ့... ။

“နှင်း... ပြောရခက်နေတာလား... ”

“ဟင့်အင်း... ”

နှင်းက ဆံပင်ရှည်တွေ ဆတ်ခနဲခါရင်း သူ့ဘက် လှည့်ကြည့်သည်။ သူ့အပေါ် အမြဲသြဇာရိပ်လွှမ်းတတ်သော နှင်း၏ မျက်ဝန်းတစ်စုံသည် ခုတော့ ကြည်လင်စိုလဲ့နေ၏။ အဲသည် မျက်ဝန်းအကြည့်ကိုပင် သူက အားကိုးချင်မိသေးသည်။

နှင်းရဲ့မျက်ဝန်းတွေထဲမှာ အကြင်နာရိပ်ကို မြင်နိုင်ပါသေးသည်။

“မောင့်ကို မချစ်တော့ဘူးလို့ ပြောစေချင်တာလား... ”

နှင်းက သည်လိုပါပဲ...

သူ့အပေါ်... နည်းနည်းဖြစ်စေ နှိပ်စက်ရမှ...

“မပြောစေချင်ဘူး... ဘယ်တော့မှ မပြောစေချင်ဘူး”

မျက်နှာပေါ် လက်ဖဝါးနှစ်ဘက် အုပ်ချလိုက်သည်။ အောင်ခန့်ဘော်ကတော့ ဘယ်တော့မှ ဟန်ဆောင်တတ်သူ မဟုတ်ပါ။ ဟန်ဆောင်တာပဲ ဖြစ်စေ၊ မျိုသိပ်သိုဝှက်ထားသည်ပဲ ဖြစ်စေ၊ နှင်းက သူ့ကို မသိစေလိုဘူး ဆိုလျှင်တော့ သူ ဘာကိုမဆို မသိဟန် ဆောင်နေနိုင်ပါသည်။ ဒါပေမဲ့... သူ့ဘက်က ပေးဆပ်ခဲ့ရသမျှ အတွက် တစ်ခုသာ ပြန်ရချင်မိသည်။

“မောင့်ကို တို့ချစ်ပါတယ်... ”

ပင့်သက်ချသံ ရှည်လျားလွန်းသည်။ နှင်း၏တုန်ခတ်





သော စကားသံသည် သူ့ရင်ဘတ်ထဲ လှိုင်းတစ်ခုလို စီးမျောသွား ၏။

“မောင့်ကို နှင်း သိပ်ချစ်ပါတယ်... အဲဒါကြောင့်လည်း တို့ စိတ်ညစ်ခဲ့ရတာပေါ့... ဒါပေမဲ့ မချစ်ဘူးလို့ ငြင်းဆန်လို့ လည်း မရဘူး... တို့ ရင်ထဲက အချစ်ကို တို့လက်ခံမိပြီးနေ ပြီ... မောင့်ကို ချစ်မိတဲ့အတွက် တို့အများကြီး ရင်ဆိုင်ခဲ့ရ တယ်... ရှေ့ဆက်ပြီးတော့လည်း ရင်ဆိုင်ရဦးမယ်... နှင်းရဲ့ပတ်ဝန်းကျင်... နှင်းရဲ့အသိုက်အဝန်း... ပြီးတော့... နှင်းရဲ့မိဘမောင်နှမတွေ... နောက်ဆုံး နှင်း ကိုယ်တိုင်နဲ့... မောင်ဟာ... နှင်းလိုချင်တဲ့ ယောကျ်ားတစ်ယောက် မဟုတ် ဘူး... ဒါပေမဲ့ နှင်း... မောင့်ကို ချစ်တယ်... မောင့်ကို ချစ်မိတာ မှားတယ်လို့ နှင်းရင်ထဲမှာ အမြဲခံစားရတယ်... မောင့်ကို မေ့ဖို့ ကြိုးစားလို့လည်း မရဘူး... မောင့်ကို ခုလို ပြောလိုက်ရတာ... သိပ်ရက်စက်ရာ ကျမှန်းသိပါတယ်... ဒါပေမဲ့... ကြာရင်... နှင်း ရူးလိမ့်မယ်... ”

“နှင်း... ”

“တို့ ကို ခွင့်လွှတ်ပါ... ပြီးတော့ တို့... ကို နားလည်ပေးပါ ခန့်ရယ်... ”

“ဟာ... နှင်း... မငိုနဲ့... မငိုနဲ့လေ... ”

နှင်း ရဲ့မျက်ရည်...

နှင်း ရဲ့မျက်ရည်တွေက သူ့အဖို့ ချော်ရည် ချော်မြုပ်

လိုပင်။ နှင်းရဲ့မျက်ရည်တွေ သူ့အင်္ကျီရင်ဘတ်မှာ ရွဲနင့်လာတာကို တော့ မြတ်နိုးရသည်။ အောင်ခန့်ဘော်သည် ယောကျ်ားဆန်လှ သည့် ယောကျ်ားတစ်ယောက်မို့ ချစ်သူရဲ့ ဆံနွယ်တွေကို ပွတ်သပ် ရင်း သူ့ရင်ခွင်မှာ မျက်ရည်သုတ်နေသည့် ချစ်သူကို ချောမြူနှစ်သိမ့် ရသည့်အဖြစ်ကို ကျေနပ်မိရသည်။ ပြီးတော့… သူ့ကိုမေ့ဖို့ ကြိုးစား နေသည့် မိန်းမတစ်ယောက်ထံမှာ ပိုပြီး ပိုပြီး ငြိတွယ်ကျရှုံးရပြန် လေသည်။

"မငိုပါနဲ့တော့ နှင်းရယ်… ဒါ… မောင့်ရဲ့ကံကြမ္မာလို့ပဲ မှတ်လိုက်ပါမယ်… "

ဘယ်လောက်မိုက်မဲလိုက်သလဲ…

အဲသည် အခိုက်အတန့်မှာ ကိုယ့်ကိုယ်ကို ခါးသည်းခြင်းဖြင့် သူ မျက်ရည်ဝဲလာရသည်။

"နှင်း ကျေနပ်တဲ့အထိ မောင် ကြိုးစားတာပါပဲ… ဒါပေမဲ့ မောင်က နှင်း… ထက် ခြောက်နှစ်ငယ်တဲ့ အောင်ခန့်ဘော် ဖြစ်နေတာကို… မောင်က မရင့်ကျက်နိုင်တဲ့ မျက်နှာနဲ့ စိတ်ဓာတ်နဲ့ အောင်ခန့်ဘော် ဖြစ်နေတာကို… မောင်… ဘာလုပ်နိုင်ဦးမှာလဲ… မောင်… နှင်းထက် အသက်ငယ် နေတာ အပြစ်လား… မောင့်ပုံစံက ကလေးဆန်ပြီး ပေါ့ တိမ်တိမ်ဖြစ်နေတာ အပြစ်လား…

ဒါမှမဟုတ်… မောင်… နှင်းကို ချစ်မိတာကပဲ အပြစ်လား"

နှင်းရဲ့လက်ချောင်းဖျားလေးတွေ သူ့ရဲ့နှုတ်ခမ်းမှာ





လာထိသည်။

"တော်ပါတော့ မောင်ရယ်… "

"နှင်းရယ်… မောင်တို့ အမြန်ဆုံးလက်ထပ်ကြပါစို့… မောင် နှင်းကို ဆုံးရှုံးရမှာ သိပ်ကြောက်နေပြီ… "

နှင်းရဲ့လက်ဖဝါးကို ခပ်ဖွဖွဖမ်းဆုပ်လိုက်ရင်း သူ သတိလက်လွတ် သွေးရူးသွေးတန်းပြောမိသည်။

"မောင့်ကို ခွဲမသွားပါနဲ့ နှင်းရယ်… နှင်း… မောင့်ကို ကြိုက် သလောက် အထင်သေးပါ… ဒါပေမဲ့… နှင်းကို မောင် မဆုံးရှုံးပါရစေနဲ့… "

ဒါ… အဆုံးထိပဲ… ။

သည့်ထက်ပိုပြီး မတတ်နိုင်ပါဘူး နှင်းရယ်… ။

"နှစ်ဦးသဘောတူ လက်ထပ်ထားကြရအောင်... "

နှင်းက သူ့ကို မျက်လွှာပင့်ကြည့်သည်။

"မယုံတဲ့သဘောလား... "

"နှင်း... ဘယ်နေ့ ချိန်ထားခဲ့မလဲလို့... မောင် ရင်တထိတ်ထိတ်နဲ့ စောင့်ရတာ မောလှပြီ... မောင့်ဘက်က သေချာမှု တစ်ခုခုတော့ ရချင်တယ်... "

"မောင် ရယ်... "

ကလေးတစ်ယောက်ကို နှစ်သိမ့်သလို နှင်းရဲ့ အဲသည်အရယ်က ချစ်စရာကောင်းလှသည်။ တည်ငြိမ်ကြည်လင်လှသည်။ အဲသည် အရယ်ကြောင့်ပင် နှင်းအပေါ် သူ့စိုးရိမ်စိတ်တွေ လွင့်ပြယ်ရသည်။ နှင်းက သူ့အကြည့်ကို မသိဟန်ဆောင်ပြီး ထမင်းချိုင့်ကို ဖွင့်သည်။ ထမင်းနှင့်ဟင်းကို သမအောင်ပြုပြီး တစ်ဇွန်းခပ်လျက် သူ့ကိုခွံ့သည်။

"ပါးစပ်ပိတ်ထားဆိုတဲ့ သဘောလား... "





ဆိုတော့လည်း နှင်းက ရယ်နေပြန်တာပါပဲ... ။

ခုတလောမှာတော့ နှင်းရှိရာ သန်လျက်ဘက် သူရောက်ရသည်။ နှင်းထံက ခွင့်ပြုမိန့်လည်း ရထားပြီး ဖြစ်သည်။ သည်လို အခြေအနေရောက်ဖို့ သူ့ဘက်ကလည်း ထူးခြားမှု တချို့ရှိသည်။ သူ နိုင်ငံခြားမှာ အလုပ်လုပ်ဖို့ လျှောက်ထားခဲ့သည့်ကိစ္စက နီးစပ်ရာကနေ သေချာသည့်ဘက် ရောက်လာသည်။ ကျောင်းတစ်ဖက်တက်ရင်း အလုပ်လုပ်နိုင်သည့် စတူးဒင့်ဗီဇာ ရရှိခဲ့ပြီး သူ့အတွက်လည်း တိုးတက်ဖို့ အခွင့်အလန်းဖြစ်သည့် ကွန်ပျူတာဘာသာရပ်နှင့်ဆိုင်သည့် ကောလိပ်ကို တက်ရောက်ခွင့်ရမည်။ နှင်းဘက်က မသေချာပေမဲ့ သူ့ဘက်ကတော့ သည်အခွင့်အရေးသည် နှင်း ကျေနပ်လောက်သည်အထိ. သူ ကြိုးစားဖို့ လှေကားထစ်တစ်ထစ် တက်သွားခြင်းပင် ဖြစ်သည်။ နှင်းကလည်း(သူ့ကို ငဲ့ကွက်ပြီးပဲဖြစ်စေ... ) ဝမ်းသာဟန်ပြခဲ့သည်။ နှင်းရဲ့မိသားစုဘက် ပိုပြီး ရင်းနှီးစွာ ဝင်ထွက်သွားလာခွင့်ရခဲ့ပေမဲ့ သူတို့အခြေအနေမှန်ကိုတော့ နှင်းက ဖွင့်ဟမပြောခဲ့သေးပါ။

နှင်းရဲ့စိတ်က တွေဝေဆဲဆိုတာကို သူမြင်နိုင်နေစဉ်မှာပင် နှင်းကို ယုံကြည်စိတ်ချချင်သည့် သူ့အတ္တသည် သူ့ကိုကောင်းစွာ ချည်နှောင်ထားခဲ့သည်။

နှင်း... သူ့ကိုချစ်ပါတယ်...

ဘယ်တော့မှ ညာလို့ မရဘူး... ။

အအေးပိုင်းနိုင်ငံမှာ ဝတ်ဖို့ သိုးမွေးဆွယ်တာကို

ကိုယ့်ချစ်သူအတွက်မဟုတ်ရင် ဘယ်သူက အပင်ပန်းခံပြီး ကိုယ်တိုင် ထိုးပေးမှာလဲ... ။

တကယ်တမ်းခွဲရမည်ဆိုတော့ သံယောဇဉ်ဆိုတာ မကျန်ရစ်ဘဲ ဘယ်သူက မျက်ရည်ဝဲမှာလဲ... ။ နှင်းရဲ့မျက်ဝန်းထဲမှာ အောင်ခန့်ဘော်အတွက် ချစ်ခြင်းကို အစောကြီးကတည်းက တွေ့နိုင်သားပင်။ ဒါပေမဲ့... လက်ထပ်ဖို့အတွက် သူ စိတ်လှုပ်ရှားနေခဲ့သည်။ နှင်းကို စာချုပ်တစ်ခုပေါ်က လက်မှတ်တစ်ခုနှင့် ချည်နှောင်ရနိုင်မည်ထင်ခဲ့သည်။ သက်မဲ့လက်မှတ်တစ်ခုကို ယုံကြည်စိတ်ချနိုင်မည် ထင်မိသည်။

နှင်းဘက်က အခွင့်အရေးတချို့ ရခဲ့တော့ သူက တစ်ဆင့် တက်ချင်သည်။ ခုလည်း နှင်းက ငြင်းဆန်ဆဲမှာပင်...

"သမီးရည်းစားသက်တမ်း နှစ်နှစ်သာ ကျော်လာတယ်... ခုထိ တစ်ခါမှ ဘုရားအတူ မတက်ဖူးဘူး... "

ဟု သူက အရဲကိုးပြီး တောင်းဆိုမိပြန်သည်။ ကျိုက်ခေါက်စေတီရင်ပြင်မှာ သူမနှင့် ရင်းနှီးသည့် မျက်နှာများစွာ မတွေ့ဖို့ နှင်းက တတွတ်တွတ် ဆုတောင်းနေခဲ့သည်။ ကျိုက်ခေါက်စေတီသို့ သူ တစ်ခါမှ မရောက်ဘူးပါ။ သန်လျင်ဘက်ကမ်းသို့လည်း အကြောင်းကိစ္စဖြင့် မသွားဘူးပါ။ သွားရဖို့လည်း အကြောင်းက မရှိ... ။ သူတို့ ဆွေမျိုးတွေထဲမှာ ကျောက်တန်း၊ သုံးခွဘက် အခြေချနေသူတွေလည်း မရှိတာမို့ သန်လျင်သို့ သူ မရောက်ဖြစ်... ။ သန်လျင်မှာ နှင်း စတင်တာဝန်ကျလျှင်တော့ သံလျင်ကိုရောက်ဖို့





အကြောင်းအမျိုးမျိုးဖြင့် သူ ကြိုးစားတော့သည်။ သို့ပေမဲ့ နှင်းရဲ့ အကြောင်းပြချက်တွေက သူ့ကို သံလျင်တံတားကြီးပေါ် ခြေမချဖြစ်ဖို့ အမျိုးမျိုးပိတ်ပင်တားဆီးခဲ့သည်။ အဲသည်တုန်းကတောင် သူ နှင်းကို သံသယမဖြစ်ခဲ့... ။ နှင်းရဲ့စည်းကမ်းချက်တွေကို လေးစားလျက်ပင် နှင်းကို ချစ်ခဲ့သည်။

"နှင်းရဲ့အိမ်ကို ဖွင့်ပြောဖို့ အချိန်မရောက်သေးဘူးလား ဟင်... "

နှင်းက ထမင်းစားမပျက်ပင်...

"အင်း... ရောက်တော့မှာပါ... "

ဟု ဖြေသည်။

"ဘယ်တော့လည်း... မောင်... ဟိုမသွားခင် ရောက်မှာလား... "

"ဘာလို့ လောနေလဲ ချာတိတ်ရဲ့... မင်းပဲ လူကြီးဖြစ်ပါစေဦး... "

"ဘာလို့ မဖြစ်ရမလဲ... နှစ်ဆယ့်လေးနှစ်ဆိုတာ လွန်တောင် လွန်နေပြီ... "

"တို့ကတော့ သုံးဆယ်ကျော်ပြီ... "

"အဲဒါကြောင့် ပြောတာပေါ့... ပြန်လာမှဆိုရင်... အပျိုပိုင်းကြီး ဖြစ်သွားလိမ့်မယ်... "

"ခုလည်း ဖြစ်နေပြီပဲ... မထူးပါဘူး... "

"နှင်း မပြောရဲသေးဘူးဆိုရင်လည်း လက်ထပ်ထားရအောင်

လို့... တရားရုံးမှာ နှစ်ယောက်တည်း... ”

“ဟာ... ဒါမျိုးတွေက... ကလေးတွေ လုပ်တာမျိုးပါကွာ... မောင်... နှင်းကို ဘာများ မယုံစရာရှိလဲ... နှင်းကသာ မောင့်ကို စိတ်မချရမှာ... ”

“အင်း... နှင်းက စိတ်မချဘူးဆိုလည်း ရတယ်... စာချုပ် တစ်စုံပဲ လိုတယ်... ”

“ခက်နေပါပြီ... ”

နှင်းက... ရယ်မောခေါင်းယမ်းလျက် အုတ်လှေကားထစ်များဆီသို့သာ လှမ်းငေးနေသည်။ ခုမှ မြင်ဖူးသည့် ကုန်းမို့မို့ပေးက မြင်ကွင်းသည် သူ့အတွက် အသစ်အဆန်း ဖြစ်နေစေ၏။ ကိုလိုနီခေတ်က တန်ခိုးထွား၊ အရှိန်အဝါကြီးလှသည့် သန်လျင် ရေနံချက်စက်ရုံ၊ ရှည်မျောလှသည့် ကြိုးတစ်ချောင်းလို လှိုင်မြစ် ကမ်းအနားသတ်နှင့် သီဟိုဠ်၊ ဆီအုန်းစိုက်ခင်းတွေ ရန်ကုန်–သံလျင် တံတားကြီး၏ မှုန်ပျပျမြင်ကွင်းသည် သဘာဝ၏တခမ်းတနားရှိလှသည့် စုတ်ချက်ညီ ပန်းချီကားတစ်ချပ်ပင် ဖြစ်သည်။ အောင်ခန့်ဘော်အတွက် ဧည့်လမ်းညွှန်မိန်းကလေးတစ်ယောက်လည်း အနားမှာ အဆင်သင့်ရှိနေသည်။ ကျိုက်ခေါက်စေတီရင်ပြန်တော် တစ်ပတ်မှာ သူ စိတ်ဝင်စားမိသည်က စေတီတော်၏မြောက်ဘက်စောင်းတန်းမှာ ရှိနေသည့် နတ်သျှင်နောင်၏ အရိုးအိုးစေတီပင် ဖြစ်သည်။ နှင်းကတော့ ဓာတုဗေဒသမားမို့လားမသိ... ။ သန်လျင်နှင့် ပတ်သက်လျှင် ရေနံချက်စက်ရုံလောက်သာ အားတက်သရော





စိတ်ဝင်စားတတ်သူ ဖြစ်၏။

“အင်္ဂလိပ်ခေတ်မှာ... ဘီအိုစီကြီး အကြီးအကျယ် မီးလောင်သေးတယ်... တဲ့ ခန့်ရဲ့... သိပ်ကြောက်စရာကောင်းတာပဲတဲ့... မြစ်ထဲ ဖယောင်းတွေ အရည်ပျော်ကျလာပြီး... ဖယောင်းပြင်ကြီး ဖြစ်နေတာ... တဲ့... ”

သူကတော့ နှင်းကို သူ ဦးတည်ချင်သည့် စကားလမ်းကြောင်းကနေ သွေဖယ်သွားမှာကို မလိုလားနိုင်ပါ။ နှင်းကလည်း သူ့ရည်ရွယ်ရာကို သိနှင့်သည်ပင်... ။

အောင်ခန့်ဘော် ဆိုတာက ရင်ထဲမှာ တစ်ခုခုကို ကွယ်ဝှက်ထားနိုင်သူမှ မဟုတ်ဘဲ... ။ မြောက်ဘက်စောင်းတန်း အရောက်မှာ သူက...

“နားကြစို့... ”

ဟု ပြောသည်။ ကံကောင်းထောက်မစွာပင် မြောက်ဘက်စောင်းတန်း တံခါးဖွင့်လျက်သားရှိသည်။ (အမြဲပဲ ဖွင့်ထားသလားဆိုတာလည်း သူမသိ... )။ သူတို့နှစ်ယောက်သား လှေကားထစ်တွေမှာထိုင်ပြီး ထမင်းစားကြသည်။ နှင်းသည် အတတ်နိုင်ဆုံးတော့ သူမ အမြဲဂုဏ်ယူရသည့် သူမ၏ဂုဏ်ထူးဝိသေသ ဆိုတာတွေ သိက္ခာဆိုတာတွေကို မေ့ထားပြီး သူ့ကို လိုက်လျောခဲ့ရှာသည်မို့ ကျေးဇူးတင်ရသည်။ ချစ်သူသက်တမ်းတစ်လျှောက်မှာ သည်လို နေ့ရက်မျိုးက တကယ့်ကိုရှားရှားပါးပါးပင် ဖြစ်သည်။ သူကလည်း (နှင်း ပြောမည်ဆိုလျှင် ပြောချင်စရာ... ) အဲသည်အခွင့်အရေး

လေးကိုပင် မလွှတ်တမ်း ဖမ်းဆုပ်ထားချင်မိသည်။

"မင်းက ဟုတ်တိပတ်တိ အလုပ်မှ ရမယ်မကြံသေးဘူး... မိန်းမယူချင်တော့... မင်းအိမ်က ခွင့်ပြုမှာလား ချာတိတ်ရဲ့... ပြီးတော့... ယူမယ့်မိန်းမကလည်း မင်းထက် အသက် ခြောက်နှစ်တောင် ကြီးတယ်... "

"ဆရာမကြီးရဲ့... ခုနကပဲ... အရိုးအိုးစေတီနဲ့ နတ်သျှင်နောင်အကြောင်း ပြောခဲ့တာ မေ့သွားပြီလား... "

သူက ခောင်းတန်းအလယ်ပစ္စယံ၏ အနောက်ဘက် ကျကျမှာရှိနေသည့် အရိုးအိုးစေတီဘက် မေးဆတ်ပြလိုက်သည်။

"ဘာကိုလဲ... "

"နတ်သျှင်နောင်နဲ့ ဓာတုကလျာက... ဆယ့်ခုနစ်နှစ်တောင် ကွာတယ်ဗျ... "

"ဟုတ်လို့လားဟယ်... "

"သိပ်ဟုတ်တာပေါ့... "

"မဖြစ်နိုင်တာ... မိန်းမက ဒီလောက်အသက်ကြီးတာ... ခုနစ်နှစ်ဖြစ်မှာပါ... "

တကယ်ပါပဲ...

မမနှင်းဟာ ကျောင်းစာကလွဲပြီး ဘာကိုမှ စိတ်မဝင်စားခဲ့တာလား မသိ... ။ ကျောင်းစာမှာ ထူးချွန်ပြီး အတော်ဆုံး အကောင်းဆုံး ဘွဲ့ထူးတွေသာ တစ်ဆင့်ထက်တစ်ဆင့် မြင့်မား



လိုပြီး ပတ်ဝန်းကျင်ရဲ့ ချီးမွမ်းသံတွေရဖို့သာ အာရုံစူးစိုက်ခဲ့သည့် သာမန်မိန်းမတစ်ယောက်သာ ဖြစ်သည့် အဲသည်မိန်းမကို သူ ဘာကြောင့်များ သည်လောက် စွဲမက်ခဲ့ပါလိမ့်... ။

ရှင်းရှင်းလေးပါပဲ...

သူဟာလည်း ဘယ်သူ့မှထက် ပိုမထူးခြားသည့် သာမန်ယောက်ျားတစ်ယောက်ပဲ မဟုတ်လား... ။

"ဆယ့်ခုနစ်နှစ်ဗျ... တူအရိုးတော်တယ်ဆိုတော့... "

"ဘယ်လို... ဘယ်လို... သူတို့က တူအရိုးတော်တယ်"

"ဟုတ်တယ်လေ... ဓာတုကလျာက ဘုရင့်နောင်ရဲ့သမီး နတ်သျှင်နောင်က မြေးလေဗျာ... အဲတော့... တူအရီး ပေါ့... "

"အံမယ်... သိလှချည်လား... "

"စာအုပ်တွေဖတ်ရင် သိတာပေါ့ဗျာ... ရေဆိုတာ ဟိုက်ဒြိုဂျင်နှစ်ဆနဲ့ အောက်ဆီဂျင်တစ်ဆ ပေါင်းစပ်ထားတာ... ဆိုတာလောက်တော့ မခက်ပါဘူး မဟုတ်လား... "

"ကြည့်စမ်း... ငါ့ကို ခနဲ့ပြန်ပြီ... အသက်ကြီးတယ် မှန်းတော့ သိတာပေါ့ဟဲ့... ဒါပေမဲ့... အဲလောက်ထိတော့ သိပ်ကြီး တိတိကျကျ မသိဘူးလေ... "

မမနှင်းက ခေါက်ဆတ်ဆတ် ပြောရင်း မျက်ခုံးကြီး ကုပ်ကျသွားသည်။

"ကိုယ့်ထက် ဆယ့်ခုနစ်နှစ်ငယ်တဲ့ ယောက်ျားကို... ဒီမိန်းမ

နှယ်... စဉ်းစားလို့ကို မရပါဘူး... တို့မှာတော့... ခြောက်နှစ်ငယ်တာတောင် မျက်စိထဲ ထောင့်မကျိုးဘူးလို့ ထင်နေတုန်းပဲ... ”

သူက တကယ်ပဲ... ကလေးတစ်ယောက်လို အော်ဟာစ်ရယ်မိသည်။

“ဒါကတော့ဗျာ... နတ်သျှင်နောင်က ဘုရင့်သား... အိမ်ရှေ့မင်းသားကိုး... ပြီးတော့... သူ့ရဲကောင်း စစ်ဘုရင်လေဗျာ... ဒီကောင်ကတော့ ဖွတ်ကျားမဟုတ်လား... သုံးမရတဲ့ကောင် မဟုတ်လား... ”

“ဟိတ်... အဲဒါ... မင်းဘာသာ ပြောတာနော်... ”

“နှင်း ပြောရင် မောနေမှာစိုးလို့... ”

နှင်းက သူ့လက်မောင်းကို ထုရိုက်လျက် ရှက်ရယ်ရယ်သည်။ အဲသည်အရယ်ဟာ နှင်းရဲ့ဘစ်သက်တာမှာ အပွင့်လင်းဆုံးပဲ ထင်ပါရဲ့... ။ စိတ်ထဲမှာ နှင်းသည် သူနှင့်အနီးဆုံးဆီ ရုတ်တရက် ပြေးကပ်လာသည် ထင်မိ၏။ မြတ်နိုးစိတ်ဖြင့် နှင်း လက်ဖဝါးလေးကို ဖွဖွဆုပ်နေမိသည်။ နှင်းရဲ့အရယ်ကို မျက်တောင်မခတ်ငေးစိုက်ကြည့်မိသည်။ နှင်းက တဖျပ်ဖျပ်တောက်ပ ကြည်လဲ့သောမျက်ဝန်းအစုံဖြင့် သူ့ကိုမော်ကြည့်သည်။

“သိပ်ချစ်တာပဲ... ”

ဟု ခပ်တိုးတိုး ပြောရင်း ရင်တွေတဆတ်ဆတ် ခုန်လာသည်။ ရှက်ရိပ်စွန်းသော မျက်နှာကိုမြင်ရလျှင် အရာခပ်သိမ်း





ပြည့်စုံသွားသလို စိတ်ထဲမှာ ကျေနပ်ရ၏။

“ဘာဖြစ်လို့... ဒီလောက်တောင်... ”

စကားတစ်ပိုင်းတစ်စ ရပ်ပြီး နှင်းက သူ့မဘာသာခေါင်းရမ်းနေပြန်သည်။

“တို့ကို မနာကြည်းဘူးလား... ”

“ဟင့်အင်း... ”

“နှင်းက မောင့်ကို အထင်သေးတယ်ဆို... ”

“ခံရတော့ ခက်တာပေါ့... ဒါပေမဲ့... နှင်း မောင့်ကို သိပ်ချစ်တယ်ဆိုတာလည်း မောင် သိနေတာပဲ... နှင်းက ဦးနှောက်ကို အမြဲဦးစားပေးခဲ့တဲ့သူဆိုတော့... အချစ်နဲ့ပြိုင်ပြီး ဆုံးဖြတ်ရတဲ့အခါ နှင်း စိတ်ပင်ပန်းရတာပေါ့... အဲဒါ... မောင်နားလည်ပါတယ်...

မောင်... တောင်းပန်ချင်တာက... တစ်နေ့နေ့မှာ မောင်ဟာ ကြီးရင့်လာဦးမှာပါ... နှင်းအတွက် အားကိုးရတဲ့ အိမ်ထောင်ဦးစီး တစ်ယောက်ဖြစ်လာဦးမှာပါ... ဒါကို နှင်း... နားလည်ပြီး မောင့်ကို လက်ခံပေးပါ... နှင်းရဲ့ဂုဏ်သိက္ခာဆိုတာထက် မောင်တို့နှစ်ယောက်ရဲ့ အချစ်ကိုငဲ့ပါကွာ... သိပ်တစ်ကိုယ်ကောင်း မဆန်ပါနဲ့... ”

“ဘုရား ရေ... ”

မျက်လုံးပြူး ရင်ဘတ်ဖိလျက် နှင်းက သူ့ကိုမော်ကြည့်သည်။ နှုတ်ခမ်းတွေ ပြုံးရိပ်ပါးပါး စွန်းနေ၏။

"တို့က တစ်ကိုယ်ကောင်းဆန်တယ်ပေါ့... "

နောက်တော့ နှင်းက သူ့လက်မောင်းမှာ ခပ်လျော့လျော့ ခေါင်းမှီတင်လျက် ပင့်သက်ရှည်ကို ရှိုက်သည်။ သူ့ရင်ထဲရှိသမျှ ပြောခွင့်ရသည့်အတွက် နှင်းကို ကျေးဇူးတင်ရသည်။ နှင်းသည် သူ့ကို ငြူစူရန်လိုသည့် အကြည့်ဖြင့် မကြည့်တော့... ။ သူ့စကားတွေကိုလည်း မျက်စိမှိတ်မငြင်းတော့... ။ အဲသည်အခါမှာ သူ စိတ်အေးချမ်းရသည်။

ဒါပေမဲ့... နှင်းပန်း၏ပြောင်းလဲခြင်း အကြောင်းရင်းခံကို သူ အမှန်အတိုင်း မသိမမြင်ခဲ့ရ... ။

"တို့က တစ်ကိုယ်ကောင်းဆန်နေတယ်ပေါ့ ဟုတ်လား... နှင်းတစ်ခါမှ ကိုယ့်ကိုယ်ကို အဲသလိုမတွေးမိဘူး... ဒါပေမဲ့... မောင်ရယ်... မိန်းမသားဆိုတာ နွယ်ပင်တွေကို အမှီခိုခံဘဝ မဟုတ်လား... လင်ခရူဇာတို့ ကိုရီနာတို့ ဆိုတဲ့... ပိုင်ဆိုင်မှုတွေကို ပြောတာလား... အချမ်နဲ့သစ္စာတရား ဆိုတာကရော လုံခြုံတဲ့ အရိပ်မဖြစ်နိုင်ဘူးလား... "

"ကြည့်စမ်း... ကြည့်စမ်း... စကားတွေတတ်နေလိုက်တာ"

နှင်းက သူ့လက်မောင်းမှ ဆတ်ခနဲခွာသည်။ မျက်စောင်းထိုးလျက် သူ့ကိုတွန်းတိုက် ရယ်မောသည်။ သူ ဘယ်တုန်းကတည်းက သည်စကားတွေ ပြောချင်နေသည်ဆိုတာ နှင်း မသိခဲ့... ။ ဘာပဲဖြစ်ဖြစ်... နှင်းသည် သူတို့နှစ်ယောက်ကြားက အချစ်ကို လွှန်ဆန်မရနိုင်ဟု သူက ထင်မိသည်။ ယုံကြည်မိသည်ပဲ ဆိုပါစို့... ။





အုပ်စုလိုက် ရယ်မောကျီစယ်လာသည့် မိန်းကလေးတစ်စုကို မြင်တော့ နှင်းက မျက်နှာခပ်ကွယ်ကွယ်နေသည်။ ဆယ်ကျော်သက်ကလေးတွေ မြင်တိုင်းမှာ နှင်းက သူမ တပည့်တွေ ထင်တတ်၏။ သူနှင့်အတူ ရှိနေသည့်အချိန်တွေမှာ နှင်း ထိတ်လန့်နေရသည်။

"အချစ်မှာ အသက်အရွယ် ကွာခြားမှုဆိုတာ တကယ့် သေးသေးမွှန်မွှန်လေးပါ... နှင်းရယ်... နတ်သျှင်နောင်နဲ့ဓာတုကလျာဟာ တကယ်တမ်းမှာ... ခုနစ်လလောက်ပဲ ပေါင်းသင်းခဲ့ရတယ်... ဓာတုကလျာ ဆုံးသွားတော့ နတ်သျှင်နောင်ဟာ အိမ်ရှေ့မိဖုရားအဖြစ် ဘယ်သူ့ကိုမှ မမြှောက်ဘဲ တောင်ငူဘုရင်အဖြစ် ဘိသိက်ခံတဲ့အချိန်အထိ တစ်ကိုယ်တည်း နေခဲ့တာ... ဘုရင်တစ်ပါးမှာ မိဖုရားမရှိဘူးဆိုတာ အစဉ်အလာမဟုတ်ပေမဲ့... နတ်သျှင်နောင်ကတော့... အစဉ်အလာကို ဆန့်ကျင်ပြီး... သူချစ်တဲ့ ဓာတုကလျာနေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူးဆိုတာ သက်သေပြခဲ့တာပဲ... "

နှင်းကတော့ သူ့ကို လှောင်ရယ်ချင်ချင် နှုတ်ခမ်းများနှင့်ပါပဲ... ။

"မောင်တို့အတွက်တော့ ခြောက်နှစ်လောက် အသက်ကွာတာက ပြဿနာအကြီးကြီး ဖြစ်နေတယ်နော်... "

"တော်ပါ... တော်ပါ... စကားနာတွေ ထိုးမနေပါနဲ့တော့... သမိုင်းကထိကကြီးရယ်... သမိုင်းတွေ ရာဇဝင်တွေကို ... မောင် ဒီလောက်စိတ်ဝင်တစား လေ့လာထားလိမ့်မယ်လို့ နှင်းက မထင်မိတာ... ဇော်ဝင်းထွဋ်တို့ လေးဖြူတို့ထက် ပိုပြီး စိတ်ဝင်စားတာတွေ ရှိသေးရဲ့လားလို့... "

"ခုလောလောဆယ်မှာ... မောင် စိတ်အဝင်စားဆုံးကတော့ မောင် ဂျပန်မသွားခင်... နှင်းနဲ့လက်ထပ်သွားချင်တာပဲ"

"ဟင်... နောက်ဆုံးတော့... "

"ဘယ်လိုပုံစံပဲ ဖြစ်ဖြစ်... နှင်းကို ပိုင်ရပြီဆိုတဲ့ သေချာမှု တစ်ခုကို လိုချင်တာ... "

"အဲဒါဟာ... နှင်းရဲ့နှလုံးသား လွဲပြီး... ဘာများ ဖြစ်နိုင်မှာလဲ မောင်ရဲ့... နှင်းရဲ့ရင်ထဲက အချစ်ကိုမှ မောင်မရရင်... အဲဒီလက်မှတ်တစ်ခုယူပြီး မောင် ဘာလုပ်မှာလဲ... "

သူ ကြောင်အမ်းဆွံ့အသွားရ့ဲသည်။ တကယ်တော့ မတွေးမိတာမှ မဟုတ်ဘဲ... ။ ဒါပေမဲ့ နှင်းဆီက ငြင်းဆန်စကားသည် သည်လိုအကြောင်းပြချက်မျိုးနှင့် မဖြစ်သင့်ဘူးဟု သူက တစ်ထစ်ချ မျှော်လင့်ထားခဲ့တာ... ။

ပုံသေနည်းတစ်ခုတော့ ဖြစ်ချင်ဖြစ်မည်။

သူ့အပေါ် အမြဲအသာစီးရခဲ့သော မမနှင်းပန်းအဖို့ သူ့ရဲ့ရှုံးကြောင်ကြောင်နိုင်လှသည့် တောင်းဆိုချက်တစ်ခုကို ခေါင်းတစ်ချက်ခါရုံဖြင့် ပယ်ချနိုင်သည် မဟုတ်လား... ။





ရုတ်တရက် မောပန်းသွားသလို ဖြစ်လာပြီး သူ နှုတ်ဆိတ်နေမိသည်။ ကုန်းမို့ထက်ဆီမှာ လေပြင်းသည် သူတို့နှစ်ဦးသားကြားကနေ ခပ်ကြမ်းကြမ်း တိုးဝှေ့သွားတတ်သည်။ ကောက်ကွေ့ကျဉ်းမြောင်းသော ကားလမ်းမ၏ တစ်စွန်းတစ်စကို သူတို့မြင်နိုင်ပါသည်။ နှင်းက သူ့မျက်နှာဆီ သံသယအကြည့်ဖြင့် ဖျတ်ခနဲ မျက်လုံးလှန်ကြည့်လျက်...

"ဘာဖြစ်သွားတာလဲ... "

ဟု ခပ်တိုးတိုး မေးသည်။

သူ့ကိုယ်သူ ဘာဖြစ်သွားမှန်း မသိပါ... ။ မျက်စိစုံမှိတ်ပြီး သူ ခေါင်းယမ်းပစ်လိုက်မိသည်။ နှင်းက လက်ကိုင်ပဝါကို အစွန်းနှစ်ဘက်က ကိုင်ပြီး ရစ်ပတ်ကစားနေရင်း...

"မောင်က ဟိုမှာ ဘယ်လောက်နေမယ် စိတ်ကူးလဲ"

ဟုမေးသည်။

"နှင်းက ပြန်လာတော့လို့ မပြောမချင်းပေါ့... "

"အဲလို... ဖြေတာကို မကြိုက်ပါဘူးနော်... "

"ဗျာ... "

"ရည်မှန်းချက်... ရည်ရွယ်ချက် မရှိသလိုဘဲ... "

"သိပ်ရှိတာပေါ့ဗျာ... "

နောက်ထပ်မမေးပေမယ့် နှင်းက မေးခွန်းတွေများစွာပါသော အကြည့်ဖြင့် မျက်ဝန်းထောင့်ကပ်လျက် ကြည့်သည်။

"နှင်းနဲ့ မောင့်ဘဝမှာ... နှင်းအတွက် သိမ်ငယ်ရာလို့ ထင်

နေတဲ့ အခြေအနေတွေ မောင့်မှာ မရှိတော့မှ နှင်းက မောင့်ကို ပြန်ခေါ်မှာ မဟုတ်လား... အဲဒီလို အချိန်မျိုးမှာမှ... ပြန်လာချင်တယ်...

ဒါပေမဲ့... နှင်းရယ်... ”

“မောင်က နှင်းကို တစ်ရက် တစ်နာရီတောင် ခွဲမသွားချင်တဲ့သူပါ... ခုလည်း မောင့်ရဲ့နှင်းအတွက်ဆိုပြီး အားတင်းထားတဲ့ စိတ်နဲ့သာ သွားရမှာ... ဟိုမှာ ပညာရော ဥစ္စာပါ ရှာနိုင်မဲ့ အခြေအနေမို့... နှင်းလိုချင်တဲ့ အခြေအနေကို နှစ်နှစ် သုံးနှစ်နဲ့ ရောက်နိုင်မှာမို့... ”

နှင်းဆီက ပင့်သက်ရှိုက်သံ တိုးတိမ်တိမ်ကြားရသည်။ ပြီးတော့ နှင်းသည် သူ့လက်ဖဝါးကို ခပ်တင်းတင်း ဆုပ်ညှစ်လျက် လက်ဖဝါးချင်း ယှက်ထား၏။

“နှစ်နှစ်... သုံးနှစ်... ”

နှင်း ဘာတွေများတွေးနေပါလိမ့်...

ရုတ်တရက်နေအရောင် လျော့ကျသွားပြီး ကောင်းကင်က အနည်းငယ် အုံ့ပျသွားသည်။ ဆည်းလည်းသံတွေ၊ ပရိတ်တရားရွတ်ဖတ်သံတွေ သဲ့သဲ့ကြားနေရသည်။ နီးနေရစဉ်မှာလည်း နှင်းကို ပိုင်နိုင်ရသည်တော့ မဟုတ်... ။ ဒါပေမဲ့လည်း ပင်လယ်ခြားပြီး ဝေးသွားရမည်ဆိုတော့ အလွမ်းစိတ်က ရင်ထဲအရင်ရောက်နှင့်သည်။

ခွဲတော့ ခွဲရမှာပဲ... ။





ဒါကိုလည်း နှင်းက ကျေနပ်သည်ဆိုတော့...

အေးလေ...

ဘယ်လိုမှမမျှော်လင့်ရဲသည့် အခြေအနေမှာတောင် ဝေးဝေးက လွမ်းခဲ့ရတာပဲ... ။ ချစ်ရဲခဲ့သည်မို့ လွမ်းစရာကြုံတော့လည်း လွမ်းရဲရမှာပေါ့... ။

“နှင်း... မောင့်ကို စောင့်မှာပါ... မောင့်ကို စောင့်မှာပါ”

ရေရွတ်မြည်တမ်းသံက သူ့ရင်ကို လှုပ်ခတ်သွားစေသည်။

စောင့်ရမှာပေါ့... ။

စောင့်ရမှာပေါ့... နှင်းရဲ့... ။

"အိမ်ကိုတော့ နှင်း မပြောချင်သေးဘူး... ဘယ်သူမှ မသိအောင်တော့ လက်ထပ်လို့ ရသားပဲနော်... "

"နှင်း... တကယ်ပြောတာလား... "

"လက်ထပ်ထားမှ မောင်က စိတ်ချမယ် ဆိုရင်ပေါ့... "

နှင်း ပခုံးကို ပွေ့ယူလိုက်သည်။ နှင်းရဲ့မျက်နှာကြည်ကြည်လေး မော့လာသည်။ သနပ်ခါးရနံ့သည် နှလုံးအိမ်အတွင်းပိုင်းအထိ စိမ့်ဝင်လျက် မွှေးပျံ့သွား၏။ စွဲစွဲလမ်းလမ်း မြတ်နိုးစွာ ချစ်ခဲ့ရခြင်းသည် အချည်းနှီး မဖြစ်နိုင်ဟု... သူ့ဘာသာဝမ်းသာလှိုက်လှဲနေမိသည်။

"နှင်း... မောင့်ကို ချစ်တယ်နော်... "

"ဟာ... ပြောနေဖို့ လိုသေးလို့လား... "

"လိုတာပေါ့ နှင်းရယ်... မောင်ကတော့ စက္ကန့်မလပ် နှင်းကို ချစ်တယ်... ချစ်တယ်လို့ ပြောနေချင်တာ... "

အံ့သြဖို့ကောင်းစွာပင် နှင်းက မရယ်မောပါ... ။ ဖြူနီးခနဲ နှစ်ဦးသားကြား ငြိမ်သက်အေးခဲသွားသည်။ မိနစ်အတော်ကြာ ငြိမ်သက်နေပြီးသည့်အခါ နှင်းက သူ့ရင်ခွင်ကနေ အသာရုန်းထွက်သည်။





"ချာတိတ်... "

"အဲလို မခေါ်နဲ့ဗျာ... "

"ဘာဖြစ်လို့... တို့ကို ဒီလောက်တောင် ချစ်ရတာလဲ"

အရာရာကို ရယ်မောပစ်တတ်ဖို့ ဝန်မလေးလှသည့်အောင်ခန့်ဘော်သည် နှင်းပန်း၏မေးခွန်းတစ်ခုကိုတော့ ရယ်မောပစ်ဖို့ မတတ်နိုင်ခဲ့ပါ... ။ အဲသည်မေးခွန်း၏ နောက်ကွယ်ကအဓိပ္ပာယ်များစွာသည် သူ့ကို မလှုပ်မယှက်နိုင်အောင် ချည်နှောင်လိုက်သလိုပင် သူ့ရင်ထဲမှာ လေးလံလာခဲ့သည်။ နှင်းရဲ့မျက်ဝန်းထဲက ကြေကွဲရိပ်တွေကရော...

ဘာအဓိပ္ပာယ်များလဲ... ။

ရုတ်တရက် ခေါင်းယမ်းပြီး ရယ်မောပစ်လိုက်သည်။

"ဘယ်သိမှာလဲ... နှင်းရဲ့... နေထွန်းတို့ပြောသလို... ဝဋ်ကြွေးကြီးလို့ ဖြစ်မှာပေါ့... "

နှင်းက စိတ်ဆိုးမသွားဘဲ ဟက်ခနဲ မချိတရိ ပြုံးရယ်သည်။

"ဘယ်နေ့ လက်ထပ်ကြမှာလဲ... "

"မောင်... မသွားခင် တစ်ရက်ရက်ပေါ့... မောင်ရယ်... "

နှင်း စကားသံက ပင်ပန်းလေးလံလှသည် ထင်၏။ သူ့ကိုလိုက်လျောလိုစိတ် တစ်ခုဖြင့်သာ နှင်း သည်လို ဆုံးဖြတ်ရသည်မှန်း သူ သိရသည်။ နှင်းရင်ထဲက လှိုက်လှဲခြင်းကို သည်တစ်သက်မှာ ရနိုင်ပါမည်လား... ။

အခိုက်အတန့်တော့ဖြင့် အချစ်အတွက် ရူးသွပ်သည့် မိန်းမတစ်ယောက် နှင်းကို ဖြစ်စေချင်လှသည်။

တစ်ရက်ပဲဖြစ်ဖြစ်… တစ်နာရီပဲဖြစ်ဖြစ်…

အောင်ခန့်ဘော် ဆိုသည့် ချစ်သူကောင်လေး အကြောင်းကလွဲပြီး ဘာကိုမှ မစဉ်းစားသည့် လိုက်လှဲပျော်ဝင်ခြင်း မျိုး… ။

ဒါပေမဲ့ နှင်းပန်းက ဘယ်တော့မှ အဲသည်လို ရူးသွပ်မည့် မိန်းမမျိုးမဟုတ်… ။ ထို့ကြောင့်ပဲ… သူကံဆိုးခဲ့သည် ထင်၏။

အင်းလေ…

ကံကောင်းခဲ့တာလည်း ဖြစ်နိုင်ပါရဲ့… ။



လမ်းမီးရောင် ဝါကျင့်ကျင့်မှုန်မှုန်များ လင်းလက်သည့် အချိန်အထိတိုင်ခဲ့သည်။ သူတစ်သက်မှာတော့ အဲသည် ညနေခင်းသည် အမှတ်တရပင်… ။ အလင်းရောင်ပါးလျားပြီး လျှပ်စစ်မီးရောင်တွေ စတင်မြင်ရချိန်မှာ သူတို့နှစ်ဦး တံတားပေါ်ရောက်လာသည်။ မြစ်ရေပြင်ကျယ်သည် ညနေခင်းတိမ်အရောင်နှင့် လျှပ်စစ်မီးရောင်တွေ ရောင်စုံဟပ်လျက် လှိုင်းလေ ငြိမ်သက်လျက် ဣန္ဒြေကြီးလှသည်။

တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ပြီးစကားသံတိတ်ဆိတ်လျက် မျက်စိတဆုံး မြင်ရသည့် မြစ်ပြင်ကျယ်ကိုသာ ငေးမိကြသည်။ မှတ်မှတ်ရရ စကားများစွာ မဆိုဖြစ်… ။ ရင်ထဲမှာတော့ ကြည်နူးရင်ခုန်လျက် နာကျင်ခြင်းတွေလည်း ရှိနေသည်။ အလွမ်းတွေလည်း ပြည့်သိပ်နေသည်။

"ဒီလိုညမျိုး… တို့နှစ်ယောက်အတွက် နောက်ထပ် ရနိုင်ပါ့မလား မသိဘူး… "

ဟု နိမိတ်ပုံဆန်ဆန် စကားမျိုး သတိလက်လွတ် ပြောမိသည်။

"မောင်ကလည်း… ကွယ်… "

ဝမ်းနည်းမျက်နှာပျက်စွာ နှင်းက သတိပေးမှ… သူ့ရင်ထဲ စိုးရိမ်စိတ်တွေကြီးလှကြောင်း ရိပ်စားမိသည်။ သည်တော့

"မောင်... ပြန်ရောက်ရင်... "

ဆိုပြီး စကားလမ်းကြောင်း လွှဲရသည်။

"နှင်းက ဘယ်လိုလက်ထပ်ချင်လဲ... "

မေးတော့ ရှက်ပြုံးဖြင့် နှင်းက ခေါင်းယမ်းနေသည်။ သူကတော့ နှင်း ရှက်နေသည်လို့ ထင်ခဲ့တာ... ။ တကယ်တော့ နှင်း သူ့ကို လှောင်နေတာ မဟုတ်ဘူးလို့ ဘယ်သူငြင်းနိုင်မလဲ။

"တို့ကဖြင့်... အသက်တွေကြီးနေပြီကွယ်... စိတ်ကူးမယဉ် ချင်တော့ပါဘူး... "

တဲ့... ။

ဟုတ်မှာပေါ့...

အောင်ခန့်ဘော်ကို လက်ထပ်ဖို့ နှင်း ဘယ်တုန်းကမှ စိတ်မကူးခဲ့တာဘဲ... ။

အဲသည်တစ်ညနေမှာတော့ နှင်းက အောင်ခန့်ဘော် အတွက် လိုက်လျောနိုင်သမျှ အတိုင်းအတာအထိ လိုက်လျောခဲ့ ဟန်တူပါရဲ့။ ခန့်ဟာ... နှင်းပန်းကို ဘယ်တော့မှ မရနိုင်ဘူးဆိုတာ အဲသည်အချိန်မှာ မသိစေချင်ဘူး ထင်ပါရဲ့... ။

ဟင့်အင်း...

နှင်း ရယ်...

နှင်းရဲ့မျက်ဝန်းထဲမှာ အချစ်တွေကို မြင်ခဲ့ရသားပဲ။

"နှင်း... မောင့်ကို သိပ်ချစ်ပါတယ်... "

လို့ လှိုက်လှိုက်လှဲလှဲ တိုးတိုးတိမ်တိမ် ဝန်ခံခဲ့သားပဲ... ။ ပြီးတော့ သူ့ရင်ခွင်ထဲမှီပြီး မေ့မျောလုမတတ် ငြိမ်သက်နေ





ခဲ့သည်။ မြစ်ရေပြင်က လေတွေကြမ်းလာတော့ တငြိမ့်ငြိမ့်နှင့် လှိုင်းစီးနေရသလိုပဲဟု ကျေနပ်နေခဲ့သည်။

"ပြန်ရအောင်... "

ဟု ပြောခဲ့သည့်အချိန်က နှင်းရဲ့မျက်ဝန်းအိမ်တွေ စိုလဲ့နေတာကို သူ ကြေကွဲလျက် ကျေနပ်ခဲ့ရသည်။

"မပြန်ချင်တော့ဘူးကွာ... "

"ဟုတ်တယ်... နှင်းလည်း မပြန်ချင်ဘူး... "

နှင်းပန်းရဲ့ဘဝမှာ သည်တစ်ကြိမ်သာ အမိုက်မဲဆုံး ဖြစ်မှာ... ။ သူမက အမြဲတမ်း ဆန္ဒတွေကို တွန်းလှန်ခဲ့သည်ချည်းပင်... ။ အချစ်မှာ မူးယစ်ဝေခဲ့သည်လား... ။

သူကတော့ မယုံနိုင်ခဲ့... ။

"ဒါပေမဲ့ ပြန်ရမယ်နော်... "

မီးရောင်အောက်မှာ မျက်ရည်စက်တွေ ဖျတ်ခနဲ လွင့်သည်ကို အိပ်မက်မှာလိုလို မြင်ရသည်။

"လောကကြီးထဲမှာ တို့နှစ်ယောက်တည်းရှိရင် သိပ်ကောင်းမှာပဲ မောင်ရယ်... "

တဲ့... ။

နှင်းရဲ့ အဲသည်စကားသည် သူ့အတွက်၊ အဲသည်ည အတွက် တစ်သက်တာ အမှတ်တရ ဖြစ်စေခဲ့၏။

လောကကြီးမှာ မထင်မှတ်ဘဲ တိုက်တိုင်ဆိုင်ဆိုင် ဆိုတာတွေ မရှိခဲ့ဘူးဆိုလျှင်တော့ အောင်ခန့်ဘော်သည် စိတ်အနှောင့်အယှက် စိုးစဉ်းမျှမရှိဘဲ အလွမ်းစိတ်သက်သက်ဖြင့်သာ ဂျပန်ကို ချောချောမောမော ရောက်သွားလိမ့်မည် ထင်ရသည်။ အဲသည်အခါမှာ ခန့်နှင့်နှင်းပန်းတို့၏ ဇာတ်သိမ်းခန်းသည်လည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေမလား။ ဂျပန်ကို ရောက်ပြီးမှပဲ ဒေါက်တာနိုင်စိုးနှင့် ဒေါက်တာနှင်းပန်းရဲ့ မင်္ဂလာသတင်းကို ကြားရမည်လား... ။

ခုတော့...

အရာအားလုံးသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ပြောင်းလဲနေမြဲ သင်္ခါရသဘောတရား ဆိုတာထက် ပို ပို၍ ပို၍ လျင်မြန်စွာ ပြောင်းလဲခဲ့ပြီး... အဲသည် ပြောင်းလဲမှုကလည်း ရေအလျဉ်လို ရွေ့လျားစီးမျောခဲ့သည် မဟုတ်ဘဲ လျှောင်တစ်ခုလို အားပြင်းစွာ လှုပ်ရှားပြောင်းလဲခဲ့တာ... ။





ဒါပေမဲ့ အပေါ်ယံမျက်နှာပြင်ကတော့ အေးခဲငြိမ်သက်ခဲ့ရသည်။

နှင်းကို အပြစ်မတင်ပါဘူး... လို့ သူ အမြဲပြောခဲ့သည်။

နှင်းမှာ အပြစ်မရှိဘူးလေ...

နှင်းပန်းဟာ နှင်းပွင့်လေးလို အမြဲဖြူစင်ခဲ့သူကိုး။

သည်တော့ သူနှင့်မထိုက်တန်အောင်ပင်ဖြစ်ရသည်။

နှင်းကို သူ ကျောခိုင်းခဲ့သည်။ အိပ်မက်တစ်ခုလိုပါပဲ... ။ သူ့ရင်ထဲက အေးခဲသည့် နှလုံးသားတစ်စုံသည် နှင်းအတွက် နွေးထွေးသည့် အချစ်များကိုပါ အသွင်သဏ္ဍာန်ပြောင်းလဲစေနိုင်လောက်အောင် အင်အားကြီးမားခဲ့တာက သူနှင့် နှင်းအတွက် အဆုံးသတ်တစ်ခု ဖြစ်နိုင်ပါသည်။

သိပ်ချစ်ခဲ့ရပါတယ် နှင်း ရယ်...

သိပ်ချစ်ခဲ့လို့ အရမ်းလည်း ကြေကွဲခဲ့ရပါတယ်... ။

မထင်မှတ်ဘဲ ထင်ကျော်နှင့်သူ အမှတ်တမဲ့ဆုံရာက စသည်။ ထင်ကျော်နှင့်သူသည်လည်း အဲသည်လို တိုက်တိုက်ဆိုင်ဆိုင် ဆုံမှသာ စကားပြောဖြစ်ကြသည့် သူငယ်ချင်းမျိုး...။ ကျောင်းတုန်းက ဆက်ရှင်တစ်ခုထဲ... ။ လက်တွေ့မှာလည်း တစ်ဖွဲ့တည်းတွေမို့ တော်တော်ရင်းနှီးကြသည်။ သို့ပေမဲ့... အုပ်စုတွေ သူ့ဘာသာသူတွဲသွားဖြစ်ကြတော့ စိုင်းလင်းတို့ နေထွန်းတို့နှင့်သူက အတန်းထဲမှာလည်း အတူထိုင်ရင်း၊ ကင်(န်)တင်းမှာ နောက်ရင်း၊ ပြောင်ရင်း အိမ်ပြန်သည့် လမ်းကြောင်းတွေကလည်း ဆုံနေတာမို့ တွဲဖြစ်ကြပြီး ပိုရင်းနှီးသွားကြသည်။ နောက်ပိုင်း ကျောင်းပြီးသည့် အခါမှာတော့ အားလုံးတကွဲတပြားစီပါပဲ... ။ တတ်သည့်ပညာနှင့် မသက်ဆိုင်သည့် စီးပွားရေးနယ်ထဲ ရောက်သွားသူတွေကများပြီး သူတစ်ယောက်သာ သဘော်တက်ရမလိုလို၊ နိုင်ငံခြားမှာ ကျောင်းဆက်တက်ရတော့မလိုလိုနှင့် ဖေဖေစီမံပေးသမျှ လှုပ်ရှားနေရပြီး အဲသည်အခွင့်အရေးတွေစောင့်ရင်း သီချင်းနားထောင်လိုက်၊ တောင်တွေတက်လိုက်... ၊ ကားတွေဝယ်ရောင်း လုပ်လိုက်နှင့် အတည်တကျမဖြစ်ခဲ့ရ... ။

အဲသည်... ထင်ကျော်သည်လည်း ကျောင်းပြီးကတည်းက မိဘလက်ထက်ကတည်းက အခြေကျခဲ့သည့် Poly Clinic မှာ ဝင်ပြီးလှုပ်ရှားခဲ့ရသည်။ ထင်ကျော်တို့ရဲ့ မိသားစုပိုင်





ဆေးခန်းက သဃ်န်းကျွန်းဘက်မှာ ရှိပြီး အတော်အသင့် စုံလင်သည့် အဆင့်မနိမ့်လှသည့် ဆေးခန်းတစ်ခု ဖြစ်သည်။ ခေတ်မှန်၊ သားဖွားခန်း၊ ခေတ်ခွဲခန်း စသည့် ရင်းနှီးမြှုပ်နှံမှုများစွာထဲမှာ မြုပ်နေသည့် ငွေတွေပြန်ပေါ်ရအောင် လုပ်ငန်းထဲ ခေါင်းစိုက်ထားရသည့် အကြောင်းတွေ ထင်ကျော်နှင့် ဆုံလျှင် ကြားရတတ်သည်။ ထင်ကျော်က သူနှင့် နှင်းရဲ့အကြောင်းကို တစ်စွန်းတစ်စ သိသည်။ ဆူးလေလမ်းမပေါ်မှာ သူတို့နှစ်ယောက်နှင့် တစ်ကြိမ်ဆုံဖူးသည်။ သူ နှင်းကို အသည်းအသန်တောက်တဲ့ ကပ်သလို ကပ်နေတုန်းကလည်း ကျောင်းထဲမှာ ဆုံဖူးသည်။ သည်တုန်းက ထင်ကျော်က ဘွဲ့လက်မှတ်လာထုတ်ရင်း ဆုံသည်ထင်၏။ သူက ခပ်လှမ်းလှမ်းမှ နှင်းကိုပြပြီး နှင်းအကြောင်းတွေ ပြောပြဖူးသည်။

တကယ်တော့ ဘာမှ အဆန်းတကြယ် မဟုတ်...။ သွားရမည့်ကိစ္စအတွက် လေယာဉ်လက်မှတ်တွေ ကြိုစုံစမ်းရင်း စတင်း(န်)ဟိုတယ်ရှေ့မှာ သူနှင့်ဆုံရသည်။

"လာကွာ... လာကွာ... စားရင်းသောက်ရင်း စကားပြောရအောင်... "

ဆိုပြီး သူ့ကားပေါ် ပါသွားရလျက် ပုလဲကြွယ်သို့ ရောက်သည်။

"ငါ... အိမ်ထောင်ပြုတော့မှာကွ... ဒါကြောင့် ဖိတ်စာမပေးခင် ကြိုပြီး ကျွေးထားတာ... "

သူက ဝင့်ဝင့်ကြွားကြွား ပြောသည်။ ထင်ကျော်သည် မတွေ့ရသည့် နှစ်တွေအတွင်းမှာ အတော်ဝ,လာပြီး တကယ့်

စီးပွားရေးသမားကြီးပုံစံ ပေါက်လာသည်။ နှင်း ပြောသလို သူ တစ်ယောက်ပဲ မရင့်ကျက်ခဲ့တာများလား မသိ... ။ ဒါပေမဲ့ နှစ်ဆယ့်ငါးနှစ်ဆိုတာ ဒီလောက်တော့ ရင့်ရော်ဖို့ မကောင်းဘူးဟု သူ ထင်သည်။ ထင်ကျော်က စီးကရက်လည်း အဆက်မပြတ်သောက်သည်။

"ဟေ့... မင်းကို... ငါ... မေးမလို့... မင်း မမကြီးနဲ့ မင်း ခွာပြဲသွားပြီလား... "

"ဘာဖြစ်လို့လဲ... "

ခေါင်းထဲ ဒိတ်ခနဲ သွေးဆောင့်တိုးပြီး ရင်ဘတ်ထဲ ထူပူသွားသည်။ မျက်နှာမပျက်အောင် သူ မကြိုးစားနိုင်... ။ သို့ပေမဲ့ ထင်ကျော်က သူ မျက်နှာပျက်သည်ကိုလည်း ရိပ်စားမိပုံမရ။

"ဆရာဝန်တစ်ယောက်နဲ့ တွဲနေတယ်လေကွာ... အဲဒီ... ဆရာဝန်က တို့ဆေးခန်းမှာ ထိုင်တယ်... (Pediatrician) ပီဒီယာထရီရှင်ကွ... ဆေးခန်းကို သူ တစ်ခေါက် နှစ်ခေါက် ပါလာတာ မြင်ဖူးတယ်... သူက ငါ့ကို မြင်ပုံမရဘူး... မမြင်တာလား မမှတ်မိတာလား မသိဘူး... ကလေးအထူးကုဆိုတော့ လက်ဖျားငွေသီးနေတာပေါ့ကွာ... ရုပ်ကလည်း တကယ့် ဂျင်(န်)တဲလ်မင်း(န်)ပဲ...

ငါက လူမှားမစိုးလို့ ဆရာ့ကို ကွယ်ရာမှာ နောက်သလိုပြောင်သလို မေးရတာပေါ့ကွာ... သူက Ph.D ဒေါက်တာတဲ့... လူကြီးတွေ စပ်ဟပ်ပေးထားတာ တဲ့... ယူတော့ မလိုလိုပဲကွ...

ငါက မင်းကို မေးချင်နေတာ... မင်း... တော်တော်ကြွေခဲ့





တာ မဟုတ်လား...

ဟော့ကောင်... အောင်ခန့်... "

ထင်ကျော်က သူ့လက်မောင်းကို ခပ်ကြမ်းကြမ်းပုတ်သည်။ ငုတ်တုတ် မေ့ခဲ့သည်ထင်၏။ နှင်းနှင့် ပတ်သက်ပြီး သူ ဘာကိုမှ ခံနိုင်ရည်မရှိ... ။ ဟန်ဆောင်တတ်သူလည်း မဟုတ်တော့... ။

"ငါ... ဒါတွေ ဘာမှ မသိဘူးကွာ... "

ဆိုပြီး အမှန်အတိုင်း ဝန်ခံမိသည်။

"ဟော့ကောင်... မင်း ငြိမ်ခံမနေနဲ့... နှစ်ယောက်လုံးဆုံတဲ့ အချိန်မှာ ဆွဲစေ့ပစ်လိုက်... "

ဆိုပြီး ထင်ကျော်က သူ့အတွက် ရှုးရှူးရှားရှား ဒေါသတွေထွက်နေသည်။ သူကတော့ ဘီယာတွေ တစ်လုံးပြီး တစ်လုံး အမူးသောက်ခဲ့သည်။

ဘယ်တော့မှ အမူးမပြေချင်လည်း နှင်းလို့ ယောင်ယမ်းတ,မိသည်။ အဲသည်ညက သူ့ကို ထင်ကျော်က အိမ်အရောက် ပို့ရသည်... တဲ့... ။

သူကတော့ ဘာဂဆိုဘာမှ မသိ... ။

လှည်းတန်းဘက်က လမ်းရှည်ကျဉ်းကျဉ်းကလေးထဲ သူ ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ် ရောက်ခဲ့ရစဉ်က ကြေကွဲတွန့်ဆုတ်သော ခြေလှမ်းများဖြင့်သာ ဖြစ်သည်။ ထင်ကျော်နှင့် သူ ဆုံ ညည်က သောကြာနေ့ညနေ ဖြစ်သည်ကြောင့် နှင်းကို တွေ့ဖို့ သူ စနေညနေအထိ နာရီတွေ ရှည်လျားစွာ စောင့်ရသည်။ နှင်းရဲ့ အိမ်ကို စနေ တနင်္ဂနွေတွေမှာ သူ မသွားချင်... ။ ရုံးပိတ်ရက်နေ့များစွာသည် နှင်းတို့အိမ်မှာ ဧည့်သည်စုံတတ်သော နေ့ဖြစ်၏။ ပြီးတော့ သူ ရင်မဆိုင်ချင်သူတွေနှင့် ကြုံကြိုက်နေမှာကို မလိုလားပါ။ နှင်းတို့အိမ်မှာဆို နှင်းက သူ့ကိုချစ်သူတစ်ယောက်အဖြစ် ဘယ်တုန်းကမှ ကြိုဆိုခဲ့တာမဟုတ်... ။ သည်တော့ သူ့ရင်ထဲမှာ လောင်နေသည့် မီးတောက်ကို တစ်ခုခု နည်းလမ်းဖြင့် ငြိမ်းသတ်ဖို့ ဆိုတာက နှင်းကို သူ အချိန်ယူပြီး တွေ့မှဖြစ်မည်။ နှင်းရဲ့စာသင်ချိန်ပြီးလျှင်တော့ နှင်းဟာ ခြံတံခါးဝအနားမှာ ရပ်စောင့်နေသည့် သူ့ကို မမြူစူကောင်းပါဘူး ထင်ပါရဲ့... ။

လက်ထပ်မယ်,လို့ နှင်း သဘောတူခဲ့ပြီးသားပဲ။ နှင်းဟာ သူ့မျှော်လင့်ချက်တွေကို တစ်ထိုင်တည်း ဖျက်ဆီးပစ်လောက်အောင်တော့ မရက်စက်တန်ကောင်းပါဘူးနော်... ။အောင်ခန့်ဘော်ဟာ နှင်းပန်းကို ဇွဲကောင်းကောင်း သစ္စာရှိရှိနဲ့ နှစ်တွေ



အကြာကြီး ချစ်ခဲ့သူပဲ မဟုတ်လား... ။

နံနက်ခင်းတစ်ခုလုံး နေ့လယ်ခင်း တစ်ခုလုံး သူ့အတွက် ဖြေသိမ့်စရာ အကြောင်းပြချက်တွေလည်း အတော်များများ ကုန်ခဲ့ပြီ... ။ သို့ပေမဲ့ အရာမရောက်ပါ... ။ နှင်း သူ့ကိုလှည့်စားနေခဲ့တာပဲ... ဆိုသည့် အဖြေသို့ မရောက်အောင် အမျိုးမျိုးကွေ့ဝိုက်လှည့်ပတ်ရင်း အတွေးစတွေထဲ မျောနေခဲ့ပေမဲ့ သူ့အတွက် အဖြေတစ်ခုကတော့ စောင့်ကြိုနေခဲ့ပြီ... ။ သေချာတာတစ်ခုက နှင်း သူ့အပေါ်မှာ ဟန်ဆောင်ခဲ့သည်ဆိုလျှင်တောင် သူ့ကို ငဲ့ကွက်ဖို့မဟုတ်ဘဲ သူမကိုယ်သူမ ကာကွယ်ဖို့သာ ဖြစ်လိမ့်မည်။

ဝမ်းနည်းစရာပါပဲ... ။

အောင်ခန့်ဘော်သည် ကိုယ့်ကိုယ်ကို ဖြေသိမ့်ဖို့ပင် သက်သာရာရဖို့ အဖြေတစ်ခုကို မရခဲ့... ။

ဘာကိုများ အာရုံဝင်စားနိုင်မှာလဲ... ။ နာရီလက်တံတွေ သိပ်ကိုနှေးကွေး လွန်းနေသည် ထင်ရ၏။ နံနက်ခင်း တစ်ပိုင်းလုံး သူ အိပ်ခန်းထဲက မထွက်ဖြစ်ပေမယ့် သူ့စိတ်တွေက ယောက်ယက်ခတ် လှုပ်ရှားနေခဲ့သည်။ သိပ်မကြာခင်မှာ သူ မျက်နှာချင်းဆိုင်ရတော့မည့် အနာဂတ်တစ်ခုကို ပုံစံအမျိုးမျိုး ပုံဖော်ကြည့်မိသည်။ ပုံရိပ်တွေက ဝေဝါးလျက် နည်းနည်းမှ ပြတ်သားထင်ရှားမလာ... ။ တကယ်ဆို ဘာမဆို ဖြစ်နိုင်သည်။

နှင်းမှာ သူ့အတွက် ငဲ့ကွက်စရာ သံယောဇဉ်တစ်စွန်းတစ်စ မကျန်ရစ်ဘူး ဆိုပါတော့...

ဟင်အင်း…

မဖြစ်နိုင်ဘူး… ။

နှစ်ဘက်လူကြီးတွေက ကြည်ဖြူရှုံ့သက်သက်နဲ့တော့ နှင်းဟာ နှလုံးသားခံစားချက်မဲ့တဲ့ အိမ်ထောင်တစ်ခုကို ဖန်ဆင်းမှာ မဟုတ်ပါဘူး… ။

[လက်မခံရဘူးလို့ ဦးနှောက်က ထိန်းချုပ်ထားရက်နဲ့ လွန်ဆန်ပြီး မောင့်ကို ချစ်ခဲ့မိတယ် ဆိုမှတော့ တစ်ယောက်တည်းကိုပဲ ချစ်ရမယ်လို့ ကတိစကားတွေနဲ့ အလဲအလှယ်လုပ်နေဖို့ မလိုတော့ဘူး ထင်ပါတယ်… နော်… ]

နောက်ဆုံးတော့ နှင်းရဲ့စကားတစ်ခွန်းကိုပဲ ယုံစားအားကိုးလျက်၊ နှင်း့ဆီက သေချာမှုတစ်ခုကို မျှော်လင့်လျက် သူ လမ်းရှည်ကလေးထဲ ရောက်လာခဲ့ရတော့သည်။ ထိုလမ်းကလေးက အင်းစိန်လမ်းမကြီးဘက်မှာ ရှိသည်။ လှည်းတန်းမီးပွိုင့် ပတ်ဝန်းကျင်မှာ စတိုးဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ လမ်းဘေးဆိုင်တွေ ဘတ်စ်ကားဂိတ်တွေ စည်ကားရှုပ်ထွေးလှသလောက် လမ်းကလေးထဲမှာတော့ ငြိမ်းချမ်းလှသည်။ သည်လမ်းကလေးထဲအထိ သူ ပထမတစ်ကြိမ် လိုက်လာတုန်းက နှင်းက သူ့ကိုအပြစ်တင်လိုသည့် အကြည့်ဖြင့် ကြည့်သည်။ ပြီးတော့…

"နောက်… လာကြိုစရာ မလိုဘူး… "

ရယ်လို့ ပြတ်သားစွာ ပြောခဲ့သေးသည်။ ဒါပေမယ့် အဲသည်ညနေတုန်းက လှည်းတန်းဈေးမှာ ကြာဇံချက်သောက်ပြီး



အင်းလျားကန်ဘောင်ပေါ် ခဏတော့ ထိုင်ခွင့်ရခဲ့သေးသည်။

ဆိုင်ကယ်ကို အရှိန်လျှော့ပြီး လမ်းကျဉ်းကလေးထဲ ရောက်လာတော့…

… စွန့်သွားတဲ့ မင်းကို စွန့်၍… ချစ်သွားမယ်လေ…

ဒီလူသားသစ္စာ… ကမ္ဘာတည်သရွေ့လေ…

ဆိုပြီး ကြေကွဲဆွတ်ပျံ့ဖွယ် စိုင်းထီးဆိုင်ရဲ့ မောင့်လပြည့်ဝန်း သီချင်းက သူ့ကို ဆီးကြိုသည့် အုတ်ခြံစည်းရိုးမြင့်များ၊ တိုက်ကပ်နွယ်ပင်တွေ တွယ်ကပ်ပေါက်ရောက်နေသည့် သံဆန်ကာကွက် စည်းရိုးများ တစ်ဖက်တစ်ချက်စီမှာရှိသော လမ်းကလေးသည် ဖြောင့်ဖြောင့်တန်းတန်းလည်း မဟုတ်ဘဲ အကွေ့အကောက်အတော်များ၏။ လမ်း၏ထိပ်ပိုင်းမှာ စာအုပ်အငှားဆိုင်နှင့်ကပ်လျက် ဆံပင်အလှပြင်ဆိုင် ခပ်သေးသေးတစ်ခု ရှိသည်။ ဆက်သွားလျှင် ခပ်လှမ်းလှမ်းမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိသည်။ လက်ဖက်ရည်ဆိုင်သည် ကျယ်ဝန်းသော ခြံတစ်ခုထဲမှာဖြစ်ပြီး ပလက်ဖောင်းလက်ဖက်ရည်ဆိုင်တွေလို ရှုပ်ရှုပ်ထွေးထွေး မရှိ… ။ သပ်ရပ် အေးချမ်းပြီး ထိုင်ချင့်စဖွယ် ဖြစ်နေသည်… ။ ရက်(ပ်)ဂီတတွေ ခေတ်စားနေချိန်မှာ အဲသည်ဆိုင်က ကြားရသည့် သီချင်းသံတွေကတော့ စိတ်နှလုံးကို အေးချမ်းစေနိုင်သည့် ကိုယ်ပိုင်သံစဉ်များသာ ဖြစ်ကြသည်။

ဝဋ်မှာအမြဲ… ငရဲမှာအပ… ဆိုသည်ကြောင့်လည်း

ဒီဝဋ်ကြွေး… မကုန်ဆုံးသရွေ့လေ…

လည်စင်းခံ ဆပ်မယ်... မေ...

သို့လေသော်လည်း...

ဒီလူနဲ့... တူသောအကျိုးမျိုး... ဘဝဆက်တိုင်းမှာ မင်းတစ်ယောက်... ကင်းလွတ် ဝေးပါစေ...

ဩော်...

နူးညံ့သည့် သံစဉ်နှင့်အတူ သီချင်းစာသားတွေက သူ့ရင်ဘတ်ထဲ အရှိန်ပြင်းပြင်းလာထိသည်။ ဆိုင်ကယ်က ဆတ်ခနဲ ယိမ်းထိုးပြီး ခြေတစ်ဖက်ထောက် ရပ်မိတော့မလိုပင် ဖြစ်သွား၏။ လက်ဖက်ရည်ဆိုင်ထဲ မျက်လုံးဝေ့ကြည့်တော့ ဆိုင်ထဲမှာ လူရှင်းနေသည်။ လက်ဖက်ရည်ဆိုင်ကနေ နှင်းကို စောင့်ရမည်လား... ။

ဟင်အင်း...

သေချာအောင်တော့ မေးရဦးမည်... ။

နှင်း အဲသည်ကို ရောက်လာမလာ သေချာဖို့လိုသည်။အဲသည်အတွေးက စိတ်လောကြီးစေပြီး ဆိုင်ကယ်ကိုအနည်းငယ် အရှိန်မြှင့်လိုက်သည်။ ရှေ့ကလမ်းအကွေ့သည် အတော်ပင်ကျဉ်းမြောင်း၏။ ဆိုင့်ကယ်ဟွန်းသံပေးဖို့ သူ မေ့လျော့နေသည်။

နက်ပြာရောင် ကားတစ်စင်း၏ ခေါင်းပြူထွက်လာသည်ကို ရုတ်တရက် မြင်လိုက်ရပြီး ဆိုင်ကယ်လက်ကိုင်ကို တစ်ဖက်အုတ်နံရံ စည်းရိုးဘက် ကမန်းကတန်း ကွေ့ချလိုက်ရသည်။

"ဟဲ့... ဘုရား... ဘုရား... "

"ဟာ... သေတော့မှာပဲ... "





ဆိုင်ကယ်စက်သံနှင့် ကားဘရိတ်သံသည် လမ်းရှည်ကလေးထဲမှာ အတော်ကျယ်လောင်စွာ မြည်ဟီးသွားခဲ့သည်။ တစ်ဖက်က အုတ်နံရံစည်းရိုးကို ဝင်ဆောင့်ပြီ ထင်လိုက်ပေမယ့် အဲသည်လိုမဖြစ်ပါ။ ပွတ်ကာသီကာပင် သူ့ဆိုင်ကယ် တစ်ပတ်လည်ထွက်သွားပြီး နက်ပြာရောင် ကားခေါင်းလှည့်ရာဘက်သို့ ယိုင်ထိုးကျသွား၏။ သူ့ဆိုင်ကယ်လေးကို သူ နိုင်နင်းစွာ ထိန်းသိမ်းလိုက်နိုင်ပါသည်။

သို့ပေမယ့်...

ခပ်စောစောကပင် သူ့ဆိုင်ကယ်ကို အုတ်နံရံစည်းရိုးနှင့် အရှိန်ပြင်းပြင်း ဝင်ဆောင့်ပစ်လိုက်မိလျှင်...

သူ ဘယ်တော့မှ ခုလောက်နာကျင်ရမည် မဟုတ်ပါ... ။

သူ ဘယ်တော့မှ အရာခပ်သိမ်းအတွက် နောင်တရ,ရမည် မဟုတ်ပါ။

ခုတော့...

အတော့်ကို နောက်ကျခဲ့ပြီ... ။

"ညီလေး... ဘာဖြစ်သွားသေးလဲ... "

ဘာမှ ဖြစ်မသွားပါဘူး...

တစ်စစီ ပဲ့ကြွေသွားရုံလေးပါပဲ...

ဘယ်သူမှလည်း မမြင်လိုက်ပါဘူး... ။

ခုနေ ကျွန်တော် သေသွားရင်တောင် ဒဏ်ရာက ဘယ်မှာဆိုတာ ဘယ်သူမှ သိလိုက်မှာ မဟုတ်ပါဘူး မမနှင်းရယ်...

"ခန့်... "

အို... အဲသလို မကြည့်ပါနဲ့...

ကရုဏာသက်တဲ့ အကြည့်တွေက ကျွန်တော့်ကို လှောင်နေသလိုပါပဲ... ။

"မင်း... တစ်တောင်ဆစ် ဘာဖြစ်သွားတာလဲ... အရိုးများ အက်သွားသလား... နံရံနဲ့ ပွတ်မိသွားတယ် ထင်တယ်... ကိုယ် ဆရာဝန်ပါ... ခဏလောက် ကြည့်ပေးပါရစေ"

ဟင်အင်း...

မကြည့်ပါနဲ့တော့ဗျာ... ။

ခင်ဗျား ဘာမှမြင်မှာ မဟုတ်ပါဘူး... ။ ကျွန်တော့် ရင်ထဲမှာ ဘာဆိုဘာမှ မရှိတော့ပါဘူး။ ကျွန်တော့်ခန္ဓာကိုယ်ရဲ့ နာကျင်မှု ဆိုတာကို မသိနိုင် မခံစားနိုင်လောက်အောင် ကျွန်တော့်





ရင်ထဲမှာ ထုံကျင်အေးစက်ပြီး ဟင်းလင်းပြင် ဖြစ်နေခဲ့ပါပြီ... ။

"ခန့်... ဘာဖြစ်သွားသေးလဲ... ဘယ်နား ထိသွားသေးလဲ ဟင်... "

"နှင်းပန်း... အသိလား... "

"ဘုရား... ဘုရား... ကံကောင်းလို့... "

"လမ်းကလည်း သိပ်ကျဉ်းတာကိုး... "

"ကိုနိုင်... သူ ဘာဖြစ်သွားသေးလဲ... "

"မဖြစ်ပါဘူး... မဖြစ်ပါဘူး... အိုကေတယ် မဟုတ်လား... ညီလေး... ကိုယ့်ကားနဲ့တော့ မတိုက်မိလိုက်ပါဘူးနော်... နှင်းပန်းနဲ့ သိလား... မေးလိုက်ပါဦး... ရုတ်တရက်... လန့်ပြီး ရှော့ခ်များ ရသွားလား... "

"ဟို... တောင်ကြီးတုန်းက... တပည့်လေးပါ... "

သူ... ဘာဖြစ်နေတာတဲ့လဲ...

ရှော့ခ် ရသွားတာလား... ရုတ်တရက် လန့်သွားတာပဲလား... ။

"ခန့်... တို့ကို လာရှာတာလား... "

ဆိုင်ကယ်ကို ယိုင်ထိုးကျနေရာကနေ ဆွဲမပြီး ဒေါက်ထောက်လိုက်သည်။ ကျယ်ကျယ်လောင်လောင် အသံဗလံကြောင့် လက်ဖက်ရည်ဆိုင်က လူတချို့ အပြေးအလွှား ရောက်လာပြီး ခဏအတွင်းမှာပင် ပြန်လှည့်ထွက်သွားကြသည်။ သူ့တစ်ကိုယ်လုံး နာကျင်နေပေမယ့် အဲသည်ခံစားမှုကိုပင် သူ မသိနိုင်ပါ... ။

လက်ချောင်းတွေအားလုံးကို ကျစ်နေအောင် ဆုပ်ထားမိသည်။ သူ့ရှေ့မှာ ရှိနေသည့် လူနှစ်ယောက်ကို ကြည့်မိသည့် သူ့မျက်လုံးထဲ ဘယ်လိုအရိပ်တွေ မြင်ရမည်လဲ မသိ... ။ သူကတော့ ဘာကိုမှ မမြင်နိုင်ဘဲ အရာအားလုံး ဝေဝါးပျောက်ဆုံးလျက် ရှိသည်။

"ခန့်... "

အဲသည် ညနေက နှင်းသည် သူ့အတွက် ဝမ်းနည်းစိုးရိမ်နေခဲ့တာလား... ဒါမှမဟုတ် တစ်စုံတစ်ရာ ဖြစ်ပျက်လာမှာကို ထိတ်လန့်နေခဲ့တာလား သူ အမှန်တကယ် မသိခဲ့ပါ... ။

[တောင်ကြီးတုန်းက တပည့်လေးပါ... ]

အဲသည်စကားကိုတော့ သူ သေချာကြားရသည်။

ဆိုင်ကယ်ကို ခပ်လှမ်းလှမ်း တစ်ချက်ဝေ့ကြည့်ပြီး သူ စက်နှိုးလိုက်သည်။ ကားတံခါးပိတ်သံ ကြားရသည်။ သူ့မျက်လုံးတွေထဲ နှင်းတွေလိုလို မြူတွေလိုလို မသဲမကွဲမို့ ချက်ချင်းမထွက်နိုင်သေးဘဲ ဆိုင်ကယ်ကို လှမ်းဘေးမှာရပ်ပြီး ခဏတော့ ငြိမ်သက်နေရသည်။

သူ့နှလုံးအိမ်သည် ထူးဆန်းစွာပင် ငြိမ်သက်အေးစက်နေ၏။ သူ မျက်ရည်မကျခဲ့တာ သေချာပါသည်။

[ တောင်ကြီးတုန်းက တပည့်လေးပါ... ]

သူ့နှုတ်ခမ်းတွေ ခပ်ဆတ်ဆတ်တွန့်ပြီး ပြုံးမိသွားသည်။ နက်ပြာရောင် ၄ခ/နံပါတ်ကားကြီး သူ့နံဘေးနားက ညင်ညင်သာသာ ဖြတ်သွားပြီး စိုးရိမ်ရိပ်တစ်ဝက် ဖုံးထားသည့် မျက်နှာ





တစ်ခုသည် သူ့ကို ကားပြတင်းမှ လက်ပြနှုတ်ဆက်ပြီး တဖြည်းဖြည်း ဝေးကွာသွားခဲ့သည်။

ထို့နောက်မှာတော့ သူ အိမ်ပြန်ဖြစ်ဘဲ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်သည်။ မောင့်လပြည့်ဝန်း သီချင်းကို နောက်တစ်ခေါက် ပြန်ဖွင့်ခိုင်းပြီး လမ်းမီးတွေလင်းလက်ချိန်အထိ သူ တစ်ယောက်တည်း ငြိမ်သက်စွာ ထိုင်နေခဲ့သည်။

အောင်ခန့်ဘော်ရဲ့ ဝဋ်ကြွေးပြီးဆုံးခဲ့ပြီလို့ ထင်သည်။

သူ့မှာ နာကျင်စရာ နှလုံးသားပင် ရှိပါတော့ရဲ့လား မသိ... ။

ပိတ်ထားသည့် မှန်တံခါး၏ အပြင်ဘက်က ဝန်းကျင်သည် မှောင်မိုက်လျက် အရိပ်တွေသာ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ပြေးသွားတတ်၏။ မီးစက်တွေ ရထားပြတင်းမှန်ကို လာရောက်ရိုက်ခတ်သည်မို့သာ မီးဖွဲဖွဲရွာနေသည်လို့ သိရသည်။ ရထားခုတ်သံနှင့်မီးသံ ရောထွေးလျက်ပင် အကြားအာရုံထဲမှာ ဆူညံဆဲဖြစ်ပြီး နှင်းပန်းကတော့ အိပ်လို့မရနိုင်ပါ... ။ သူတို့နှစ်ဦး ပြောစရာစကားတွေ ကုန်သွားသလို ငြိမ်သက်နေကြရပေမယ့် နှင်းပန်း ရင်ထဲမှာတော့ မေးစရာ မေးခွန်းတွေ ကျန်နေဆဲပင်... ။

ပြီးတော့...

သည့်ထက်ရှည်ဝေးသည့် ခရီးတစ်ခု... သူမတို့နှစ်ယောက်အတွက် ရှိနိုင်ဦးမလား ဆိုတာကိုလည်း သူ့မျက်ဝန်းတွေထဲမှာ မြင်နိုင်ချင်သည်။

ဒါပေမဲ့...





အချိန်တွေ သိပ်များ နောက်ကျခဲ့ပြီလား...

"ဂျပန်မှာ သိပ်မကြာလိုက်ဘူး ထင်တယ်နော်... "

သူက မကြားလိုက်သလို ကိုယ်ကိုကိုင်းပြီး ခေါင်းငုံ့လာသည်။

"ဂျပန်... မှာ... "

"ဪ... နှစ်နှစ်ခွဲ ကြာလိုက်တယ်... "

သူ ဂျပန်ထွက်သွားပြီ ဆိုတာကို အတော်ကြီးနောက်ကျမှ နှင်း သိခဲ့ရတာပါ။ နှုတ်ဆက်စကားလေး တစ်ခွန်းသော်မျှ မရခဲ့... ။ အေးစက်ပြီး နာကြည်းရိပ်တွေသာ လွှမ်းသောမျက်လုံးတစ်စုံကို နောက်ဆုံးရင်ဆိုင်ခဲ့ရပြီး... ထို့နောက်မှာတော့ နှင်းသည် သူ့ကို ဘယ်တော့မှ မတွေ့ရတော့ချေ... ။ ဒေါက်တာနိုင်စိုးကို လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ပြီးနောက်မှာ သူ့ထံကလက်ထပ်ခွင့်ကိုလည်း သူမ လိုက်လျောချင်ခဲ့တာက သူမအတွက် တစ်သက်တာ မဆုံးနိုင်သော နောင်တ တရားပင်ဖြစ်သည်။ တကယ်တော့ဘယ်လောက်တွေဝေခဲ့သလဲ... ။

ဘယ်လောက် သတ္တိနည်းခဲ့သလဲ...

နှင်းပန်းသည် အချစ်ကို မစွန့်လွှတ်နိုင်သလို ဘဝဆိုတာကိုလည်း အပြစ်ကင်းစင်စေချင်ပြန်သည်။

"အိမ်ထောင်ကျပြီလား... "

"ဟျာ... "

အံ့သြသွားပြီးမှ သူက ပြုံးရင်း ခေါင်းယမ်းလျက်...

"မကျသေးပါဘူး… "

ဟု ဖြေသည်။

"မငယ်တော့ဘူး နော်… "

"မငယ်တော့ဘူး… ဒါပေမယ့် သိပ်အသက်ကြီးပြီလို့လည်း မထင်မိသေးပါဘူး… ကိုယ့်ကိုယ်ကို ရင့်ကျက်ပြီလို့ မယုံကြည်နိုင်သေးတော့ အိမ်ထောင်ပြုဖို့လည်း သိပ်စိတ်မထက်သန်လှဘူး… နှင်းကတော့… ဘာဖြစ်လို့… "

မေးခွန်းက တစ်ပိုင်းတစ်စနှင့် တန့်သွားသည်။ သူ့မျက်နှာသည် ရထားအမိုးမျက်နှာကျက်က အလင်းဖြူအောက်မှာ ခပ်စောစောကထက် သွေးရောင်လွှမ်းလာသည်ဟု ထင်သည်။ သူ့အသားတွေ နဂိုထက် ညိုသွားဟန်ရှိပေမယ့် သည်ကောင်လေး၏ မျက်နှာသည် ယောက်ျားတန်မဲ့ ကြည်လင်မြပင်… ။ ခုတော့ … မေးကြောစိမ်းတွေပင် ပိုထင်ရှားလာခဲ့သည်။ ဂျပန်မှာ အနေကြာခဲ့လို့ ထင်ပါရဲ့… ။

သူ ဂျပန်ကို ချက်ချင်းကြီး ထွက်သွားခဲ့တာ… နှင်းကြောင့်လား…

တစ်ပြည်ရပ်ခြားမှာ အသိအမြင် အပြောင်းအလဲများစွာဖြင့် နှင်းကို မေ့နိုင်ခဲ့ပြီလား…

မောင်ရယ်…

နှင်းကတော့ အိပ်မက်တွေထဲမှာ မောင့်ကိုရှာနေဆဲပါ။



"ဒေါက်တာနိုင်စိုး လက်ထပ်သွားတာ သိလိုက်တယ်… "

"ဟုတ်လား… ခန့် သိတယ်လား… "

"သူငယ်ချင်းက စာရေးလာလို့ပါ… သတို့သမီးက ဒေါက်တာနှင်းပန်း မဟုတ်ဘူးဆိုတော့ တော်တော်အံ့သြသွားတယ်"

နှင်းပန်းက ရီဝေသွားသော မျက်ဝန်းများကို သိမ်းကွယ်လိုက်မိသည်။ ဒါဟာ… နှင်း သတိရချင်တဲ့ အတိတ်တစ်ခုမှ မဟုတ်တာကွယ်… ။

"ဒီလိုပါပဲလေ… အိမ်ထောင်ရေးဆိုတာ ရေစက်ဝကဖူးစာလည်း ပါဦးမှ… ပြီးတော့… ပြီးတော့လည်း စိတ်ခံစားမှုဆိုတာကိုလည်း မေ့ထားလို့မရဘူး မဟုတ်လား… "

"ဒါပေမယ့်… မမအတွက်တော့ အကောင်းဆုံးအိမ်ထောင်ဖက်ကို ဆုံးရှုံးခဲ့ရတာလို့ ကျွန်တော် ထင်တယ်… မမ အပျိုကြီးလုပ်ဖို့ စဉ်းစားထားလို့လား… "

လောင်ရိပ်စွန်းသော သူ့အရယ်က သူမကို ဝမ်းနည်းခံပြင်းစေပါသည်။ ဒါပေမယ့် သူ့မျက်ဝန်းတွေကတော့ မှိုင်းရီနေခဲ့သည်။

တို့က တို့ဆီပြန်လာမယ့် လူတစ်ယောက်ကို စောင့်နေခဲ့တာပါ… ။ ဒါပေမယ့်… ခုတော့… တို့ သေချာသိပြီ။

သူ… တို့ဆီ ပြန်လာမှာ မဟုတ်တော့ပါဘူး… ။

"တော်ပါတော့ကွယ်… တို့ကို မလှောင်ပါနဲ့တော့… "

"ဗျာ… "

သူ အံ့ဩသွားပြန်သည်။ ဒါဟာ အံ့ဩစရာလား ကွယ်။ သူ့မျက်နှာ ချက်ချင်း အရောင်ပြောင်းသွားပြီး ရထားမှန်ပြတင်းဘက် မျက်လုံးလွှဲသွားသည်။ ရထားသည် ချောင်းတစ်ခုကို ဖြတ်နေပြီး တံတားတိုင်တွေ ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့သည်ကို မိုးရိပ်နှင့်မလင်းတလင်း လရောင်အောက်မှာ မြင်ရသည်။ နှင်းကတော့ စိတ်တွေမငြိမ်သက်နိုင်ဘဲ လက်ချောင်းလက်ဆစ်တွေကို အသံမြည်အောင် ချိုးနေမိသည်။ နှင်းရဲ့သန့်စင်သည့် လက်ချောင်းတွေမှာ လက်သည်းရှည်အသစ်တွေ ထွက်စပြုနေပြီ... ။

သူ့ဘောင်းဘီအိတ်ထဲမှာဖြစ်ဖြစ် လက်သည်းညှပ်တစ်ခု ရှိမနေဘူးလို့ ဘယ်သူပြောနိုင်ပါ့မလဲ...

သူမခန္ဓာကိုယ်ထဲ သွေးတွေ ဖြန်းခနဲ နွေးထွေးသွားသည်။ လုံးဝန်းသော သူ့နှာတံထိပ်ဖျားဆီ သတိလက်လွှတ်ငေးကြည့်မိသည်။ သူ့နဖူးပြင်အစပ်မှာ နှာသီးထိပ်ဖျားမှာ ချွေးစက်များစိုလက်နေသည်ကို ခပ်မှိန်မှိန် ရထားမီးရောင်အောက်မှာ မြင်ရ၏။

"ကျွန်တော် လှောင်နေတာလို့ နှင်းက ထင်လို့လား... ကျွန်တော် လှောင်နေတာ မဟုတ်ပါဘူး နှင်းရဲ့... ခုချိန်မှာ... ကျွန်တော် ကိစ္စတော်တော်များများကို ယေဘူယျဆန်ဆန်တွေးတတ်နေပါပြီ... မိန်းမနဲ့ယောကျ်ား အခြေခံရပ်တည်မှုချင်း မတူနိုင်ဘူးဆိုတာ... ခုတော့ ကျွန်တော် သဘောပေါက်လာပါပြီ...

အချစ်ဆိုတာ ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်အတွက်





စိတ်ကူးယဉ်ချင်စရာ ကောင်းပေမယ့် လက်တွေ့ဆန်တဲ့ဘဝမှာ ရပ်တည်နေရတဲ့ မိန်းမတစ်ယောက်အတွက်တော့ လောလောဆယ် ရပ်တည်ရမယ့် ဘဝခိုင်မာဖို့ထက် ဘယ်ဟာမှ ပိုပြီးအရေးမကြီးနိုင်ဘူး မဟုတ်လား..."

အို...

မဟုတ်ဘူး...

တကယ်တမ်းကျတော့... တို့ သိပ်ပြီး လက်တွေ့မဆန်နိုင်ပါဘူး ချာတိတ်ရယ်... ။

မင်း... ဒီက ထွက်သွားပြီ ဆိုတာ သိရတော့ တို့ ဘယ်လိုကျန်ရစ်ခဲ့မယ် ထင်သလဲ... ။

ပြုံးနေသည့် သူ့မျက်နှာကို နှင်း အထိတ်တလန့် ကြည့်လိုက်မိသည်။ အဲသည်မျက်နှာသည် အိပ်မက်တွေထဲမှာ နှင်းမြင်ရသည့် သူ့မျက်နှာမျိုး... အပြုံးမျိုးပင်... ။

သူ့မျက်လုံးတွေကတော့ နှင်း နောက်ဆုံးမြင်ခဲ့ရသည့် အေးခဲနေသည့်၊ ခံစားမှု ကင်းမဲ့သည့် မျက်ဝန်းတွေနှင့်ဆင်တူသည်။ ဒါပေမယ့် ခုချိန်မှာ နာကြည်းရိပ်ကို မမြင်ရတော့... ။ တကယ့်ကို သန့်စင်ပြီး အေးစက်လှသည့် ခံစားမှုမဲ့မျက်ဝန်းမျိုး။

"ဒေါက်တာနိုင်စိုးကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ မမ မှန်ပါတယ်..."

မောင်...

သူမ ရင်ထဲ ပဲ့တင်ထပ်သွားအောင် အော်ပစ်လိုက်

မိသည်။ တကယ်တမ်းမှာတော့ သူမ၏လည်ချောင်းထဲ စကားလုံးများ၊ ဝေဒနာများစွာ တစ်ဆို့နေခဲ့၏။ မျက်ဝန်းအိမ်တွေ ပူနွေးလာသည်မို့ မျက်လွှာချလျက် မျက်ဝန်းတွေကို သိမ်းကွယ်ရင်း နှင်း... ခပ်မဲ့မဲ့ပြုံးလိုက်ရသည်။ သူနှင့် ပြန်မဆုံရခင်အထိ တစ်လျှောက်လုံး သူမ ရင်ထဲနာကျင်ခံစားခဲ့ရသည့် ဝေဒနာသည် ခုချိန်မှာ သူမ ရင်ဆိုင်နေရသည့် မျှော်လင့်ချက်ဆုံးရှုံးရခြင်းလောက် ခံရမခက်လှဘူး ထင်မိသည်။

"ဒေါက်တာနှင်းပန်းဆိုတဲ့... နာမည်တစ်ခုကို ပိုပြီးတောက်ပအောင်... အရောင်တင်ပေးနိုင်ဖို့ ဆိုတာ... ဒေါက်တာနိုင်စိုးလိုလူမျိုးမှ ဖြစ်မှာပေါ့... "

"ခန့်... "

သူဟာ အရိပ်အကဲ နားမလည်တတ်သည့် ကောင်လေးတစ်ယောက် ဖြစ်မြပင်...

မဟုတ်သေးဘူး...

သူဟာ နှင်းပန်းကို လှလှပကလဲ့စားချေနေတာ မဖြစ်နိုင်ဘူးလား... ။

"ကျေးဇူးပြုပြီး... ဒါတွေကို ပြန်မပြောပါနဲ့တော့... "

"ဆောရီး... "

သူက တိုးတိမ်စွာ ရေရွတ်လေသည်။

"တို့ဟာ... တစ်ချိန်က သတ္တိနည်းခဲ့တာ မှန်ပါတယ်... ပတ်ဝန်းကျင်ကို နိမ့်ကျတဲ့ အခြေအနေတစ်ခုနဲ့ ရင်မဆိုင်ချင်





ခဲ့တာလည်း မှန်ပါတယ်... ဒါပေမယ့်... တို့ရင်ထဲက အချစ်ကိုတော့... တို့ဘယ်တုန်းကမှ မလိမ်ညာခဲ့ပါဘူးနော်"

နှင်းပန်း၏ ပွင့်လင်းသော စကားကြောင့် သူ အကြီးအကျယ် အံ့သြသွားပြီး နှင်းပန်းကို မျက်တောင်မခတ် ငေးကြောင်စိုက်ကြည့်နေလေသည်။ နှင်းပန်းသည်လည်း မျက်နှာတစ်ပြင်လုံး ပူနွေးလျက် ရင်ဘတ်ထဲ သွေးခုန်နှုန်းတွေ မြန်ဆန်လျက် တဒိတ်ဒိတ် သွေးဆောင့်တိုးနေသည်။ မျက်ဝန်းအိမ်ထဲမှာ မျက်ရည်ပူတွေ ပြည့်လျှံလာသည်။ နှုတ်ခမ်းလွှာတွေ ခြောက်သွေ့ပြီး တုဆတ်ဆတ် တုန်ယင်လာသည်။

နှင်း ရင်ထဲမှာ သူ့အတွက် စစ်စစ်မှန်မှန် ချစ်ခြင်းတစ်ခု ရှိတဲ့တယ်ဆိုတာကို သူက မယုံကြည်ခဲ့ဘူးပေါ့နော်...

အင်းလေ...

ဒါဟာ... သူ့အပြစ်တော့ မဟုတ်ပါဘူး... ။

သူ့ရှေ့မှာ မျက်ရည်မကျချင်ခဲ့သည့် နှင်းပန်းသည် ခုတော့ ပြိုဆင်းလာသည့် မျက်ရည်တွေကို ဘယ်လိုမှ ထိန်းမရ...။ သူ ပြန်လာသည့်အချိန်အထိ နှင်းပန်း တစ်ယောက်တည်း ရှိနေဆဲဆိုတာ သူသိခဲ့လျှင် မလွဲမသွေ... သူ နှင်းပန်း့ဆီ ရောက်လာမှာပဲဟု ယုံကြည်စွာ မျှော်လင့်ခဲ့သည်က ရူးသွပ်ခြင်း သက်သက်သာ ဖြစ်သည်ဆိုတာ သိရတော့ အချိန်တော်တော် နောက်ကျခဲ့ပြီ... ။

အချစ်က... နှင်းပန်းကို ကောင်းစွာ လှောင်ရယ်နိုင်ခဲ့ပြီပေါ့... ။

"နှင်းကို… ကျွန်တော် ဝမ်းနည်းစေချင်တာ မဟုတ်ပါဘူး နော်… ကျွန်တော် စကားတွေ အလောတကြီး ပြောမိသွားတယ်… ကျွန်တော် ဆိုလိုတာက…

နှင်း… ကျွန်တော့်ကို ထားခဲ့တဲ့အတွက်… ကျွန်တော် ခုချိန်မှာ နှင်းကို အပြစ်မတင်ချင်တော့ဘူးဆိုတာကို နှင်း သိစေချင်တာပါ… "

"ဘယ်လို… "

"နှင်းရဲ့အသက်အရွယ်နဲ့ နှင်းရဲ့စဉ်းစားတွေးခေါ်မှုဟာ လုံးဝမှန်ကန်ပါတယ်… ဒါပေမယ့် ကျွန်တော်ကတော့ နားမလည်နိုင်ခဲ့ဘူး… အဲဒီအချိန်တုန်းက ကျွန်တော်ဟာ အချစ်ကို အရူးအမူး ကိုးကွယ်ခဲ့သူကိုး…

တကယ်တော့… အချစ်ဆိုတာ… ရာသီအလိုက် ပေါ်လာတတ်တဲ့… နှင်းတွေ မိုးစက်တွေ မြူတွေလိုပါပဲလို့ ကျွန်တော် တွေးမိတယ်… "

မျက်ရည်စက်တွေ ရုတ်တရက်ခြောက်သွားသည်။ နှင်းပန်းသည် ပိုက်ဆံအိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ပြီး မျက်နှာပြင်ကို ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်၏။ သူ့စကားသံ၏ တည်ငြိမ်လေးနက်မှုက တဒင်္ဂလှုပ်ခတ်သွားသည် သူမ၏နှလုံးအိမ်ကို ငြိမ်သက်စေခဲ့သည်။

"ကဗျာစပ်တော့မလို့လား… "

ဟု… ပြောရင်း… နှင်း ခပ်အမ်းအမ်းပင် ပြုံးဖြစ်





သည်။ ရုတ်တရက်တော့ သူ ဆိုလိုသည့် စကားအဓိပ္ပာယ်ကို နားမလည်နိုင်ခဲ့… ။ လက်ကိုင်ပဝါကို လုံးချေနေသည့် နှင်း လက်ချောင်းတွေကို သူ စိုက်ကြည့်နေသည့်အခါ ဘာကြောင့်မှန်း မသိဘဲ ဝမ်းနည်းသွားရပြန်သည်။ မိုးအရှိန်က ပြင်းထန်လာပြီး… ပြတင်းမှန်တစ်ခုလုံး မိုးရေစီးကြောင်းတွေသာ ထင်နေတော့သည်။ ဖြတ်သန်းသွားသည့် သစ်ပင်ရိပ်တွေကို မမြင်ရတော့… ။

တစ်ညလုံး တစ်ရေးမှ မမှေးဖြစ်သည်ကို သတိရပြီး သူ့ကိုတော့ အံ့သြနေမိသည်။

"မိုးရောက်မှ မြူကို မျှော်လို့မရသလိုဘဲ… နွေရောက်မှ… နှင်းကို မျှော်လို့မရသလိုဘဲ… အချစ်ဆိုတာလည်း သူ့အသက်အရွယ် အပိုင်းအခြားမှာသာ… နုပျိုတဲ့ အရူးအမူး အချစ်မျိုးကို ခံစားနိုင်တာ မဟုတ်လား နှင်းရယ်…

ခုချိန်မှာ အဲဒီလို အချိန်မျိုးကို ကျွန်တော် ခံစားလို့ မရတော့ပေမယ့်… အဲဒါဟာ တကယ်ရှိခဲ့တယ်လို့တော့ ယုံတယ်… ပြီးတော့… ပြန်ပြီးလည်း တမ်းတမိပါတယ်… "

သူ့မျက်နှာ သူ့မျက်ဝန်းတွေက အိပ်မက်ထဲ စီးမျောသွားသူလိုပင်…

"မမေ့ပါဘူး နှင်းရယ်… ကျွန်တော် နှင်းကို ဘယ်လောက်ထိ ချစ်ခဲ့တယ်ဆိုတာ မမေ့နိုင်ပါဘူး… "

မြတ်စွာဘုရား…

သူ... ဘာကို ရည်ရွယ်ခဲ့တာပါလိမ့်... ။

နှင်း... သူ့မျက်ဝန်းတွေကို ရင်ဆိုင်မကြည့်ရဲတော့။ ကော်ဖီသောက်မလား... ဒါမှမဟုတ်... မုန့်တစ်ခုခုစားဦးမလား... စကားလွှဲပစ်လိုက်ဖို့ ကောင်းသည်ထင်မိ၏။ ဒါပေမယ့်... သည်တစ်ခါမှာတော့ နှင်းပန်းသည် ဦးနှောက်၏အကြံပေးချက်ကို လက်မခံနိုင်တော့... ။ နှင်းပန်း၏အတွေးသည် ခုချိန်မှာ ဆင်ခြင်တုံတရားထက်စိုးပြီး အင်အားကြီးမားနေခဲ့၏။

တစ်ခါတုန်းကလည်း သည်လိုပဲ နှင်းပန်းသည် ကိုယ်အတွေးနှင့် ဦးနှောက်အသိကို လွန်ပွဲတစ်ခုလို ရင်ဆိုင်ခဲ့ရဖူးသည် မဟုတ်လား... ။

နောက်ဆုံးတော့...

နောက်ဆုံး... ဆိုပေမယ့်... နှင်းပန်းသည် အခါများစွာ တွေဝေခဲ့ဖူး၏။ သတ္တိကြောင်ခဲ့ဖူး၏။

သည်တစ်ကြိမ်မှာတော့...

"ဒါပေမယ့်... အဲဒီအရှုံးအမှုး အချစ်တွေက ခုတော့ အံ့ဩဖို့ ကောင်းလောက်အောင် ပုံသဏ္ဌာန်ပြောင်းသွားပြီ... "

ပလတ်စတစ်ခြင်းကို လှမ်းလုဆဲဆဲလက်တွေ ရုတ်တရက် တန့်ရပ်သွားသည်။

"အချစ်ဆိုတာ... အချိန်ကာလ... အသက်အရွယ်ကိုလိုက်ပြီး ပြောင်းလဲသွားတတ်တာပဲနော်... မမ... "

အို...





မဟုတ်ဘူး...

အချစ်ဆိုတာ ဘယ်တော့မှ မပြောင်းလဲနိုင်တဲ့ အရာပါ... ။

ဘယ်တော့မှ မပြောင်းလဲနိုင်ဘူး...

ဘယ်တော့မှ မပြောင်းလဲရဘူး... နော်... ။

သူမ ငိုချင်နေလျက် ဟက်ဟက်ပက်ပက် ရယ်ချပစ်လိုက်သည်။

"မင်း... တကယ် လူကြီးဖြစ်လာပြီပဲ... "

"မန္တလေး ဘယ်မှာတည်းမလဲ... နှင်း... "

သူက... ခေါင်းအထက် ဆင့်တန်းပေါ်က အထုပ်အပိုး ဝန်စည်စလှယ်တွေကို ဆွဲချနေရင်း မေးသည်။

"ဟင်အင်း... ကိုယ်... လားရှိုးကားဂိတ် တန်းသွားမှာ"

"ဒီနေ့ပဲ တက်မှာလား... "

"ဟုတ်တယ်... "

"ခရီးပမ်းလိုက်တာ... နှင်းရာ... "

အဲသည်စကားသံမှာပင်... သူမနှင့်သူသည် ချက်ငင်း ပြန်လည်နီးကပ်လာသလို ခံစားလိုက်ရသည်။ သို့ပေမယ့်... ငင်းပန်း နောက်ထပ်တွေဝေ၍ မဖြစ်တော့ပါ... ။

ရထားက မန္တလေးဘူတာ စင်္ကြံတစ်လျှောက် ဖြည်းဖြည်း လိမ့်ဝင်လာသည်။ မန္တလေးဘူတာ တစ်ခုလုံးခရီး



သည် ကြိုသူတွေ၊ အငှားကားသမားတွေ... ၊ လမ်းလျှောက်ဈေးသည်တွေ၊ အထမ်းသမားတွေ ခြေချင်းယှက်လိမ် ရှုပ်ထွေးလျက် စည်ကားသက်ဝင်နေ၏။ လမ်းတစ်လျှောက် အငြိုးဖြင့် သည်းပက်ခဲ့သည့် မိုးသည်လည်း ကောင်းစွာရပ်နားခဲ့ပြီ... ။ အလင်းမပီတပီမို့ ဘူတာရုံ စင်္ကြံတစ်လျှောက် မီးရောင်များ လင်းလက်ဆဲပင်။

နှင်းတို့ နှစ်ဦးလုံး ပြတင်းပေါက်ဘောင်ပေါ် ခေါင်းပြူထွက်လျက် မန္တလေးဘူတာ၏ အရဏ်ရှုခင်းကို ငေးမောကြသည်။ ပြီးတော့ နှင်းက ပင့်သက်ရှည်ကို ရှိုက်ဖြစ်သည်။

"လားရှိုးရောက်ရင် ဝင်ခဲ့ဦးနော်... "

"ဟုတ်ကဲ့... "

သူစိမ်းတွေလိုပဲနော်...

သူမရင်ထဲ ကျဉ်ခနဲ နာသွားပြီး သူ့မျက်ဝန်းတွေထဲ ခပ်စူးစူး စိုက်ကြည့်လိုက်မိသည်။

"တို့... ဘာကြောင့် လက်မထပ်ဖြစ်ဘူးဆိုတာ မင်း မသိချင်ဘူးလား... "

နှင်း မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီးမှ သူချက်ချင်းပဲ မျက်လုံးလွှဲသွားသည်။ သူ့မျက်ဝန်းအကြည့်တွေရဲ့ ခရီးမိုင်က ရေတွက်မရအောင် ရှည်လျားလွန်းရဲ့... ။ သူ့နှုတ်ခမ်းပါးတွေရဲ့ အပြုံးက နှင်းကို နှောင်ကျဉ်စေလိုက်သလိုပါပဲ... ။

နှင်းသည် အချစ်ကို အပြီးတိုင် ဆုံးရှုံးခဲ့ပြီဖြစ်သည်။

"ကျွန်တော့်ကြောင့် မဟုတ်မှာတော့... မသေချာပါတယ်ဗျာ... "

ရထားက တုန့်ခနဲ ရပ်သွားတော့သည်။



နေဝင်းတဲ့သခင်

20th, May, 2002

WEDNESDAY

4:07 PM:

4:07 pm;